

www.burmeseclassic.com
မိုးယုရှား
ကာလပေတိုက်
BURMESE CLASSIC .com
လမင်းရိုရို
ချစ်ခြင်းဖြင့်လည်း မဆောင်ယူနိုင်
L လင်း
www.burmeseclassic.com

www.burmeseclassic.com

## လမင်းမိုမို

### နိုင်ငံတော်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စု မပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |

### ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

### နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး။
- အမျိုးသားစည်းလုံးညီညွတ်မှု ခိုင်မာရေး။
- စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး။
- ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေး။

### စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး။
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- နိုင်ငံတော်၏စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး။

### လူမှုရေး ဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး။
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
- စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

# လမင်းမိုမို

## ချစ်ခြင်းဖြင့်လည်းမဆောင်ယူနိုင်

မိဖုရားစာပေတိုက်

www.burmeseclassic.com

www.burmeseclassic.com

# (၁)

"ကိုယ် ပြန်ကြိုပေးရမလား"

"ရတယ် ... မကြိုနဲ့တော့"

သူ့ဘက်လှည့်ကြည့်လိုက်တဲ့ တိမ်ဦးရဲ့မျက်ဝန်းအစုံဟာ နွေးနွေးဆွေးဆွေး စိုက်ကြည့်နေတဲ့ လင်းရှင်ရဲ့မျက်ဝန်းအကြည့်၌ ပင့်ကူအိမ်ငြိသကဲ့သို့ တစ်ခဏ စေးကပ်တွဲငြိသွားရပါသည်။ အဲဒီ စိမ်းညိုညို မျက်ဝန်းများထဲက အရိပ်ဟာ တိမ်ဦးသိုပဲ ရုံဖန်ရံခါ အထီးကျန်ဆန်ဆန် အဖော်မဲ့တဲ့ အရိပ်အယောင်နှင့်ငြိနေတတ်လို့ပဲ၊ သူ့ကို ရင်ဘတ်ချင်း မြန်မြန်ဆန်ဆန်ရင်းနှီးစေရအောင်ချဲ့မိလေတာလား။

ဖျော့တော့သော အပြုံးတစ်ချက်နှင့် နှုတ်ဆက်ရင်း တိမ်ဦးက ကားပေါ်ကဆင်းကာ ယုရဲ့တိုက်ခန်း ရုံးခန်းလေးထဲဝင်လိုက်ပါသည်။ ရုံးခန်းထဲရောက်ပြီး တစ်ချက်ပြန်လှည့်ကြည့်လိုက်မှ သူဝင်သွားတာကို တောက်လျှောက် လိုက်ကြည့်နေတဲ့



www.burmeseclassic.com

www.burmeseclassic.com



လင်းရှင်က လက်တစ်ဖက် ထောင်ပြနှုတ်ဆက်ကာ ကားကို မောင်းထွက်သွားပါသည်။

အတွင်းဘက်ကျကျ အလုပ်စားပွဲနောက်မှာ ထိုင်နေတဲ့ ယုက သူ့ရှေ့က စာရင်းစာအုပ်တစ်အုပ်ကိုကိုင်ကာ စားပွဲပေါ် အသံမြည်အောင် ချလိုက်ရင်း ...

"နင်က ဘယ်လိုဖြစ်လို့ သူနဲ့လာရတာလဲ"

မကျေမနပ် ဆီးကြိုအပြစ်တင်လိုက်ပါသည်။ တိမ်ဦးက ယုစားပွဲရှေ့ကခုံမှာ အပြုံးနှင့် ဝင်ထိုင်လိုက်ရင်း ...

"ဥက္ကာရဲ့ ကိစ္စတစ်ခုနဲ့ ထွက်လာတာပါ၊ ထွက်လာတုန်းက ဥက္ကာနဲ့ပါ၊ ဥက္ကာ ကားဆက်ယူသွားလို့ ငါက ဒီကို သူနဲ့ ကားကြုံလိုက်လာလိုက်တာ"

"နင့်လက်ထဲက ပန်းစည်းက ဘာလဲ"

"လင်းရှင်ပေးလိုက်တာ၊ ဒီလိုပါပဲ သူက မကြာမကြာ ပန်းကလေးတွေ ပေးတတ်တာ ဝါသနာပါတဲ့သူမို့ပါ၊ ဒီပန်းလေးတွေက camellia လို့ ပြောတာပဲ၊ အရောင်စုံရှိတယ်၊ ဒါလေးတွေက ရဲရဲနီလေးဖွေ့ လှတယ်နော်"

"တိမ်ဦး"

ယုက သူ့ခေါင်းကို ရှေ့တိုးကာ တိမ်ဦးမျက်နှာနှင့် နီးနီးကပ်ကပ်ဖြစ်အောင် ကြည့်လိုက်ရင်း ...

"နင့်ကို သူများတကာတွေ အမနာပ အတင်းပြောရင် ငါ ဘယ်လောက် မခံချင်ဖြစ်ရတယ်ထင်လဲ၊ ဘယ်လောက်





ဒေါသထွက်ရတယ် ထင်လဲ၊ ဘယ်လောက် ခံစားရတယ် ထင်လဲ၊ နင် သိရဲ့လား တိမ်ဦး"

တိမ်ဦးက ယုကို စေ့စေ့ကြည့်ကာ ပြုံးလိုက်ပါသည်။

"ငါ သိပါတယ် ယုရယ်၊ နင်ငါ့ဘက်က အမြဲရှိတာ ငါ သိပါတယ်၊ ငါ့အတွက် မခံချင်တာ ငါသိပါတယ်၊ ဒါပေမဲ့ ..."

"ဘာဖြစ်လဲ ဒါပေမဲ့"

"ငါ့အခြေအနေ ငါသိလို့ လူတွေကဲ့ရဲ့ဝေဖန်မှာစိုးလို့ အပိုးကျိုးကျိုးလေး ပါပါ့စီးပွားရေးကိစ္စလေးတွေပဲ ဝိုင်းကူပြီး မျက်နှာအောက်ချနေခဲ့တဲ့ နှစ်တွေတုန်းကရော လူတွေ အတင်းမပြောလို့လား၊ မေးမငေါ့လို့လား၊ အကောင်းတစ်ခွန်း ပြောလို့လားဟယ်၊ ယုတ်စွအဆုံး ပါပါကိုယ်တိုင်ကတောင် ငါ့ကို စကားကောင်း တစ်ခွန်းပြောခဲ့လို့လား"

ယုက တိမ်ဦးကို ကြင်နာစွာ ကြည့်ပါသည်။

"ကြာတော့လည်း ဒီအသံတွေက တိတ်သွားမှာပေါ့ တိမ်ဦးရယ်"

"ဘယ်လောက်ကြာတော့လဲဟင် ... ယု"

"အချိန်တစ်ခုတော့ နင် စောင့်ရမှာပေါ့ တိမ်ဦးရာ၊ တစ်နေ့နေ့ပေါ့၊ အန်ကယ် နင့်ကို စကားကောင်း မပြောဘူးဆိုတာက အန်ကယ်က နင့်ကိုချစ်လွန်းလို့၊ နင့်အတွက်



www.burmeseclassic.com

www.burmeseclassic.com



ရင်နာလွန်းလို့ အတိတ်တွေ မမေ့နိုင်သေးလို့ပါ၊ အန်ကယ်က နှင်နဲ့ ဉက္ကာဆိုရင် သားထက်တောင်မှ သမီးအကြီးဖြစ်တဲ့ နှင့်ကို ပိုအားကိုးတယ်၊ ယုံကြည်မျှော်လင့်တယ်ဆိုတာ ငါတို့အထက်တန်းကျောင်းသူဘဝကတည်းက သိနေခဲ့တာပဲ၊ နှင့်ပါပါက နှင့်ကို အထင်ကြီးပြီး သူခြေရာနင်းမယ့် သမီးကြီးကို မျှော်လင့်ချက် အများကြီး ထားခဲ့တာလေ၊ မမျှော်လင့်ဘဲ နှင်က သူ့မျှော်လင့်ချက်တွေ ရိုက်ချိုးလိုက်သလို ဖြစ်သွားတော့ သူ အရမ်းရင်နာတာပေါ့ …

ခုထိ စကားကောင်း မပြောနိုင်သေးတာဟာ သူ ခံစားရတာ ဒဏ်ရာပြင်းထန်ခဲ့လို့လေ၊ ပြီးတော့ အန်ကယ်က နှင့်ကို နောက်တစ်ကြိမ်များ ခြေလှမ်းမှားသွားဦးမလားလို့ စိုးရိမ်စိတ်နဲ့ ကြိုကန်ထားတာမျိုးပါဟာ၊ လူတွေကလည်း ပြောလိုက်ရင် 'တိမ်ဦးခင်'ဆိုတာထက် ဦးသက်ခင်သမီး … ဦးသက်ခင်သမီးနဲ့ ပြောကြတာကိုး၊ အန်ကယ်က မသိတဲ့သူရှားတဲ့ နာမည်ကြီးစီးပွားရေးသမားကြီး ဖြစ်နေတာကိုး"

တိမ်ဦးက ခပ်လျှော့လျှော့ ရယ်မောလိုက်ရင်း …

"ဟုတ်တယ်၊ ငါလည်း အဲဒီ ဦးသက်ခင် သမီးဆိုတဲ့ ပါပါ့နာမည်လောင်းရိပ်ကြီးအောက်က လွတ်အောင်ကြိုးစားရဦးမှာ၊ ငါက 'ဦးသက်ခင် သမီး'ဆိုတာထက် 'တိမ်ဦးခင်' သီးသန့်သက်သက် ဖြစ်ချင်တာ"





"နှင် အဲလိုမပြောပါနဲ့ဟာ၊ တကယ်တမ်း ပြောရရင် နှင် ဖြစ်ခဲ့တဲ့ အဖြစ်အပျက်မှာ နှင် ဦးသက်ခင်သမီး ဖြစ်နေလို့ စုန်းစုန်းနစ်မသွားခဲ့တာလေ"

"နှင်က ပါပါနဲ့ တစ်လေတည်းပဲ"

"တစ်လေတည်း ဖြစ်မှာပေါ့၊ အန်ကယ်လည်း နှင့်ကိုသိပ်ချစ်တာ၊ ငါလည်း နှင့်ကိုသိပ်ချစ်တာ တူတာကိုး"

"နှင်ပြောတာတော့ ငါ ခံနိုင်ပါတယ် ယုရာ၊ နှင်က ငါ့ရဲ့အကောင်းဆုံးသူငယ်ချင်း ဆိုတာ ယုံကြည်လို့ပါ၊ ပါပါ ပြောတာ ခံရရင်တော့ သိပ်ရင်နာတာပဲ၊ နှင် ဦးသက်ခင်သမီးဖြစ်နေလို့သာ ချွေးလုံးလုံး မဖြစ်တာလို့ ပြောရင် ဒီကို ထိတယ်"

ဘယ်ဘက်ရင်ဘတ်ပေါ် လက်မလေးနှင့် သုံးလေးချက် ထောက်ညွှန်ကာ ပြောလိုက်သော တိမ်ဦးရဲ့ မျက်လုံးလေးတွေက စိုစွတ်ဝင်းပြောင် တောက်ပနေပါသည်။ နှုတ်ခမ်းလေးကလည်း တင်းတင်းစေ့နေသည်။

"အဲဒါ နှင်လည်း နှင့်ပါပါကို သိပ်ချစ်လို့ပဲ၊ ပိုချစ်တဲ့သူ ပြောတာ ပိုနာတာပေါ့"

"မဆိုင်ပါဘူးဟာ၊ လူဆိုတာ အမှားမကင်းပါဘူး ယု၊ လူတိုင်း ချို့ယွင်းချက် ရှိကြတယ်၊ ပါပါကကော ခြောက်ပစ်ကင်း သဲလဲစင်နေလို့လား၊ ငါ့အမှားကြောင့် ငါ့ကို အထင်သေးတတ်ရင် ပါပါ့အမှားကျတော့ သူ့ဘာသာ



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



အထင်မသေးဘူးလား၊ ပါပါ့ကြောင့် မေမေရော ငါရော ဥက္ကာရော ဝမ်းနည်းခဲ့ရ နာကျင်ခဲ့ရတာတွေကော မရှိလို့လား"

"တိမ်ဦး … အန်ကယ် မှန်တယ်လို့ မပြောပါဘူး၊ ဒါပေမဲ့ သူက နင့်အဖေလေ၊ နင် ဒီလိုစိတ်မျိုး အတွေးမျိုး မထားပါနဲ့ဟာ၊ နင့်မျက်နှာ ဒီလိုဖြစ်နေရင် ငါ ကြောက်တယ်သိလား၊ နင်က တဇွတ်ထိုးလုပ်တတ်လွန်းလို့"

"မစိုးရိမ်ပါနဲ့ဟာ၊ တိမ်ဦးခင် ဆိုတာ ဘယ်လိုမိန်းမလဲဆိုတာ လူတွေ အံ့သြဘနန်း ဖြစ်သွားရအောင်ကို ငါကနေပြလုပ်ပြဦးမှာ၊ ပါပါ့ကိုရော အမျိုးတွေကိုရော ကပ်ဖားရပ်ဖားပေါင်းပြီး ကွယ်ရာ အတင်းပြောတတ်တဲ့ ပတ်ဝန်းကျင်ကိုရော ငါ စိတ်နာတယ် … မုန်းတယ် …

လူတစ်ယောက်ဟာ ဘဝမှာ တစ်ကြိမ်တစ်ခါ မှားခဲ့မိဖူးရင် ဒီအမှားအတွက် ဒီလူကို တစ်သက်လုံး ဒဏ်ခတ်အပြစ်ပေးလို့ မဆုံးတော့ဘူးလား၊ အမှားကို ပြုပြင်လို့မရတော့ဘူးလား၊ အားလုံး စောင့်ကြည့်နေလိုက်ပါ၊ တိမ်ဦးခင် ဘာလုပ်ပြမလဲ ဆိုတာလေ"

"အေး … နင့်စကားကိုတော့ ကြိုက်တယ်၊ ဒါပေမဲ့ ဒီလိုလုပ်ပြမယ့်သူက အလင်းရှင်လို လူမျိုးနဲ့ တွဲနေတာတော့ မကြိုက်ဘူး"

"နင် သူ့အကြောင်း ဘယ်လောက်သိလို့လဲ ယု"





"နင်ကော ဘယ်လောက်သိလို့လဲ တိမ်ဦး"

"သူက သနားဖို့ ကောင်းပါတယ်"

"တိမ်ဦး"

ယု မျက်နှာက ညိုလာပါသည်။ ကိုယ့်အပေါ်အလွန်ချစ်တဲ့ သူငယ်ချင်းကောင်း တစ်ယောက်ဆိုတာ သိထားတဲ့ တိမ်ဦးက ယု ဘာပြောပြော ဘယ်လိုဖြစ်ဖြစ် စိတ်မဆိုးပါ။

"သူလည်း ငါ့လိုလူမျိုး ဆန်ဆန်ပါပဲ ယုရာ၊ ဘဝမှာ တစ်ခါလေး မှားဖူးတာနဲ့ အသိုင်းအဝိုင်းကရော မိဘကရော ပစ်ပယ်ထားခံရတဲ့သူ"

"တိမ်ဦး … နင် ဒီကောင်နဲ့ ပတ်သက်လို့ လိုတာထက်တော့ နည်းနည်းပိုအကောင်းမြင်နေပြီ ထင်တယ်နော်၊ ငါ သူ့အကြောင်း သေချာတော့ မသိပေမယ့် ဦးနှောက်နဲ့တော့ စဉ်းစားတယ်ဟာ၊ တော်ရုံတန်ရုံဆိုးရင် မိဘက စွန့်ပစ်ထားပါ့မလား၊ နင့်ကိုတောင် အန်တီတို့ အန်ကယ်တို့က စွန့်ပစ်လို့လား၊ ပြောမရ ဆိုမရ ကယ်တင်မရလို့သာ ပစ်ထားတာဖြစ်မှာပေါ့၊ ဟိုယောင်ယောင် ဒီယောင်ယောင် အရေမရ အဖတ်မရကောင်ပါဟာ၊ ငါ ဥက္ကာကိုလည်း တကယ်စိတ်တိုတယ်၊ ကိုယ့်အစ်မကို ဒီလိုကောင်မျိုးနဲ့မိတ်ဆက်ပေးစရာလား၊ အဓိပ္ပာယ်မရှိဘူး"

"ဥက္ကာက ငါ့ကို ပျော်ပျော်ရွှင်ရွှင် နေစေချင်လို့ သူငယ်ချင်း အပေါင်းအသင်းသစ်တွေရအောင် မိတ်ဆက်ပေးတာ



www.burmeseclassic.com

www.burmeseclassic.com



ပါဟာ၊ ပြီးတော့ လင်းရှင်ကလည်း အရေးမရ အဖတ်မရ တော့ မဟုတ်ပါဘူး၊ သူ့မှာ ငွေရင်းငွေနှီးရယ်လို့ အနိုင်အမာ မရှိလို့သာပါ၊ သူနိုင်သလောက်နဲ့တော့ အရောင်းအဝယ်လေး ဘာလေး လုပ်ပါတယ်၊ စီးပွားရေးလည်း အမြင်ရှိပါတယ်၊ ဘက်ဂရောင်းအမာခံရှိရင် တိုးတက်မယ့်သူမျိုးပါ၊ အဓိက,ကတော့ သူ စိတ်ကောင်းရှိတယ် ယု၊ စိတ်ထား အရမ်းကောင်းကယ်၊ အပေါင်းအသင်းတွေအပေါ် အနစ်နာခံတတ်တယ်၊ လူတိုင်းကို ကူညီတတ်တယ်၊ စေတနာလည်း ကောင်းတယ်၊ အနွံတာလည်း ခံတယ်၊ လူတစ်ယောက်ရဲ့ ခံစားချက်ကိုလည်း သူ နားလည်တတ်တယ်"

"တိမ်ဦး ... နင် သူ့ကို အရမ်းကို အကောင်းမြင်နေပြီပဲ၊ နင်နဲ့သူ သိတာ ခင်တာ တစ်နှစ်တောင် မပြည့်သေးဘူးနော်"

"နေရာတိုင်းမှာ အချိန်က စကားမပြောပါဘူး ယုရာ၊ ဘယ်လိုပဲဖြစ်ဖြစ် သူနဲ့ ဆုံရတွေ့ရတဲ့ အချိန်မှာ ငါ့ခံစားချက်တွေ အရမ်း Relax ဖြစ်တာတော့ အမှန်ပဲ၊ သူကလည်း ပြောတယ်လေ၊ ငါက သူ့စိတ်ခံစားချက်တွေကို လုံခြုံစေတယ်တဲ့"

"နင့်အကြောင်း သူ အားလုံးသိရဲ့လား တိမ်ဦး"

"သိသင့်သလောက် သိတယ်၊ က,ကြီးကနေ အ,အထိတော့လည်း မသိဘူးပေါ့ဟာ"





"နင်ရော ... သူ့အကြောင်း က,ကြီးကနေ အ,အထိ သိရဲ့လား"

"...... ..."

"ကျွတ် ... တော်ပြီ ... တော်ပြီ၊ ဒီအကြောင်းတွေ ဆက်မပြောချင်ဘူး၊ အလုပ်အကြောင်းပဲ ပြောတော့မယ်ဟာ၊ ရော့ ... ဒီမှာစာရင်း၊ ငါ နင့်ကို ရှင်းပေးစရာရှိတဲ့ငွေ ရှင်းပေးမယ်၊ လကုန်ရက်ကျရင် '.........'ကား ဖြန့်မယ်၊ နောက်လဆန်းမှာ ဒါရိုက်တာ '.........'ကား စရိုက်မယ်၊ ဥက္ကာကို ဒါရိုက်တာဆီသွားဖို့ ပြောလိုက်ဦး၊ အဲဒီကားထဲက ဒုတိယတစ်နေရာမှာ ဥက္ကာကို ထည့်သုံးမယ်တဲ့ သူပြောပြီးပြီ"

"ဥက္ကာအတွက် မင်းသား အပြိုင်လို ဇာတ်လမ်းလေးတစ်ပုဒ် ငါရထားသေးတယ် ယု၊ ပါပါကလည်း ဥက္ကာအတွက် ငွေရင်းစရာလိုရင် ထုတ်ပေးမယ်လို့ ပြောတယ်၊ ဒါရိုက်တာ '...... ..'ဆီသွားရင် ငါလည်း လိုက်သွားလိုက်ပါ့မယ်"

"နောက်တစ်ခု ပြောစရာရှိသေးတယ်"

"ဘာလဲ ... ယု"

"ငါ ဘန်ကောက်မှာ ကျောင်းတက်ဖို့ လျှောက်ထားတာ ဝင်ခွင့်ရတယ် တိမ်ဦး"

"ဟင်"



www.burmeseclassic.com

www.burmeseclassic.com



တိမ်ဦးသည် ကိုယ့်ကိုယ်ကိုယ်ပင် မသိလိုက်ဘဲ မျက်နှာပျက်ကာ အားငယ်သွားသည်။

"အစကတည်းက ဒီရုပ်ရှင် ဗီဒီယိုထုတ်လုပ်ရေး လုပ်ငန်းကို ဦးလေးနဲ့ ငါပဲ စိတ်ပါလက်ပါနဲ့ စ,တည်ထောင်ခဲ့တာလေ၊ ဦးလေးကလည်း နင်သိတဲ့အတိုင်း အိမ်ထောင်ကျသွားပြီးကတည်းက မိန်းမနောက် ပါသွားပြီး ဒီဘက်လှည့်မကြည့်နိုင်တော့ဘူး၊ ဦးလေးမိန်းမကလည်း ဦးလေးလှည့်ကြည့်မှာ ဝင်ပါနေဦးမှာ သိပ်စိုးရိမ်တာ၊ ဒီအလုပ်ကိုသဘောမကျလှဘူးလေ၊ အခုဆို တခြားစီးပွားရေးနဲ့ ဦးလေးက သူ့ပိုက်ဆံတွေ ပြန်အမ်းမထုတ်တာ တစ်ခုလောက်ပဲ..."

ငါ တစ်ယောက်တည်းမို့လို့ နောက်ကနေ ဖေဖေနဲ့ မေမေက ဝင်ပါပေး ရပ်ပေးနေတာပဲရှိတာ၊ နောက်တော့ နင်လည်း ရှယ်ယာပါချင်တယ်၊ အတူလုပ်ချင်တယ် ဖြစ်လာလို့ နင်နဲ့ငါ နှစ်ယောက်တည်း ကြံနေကြတာ မဟုတ်လား၊ အခု ငါက လုံးဝ လှည့်ကြည့်နိုင်တော့မှာ မဟုတ်ဘူး တိမ်ဦး၊ ဖေဖေရော မေမေရောက ဒီကုတ်လုပ်ရေးလုပ်ငန်း တစ်ခုလုံးကို ပိတ်လိုက် သိမ်းလိုက်စေချင်တော့တယ်၊ သူတို့ချည်းပဲ ကျန်မှတော့ အာရုံနောက်ရတဲ့ အလုပ်မို့ ဆက်မလုပ်နိုင်ဘူးတဲ့"

တိမ်ဦးသည် မျက်လုံးလေး စားပွဲပေါ် ငြိမ်စိုက်၍ ငိုင်နေမိသည်။ ပါပါ့အလုပ်တွေ ကူလုပ်နေရာက ပါပါနဲ့လည်း





သဟဇာတ မတည့်လှသည်မို့ ကိုယ့်လုပ်ငန်းလေးနဲ့ ကိုယ်ရပ်တည်ချင်ကာ ကိုယ့်ဘာသာ ပုံနှိပ်တိုက် အော့ဖ်ဆက်လုပ်ငန်းတည်ထောင်တာ၊ ယုရဲ့လုပ်ငန်းထဲ ရှယ်ယာထည့်တာလေးတွေနှင့် ရပ်တည်လာသည်မှာ အတော်အတန် ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်နိုင်နေပြီ။

ဒီရုပ်ရှင် ဗီဒီယိုလုပ်ငန်းကိုလည်း တိမ်ဦး အတော်အတန် နားလည်ကျွမ်းဝင်လာကာ စိတ်လည်းပါနေပြီ။ မောင်လေး ဥက္ကာကလည်း အနုပညာဝိုးနှင့် ရှူးသွပ်လှတဲ့သူမို့ သူ့အတွက်လည်း ရှေ့ကို အများကြီး မျှော်လင့်စိတ်ကူးထားတာတွေရှိသည်။ ဒီအလုပ်ကို တိမ်ဦး ရပ်မပစ်ချင်။

"ငါလည်း တကယ်တော့ ကိုယ့်ဝါသနာနဲ့ အစပျိုးထားခဲ့တဲ့ ဒီအလုပ်တစ်ခုကို အလွယ်တကူကြီးတော့ ရပ်မပစ်ချင်ပါဘူးဟာ"

"ယု ဒီအတိုင်းလေးပဲထားလေ၊ နင် ကျောင်းသွားတက်လည်းပဲ နင် လူအားအနေနဲ့ ဒီထဲမပါနဲ့ပေါ့၊ ငါပဲဆက်လုပ်ပါ့မယ်၊ စာရင်းရှင်းတာ ပြတာတွေလည်း အန်တီနဲ့ ငါ လုပ်သွားလို့ရတာပဲလေ ယု"

"ဖေဖေနဲ့ မေမေက အဲသလိုကို စပ်တူပါမနေချင်တော့တာ၊ ဦးလေးကလည်း ဖြစ်နိုင်ရင် သူ့ငွေရင်း ပြန်ထုတ်ချင်တယ်၊ တစ်ခုပဲရှိတယ် တိမ်ဦး၊ ဒီလုပ်ငန်းတစ်ခုလုံး နင် တစ်ယောက်တည်း လွှဲယူလိုက်ဖို့ပဲ ရှိတယ်၊ အပြီးအပြတ် နင်တစ်ဦးတည်းပိုင် အနေနဲ့ပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"အဲလိုကျတော့ ငါ့မှာ ငွေအင်အား မနိုင်သေးဘူး ယုရဲ့၊ ဦးလေးပိုက်ဆံ နင့်ပိုက်ဆံတွေ ပြန်အမ်းထုတ်ပေးဖို့လေ"

"နင့်အဖေဆီ ပိုက်ဆံချေးပေါ့၊ နင့်အဖေ အတွက်က ဒီလောက်က ပါးပါးလေးပါ တိမ်ဦးရယ်"

တိမ်ဦး ငိုင်နေသည်။ ပါပါ့ဆီ အကူအညီစကား ပြောရမယ့်အစား ကျားနဲ့သာ ဖက်နပန်းလုံးလိုက်ချင်သေးတာ။ အလကားနေရင်း တိမ်ဦးကို ကြည့်မရသလို အယုံအကြည်မရှိသလို မျက်စိစပါးမွေး စူးနေတတ်တဲ့ ပါပါ့ထံ ငွေအတော်များများ ထုတ်ပေးဖို့ တောင်းရ ချေးရမည့်အလုပ်ဟာ မလွယ်ပါ။

အယုံကြည်မခံရသူကို ရင်ထဲ ခံစားရမြဲဖြစ်သည့် မာနတစ်ခုဟာ တိမ်ဦး ရင်ထဲ အညွန့်အခက် တလူလူ ရှင်သန်နေသည်။ ငွေရှုတာ မရတာ ထားဦး စကားစသည်နှင့် ပါပါရဲ့ ကြိုကြိုတင်တင် ပြစ်တင်နှိမ်ချမည့်စကားတို့ကို လက်ခံရမည်မလွဲပေ။ အထင်သေးနှင့်ပြီးသော အယုံကြည်နည်းနှင့်ပြီးသော ဖခင်ဖြစ်သူထံ၌ မျက်နှာငယ်ငယ်ကို အောက်ချရမှာ တိမ်ဦး ဘွန့်ဆုတ်လှပါသည်။

"အင်း … ငါ စဉ်းစားလိုက်ပါဦးမယ်ဟာ၊ ဖြစ်အောင်တော့ လုပ်ရမှာပဲ ယု၊ ငါ အရှိန်ရနေတဲ့ အလုပ်တစ်ခုကို ဖြို့မချချင်ဘူး၊ ဥက္ကာအတွက်လည်း ငါ အများကြီး စဉ်းစားထားတာ"





"အေးဟာ … နင် စဉ်းစားဦး၊ လုံးဝဖြုတ်မပစ်လိုက်ရတာကိုပဲ ငါလည်း လိုလားတာပေါ့ဟာ၊ အဖေကိုလည်း ဒီလောက် မာနမထားပါနဲ့ တိမ်ဦး၊ မိဘအပေါ် မာနထားတဲ့ သားသမီးဟာ လမ်းမှားရောက်တတ်တယ်၊ ငါလေ … ဟိုးအရင်ကတည်းက ကြိုစဉ်းစားထားပြီးသားမို့သာ၊ နင့်ကို ထားခဲ့ပြီး နိုင်ငံခြားထွက်သွားရမှာ ငါ စိတ်မဖြောင့်လိုက်တာ ရင်လေးလိုက်တာ တိမ်ဦးရယ်"

"အမယ် … ငါက နင် စိတ်မဖြောင့်ရမယ့်သူလား"

"နင့်ကိုမို့ စိတ်မဖြောင့်တာလေ၊ နင့်မှာ ဘယ်တော့မှမပြင်တဲ့ ရင်လေးစရာ အကျင့်တွေ တစ်ပုံကြီးနဲ့လေ၊ ခေါင်းမာတတ်တဲ့အကျင့် တစ်ဇွတ်ထိုးလုပ်တတ်တဲ့အကျင့်၊ အစွဲတိုက်တတ်တဲ့အကျင့်၊ လူတစ်ဖက်သားကို ယုံလွယ်တတ်တဲ့ သနားတတ်တဲ့အကျင့်၊ လူတစ်ယောက်ရဲ့ဘဝကို နင်ကူညီကယ်တင်ပေးနိုင်လိမ့်မယ်လို့ ထင်တတ်တဲ့အကျင့်၊ အဲဒီ နင့်ကိုယ်နင် အထင်ကြီးတဲ့ အကျင့်တွေကို စိတ်ပူတာ"

တိမ်ဦးက နှုတ်ခမ်းလေး တစ်ခြမ်းတွန့်၍ ပြုံးမိသည်။ အချစ်ဆုံး ငယ်ပေါင်းသူငယ်ချင်း ယုနဲ့ ဝေးနေရတော့မယ့်အတွက်လည်း ရင်ထဲ ကြိုတင်အားငယ်နေပါသည်။

♥ ○ ♥



www.burmeseclassic.com

www.burmeseclassic.com

## ( ၂ )

ခြံဝကို ကားခေါင်း ဦးတည်လိုက်လျှင် ဂိတ်ရုံက လေးက ခြံစောင့်က ရီမှတ်နှင့် လှမ်းဖွင့်လိုက်တာမို့ တံခါးက ဘေးနှစ်ဖက်ကို တစ်ဖက်တစ်ချက်ဝင်ကာ ပွင့်ဟသွားပါသည်။ ညာဘက်က ရေကူးကန်နံဘေး နေရိပ်မှာ မမမိုးကို လှမ်းမြင်တွေ့သည်။ လင်းရှင်က ကား ငါးစီး, ခြောက်စီး ရပ်နိုင်သော ဂရပ်ချ်ထဲကနေရာလွတ်မှာ ကားကိုထိုးပြီး ကားပေါ်ကဆင်းကာ ရေကူးကန်အနား လျှောက်လာခဲ့ပါသည်။

တော်သေးတာပေါ့။ ရေကူးချိန်မဟုတ်၍ မမမိုးကို ရေကူးဝတ်စုံနှင့် မတွေ့ရ။ အင်္ကျီပြတ်ပြတ်ကျပ်ကျပ် ဒူးမရောက်တဲ့ ဘောင်းဘီအတိုလေးနှင့် မမမိုးကို ဘယ်သူတွေ့တွေ့ ရှိရင်းစွဲအသက်ထက် ဆယ်နှစ်တော့ လျှော့ကာမှန်းရအောင် မမမိုးက နုပျိုသည်။ သုံးဆယ်ပေါ့။ ဘယ်သူက လေးဆယ်ထင်မှာလဲ။

"လင်း"





ဆီးကြိုခေါ်လိုက်တဲ့ အသံက နွဲ့နှောင်းသွဲ့ပျောင်းလှပါသည်။ နေကာမျက်မှန်ဝိုင်းကြီးကို နဖူးစပ်ပင့်တင်လိုက်တော့ သူ့ကို လှမ်းကြည့်နေတဲ့ မျက်ဝန်းအစုံကလည်း ရွှန်းလဲ့ ရီဝေ့နေသည်။

"စာဖတ်နေတာလား"

နံဘေးစားပွဲလေးပေါ်က နိုင်ငံခြားမဂ္ဂဇင်းတစ်ထပ်ကို လှမ်းကြည့်ရင်း လင်းရှင်က အာလာပသလ္လာပ မေးသည်။

"မဖတ်ပါဘူး၊ ပျင်းစရာကြီး ဖတ်စရာလား၊ အရုပ်ကြည့်နေတာ"

"ဟင် ... ကလေးကျနေတာပဲ၊ အရုပ်ကြည့်နေတာရယ်လို့"

"ဟုတ်တယ်လေ၊ ဝတ်စုံတွေ ချုပ်စရာရှိလို့ ဖက်ရှင်ဒီဇိုင်းတွေ ကြည့်နေတာလေ၊ အရုပ်ကြည့်တာပေါ့"

"အစ်ကိုကြီးရော ... အိမ်ပေါ်မှာလား"

"အစ်ကိုကြီး မြဝတီသွားတယ်လေ၊ ပြန်မရောက်သေးပါဘူး"

"ဟင် ... မမပြောတော့ ဒီနေ့ရောက်တယ်၊ လာတွေ့လှည့်ဦးဆို"

"ရောက်မယ် ထင်လို့လေ၊ အခု မရောက်သေးဘူးလေ၊ အစ်ကိုကြီး မရောက်သေးရင် အိမ်ကို မလာတော့ဘူးလား၊ လေသံတွေက သူစိမ်းဆန်လွန်းတယ်"



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ပါဘူး"

လင်းရှင်က အနားက ခုံဝိုင်းဖြူဖြူလေးတစ်ခုကို မလှမ်းမကမ်းဆွဲပြီး ထိုင်ချလိုက်ပါသည်၊ စိတ်လည်းကျဉ်းကျပ်သွားပါသည်။

"မနေ့က ဘာကိစ္စ ရောက်မလာတာလဲ၊ လူစုံပါတယ်လို့ ပြောထားတာကို"

"ကျွန်တော် နည်းနည်းအလုပ်များသွားလို့ပါ"

"ဘာအလုပ်များတာလဲ၊ မပြောလိုက်ချင်ဘူး"

"တကယ်ပါ၊ သူငယ်ချင်းတစ်ယောက် အလုပ်ကိစ္စလေးအတွက် လိုက်ကူနေတာပါ၊ တကယ် မအားလိုက်လို့ပါ"

"သူငယ်ချင်းက ယောကျ်ားလား မိန်းမလား"

လင်းရှင်က မမမိုးကို ဖျတ်ခနဲ ကြည့်မိပြီး ဘယ်တုန်းကမှ ရင်ဆိုင်မကြည့်ရဲတဲ့ ထုံးစံအတိုင်း မျက်လွှာပြန်စိုက်ချထားလိုက်ရင်း ...

"မိန်းကလေး"

ညာလို့မရ။ ညာရင် အပြစ်ကြီးသည်။ အပြစ်ရှိရာရောက်သည်။ ဖုန်းတစ်ချက် နှစ်ချက် ဆက်တိုက်နှိပ်လိုက်လျှင် လင်းရှင် ဘယ်သူနှင့် ဘယ်ရောက်နေလဲ မမမိုး မသိဘဲ မနေပါ။ ညာလည်း မညာရဲပါ။

"ဘယ်က မိန်းကလေးလဲ၊ တိမ်ဦးခင်လား"





ဒီတစ်ခါတော့ မမမိုးကို သူ ခုနထက် ကြာကြာလေး ရင်ဆိုင်ကြည့်မိသည်။ တိမ်ဦးရဲ့နာမည် မမမိုး နှုတ်ဖျားက ထွက်တာကို သူ မကြိုက်ပါ။ တိမ်ဦးကို မမမိုး သူ့ဘာသာသိရှိနေတာကိုလည်း မနှစ်မြို့ပါ။ အပိုင်မေးခွန်းထုတ်ပုံကိုလည်း စွန်းကျပ်ပါသည်။ ရင်ထဲမှာ မသက်မသာခြင်းတွေနှင့် လင်းရှင်က သက်ပြင်းကို မပေါ်လွင်အောင် ခိုး၍ရှိုက်မိသည်။

"အလင်းရှင်"ဆိုတဲ့ ယောကျ်ားတစ်ယောက်မှာ ကိုယ့်ပိုင်ဘဝဆိုတာလေးလည်း ရှိသေးသည်ကို နားလည်ပေးနိုင်ဖို့ ကောင်းပါသည်။

မမမိုးက စိတ်ကျဉ်းကျပ်တဲ့ လင်းရှင်ရဲ့ မျက်နှာရိပ်မျက်နှာကဲကို အပြုံးလေးနှင့်ပင် အကဲခတ်ရင်း ...

"ပိုက်ဆံသုံးစရာ ရှိရဲ့လား"

"ရှိပါတယ်"

"ဘာရှိပါတယ်လဲ၊ ပိုက်ဆံယူသွား"

"တကယ် ရှိပါသေးတယ်၊ ကျွန်တော် ဘာမှမှ သိပ်သုံးစရာ မရှိတာ၊ ဒီ့ရာရာက မမတို့ဆီက အလကားရနေတာပဲလေ"

"အဲဒါ မင်းဘက်က နာနေလို့လား၊ လေသံက"

"မဟုတ်ပါဘူး၊ အမှန်တိုင်း ရိုးရိုးပြောပြတာပါ"

"ပိုက်ဆံယူသွား၊ ဟိုအိတ်ထဲမှာ"

"မယူသေးပါဘူး မမ၊ ရပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ယူဆိုယူလိုက်၊ ဇစ်ကိုဖွင့်လိုက်"

လင်းရှင် သက်ပြင်းကို သိသိသာသာကြီးချသည်။ နံဘေးစားပွဲပေါ်က သားရေအိတ်ညိုညိုတစ်လုံးကို လှမ်းကြည့်လိုက်ပါသည်။

"ဖွင့်လိုက်ပါ ဆိုနေရင်၊ ခုနပဲ ကိုရာဂျစ် ငွေလာရှင်းသွားတာ၊ ရေတောင် မရေလိုက်ရဘူး၊ ဖွင့်လိုက်စမ်းပါ ဘယ်လောက်လဲ စစ်လိုက်စမ်းပါ လင်း"

လင်းရှင် အိတ်ကို ဆွဲယူဖွင့်လိုက်ရပါသည်။ ငါးထောင်တန်အုပ်တွေကို ရေတွက်ရင်းက ...

"တစ်ရွက်ချင်းရော ရေရမှာလား"

"တစ်ရွက်ချင်း ရေစရာလား၊ အုပ်ကို စစ်ခိုင်းနေတာ"

"နှစ်ဆယ့်လေးအုပ်၊ တစ်ရာ့နှစ်ဆယ်"

"နှစ်ရာ့ရှစ်ဆယ်ထဲက တစ်ရာ့နှစ်ဆယ်နုတ်ရင် ဘယ်လောက်လဲ"

"တစ်ရာ့ခြောက်ဆယ်ပေါ့၊ မမကလည်း"

"မင်းလို ဆေးကျောင်းဝင်တဲ့ ဦးနှောက်မှ မဟုတ်တာ"

"အပိုတွေဗျာ၊ ဒါပဲ ထည့်ပြောပြောနေတယ်၊ နှစ်ရာ့ရှစ်ဆယ်ထဲက တစ်ရာ့နှစ်ဆယ်နုတ်တာ၊ နှစ်တန်းရောက်ရင် တတ်နေပြီ"

"ခ်ိ ခ်ိ ခ်ိ"

မမမိုးက ကိုယ်လေးလှုပ်ကာ ရယ်မောနေရင်း





"ယူလိုက် ... နှစ်အုပ်လောက်"

"မယူသေးပါဘူး၊ ကျွန်တော့်မှာ ပိုက်ဆံရှိပါသေးတယ်၊ တကယ်ပြောတာပါ၊ ဟိုနေ့က သူငယ်ချင်းနဲ့ ကားပါမစ်ငါးခု စပ်တူဝယ်ထားတာ ပြန်ရောင်းလိုက်တာ တစ်ဆောင် ၁၅ သိန်းတောင်မြတ်တယ်၊ နှစ်ယောက်ခွဲယူလိုက်တယ်၊ ပိုက်ဆံအများကြီးရှိတယ်"

"ဘာလဲ ... အဲဒီ တိမ်ဦးခင်နဲ့လား"

"အင်း"

"သူနဲ့စပ်တူရတဲ့ပိုက်ဆံ ငါ့ကို စကားထဲ လာထည့်ပြောမနေနဲ့၊ ဒီလောက်ရတာကို မင်း သူ့ကို စီးပွားပါတနာကြီးလို သိပ်အထင်ကြီးသွားလား၊ ဟုတ်လား"

"မဟုတ်ပါဘူး၊ ဒီလိုပဲ စားဖို့သောက်ဖို့လေး ဟိုလုပ်ဒီလုပ် ခွင်ပေါ်တာလေးတွေ လုပ်ရတာပေါ့"

"သြော် ... သြော် ... ဝတ်ပြတ်နေတဲ့သဘောပေါ့"

"မမက စကားပြောလိုက်ရင် တကယ်ပဲ၊ ကျွတ်"

"အပိုတွေ ပြောမနေနဲ့၊ လူကြီးက ယူဆို ယူလိုက်ပေါ့၊ ကတ်ဖိုးကတ်ဖဲ့နဲ့ တကယ်ပဲ၊ ပြောရဆိုရကို လက်ပေါက်ကပ်တယ်"

လင်းရှင်က သက်ပြင်းရှိုက်ရင်း ...

"ယူလိုက်ပြီ ... ယူလိုက်ပြီ၊ တစ်အုပ်ယူလိုက်မယ်"



www.burmeseclassic.com

www.burmeseclassic.com



"နှစ်အုပ်ယူဆို နှစ်အုပ်ယူပေါ့၊ ဘာဖြစ်နေလဲ မသိဘူး၊ မင်းကို ခိုင်းစရာလည်း ရှိသေးတယ်၊ ကိုကျော်ခိုင်ဆီ မင်းကိုပဲ အလုပ်ကိစ္စ လွှတ်တော့မယ်"

"တိုးအေးတို့ကို အစ်ကိုကြီး ခိုင်းနေကျ မဟုတ်လား၊ သူတို့က ကိုကျော်ခိုင်နဲ့ အဆက်အစပ်ရှိပြီးသားမို့လား"

"အခု အစ်ကိုကြီးကိုက မင်းကို လွှတ်ခိုင်းတာပါလင်းရယ်၊ ဆင်ခြေသိပ်တက်တတ်တာပဲ၊ ငါ သိပ်ခေါက်ချင်တယ်၊ ကြည့်ပါလား၊ ခေါက်မှာသိလို့ ခပ်ဝေးဝေးမှာထိုင်နေတယ်၊ ခုံကို ဟိုဘက်ဆွဲပြီးတော့ ဝေးအောင်ရှောင်နေတယ်"

"မဟုတ်ပါဘူး၊ ဒီဘက်က အရိပ်ပိုကျလို့ ခုနနေရာက နေပြောက်ကျနေတာ"

"နေပြောက်ကို စကားတဲ့ ထည့်ပြောနေသေးတယ်၊ လာ... ဒီဘက်လာ၊ ခုံကိုရွှေ့ခဲ့၊ ဒီဘက်က ပိုတောင် အရိပ်အေးသေး၊ အအေးဆုံးနေရာ မမ ရွေးထိုင်နေတာပါ လင်းရယ်၊ လူတစ်ကိုယ်လုံးမှာ ဆင်ခြေဆင်လက် ဆင်နားရွက်တွေချည်းပဲ၊ ဒီနားတိုးခဲ့၊ အလုပ်ကိစ္စ အသေးစိတ်လည်းပြောရဦးမယ်၊ မမက အော်ပြောနေရမှာလား လင်း ... ဟင်"

လင်းရှင်က သူ့ခုံကို မ,ရွှေ့ကာ မမမိုး ပြောတဲ့နေရာမှာ ချလိုက်ပါသည်။ အဲဒါ နားအအေးဆုံးပါ။ ရှင်းရှင်းကင်းကင်း ရှောင်နိုင်တဲ့ အနေအထား အခြေအနေမှ မဟုတ်တာ





ထဲထဲဝင်ဝင် ပတ်သက်ခဲ့တာပဲ အချိန်ကာလ မနည်းတော့တာ။ သူ့ဘဝက ဒီအသိုက်အဝန်းထဲမှာ အမျှားကြီးကို ကျွံနစ်နေပြီပဲ။

"လင်း"

မမမိုးက တိုးဆိတ်သော အသံလေးနှင့်ခေါ်ကာ လင်းရှင်ကို နူးနူးညံ့ညံ့လေး ကြည့်သည်။ အဲသလိုအကြည့်နှင့် ဆက်ဆံပုံမျိုးကို လင်းရှင် ဘယ်တော့မှ ရင်မဆိုင်ရဲ။ ကြောက်သည်။ မျက်လွှာကို စိုက်ချ၍သာ ထားမိသည်။

"မနေ့က လေဆိပ်ရောက်လို့၊ လင်းမေမေကိုတောင် တွေ့သေးတယ်"

"........."

"သူ ဧည့်သည်ပို့လား ကြိုလား၊ ကိုယ်တိုင်သွားတာ ပြန်တာလားတောင် မသိတော့ပါဘူး၊ အကဲတောင် မခတ်ရဲပါဘူး၊ လင်းမေမေက မမတို့ကို သိပါတယ်လို့ မပြောဘူးလား၊ လင်းက မသိနိုင်ပါဘူးဆို၊ မနေ့ကလည်း မမကို မြင်မြင်ချင်းပဲ မျက်နှာ ပြင်မရအောင် တင်းသွားတာ၊ ချာခနဲကို လှည့်သွားတာ၊ သူ သိကိုသိတယ် မမကို"

လင်းရှင်က ရင်ထဲလေးပင် တင်းကျပ်သွားရင်း ...

"ကဲ ... မမ အလုပ်ကိစ္စ ပြောစရာရှိတာ ပြောပါဗျာ"

"အေးပါ ... ပြောမှာပေါ့၊ စိတ်ညစ်သွားပြီလား လင်း၊ ဆောရီးနော်၊ ရော့ ပန်းသီးလေး စားလိုက်ဦး၊ မစားတော့ပါဘူး မပြောနဲ့၊ ပန်းသီးဆိုတာ ဟိုးအာဒမ်ဧဝ လက်ထဲက



www.burmeseclassic.com

www.burmeseclassic.com



စားခဲ့ကြတာ၊ အဟင်း ဟင်း … စား … ရော့၊ မစား ကောင်းဘူး ထင်မနေနဲ့"

လင်းရှင်သည် နဖူးစွန်းကိုသာ စိတ်ပျက်လက်ပျက် ကုတ်နေလိုက်မိပါသည်။

♥ ○ ♥

"မျက်သွယ်"

တံခါးဝက ခပ်တိုးတိုး ခေါ်သံကြောင့် မျက်သွယ် လေးက ဖျတ်ခနဲ လှည့်ကြည့်သည်။ ဝိုင်းစက်တဲ့ မျက်လုံးလေး များက နက်မှောင်စိမ်းလဲ့ကာ အမေတူ မျက်ဝန်းကလေးများဖြစ် သည်။ စားပွဲက ထ,မလာ။ ရှေ့မှာ ကျောင်းစာအုပ် ဗလာစာအုပ် တချို့ ကျဲပြန့်နေသည်။ မျက်သွယ်ကို စာသင်နေတာက မဇာ။

"ရေခဲမုန့် … သမီး"

သူကိုင်ကြိုက်တဲ့ ချောကလက် အတုံးအခဲလေးတွေပါ တဲ့ Wall's ရေခဲမုန့်ဘူး ဗုံဒေါင်ရှည်လေးကို မြှောက်ပြလိုက်လျှင် တော့ မျက်သွယ်က ထိုင်နေတဲ့ ခုံမြင့်လေးမှ ဖင်ကြွလိုက်ပါသည်။

"ကလေး၊ စာသင်နေတယ်လေ"

အသံဟိန်းဟိန်းတစ်ခု ထွက်ပေါ်လာမှ ဟစ်တံခါး ရွက်ရဲ့ ကွယ်တဲ့ဘက်မှာ ပါပါရှိနေတာ တိမ်ဦး သိလိုက်ရပါ သည် တိမ်ဦးရဲ့ပြုံးနေတဲ့မျက်နှာက အေးစက်သွားရပြီး အနည်း





ငယ်သာ ဟ,နေတဲ့ တံခါးကို ဖြည်းဖြည်း ဆက်တွန်းဖွင့်လိုက် သည်။ ဖင်လေးကြွရုံရှိဘဲ မျက်သွယ်က ကြမ်းပေါ် မဆင်းတော့ ဘဲ စားပွဲဘက်သို့ ခပ်ကုပ်ကုပ်လေး ပြန်လှည့်သွားပါသည်။

စာကြည့်ခန်းတွင်းက သုံးယောက်ထိုင် ဆိုဖာရှည် မှာ ပါပါ ထိုင်နေပါသည်။ ရှေ့ကစားပွဲနိမ့်ကလေးမှာ ဘီယာ သံဘူးများနှင့် ချိစ်ပန်းကန်၊ အာလူးကြော်ဘူး။ တိမ်ဦးက ပါပါ့ကို စေ့စေ့ပဲ ရပ်ကာကြည့်နေသည်။ ရင်ထဲမှာတော့ လှမ်းအော်မေး လိုက်ချင်တဲ့ မေးခွန်းက ရှန်းကြွလို့ပင်။ ကလေး သူ့ဘာသာ စာသင်နေတဲ့ အခန်းထဲ ပါပါက ဘာကြောင့် ရောက်နေရတာလဲ။ ဘာကြောင့် ဒီနားလာ ဘီယာသောက်နေရတာလဲ။

မေးခွန်းက နှုတ်ဖျားက ထွက်မလာသော်လည်း မျက်လုံးများထဲမှတော့ ခုန်ပေါက်ကျလာသည်။ ထိုမျက်လုံးများရဲ့ နောက်ခံကားချပ်ကတော့ စိမ်းမှောင်နေပါလိမ့်မည်။

"ပါပါက ဒီမှာကို"

မြင်ပြီး အတန်ကြာနေပြီဖြစ်ပေမယ့် ခုမှပဲ ရေရွတ် လိုက်သည်။

"အေး… ကောင်မလေး စာလုပ်တာစောင့်နေတာ၊ စာသင် ရင် ကောင်းကောင်းသင်ချင်တာ မဟုတ်ဘူး၊ ဆော့ချင်တာ နဲ့ တီဗီကြည့်ချင်တာနဲ့၊ ကာတွန်းဖတ်ချင်ရတာနဲ့၊ ရေ သောက်ချင်ရတာနဲ့ အမျိုးကို စုံနေတာပဲ၊ ငယ်ငယ်လေး တည်းက စ,နေပြီ၊ စာကို မကြိုးစားချင်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"မျက်သွယ်က ခုမှ သုံးတန်းပဲ ရှိပါသေးတယ် ပါပါ"

တိမ်ဦးက အခန်းဝမှာပဲ ဆက်ရပ်နေမိကာ အတတ်နိုင်ဆုံး အသံကိုထိန်း၍ ပြောလိုက်ပါသည်။

"အေးလေ ... သုံးတန်းကတည်းက စာကိုမလိုချင်လို့ လူကြီးတွေက ဂရုတစိုက် အာရုံစိုက် သင်ပေးနေရတာပေါ့"

တိမ်ဦးက မဇာရှေ့က လက်သည်းနီပုလင်းကို မျက်လုံးဝေ့ကြည့်လိုက်ရင်း ...

"စာသင်တဲ့ ဆရာမကောင် စာသင်ရင်း လက်သည်းနီဆိုးနေသေးတာ၊ ကလေးလည်းပဲ စာသင်ရင်း မုန့်လောက်တော့ စားပါစေလား ပါပါ"

"တိမ်ဦးခင် ... ညည်းအဖေ လုပ်သမျှ ကဖျက်ယဖျက် ပိုက်ဆန့်ကျင်နေတာလား"

"ပါပါ့ကို တိမ်ဦး ဘာများဆန့်ကျင်လို့လဲ"

"ငါ့ကို မဝေဖန်နဲ့၊ သူများတကာ ဝေဖန်ရင် တော်သေးတယ်၊ နင်က ဖအေကို ပြန်ဝေဖန်ဖို့ ဘာအဆင့်မှ မရှိဘူး၊ အိမ်ကို သူ ပြန်လာတာနဲ့ လူတွေမှာ နေရထိုင်ရပျက်၊ ပြဿနာတက်၊ အသံတွေထွက်၊ တစ်ခုမဟုတ် တစ်ခုဖြစ်ရပြီ၊ သူ မရှိရင် အသံကို တိတ်နေတာ၊ ပြန်လာရင်လည်း တိတ်တိတ်ဆိတ်ဆိတ် ပါးစပ်ပိတ်ပြီး ပြန်လာ၊ ပြဿနာ မရှာနဲ့"





တိမ်ဦးသည် စကားလုံးများတွင် အထိနာကာ ခမ်းနည်းလာပါသည်။ မျက်ရည်မဝဲစေရ။ ပါပါ့ကို စူးစိုက်လို့သာ ကြည့်နေမိသည်။ ပါပါနဲ့ သူ့ကြား ဘာတွေက သွေးခြားသွားတာပါလိမ့်။ သားအဖကြားမှာ ကြားလူတွေ အင်မတန်များတာ ပါပါ မြင်ရဲ့လား။ တိမ်ဦးက မဇာကို ဖျတ်ခနဲ တင်းတင်းကြည့်လိုက်ပါသည်။

မဇာ ...။ သူက ဘာလဲဆိုတာ တိမ်ဦး အရူး အ,အ မို့ မသိဘဲ နေရမလား။ မျက်သွယ်ကို စာသင်နေတယ် ဆိုတာကကော၊ ကလေးစာတတ်စေချင် စာတော်စေချင်လွန်းတဲ့ စေတနာအထူးရှိလို့မှ မဟုတ်ဘဲ။ ဒီအိမ်မှာ သူ့ကို လိုအပ်တယ်ဆိုတဲ့ အခြေအနေတစ်ခု မဖြစ်,ဖြစ်အောင် ဖန်တီးထားတာလေ။ မျက်သွယ်ကို စာလာလာသင်နေရင်းကပဲ အချိန်တိုအတွင်းမှာ ...

"ဇာဇာ ... ညည်းလည်း အဆောင်မှာ တစ်ယောက်တည်းနေရတာ၊ ကလေးကို စာလာလာသင်ပေးရ သွားရ ပြန်ရနဲ့ ဘာမှမထူးဘူး၊ ဒီမှာ အခန်းတစ်ခန်းယူပြီး လာနေလိုက်တော့ သွားရ ပြန်ရ သက်သာတယ်၊ အလုပ်အသွားအပြန်လည်း ငါ့ကားနဲ့ တူတူလိုက်ရင် အဆင်ကိုပြေလို့၊ ပြောင်းလာခဲ့ ... ကြားလား"

အထူးတလည် ခွင့်တောင်းတိုင်ပင်တယ်ရယ်လည်း မရှိဘဲ မေမေ ကြားအောင် အော်ဟစ်ပြောလိုက်ရုံနှင့် ဤဆုံးဖြတ်ချက်က အတည်ဖြစ်ခဲ့သည်။ တကယ်တော့ မေမေဟာ ရိုးရိုး



www.burmeseclassic.com

www.burmeseclassic.com



အေးအေး ရှေးဆန်ဆန်နှင့် သံပတ်ခလုတ်ကို ပါပါမလှည့်သည့်ရွှေ့ ငြိမ်သက်နေတဲ့ ဂန္ထဝင်ဇနီးမယား ဖြစ်သည်။ တိမ်ဦး တစ်သက် ပါပါ့ကို ဘာမှ ပြန်ပြောရဲ ဆိုရဲတာ မတွေ့ခဲ့စဖူး။ ပါပါ့ တစ်ယောက်ကိုတင် မကပါ။ ပတ်ဝန်းကျင်ကို အဆုံးစွန် သည်းခံကျိုးနွံတဲ့ မေမေ။ နာမည်ကျော် စီးပွားရေးလုပ်ငန်းရှင် သူဌေးတစ်ဦးရဲ့ မိန်းမလို့ ထင်စရာမရှိအောင်လည်း အနေရိုးကုပ်တဲ့သူ။

မဇာဟာ မျက်သွယ်ကို စာသင်ဖို့ ဒီအိမ်ပေါ်ရောက်လာတာလား၊ ဒီအိမ်ပေါ် ရောက်လာရဖို့အတွက် မျက်သွယ်ကို စာသင်ခြင်းကို အကြောင်းရင်းတပ်ခဲ့တာလားဆိုတာ သူတို့အသိဆုံးပေါ့။ လူအများအသိမှာတော့ မဇာဟာ ပါပါ့ အတွင်းရေးမှူး။ အတွင်းရေးမှူး ဆိုပေမယ့် ရုံးလုပ်ငန်းပိုင်းဆိုင်ရာ အတွင်းရေးမှူးလည်း မဟုတ်ပါ။ ကိုယ်ရေးကိုယ်တာ အတွင်းရေးမှူးလို့ပဲ ဆိုကြပါစို့ရဲ့။

တိမ်ဦးက မဇာကို စေ့စေ့ကြည့်နေ၍ မဇာက မျက်လုံးကြည့်ကို တစ်ဖက်လွှဲထားသည်။ မျက်သွယ်ကို စာသင်ဖို့များ ကျူရှင်လခကန်တော့လိုက်လျှင် ဘယ်ဆရာမနှင့်မဆို သင်လို့ရတာပဲ မဟုတ်လား။ သာမန်အဝေးသင် ဘီအက်စ်စီဘွဲ့ရထားကာ စာသင်ခြင်းအလုပ်ကို တခြားဘယ်မှာမှလဲ မလုပ်ဘဲ မျက်သွယ်တစ်ဦးတည်းအတွက်သာ လုပ်ဆောင်တဲ့ မဇာကို တိမ်ဦးက ဆရာမလို့လည်း မြင်မပေးနိုင်ပေ။ အတွေ့အကြုံလည်းမရှိ၍ ဘာတွေသင်လို့ သင်နေမှန်းလဲ မသိ။





မျက်သွယ်စာသင်တဲ့ အခန်းထဲကို ညနေကျ ဘယ်သူမှ မဝင်ရ မနှောင့်ယှက်ရ အမိန့်ထုတ်ထားသော်လည်း ခုတော့ အမိန့်အာဏာရှင် ပါပါကိုယ်တိုင် ဝင်ထိုင်လို့ပါလား။ ပြီးတော့ ဘီယာဝိုင်းနှင့်။ တိမ်ဦးသည် မျက်စိထဲ ဦးနှောက်ထဲ ဘယ်လိုမှ အချိုးအချိတ် မပြေပြစ်သော ဒီအခြေအနေကို စိတ်ပျက်မိလေသည်။

"တိမ်ဦး ဘာပြဿနာမှ မရှာဘူး၊ မျက်သွယ်ဖို့ ရေခဲမုန့် ဝယ်လာလို့ လာပေးတာ၊ ပြဿနာဆီးရှာတာ ပါပါလေ"

ဒီအိမ်မှာ ပါပါ့ကို ခုလို တစ်ခွန်းချင်း တုံ့လှန်ရင်ဆိုင်ပြောသူမှာ တိမ်ဦးတစ်ယောက်သာ ရှိသည်။ မေမေကိုယ်တိုင်က ငြိမ်ဝပ်ပိပြားနေတော့ အလုပ်သမားတပည့်တပန်း အားလုံးဟာ ပြားပြားဝပ်နေသည်။ ဥက္ကာက လူအေးဖြစ်သည်။ ပါပါ့ကိုဘယ်တော့မှ ထိပ်တိုက်ရင်မဆိုင်။ ဟုတ်ကဲ့ပါပါ ချည်း။ နောင်မှသာ ပြန်မပြော နားမထောင် လုပ်ချင်လုပ်မည်။ သူ့ဝါသနာကြီးလှတဲ့ အနုပညာနှင့် ဆက်စပ်တဲ့ အသိုင်းအဝိုင်းတွေကြားမှာ မိုးလင်းကမိုးချုပ် ကျင်လည်ပျော်ပါးနေတဲ့သူ။

"စာသင်နေတုန်း ရေခဲမုန့် လာကျွေးစရာလား၊ စာသင်တုန်း ဒီအခန်းထဲ ဘယ်သူမှ မဝင်ရဘူးလို့ မှာထားတယ် မဟုတ်လား"

"ပါပါတောင် အခု ဝင်နေတာပဲ မဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



"တိမ်ဦးခင် ... နင် တစ်ခွန်းမခံ ပြန်ပက်ဖို့ကလွဲရင် ဘာအသုံးကျလဲ၊ တောက် ... ဖအေတစ်ခွန်း ပြောလိုက်ရင် သူက နှစ်ခွန်း"

"တိမ်ဦး ပါပါ့ကို လေသံအေးနဲ့ပဲ ပြောနေတာပါ၊ ခံပက်နေတာ မဟုတ်ပါဘူး"

"နင့်လေသံ ဘယ်လောက်အေးအေး၊ နင့်မျက်လုံးတွေက လူတကာကို ဆန့်ကျင်ဖို့ ရင်ဆိုင်ဖို့ အချိန်ပြည့် စူးရဲနေတာ၊ နင့်ကို လူတိုင်းကြောက်နေရအောင် နင်က ဘာမို့လို့လဲ တိမ်ဦးခင်၊ နင့်ကို ဖူးဖူးမှုတ်ထားရအောင် နင်က တစ်သက်လုံး ဘာအပြစ်မှ မလုပ်ဖူးတဲ့သူလား"

တိမ်ဦး ပါပါ့ကို ငေးကြည့်နေသည်။

မပြောဘူး။ ပြန်မပြောပါဘူး။ တိမ်ဦး အပြစ်ရှိခဲ့တာက ကြာခဲ့ပြီ။ ပြီးသွားပြီ။ အခုအပြစ်လုပ်နေတာ ဘယ်သူလဲပါပါ။ အဲလို တိမ်ဦး မပြောတော့ပါဘူး ပါပါရယ်။

"လူကြည့်တော့ ဆောင့်ကြွားကြွားနဲ့၊ ပြောရင် မခံချင်တာ သူ့အပြင်မရှိဘူး၊ သူ့ပဲ ကြောက်နေရမယ့် အချိုး !"

"တိမ်ဦးကို ဒီအိမ်မှာ ဘယ်သူကများ ကြောက်နေရလို့လဲပါပါ"

"ဓာဓာတို့ ဘာတို့ အားလုံးပေါ့၊ လူတိုင်း နင့်မျက်နှာရိပ်ကြည့်နေရတာ"





တိမ်ဦးက ပြုံးချင်သွားကာ မဓာဘက် ငဲ့ကြည့်ပါသည်။ နေရင်းထိုင်ရင်းကို ကုန်းတိုက်ထားတော့ပါလား။ မေမေရှိနေတဲ့ ဒီအိမ်ပေါ် ရဲရဲတင်းတင်း သူ ဘာအပြစ်မှ မရှိသလို အလား မျက်နှာပြောင်နှင့် တက်နေရဲတဲ့သူက တိမ်ဦးကို ကြောက်နေရသတဲ့လား။ ခုလည်းပဲ တိမ်ဦး လှည့်ကြည့်တာကို သူက ရင်ဆိုင်မကြည့်ရဲပြန်။ ခေါင်းကိုငုံ့ထားတာ။ ပါပါ့အမြင်မှာ သနားစရာလေး၊ ဖေးမကာကွယ်ချင်စရာလေး၊ သမီးဖြစ်သူ တိမ်ဦးက နိုင်လ်ကျနေတာပေါ့။

တိမ်ဦးကတော့ ကိုယ့်မှာ ဘာအပြစ်မှ မရှိပါဘဲ လျက် မဓာလို မိန်းမတစ်ယောက်ကို ရိုရိုကျိုးကျိုး ဆက်ဆံပေးစရာ အကြောင်းမရှိပါလေ။

"ခုတောင် ငါ့ကိုခြေရာတိုင်းပြီး ပြောနေတာ နင်ပဲလေ၊ ပါပါတောင် ဒီအခန်းထဲ ဝင်နေတာဆိုပြီး၊ ငါ့အိမ် ငါဝင်ချင်တဲ့အခန်းထဲဝင်တာ ဘာဖြစ်လဲ၊ ဓာဓာနဲ့လည်း အလုပ်အကြောင်း ပြောစရာရှိနေလို့ ဝင်တယ်၊ ပြီးတော့ ငါက အဘိုး၊ ငါ့မြေး စာသင်တဲ့အခန်း ငါဝင်တာ ဘာဖြစ်လဲ"

တိမ်ဦးက မပြုံးချင်သော်လည်း ပြုံးလိုက်ပါသည်။ [illegible] အခန်းဝကနေ အခန်းထဲကို အမှန်တကယ် လှမ်းဝင်လိုက်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို တိမ်ဦးကရော အံမေလေ ပါပါ၊ တိမ်ဦးသမီး စာသင်နေတဲ့အခန်းကို ဝင်တာ ဘာပြဿနာမှ မရှိဘူးထင်တယ်"

တိမ်ဦးက ရေခဲမုန့်ဘူးကို မျက်သွယ်နံဘေးစားပွဲပေါ် တင်လိုက်ပါသည်။ မျက်သွယ်ဟာ တုတ်တုတ်လည်းမလှုပ်၊ ရေခဲမုန့်ကို လှည့်လည်းမကြည့်။ သင်ခန်းစာ စာအုပ်ပေါ်သာ သဲကြီးမဲကြီး မျက်လုံးကို စိုက်ထားသည်။ စာရွက်ကို ကိုင်ထားတဲ့ လက်လေးနှစ်ဖက်ဟာ တရှရှတုန်နေသည်။

အဘိုးနဲ့ အမေအကြား ကြားညပ်ကာ ဘယ်ဘက်လိုက်ရမလဲ ထွေပြားထိတ်လန့်နေသည်။ ဘယ်သူက အခရာလဲ။ သူ့အတွက် ဘယ်သူက အရေးပါတာလဲ သူ နားမလည်ပေ။ တိမ်ဦး ဤမြင်ကွင်းမျိုးကို မုန်းလှ၍ အခန်းထဲက ပြန်ထွက်လာခဲ့ပါသည်။

♥ ○ ♥



# ( ၃ )

မလှမ်းမကမ်းမှာ ပါကင်ထိုးလိုက်သော Surf ကို လင်းရှင်က မျက်တောင်မခတ် ငေးစိုက်ကြည့်နေပါသည်။ သူထင်တဲ့အတိုင်း တိမ်ဦး ပါလာသည်။ တိမ်ဦးဟာ သူ့မောင်လေးဥက္ကာကိုတော့ အတော်ချစ်ခင်ကာ မောင်လေးရဲ့ ဝေယျာဝစ္စမှန်သမျှ၌ တက်ကြွနေတတ်သူပင်။

ဒီနေ့ ကိုမင်းရဲ့စတူဒီယိုမှာ အမျိုးသားဝတ်အင်္ကျီကြော်ငြာဓာတ်ပုံများ ရိုက်ကူးရန်ရှိကာ ရိုက်မည့်သရုပ်ဆောင်မောင်လေးနှစ်ယောက်ထဲမှာ ဥက္ကာလဲ ပါဝင်တာ သတင်းကြားထားသည်။ တိမ်ဦး ပါလာမည်လို့ လင်းရှင် အတပ်သိလေသည်။ ဒါကြောင့်လည်း သူ စတူဒီယိုရှိရာ တိုက်ရှေ့မှာ ကားရပ်၍ ကြိုဆောင့်နေနှင့်သည်။

ကားတံခါးပွင့်ကာ မောင်းသူဘက်က ခြေတစ်ဖက်အရင်ကျလာသည်။ ဖြူဖွေးဖောင်းမို့သော ခြေခုံကလေးပေါ်မှာ



www.burmeseclassic.com

www.burmeseclassic.com



နက်ပြောင်သော ကြိုးကလေးတွေ ယှက်နေပုံက အလွန်ကြည့်ကောင်းနေလေသည်။ ခြေကလေးတစ်ဖက် အရင်ကျနေကာ ကျန်တစ်ကိုယ်လုံးက ထွက်မလာသေး။ ကားထဲမှာ ကိစ္စမပြီးပြတ်သေးပုံရသည်။ ဟိုဘက်ကတံခါးပွင့်ကာ ဥက္ကာဆင်းလာလေသည်။

ဥက္ကာက ကားပြင်ရောက်သည်နှင့် တိုက်ဆီ ဦးတည်လျှောက်ကာ စတူဒီယိုအထပ်သို့ တက်သွားနှင့်လေသည်။ နောက်နှစ်မိနစ်လောက်ကြာမှ ကားထဲက တိမ်ဦး ဆင်းလာကာ ကားပေါ်မှ ဘီးပါတဲ့ သေတ္တာငယ်လေးတစ်ခုကိုပါ ဆွဲချလိုက်သည်။ ကားတံခါးပိတ် သေတ္တာလေးကို လက်ကိုင်ကိုင်း ဆွဲထုတ်ကာ အိထွေးသော ဆံပင်ခွေခွေနက်နက်တို့ကို ကျောနောက်သို့ ခေါင်းဆတ်ကာ ပို့လိုက်ပြီး တိုက်ဖက်သို့ လှမ်းလာသည်။

လင်းရှင်က ကားထဲက ထွက်ရပ်လိုက်ပါသည်။

"ဟယ်"

သူ့ကို ရုတ်တရက်တွေ့၍ ပြောင်းလဲသွားတဲ့ တိမ်ဦးရဲ့မျက်နှာမှာ အပြုံးနှင့် အပျော်တို့ကို ရှင်လန်းစွာ မြင်ရသည်။ လင်းရှင် ထုံးစံမပျက် ကမ်းပေးလိုက်တဲ့ ပန်းစည်းကလေးကို လှမ်းယူလိုက်ရင်း ...

"အဟင်း ... ဒီပန်းလေးတွေကရော ဘာလို့ ခေါ်လဲ လင်းရှင်ရဲ့၊ မြင်တောင် မမြင်ဖူးဘူး"

"ဒီပန်းလေးက Primrose လို့ခေါ်တယ်၊ ဒီမှာရှိပါတယ် တိမ်ဦးရဲ့"





တိမ်ဦးက ပြုံးလိုက်ရင်း ...

"လင်းရှင် ခရီးသွားတယ်ဆို"

"မနေ့က ပြန်ရောက်တယ်"

မျက်လုံးချင်းဆိုင်ပြီးမှ မရဲ့မရဲသလို မျက်လုံးစိုက်ချလိုက်တဲ့ လင်းရှင်ကို တိမ်ဦးက ပြုံးကာ ကြည့်နေမိသည်။ သူ့ကို ရုတ်တရက် မမျှော်လင့်ဘဲ ကြိုချိန်းမထားဘဲ တွေ့လိုက်ရဘာအတွက် တိမ်ဦး ပျော်ရွှင်မိတာ လင်းရှင် သိနိုင်လေမလား။ ဘာကြောင့် ဒီလောက် ပျော်ရွှင်မိတယ်ဆိုတာကိုတော့ လင်းရှင်ပြောနဲ့ တိမ်ဦးကိုယ်တိုင်ပင် ရေရာအောင် မသိနိုင်ခဲ့ပါ။

"အိတ်ပေးလေ"

"အို နေပါစေ လင်းရှင်ရဲ့၊ ဥက္ကာရဲ့ ဘောင်းဘီတွေ ဖိနပ်တွေ"

"ဘာဖြစ်လဲ ... ရပါတယ်၊ ပေးစမ်းပါကွာ"

အတင်းလှမ်းဆွဲလိုက်၍ တိမ်ဦးက လက်လွှတ်ပေးလိုက်ပါသည်။ နှစ်ယောက်အတူ တိုက်ထဲဝင်ကာ [illegible]ထားပြီး စောင့်နေကြပါသည်။

"ရှစ်ရက်တောင် ကြာသွားတော့ ..."

"အင် ..."

"အရမ်းသတိရနေတာ"

"အင် ..."



www.burmeseclassic.com

www.burmeseclassic.com



တိမ်ဦးက ပြုံးမိတော့မည့် နှုတ်ခမ်းလေးကို ဆွဲစိထားရပါသည်။ ရင်ထဲမှာလည်း တဖျပ်ဖျပ် တဒိတ်ဒိတ် ခုန်လှုပ်လာသည်။ အတန်ကြာအောင် အသံတိတ်သွားလျှင် တိမ်ဦးက လင်းရှင်ကို လှည့်ကြည့်လိုက်ရင်း ...

"တစ်ခုခု ပြောစရာရှိရင် ဖုန်းဆက်လိုက်ရောပေါ့ လင်းရှင်ရဲ့"

"ဘာမှ ပြောစရာ မရှိပါဘူး"

"ဒါဆိုလည်း ပြီးရောပေါ့"

"ကျွန်တော် ... တွေ့ပဲ တွေ့ချင်တာ"

ဓာတ်လှေကားထဲမှာ အသံတိတ်နေကြတော့ကာ စတုဒ်ီယိုခန်းထဲ ရောက်လာကြပါသည်။

"သြော် ... ခုမှ သတိရတယ်၊ ဒီကို ဘာလာလုပ်တာလဲ"

"တိမ်ဦးကို လာစောင့်နေတာလေ"

"တိမ်ဦးတို့ လာမယ်လို့ ဘယ်လိုသိလို့လဲ"

"ကိုမင်းနဲ့ သူငယ်ချင်းပါ"

"ဟင် ... ဟုတ်လား၊ ဒီဓာတ်ပုံဆရာ ကိုမင်းမင်းက လူဆိုးလို့ သတင်းကြားဖူးတယ်၊ သူနဲ့ သူငယ်ချင်းဆိုလင်းရှင်လည်း လူဆိုးပဲနေမှာ"

လင်းရှင်က မျက်မှောင်တွန့်တွန့်နှင့် ...

"ကိုမင်းက လူဆိုးလို့ ဘယ်သူပြောလဲ"





"မသိဘူးလေ၊ သူများပြောသံ သတင်းကြားဖူးတာပါ"

"ကိုမင်းက လူဆိုး မဟုတ်ပါဘူး"

"........"

"ကျွန်တော်ကသာ လူဆိုး"

တိမ်ဦးက မျက်ခုံးလေးမြင့်ပြီး ရယ်မောမိပါသည်။ ရယ်နေတဲ့ တိမ်ဦး မျက်နှာကလေးကို လင်းရှင်က သတိလက်လွှတ် ငေးကြည့်နေမိသည်။ ဘယ်လိုပင် ထိန်းချုပ်သော်လည်း တိမ်ဦးကို သူ ငြိတွယ်စွဲလမ်းလှသည်။ မိန်းမတစ်ယောက်ထံ၌ သူ့တစ်သက် ဘယ်တုန်းကမှ မကျဆုံးခဲ့ဖူးလေ။ စိတ်လည်းမဝင်စားခဲ့။ သူ့အာရုံကို ဘယ်မိန်းမမှ မလွှမ်းမိုးနိုင်ခဲ့ပေ။ တိမ်ဦး ဆိုတဲ့ မိန်းကလေး သူ့ကို သူ့အသည်းနှလုံးကို ဘာကြောင့် ဒီလောက် လွှမ်းမိုးသွားခဲ့သည်ကို သူ ပြန်လည်အစဖော် စဉ်းစားလို့ကို မရတော့ပေ။

သူ့ကိုယ်သူ လင်းရှင် ဆုံးမပါသည်။ လင်းရှင် ... မင်းက ဘာကောင်လဲ။ မင်းက ဘာကောင်မို့လဲ။ ဟုတ်ပါသည်။ သူက ဘာကောင်မှတော့မဟုတ်။ သို့သော် သူ့ထက်ငွေကြေးဂုဏ်နေရာအားဖြင့် အတော်အတန် မြင့်မားကွာလှမ်းတဲ့ တိမ်ဦးခင်ကို သူ မရည်ရွယ်ဘဲ ချစ်မိပါသည်။ အချစ်ဆိုတာ ကိုယ့်ရဲ့ဖန်တီးနေရာချထားမှုမှ မဟုတ်ဘဲ။

"တိမ်ဦးခင် အကြောင်း ဘယ်လောက်သိလို့လဲ၊ သူနဲ့ ဒီလောက်စီးပွားဖက်လောက်အဖြစ် ရင်းနှီးလာတာတောင်



www.burmeseclassic.com

www.burmeseclassic.com



ဘာမှလဲ မသိဘူး၊ ဘာမှလဲ မစုံစမ်းဘူးလား လင်းရယ်၊ မင်းကိုတော့ အံ့သြတယ်"

"ဘာမှ စုံစမ်းစရာ မလိုပါဘူး၊ သူ့အကြောင်းကို အခုသိသလောက်ထက်လည်း ကျွန်ဟော် ပိုမသိချင်ပါဘူး၊ သိစရာလည်း မလိုဘူး၊ အခု အမြင်အတိုင်းမှာ သူက ကျွန်တော်လက်ခံခင်မင်နိုင်တဲ့ မိန်းကလေးတစ်ယောက်၊ ဒါဆိုလုံလောက်တယ်"

"ဘာလက်ခံခင်မင်နိုင်တဲ့ မိန်းကလေးလဲ၊ အပိုတွေ ပြောမနေစမ်းနဲ့ လင်း၊ ဒီခင်မင်တဲ့အဆင့်မှာ မင်းခံစားချက်က ရပ်နေလို့လား၊ သူများကိုသွားညာ၊ ငါ့ကို လာမညာနဲ့၊ မင်း သူ့ကိုကြိုက်နေတယ်၊ ချစ်နေတယ်၊ ငါသိတယ်"

"မဟုတ်ပါဘူးဗျာ"

"ဘာလို့ မဟုတ်ရမှာလဲ၊ ငါ့ကိုညာဖို့ လျှို့ဝှက်ဖို့ မကြိုးစားစမ်းနဲ့ ကောင်လေး၊ သူများကိုပဲ လိမ်လို့ ညာလို့ရမယ်၊ မင်း သူ့အကြောင်းကို သေချာသိဖို့လိုတယ်၊ သိသင့်တယ်၊ မမ မိန်းမချင်း အတင်းအဖျင်း ပြောတတ်တဲ့သူ မဟုတ်ဘူးနော်၊ ပြောစရာ အကြောင်းလည်း မရှိဘူး၊ ဒါပေမဲ့ တိမ်ဦးခင် အကြောင်းကိုတော့ ပြောပြရလိမ့်မယ်၊ ရှေ့တိုးသင့်မှတိုး၊ မတိုးသင့်ရင် ရပ်ပါ၊ မမ ဝင်မစွက်ဖက်ပါဘူး၊ သိအောင် ပြောပြရုံပါ၊ မင်းသိမှ ဖြစ်မှာမို့ မင်းကို ချစ်လို့ပြောရမှာ"





ဟိုတလောက မမမိုး ပြောတဲ့ စကားတွေကို ပြန်သတိရလာပါသည်။

"ခဏနော် လင်းရှင်၊ ဖုန်းလာလို့"

တိမ်ဦးက သူ့ကိုလှမ်းပြောလိုက်ပြီး သူ့ဘက်ကျောတစောင်းပေး၍ ဖုန်းကို မတိုးမကျယ်လေး ပြောနေပါသည်။

"ဟင် ... ဖျားနေတယ် ဟုတ်လား၊ မနက်က ဘာရိတ်ဖတ်စ်စားနေတုန်းကတောင် အကောင်းပဲလေ မေမေ"

"မနက်ကတည်းက ဗိုက်နည်းနည်းအောင့်တယ်တော့ ပြောနေတာ၊ ခုန ကျောင်းသွားဖို့ အဝတ်အစားလဲတော့မှ ကိုယ်တွေပူနေတာ သိတာ"

"ဟုတ်လား၊ ဒါဆို ကျောင်းမလွှတ်နဲ့တော့လေ မေမေ၊ တိမ်ဦးတို့လည်း ခုမှရောက်ကာစ၊ တိမ်ဦးလည်း ခဏနေအခြေအနေကြည့်ပြီး ပြန်လို့ရရင် ပြန်ခဲ့လိုက်မယ် မေမေ"

"အင်းလေ ... နေရင်လည်း နေလိုက်ပါ၊ ဥက္ကာကလည်း ညည်းပါမှ အချိုးအချိတ်က အဆင်ပြေတာ၊ ဘေးကကြည့်ရှုပြီး လိုတာပြောရဦးမှာ၊ အိမ်မှာကြည့်မယ့်လူတွေလည်း အများကြီးပဲဟာ၊ မေမေက သမီး သိအောင် လှမ်းပြောတာပါ"

"ကလေးက ဖျားနေတာကို သူက လမ်းချည်းထွက်နေတာပဲ၊ စီးပွားရေးအကြောင်းပြပြီး ကားတစ်စီးနဲ့ တွဲချင်တဲ့သူနဲ့တွဲ လျှောက်သွားနေတာ၊ ခု ဘာလုပ်နေတာလဲသူက၊ အခု ပြန်လာခဲ့လို့ ပြောလိုက်"



www.burmeseclassic.com

www.burmeseclassic.com



ဖုန်းထဲက ကြားလိုက်ရတဲ့ နောက်ဘက်က အသံဟိန်းကြီးကြောင့် တိမ်ဦး မျက်နှာလေးက အေးစက်ပြန့်တင်း သွားရပါသည်။

"ဩော် ... ရှင်ကလည်း၊ ဥက္ကာ ဗိုတ်ိုရှုတင်ရှိလို့ လိုက်သွားတာပါ၊ ကလေးကြည့်ဖို့သက်သက် သူ ပြန်လာစရာမလိုပါဘူး၊ အိမ်မှာ လူတွေတစ်ပြုံတစ်မကြီး ရှိတာပဲဟာကို၊ သူ့ကိစ္စရှိလို့ သူသွားတာ သွားပစေပေါ့၊ ရှင်ကလည်း အလကားနေ အပြစ်ပြောဖို့ပဲ၊ ကဲ ... ကဲ ... ဒါပဲ တိမ်ဦး"

တိမ်ဦးက ဖုန်းလေးကို ပိတ်လိုက်ရင်း အံကလေး စေ့စေ့ကြိတ်ထားမိပါသည်။ တစ်ကြိမ်ဆိုးမိုက်ဖူးတာအတွက် မဆုံးနိုင်အောင် မျက်မုန်းကျိုး ငြူစူအပြစ်ရှာနေသော ပါပါ့ဆက်ဆံရေး အောက်တွင် တိမ်ဦး ကျဉ်းကျပ်လှသည်။ မွန်းပိတ်နေပြီ။

ဒီမှာ တစ်နာရီလောက် နေလိုက်ပြီး ဥက္ကာကိုပဲ ထားရစ်ကာ အိမ်ပြန်လိုက်ဖို့ တွေးလိုက်သော အတွေးက ဖျတ်ခနဲ ယိမ်းယိုင်ပြိုလဲသွားလေသည်။ အိမ်မှာ မေမေရော၊ မှီခိုကပ်ရပ်နေသော ဆွေနီးမျိုးစပ်တွေရော၊ အလုပ်သမားက လေးယောက်လောက်နှင့် လူတစ်ပြုံတစ်မ ရှိနေတာမို့ မျက်သွယ် ဖျားနေပေမယ်လည်း တိမ်ဦး ချက်ချင်းမပြန်လို့လည်း အရေးကြီးလှတယ်တော့ မဟုတ်ပါ။

ကိုယ့်သမီးလေးမို့သာ စိတ်ပူလိုက်ရပေမယ့် တိမ်ဦး ထက်စာရင် မေမေက အများကြီး စီမံခန့်ခွဲ ပြုစုစောင့်ရှောက်





နိုင်တာ။ အရွဲ့တိုက်ချင်တဲ့ဉာဉ်က လူကို ထူထူပူပူ ဖြစ်လာစေသည်။ မဟုတ်တာ လာလုပ်နေတာမှ မဟုတ်ဘဲ၊ ဥက္ကာနောက်လိုအပ်လို့ လိုက်လာတာ။ ကြော်ငြာအေဂျင်စီက လူတွေနှင့် တရင်းတနှီးရှိအောင် ပြောဆို ပေါင်းသင်းလိုက်ချင်သေးသည်။ နောင်ကိုလည်း ကြော်ငြာရိုက်စရာရှိ ခေါင်းထဲ သတိတရရှိအောင် အရောတဝင် စည်းရုံးရေး ဆင်းချင်သေးသည်။ ဥက္ကာက ဒါမျိုး တွေမှ မရတာ။

သူ လုပ်စရာရှိတာ လုပ်ပြီးရင် ဘယ်သူ့မှ ပြုံးပြရယ်ပြ အာလာပသလ္လာပ အပိုပြောတတ်တာ မဟုတ်။ သူ့ကိုအချို့က မာနကြီးတယ် ထင်ကြသည်။ တကယ်ကတော့ ဥက္ကာဟာ ကလေးတစ်ယောက်လို ဖြူစင် သဘောကောင်း အေးဆေးလှတဲ့သူ။ တစ်စက်မှလည်း မာနမကြီးတတ်။ စကားမပြောတတ် မရောတတ်တဲ့အတွက် သူ့ကို အနုပညာလောကထဲမှာ ဖင်ခေါင်းကျယ်ကျယ် မာနကြီးကြီး သူဌေးသားလို ယူဆနေကြတဲ့အတွက် သူ့မှာ အဆက်အသွယ် အခွင့်အလမ်း နည်းနေပါသည်။

ဒါကြောင့် တိမ်ဦး နောက်က တကောက်ကောက် လိုက်နေရတာပါ။

"အဆင်ပြေရဲ့လား တိမ်ဦး"

တိမ်ဦးရဲ့ ပြောင်းလဲ အေးစက်သွားတဲ့ မျက်နှာကို လင်းရှင်က အကဲခတ်ရင်း မေးသည်။ တိမ်ဦးက ခေါင်းသာညိတ် ပြလိုက်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"အိမ်က ကိစ္စလေးတစ်ခုရှိလို့ပါ၊ ရပါတယ်"

"တိမ်ဦး ကိစ္စရှိလို့ ပြန်ရမယ်ဆိုရင် ဥက္ကာကို ကျွန်တော် စောင့်ပေးလိုက်မယ်၊ တိမ်ဦး ပြန်ရင်ပြန်လေ"

"ဩော် ... ရပါတယ် လင်းရှင်၊ လင်းရှင် စောင့်ပေးလို့လည်း အဆင်မပြေပါဘူး၊ အားနာပါတယ်"

"အားမနာပါနဲ့၊ ဥက္ကာကို အဝတ်အစားလဲတာ ဘာညာတွေ ကူညီပေးရမှာ မဟုတ်လား၊ ကျွန်တော် ဘေးကကူ ပေးနိုင်ပါတယ်၊ အားမနာပါနဲ့ တိမ်ဦးရဲ့"

ဥက္ကာကို အဝတ်လဲပေးဖို့အထိ ကူပေးဖို့ လိုလိုလားလားရှိတဲ့ လင်းရှင်ရဲ့ အရိုးခံအဖြူထည်စိတ်လေးကို တိမ်ဦးလေးစားရပါသည်။ လင်းရှင်ကတော့ ပိုကြီးပေမယ့် အသက်မတိမ်းမယိမ်း ရွယ်တူလူပျိုတွေလေ။ ဒီလိုကိစ္စမျိုး ကူညီပေးဖို့ကငယ်ပေါင်းတွေလည်းပဲ မဟုတ်၍ အားနာဖို့တော့ ကောင်းတာပင်။ လင်းရှင် မျက်နှာက ပကတိ ဖြူစင်နေသည်။

"အားနာတာချည်းပဲ မဟုတ်ပါဘူး၊ ဥက္ကာကလေ လူမှုရေးပေါင်းသင်းဆက်ဆံရေးလည်း သိပ်နားမလည်ဘဲ အားနည်းတော့ တိမ်ဦးက ကြော်ငြာအေဂျင်စီကလူတွေနဲ့ရော ဘာရော တွေ့တုန်းလေး ရောရောနှောနှော ခင်ခင်မင်မင်နဲ့ ရင်းနှီးအောင် နေချင်တာလည်း ပါလို့ပါ၊ တိမ်ဦးကတော့ သူ့အစ်မဆိုတော့လေ၊ လင်းရှင်ကတော့ ..."





"အား ... အဲဒါတော့ မဖြစ်ဘူးပေါ့၊ ဟုတ်တာပေါ့၊ တော်ကြာ ကြော်ငြာအေဂျင်စီက ကျွန်တော်သွားအဖွဲ့ကျလို့ ကျွန်တော့်ကို သဘောကျပြီး ကြော်ငြာရိုက်ဖို့ ပြောနေရင် ခက်မှာပေါ့"

"အဟင်း ဟင်း ..."

တကယ်တော့ ခဏတဖြုတ်ပဲ နေလိုက်ပါမယ်လေလို့ ထပ်မံစိတ်ကောင်းဝင်မိသားပင်။ သို့သော် မမျှော်လင့်ဘဲ အချိန်တွေက တဖြုတ်ဖြုတ် ကြွေသက်ကုန်ဆုံးသည်။ ထမင်းစားချိန် နီးလာတော့ တစ်ဖွဲ့လုံးက မပြန်ပါနဲ့ဦး ဆွဲထားသည်။ စားဖို့သောက်ဖို့ စီစဉ်ပေးထားတာမို့ တားပါဦးဆိုတာနှင့် မငြင်းသာပြန်ကာ နေ့လယ် မွန်းလွဲသွားရပါသည်။

"ဥက္ကာ ... ခဏနေရင်တော့ မမ ခဏပြန်လိုက်ဦးမှ၊ မျက်သွယ် နေမကောင်းဘူးတဲ့"

"ဟုတ်လား၊ သူတို့ကတောင် ကားနဲ့ရိုက်မယ် ပြောနေတယ်၊ မမကားအရောင်ကို သဘောကျနေကြတာ၊ ဘယ်လိုလုပ်ရမလဲ၊ ဦးထွန်းနဲ့ ကားကို ဒီပြန်လွှတ်ရင် လွှတ်လိုက်ပေါ့"

"ကားလိုနေရင် ထားခဲ့လိုက်လေ၊ ညနေ ဥက္ကာ ပြန်တော့လည်း တစ်ခါတည်း အဆင်ပြေသွားတာပေါ့၊ တိမ်ဦးကို ကျွန်တော် ပြန်ပို့လိုက်မယ်လေ"



www.burmeseclassic.com

www.burmeseclassic.com



"အင်း ... အဲလိုလည်း ရတာပဲ မမရဲ့၊ ကိုလင်းနဲ့ ပြန်လိုက်ပါလား၊ ဥက္ကာဆီ ကားထားခဲ့ပေးလိုက်လေ"

"အင်းလေ ... အဲလိုပဲ ဖြစ်ပါတယ်၊ ရိုက်မယ်ဆိုတော့ ယူထားလိုက်ပေါ့"

"ကိုလင်း ပြန်ပို့ပေးလိုက်ပေါ့နော် ... ကျေးဇူးပဲ"

"ရတယ်လေ ဥက္ကာရဲ့၊ ကျေးဇူးမလိုပါဘူး၊ ပြီးရင်လည်း ဥက္ကာကို ပြန်လာအဖော်လုပ်ပေးဦးမယ်"

ဥက္ကာနှင့် လင်းရှင်တို့သည်လည်း ကားကိစ္စနှင့်ပတ်သက်ကာ စတင်သိကျွမ်းကြတာပါ။ ဥက္ကာနှင့် အလွန်ခင်မင်သူ တစ်ယောက်ဟာ လင်းရှင်နှင့်လည်း တော်တော်ရင်းနှီးသူဖြစ်နေသည်။ ဒီနှစ်ဆန်းလောက်က ဥက္ကာ ကားလဲဖို့ စီးလက်စကားကို ရောင်းတော့ ထိုကားကိုဝယ်ဖို့ ရောက်လာသူမှာ လင်းရှင် ဖြစ်သည်။ အဲဒီကတည်းက နှစ်ဦးသား အလွမ်းတသင့် အစေးကပ်ကုန်ကြကာ အချိန်တိုအတွင်း အလွန်တရာ ခင်မင်သူတွေဖြစ်ကုန်ကြသည်။

ဥက္ကာကတစ်ဆင့် တိမ်ဦးနှင့်ပါ ရင်းနှီးလာကာ အချို့သော တစ်ပွဲတိုး ငွေပေါ်ရေတိုအလုပ်ကိစ္စလေးတွေကို တိမ်ဦးနှင့် လင်းရှင်တို့ အတူဖက်စပ် လုပ်ဖြစ်ခဲ့ပါသည်။ တမ်ဦးက ငွေပိုစိုက်၊ လင်းရှင်က လုပ်အားပိုစိုက်သည်။ ကတ်သီးကတ်သတ် တွက်တွက်ကပ်ကပ် မရှိဘဲ လုပ်စရာရှိတာ သူချည်းပြေးလွှားလုပ်သွားတဲ့ လင်းရှင်က လက်တွဲအလုပ်လုပ်လို့ ကောင်းပါသည်။





သို့သော် ... လင်းရှင်ကို ပါပါက ကြည့်မရပေ။ လင်းရှင်နှင့် အလုပ်ကိစ္စ တစ်ခါတစ်ရံ လွှက်ရတာမျိုး ရှိတဲ့အခါ တွေ့ကရာ ကလေကချေကောင်တွေနှင့် ပေါင်းရကောင်းလားရယ်လို့ ပါပါက နာအောင်ပြောကာ ကြိမ်းမောင်းတတ်ပါသည်။ ကြွယ်ရာမှာ နစ်နစ်နာနာ နှိမ်နှိမ်ချချ အပြောခံနေရတဲ့ လင်းရှင်ကို တိမ်ဦး အားနာကရုဏာသက်မိသည်။

"သွားတော့မလား တိမ်ဦး"

"အင်း ... သွားမယ်လေ"

တိမ်ဦး ထိုင်ရာကထကာ ဓာတ်ပုံဆရာ ကိုမင်းတို့ ရှိသမျှအဖွဲ့တွေကို နှုတ်ဆက်နေစဉ် ဖုန်းက မြည်လာသည်။

"ဟယ်လို ... မေမေ"

"တိမ်ဦး ... မျက်သွယ်အဖျားလည်းတက်၊ ဗိုက်လည်း အရမ်းအောင့်လို့ ဆေးရုံခေါ်လာရတယ်၊ ဆေးရုံက အရေးပေါ်က ဆရာဝန်က ဆေးရုံတင်ရမယ်တဲ့၊ အခု '.........' ကလေးဆေးရုံမှာ ညည်းလိုက်ခဲ့ဦး"

"ဟင် ...၊ ဟုတ်ကဲ့ ... တိမ်ဦးလည်း ခုပဲ ပြန်တော့မလို့ မေမေ၊ အဲဒီပဲ တန်းလာခဲ့တော့မယ်"

တိမ်ဦး ပျာပျာသလဲ ဖြစ်သွားရကာ ကမန်းကတန်း ထွက်လာခဲ့ပါသည်။ မျက်သွယ်လေး။ ဘာများဖြစ်တာပါလိမ့်။ နေမကောင်း ဖြစ်ခဲတဲ့ကလေး။ အင်မတန် သန္ဓေကောင်းတယ် ပြောရမယ့် ကလေး။ တိမ်ဦး ရင်တွေပူလာပါသည်။



www.burmeseclassic.com

www.burmeseclassic.com



မျက်သွယ်လေးဟာ လူကြီးတွေ မျက်နှာရိပ် မျက်နှာကဲ သိပ်ကိုကြည့်တတ်တဲ့ကလေး။ အဆင်ပြေအောင် နေတတ်တဲ့ကလေး။ အဘိုးကိုလည်း အလိုက်အထိုက်၊ အဘွားကိုလည်း အလိုက်အထိုက် ဆက်ဆံတတ်သည်။ ဒီအိမ်မှာ ဘယ်သူ အခရာ ဘယ်သူ့ဩဇာလဲဆိုတာလည်း သူ နားလည်တယ် ထင်ရသည်။ အိမ်ရဲ့အာဏာရှင် ပါပါနှင့် တိမ်ဦးက အမြဲလို မပြေမလည် တကျက်ကျက် ဖြစ်နေတာကြောင့် ထင်သည်။ တိမ်ဦးကိုလည်း သူက အကဲခတ်၍ ခပ်မှန်မှန်သာ ဆက်ဆံသည်။

ဒီသမီးလေး မွေးကာစကတည်းက အသက်လေးငယ်ငယ်နှင့် စိတ်ဖိစီး မိတ်ကျဝေဒနာကို ခံစားရသလို ဒဏ်ရာဒဏ်ချက်တွေနှင့် တိမ်ဦးစိတ်တွေ ကြမ်းတမ်းလေလွင့်ကာ သမီးကလေးနှင့် ပူးပူးကပ်ကပ် သိပ်မနေဖြစ်ခဲ့ပါ။ အဲဒီအချိန်က အိမ်မှာ တိမ်ဦးဟာ ဆိုးသွမ်းမိုက်မဲသူ မိဘကို ဒုက္ခပေးသူအဖြစ် မျက်နှာလည်း တစ်စက်မှမရ။ ပါပါ့ကို မျက်နှာချင်းမဆိုင်ရအောင် တစ်အိမ်တည်းမှာ ခပ်ရှောင်ရှောင် ပုန်းနေရတာ။ မျက်သွယ်ဟာ မွေးပြီးကတည်းက ပါပါနှင့် မေမေ့လက်ထဲမှာ။

သမီးလေး ခြောက်လ ခုနစ်လလောက်မှာ တိမ်ဦး ကျောင်းပြန်တက်ခဲ့တာမို့ သမီးရဲ့ငယ်လွန်းတဲ့ အရွယ်တွေမှာ တိမ်ဦးက မိခင်တစ်ယောက် ပီပီပြင်ပြင်အဖြစ် တာဝန်ယူရတာမျိုး ပွေ့ပွေ့ပိုက်ပိုက် အတူအိပ်တာမျိုးပင် မရှိခဲ့။ သမီးလေးဟာ အဘွားနှင့်အတူအိပ်ကာ အဘွားရင်ခွေ့နှင့် ကြီးသည်။ စကားစ





တတ်ကတည်းက အဘိုး အဘွားလို့ သင်မယ့်သူ မရှိတာမို့ အဘိုးနှင့်အဘွားကို သူကပါ ပါပါ ... မေမေ ခေါ်ခဲ့တာပါ။

တိမ်ဦးကိုတော့ မေဦးတဲ့။ ဘယ်သူသင်လိုက်တာလဲတော့မသိပါ။ သမီးလေး နှုတ်ဖျားမှာတော့ ပါပါ၊ မေမေ၊ မေဦး၊ လေးလေးဥက္ကာ။ ဒီလိုသာ နှုတ်ကျိုးခဲ့သည်။ မျက်သွယ်လေး တစ်စတစ်စ ကြီးပြင်းလာ စကားတတ်လာ ပြောစကားတွေ နားလည်လာ၊ ကျောင်းထားရပဲ့အရွယ်ဖြစ်လာ။ တောက်လျှောက်ဘစ်ချိန်လုံးမှာ အိမ်မှာပြောဆိုနေကြတဲ့ စကားတွေဟာ ကလေးရှေ့မို့ ဖုံးဖုံးဖိဖိလည်း မပြုခဲ့ပါ။ လျှို့ဝှက်ထားတာ ဖွက်ထားတာမျိုးလည်း မရှိပါ။

အထူးသဖြင့် ပါပါ။ ပါပါ့စကားတွေထဲမှာ တိမ်ဦးဟာ ကလေးတစ်ယောက် မွေးထားတာတောင် ဆိုးဆဲ မိုက်ဆဲမိခင်။ မျက်သွယ်လေးဟာ သူ့ရဲ့မိခင်သည် မေမေ မဟုတ်၊ မေဦး ဆိုတာ ကောင်းကောင်းသိရှာပါသည်။ ရုပ်ရှင်တွေထဲကလိုမျိုး ... "သမီးဖေဖေ ဘယ်သူလဲဟင်"ဆိုတာမျိုး၊ "သမီးကိုအဖေမရှိဘူးလို့ ဝိုင်းစကြတယ်" ဆိုတာမျိုးတွေလည်း မပြောတတ်ပါ။

အရွယ်နဲ့မလိုက် တတ်သိနားလည်တဲ့ မျက်လုံးရွဲကြီးများနှင့်သာ ဟိုလူ့ကြည့်လိုက်၊ ဒီလူ့ကြည့်လိုက်၊ မျက်နှာရိပ်မျက်နှာကဲကြည့်၍ နေပေသည်။ စကားနည်းကာ အင်မတန်အေးပြီးအင်မတန်လည်း သနားစရာ ကောင်းလှတဲ့ သမီးလေး။



www.burmeseclassic.com

www.burmeseclassic.com



"တိမ်ဦး"

"........"

"တိမ်ဦး ... ကျွန်တော့်ကားက ဒီဘက်မှာ"

"ဟင် ... ဪ ... အင်း ... အင်း၊ လင်းရှင် ... တိမ်ဦးကို အိမ်မပို့နဲ့တော့၊ '... ...'ကလေးဆေးရုံ ပို့ပေးပါနော်"

"ရတယ်လေ တိမ်ဦး"

ကားပေါ်တွင် လင်းရှင်သည် လက်ဆစ်ကလေးများ တဂျွတ်ဂျွတ်ချိုးနေတဲ့ တိမ်ဦးကို စိုးရိမ်မကင်း ငဲ့ကြည့်ကာ ကြည့်ကာ မောင်းလာပါသည်။ တိမ်ဦး နဖူးစပ်လေးမှာ ချွေးဥ စို့သီနေ၍ စိတ်ကလည်း အလောတကြီး ပူပန်နေပုံရသည်။

"သိပ်စိတ်မပူပါနဲ့ တိမ်ဦး၊ ကောင်းသွားမှာပါ"

"ရှင်"

တိမ်ဦးက လင်းရှင်ကို ငဲ့ကြည့်သည်။ တိမ်ဦး ဖုန်းပြောတာတွေ သူကြားရင်လည်း ကြားနေမှာပဲလေ။ တမင်တကာ မကြားအောင်မှ တိမ်ဦးက တိတ်တဆိတ် မပြောခဲ့တာ။ တိမ်ဦးသည် လင်းရှင်ကို မလိုအပ်တဲ့ စကားပိုတွေ သိပ်မပြောဖြစ်ခဲ့ပေမယ့် ဘာကိုမှလည်း တစ်ကူးတက လျှို့ဝှက်မထားခဲ့ပါပေ။ တိတိကျကျ ပြောရရင်တော့ တိမ်ဦးရဲ့ယေစဉ်အတိတ်ဘဝက အကျည်းတန်ကားချပ်ကို လင်းရှင်ကို တစ်ကြိမ်မှ တိမ်ဦး ပြောမပြဖူးခဲ့။ သို့သော် ဒီလောက် အတူအလုပ်စပ်လုပ်နေမှတော့ တခြားကလည်း လင်းရှင် ကြားသိထားပြီး ဖြစ်နိုင်သည်လို့ ထင်သည်။





မျက်သွယ်နှင့် ပတ်သက်၍လည်း တမင်တကာ ဘာကူးတက စကားစပ်၍ မပြောခဲ့ဖူးပေ။ သို့ပေမဲ့ သူ့ရှေ့မှာ ဖုန်းပြောရင်း ဖြစ်စေ၊ ဥက္ကာနှင့် စကားထဲမှာဖြစ်စေ မျက်သွယ် နာမည်ကို အေးအေးဆေးဆေးပဲ ထည့်သွင်းပြောနေဖြစ်တာပါ။ သူ့ဆန်းတာကတော့ တိမ်ဦးရဲ့ အတိတ်အကြောင်းနှင့် မျက်သွယ် အကြောင်းလိုဟာမျိုးကို သူ မတော်တဆ တစ်စွန်းတစ်စကြားတဲ့ ခိုင်း လင်းရှင်က ဘာတစ်ခွန်းမှ စူးစူးစမ်းစမ်း ဝင်မေးမြန်းခြင်း မပြုခဲ့တာ။

"ဘာဖြစ်တာလဲ လင်းရှင် သိလို့လား"

"မသိပါဘူး၊ ဒါပေမဲ့ အိမ်မှာ စိုးရိမ်ပူပန်စရာ ကိစ္စတစ်ခုခု ရှိရင် တိမ်ဦး ဥက္ကာနောက်ကို ဘယ်ကြည်ကြည်လင်လင် လိုက်လာနိုင်မလဲ၊ အခု မကြာခင်ကမှ ကောက်ကာငင်ကာ တစ်ခုခု ဖြစ်တာမျိုး နေမယ်လေ၊ ရောဂါကြီးကြီးကျယ် ကျယ် မဖြစ်နိုင်ဘူးလို့ ထင်လို့ပါ"

"ဟင် ... ဒီ ... ဒီ ... ဒီနားမှာပဲ ရပ်တော့ လင်းရှင်"

ဆေးရုံဝင်းထဲ ကားကွေ့ဝင်တော့မယ့် လင်းရှင်မှာ တိမ်ဦးစကားကြောင့် ကားကို တုံ့ကာ တုံ့ကာ ရပ်ဖို့ပြင်ပေမယ့် နောက်ကကားပါလာတဲ့အတွက် ရပ်ဖို့အဆင်မပြေတော့ဘဲ ဆက်မောင်းခဲ့ရပါသည်။ ကားရပ်လိုက်မိတဲ့နေရာကလည်း Cygnus ဆေးဘာစ်ဆိုင်ရဲ့ရှေ့။ တိမ်ဦးက သက်ပြင်းတစ်ချက်နှင့်ပင် ...



www.burmeseclassic.com

www.burmeseclassic.com



"လင်းရှင် ... ကျေးဇူးတင်ပါတယ်နော်၊ တိမ်ဦး သွားလိုက်ဦးမယ်"

"ညကျ ဖုန်းဆက်သတင်းမေးလိုက်မယ်နော်"

ကားပေါ်က ဆင်းလိုက်တဲ့ တိမ်ဦးသည် နောက်က Cygnus ကားထဲက ပိုးတွဲပုဆိုး မ,ကာ မ,ကာ လျှောက်လာတဲ့ ပါပါ့ မျက်စိရှေ့မှောက် ဖြစ်နေသည်။ ပါပါ့နောက်မှာ မဇာက လည်း ပါသေးသည်။ ပါပါ့မျက်နှာမှာ တိမ်ဦးကို ဒီကားပေါ်က ဆင်းလာတာ မြင်သည်နှင့် မည်းမှောင်ကာ နေရာမရွေးဘဲ ...

"နင် ဘယ်လျှောက် အလေလိုက်နေတာလဲဟင်၊ မနက် ဖုန်းဆက်ကတည်းက ပြန်မလာဘူး၊ တွေ့ကရာ အခြေအမြစ်မရှိတဲ့ကိစ္စတွေပဲ နင် ရှုပ်နေတယ် ဟုတ်လား၊ အမှတ်လည်းမရှိ၊ အရှက်လည်းမရှိ ... ထွီ၊ အခု ကလေးနေမကောင်းလို့၊ ပြီးရင် နင်နဲ့ငါ တွေ့မယ် တိမ်ဦးခင်၊ နည်းနည်းပါးပါးများ မိဘဆွေမျိုး မျက်နှာလေးထောက်ပြီး ပိပိပြားပြား နေပါဦးလား ... တောက် ... ငါလေ"

ပါပါ့ အသံကျယ်ကြီးကို လင်းရှင်လည်း ကြားမှာဖြစ်သလို ဘေးအနီးအနားကလည်း ကြားနိုင်သည်။ တိမ်ဦးသည် နီမြန်းတင်းခဲသော မျက်နှာလေးနှင့် ဆေးရုံထဲ ပြေးဝင်လိုက်ရပါသည်။

♥ ○ ♥



# ၄

"လင်း ... မင်း အခု ဘယ်မှာလဲ"

"ကျွန်တော် ကိုမင်း စတူဒီယိုနားမှာ"

"ဟုတ်ရဲ့လား လင်းရယ်၊ ခုနက မင်းကားပေါ်မှာ တိမ်ဦးခင် ပါသွားတာ တွေ့လိုက်တယ်၊ မမကားနဲ့ ဟိုဘက်ဒီဘက် ဖြတ်သွားတာ"

"ဟုတ်ပါတယ်၊ တိမ်ဦးကို သူ သွားမယ့်နေရာ ဝင်ပို့ခဲ့တာ၊ အခုက ကိုမင်း စတူဒီယိုနားတောင် ရောက်နေပြီ"

"ဘာလုပ်မလို့လဲ သူ့ဆီမှာ"

"ဒီလိုပါပဲ၊ မတွေ့တာကြာလို့ ခဏဝင်လည်တာပါ"

ကိုမင်းဆီသွားဝဲ့ကိစ္စဟာ ဥက္ကာကို အဖော်လုပ်ပေးပြီ့ သူ မပြောချင်တော့ပါ။

"အရေးလည်း မကြီးဘဲနဲ့၊ '.........'ကော်ဖီဘားကိုခဏ လာခဲ့၊ မမ ရှိနေတယ်"



www.burmeseclassic.com

www.burmeseclassic.com



လင်းရှင်က စိတ်ညစ်သွားပြီး ...

"မမ အရေးကြီးလို့လား"

"မင်း ခုနောက်ပိုင်း ဘာဖြစ်နေတာလဲ လင်းရှင်၊ အရင်လိုကို မဟုတ်ဘူး၊ တစ်ခုခု ဘာပဲပြောပြော အထွန့်တက်ရတာနဲ့၊ အရေးကြီးကြီး မကြီးကြီး လာခဲ့"

ဖုန်းက အဆက်အသွယ် ပြတ်သွားသည်။ မမမိုးစိတ်ဆိုးသွားပြီ ထင်သည်။ တကယ်တော့လည်း လောလောဆယ် အနေအထားမှာ အစ်ကိုကြီးတို့ မမမိုးတို့ကို လင်းရှင် မလွန်ဆန်နိုင်သေးပါ။ လင်းရှင်ရဲ့ အမိက ဘက်ကရောင်းတွေပါ။ သူတို့စိတ်ဆိုးသွားရုံနှင့် လင်းရှင်ရဲ့ အနေအထားဟာ လုံခြုံမှုပါ ကင်းမဲ့သွားမှာ၊ အမှန်တော့ သူဟာ အန္တရာယ်ချောက်ကမ်းပါးမှာ။ ကျဉ်းမြောင်းတဲ့ ဒီကမ်းပါးစွန်းလေးကနေ သူ သတိထား မှေးလျှောက် ရှေ့ဆက်နေရတာ။

အန္တရာယ်ရှိတဲ့လမ်းမို့ နောက်ပြန်လှည့်တော့ ဆိုရင်လည်း ခုမှတော့မလွယ်တော့ပါ။ သူ့ခရီးက ရှည်ခဲ့ပြီမို့ ဒီကမ်းပါးစွန်းကိုပဲ စွန့်စားကာ ဟိုးထိပ်စအထိ ပြန်မလျှောက်ရတော့မှာ။ ဒီအတွေးနှင့် သူ မျှောခဲ့သည်။ နစ်ခဲ့သည်။ ဟိုးအစောပိုင်းကတော့ သူ ပျော်သည်။ ခုတော့ အမှန်တိုင်း ဝန်ခံရရင် သူ မပျော်ပါ။ လုပ်လေနစ်လေ သူ့ဘဝကိုလည်း သူ မြင်သည်။ မပျော်ပေမယ့်လည်း အစ်ကိုကြီးတို့ မမမိုးတို့နှင့် သူ ဖြတ်ဖို့ လမ်းခွဲဖို့ မလွယ်တော့ပါ။





ခုချိန်မှာ သူ့အပြုအမူများတစ်ခုဟာ သူတို့စိတ်ကို အခန့်မသင့်စေရာ ဖြစ်ခဲ့လျှင် သူသာလျှင်ပဲ အန္တရာယ်ရှိတာ မဟုတ်လား။ သူတို့အသိုင်းအဝန်းထဲမှာတော့ မမမိုးရဲ့မျက်နှာသာပေးမှုကို ခံရတဲ့ လင်းရှင်ဟာ ကံထူးသူလို သတ်မှတ်ခံရတာ။ ကိုယ်တိုင်လည်း အစကတော့ ကိုယ့်ကိုယ်ကိုယ် ဒီလိုပဲ သတ်မှတ်သည်။ နောက်ပိုင်းတော့ မမမိုးရဲ့သဒ္ဒါလွန်တဲ့ ဆက်ဆံရေးကြောင့် သူ ကြောက်ပါသည်။ အစ်ကိုကြီး မျက်နှာကိုထောက်ရဦးမည်လေ။ သူ့ကိုယ်ကျင့်သိက္ခာကိုလည်း ထောက်ရဦးမည်လေ။

လူတွေကြားရင်တော့ မင်းလိုကောင်က ဘာကိုယ်ကျင့်သိက္ခာတွေများ ထိန်းနေ ထောက်နေရဦးမှာလဲလို့ လှောင်ခပြောင်မလားပင်။ အစ်ကိုကြီးကိုလည်း တစ်ခါတစ်ရံ လင်းရှင် အံ့အားသင့်လွန်းပါသည်။ ဒီလောက်လည်မွတ်ပါးနပ်နေတဲ့ အစ်ကိုကြီးဟာ သူ့ဇနီး မမမိုးရဲ့ လင်းရှင်အပေါ်စေတနာ သဒ္ဒါလွန်မှုတွေကို မရိပ်မိဘဲ နေမယ်လို့ လင်းရှင် မထင်ပါ။ တစ်ခါတစ်ရံ မမမိုးက အစ်ကိုကြီးရှေ့မှာပင်လျှင် သူ့ကို အသည်းတွေ ပိုတတ်သေးတာ။

အစ်ကိုကြီးလို လူတစ်ယောက်အတွက် "ဒီကောင်ကို ငါ သိပ်ကြည့်မရတော့ဘူးကွာ"တစ်ခွန်းနှင့်ပင် ပွဲသိမ်းပစ်မည့် တပည့်တပန်းတွေက မရှား။ အခြေအနေက သူကွပ်ကဲဖို့လို့အပ်သေးဘူး ထင်တာလည်း ဖြစ်နိုင်သည်။ နောက်တစ်ခုက အစ်ကိုကြီးကိုယ်တိုင်ကလည်းပဲ ကာလံဒေသံမရွေးတဲ့ ဇာတ်လမ်း



www.burmeseclassic.com

www.burmeseclassic.com



ပေါင်းစုံနှင့် မဟုတ်လား။ မမမိုးတောင် သိပုံမရတဲ့ အချို့သော အစ်ကိုကြီးရဲ့ဇာတ်လမ်းတွေမှာ လင်းရှင်တို့ လိုအပ်တာ ကူညီပေးနေရတာတွေတောင် ရှိသေးတာပဲ။

ပထမတော့ ရှင်းရှင်းဝန်ခံရရင် မမမိုးထံက ကမ်းပြိုကာ စီးလာတဲ့ရေတို့ကို လင်းရှင် အားပါးတရ သောက်ခဲ့ ချိုးခဲ့ ခံယူခဲ့တာပါ။ နောင်မှသာ ဒါတွေကို ကိုယ့်ဘဝနှင့် ထပ်တူ စက်ဆုပ်လာတာ။ မမမိုးထံက အများတန်းတူ လုပ်အားခကလွဲရင် ယူရတာ ဖီလင်မလာတော့ပါ။ အဲဒီရဲ့နောက် "တိမ်ဦးခင်" ဆိုတဲ့ မိန်းကလေးနှင့် စတင်တွေ့ဆုံခဲ့အပြီးမှာတော့ "အလင်းရှင်" ဆိုတဲ့ ယောကျ်ားတစ်ယောက်ဟာ ငွေကိုရသလောက်သုံး၊ ပျော်ပျော်ပေါ်ပေါ်နှင့် ဘဝကို ခပ်ဖော့ဖော့ ရေစုန်မျောနေတဲ့ သူတစ်ယောက် မဖြစ်ချင်ခဲ့တော့တာပါ။

လင်းရှင်က ကားကို(........)ကော်ဖီဘားရှေ့ ရပ်လိုက်ကာ ကားပေါ်က ဆင်းခဲ့ပါသည်။ ဝင်ဝင်ချင်းရဲ့ညာဘက် အလယ်ကောင်နား စားပွဲမှာ မမမိုး ထိုင်နေတာကို တန်းခနဲမြင်ပါသည်။ မြင်သာအောင်လည်း ရဲရဲရွှေးသေ ၁ အင်္ကျီအရောင်နှင့် မမမိုးက ထင်းနေပါသည်။

"ဟာ ... အလင်း"

ညာဘက်ကိုပဲ အာရုံစိုက်နေမိတဲ့ လင်းရှင်ကို ဘယ်ဘက်ခြမ်း စားပွဲတစ်ခုမှ လှမ်းခေါ်လိုက်၍ လင်းရှင် လှည့်ကြည့်လိုက်သည်။ စားပွဲက ထ,ရပ်လိုက်တဲ့သူက တစ်ယောက်၊ ထိုင်





ရက်နှင့် လှမ်းကြည့်နေသူက တစ်ယောက်။ ထိုနှစ်ယောက်ကို မြင်လျှင် လင်းရှင် ရင်ထဲ ဖျတ်ခနဲ နာကျင်ကာ မျက်နှာပြင်သည် လည်း ပူရှိန်းသွားပါသည်။

ထရပ်လိုက်တဲ့စွမ်းက သူ့ဘက် လှမ်းလာလိုက်တာမို့ လင်းရှင်ကပဲ ထိုစားပွဲနားထိအောင် လျှောက်သွားလိုက်ပါသည်။

"အလင်း ... မင်းကွာ၊ ပျောက်နေလိုက်တာကွာ၊ မင်း အခု ဘယ်မှာနေတာလဲ၊ ဘာလုပ်နေလဲ အလင်း"

လင်းရှင်က စွမ်းလက်ကို ဆုပ်ကိုင်ကာ ထိုင်လျက်ရှိနေတဲ့ သူရကိုပါ လှမ်းပြုံးပြရင်း အဲဒီစားပွဲနားနီးအောင် ရပ်လိုက်ပါသည်။

"မင်းနဲ့တွေ့ရတာ ဝမ်းသာလိုက်တာကွာ၊ လုံးဝကိုမတွေ့တာ၊ သတင်းအစအနကို ပျောက်နေတာပဲ"

"အေးကွာ၊ ငါလည်း သတိရပါတယ် မင်းတို့ကို"

ပြောရင်းက သူရ ထိုင်နေတဲ့ခုံရဲ့ နံဘေးခုံပေါ်ချဆင်ထားသော ဂျူတီကုတ်ဖြူဖြူ ခေါက်ရက်ကလေးနှင့် ပရက်ရှာဘယ်ကို ဖျတ်ခနဲ မြင်လိုက်ရပါသည်။ တစ်ချိန်က အင်မတန်ရင်းနှီးခဲ့ တွဲခဲ့တဲ့ သူငယ်ချင်းတွေ။ ခုတော့ စကားပြောရတာပင် အိုးအမ်းတမ်း စိမ်းသက်နေသည်။ လင်းရှင် ရင်ထဲတွင် သိမ်ငယ်နာကျင်စိတ်တစ်မျိုးက လှိုက်လှဲလာပါသည်။

"မင်း အခု ဘယ်မှာလဲ အလင်း၊ ဘာလုပ်နေလဲ"



www.burmeseclassic.com

www.burmeseclassic.com



"အဟင်း ... ငါလား၊ ဒီလိုပါပဲကွာ၊ ငါ့အကြောင်း မေးမနေပါနဲ့၊ မင်းတို့ ပို့စတင်ဝင်ဖြစ်ကြလား"

"အေး ... ဝင်ဖြစ်တယ်၊ ငါတို့နှစ်ယောက်လုံး အခု East မှာလေ အလင်း၊ မင်း ကျန်းမာရေးတော့ ကောင်းပါတယ်နော်"

"ကောင်းပါတယ်ကွာ"

"အန်တီထားဆီကော မပြန်ဘူးလား အလင်း"

"မပြန်ဖြစ်သေးပါဘူးကွာ"

"အဲလို မလုပ်ပါနဲ့ အလင်းရာ၊ ငါတို့လည်း မတွေ့ကြတာကြာပြီဆိုတော့ မင်းကို စကားပြောရဆိုရတာတောင် အခု သင့်မသင့် စဉ်းစားမိပါတယ်၊ ဒါပေမဲ့ကွာ ပြောပါရစေ၊ မင်း အိမ်ကိုတော့ ပြန်သင့်ပါတယ် အလင်းရာ၊ မင်းအမေ သနားပါတယ်ကွာ"

"မင်းတို့ ဘာပြောပြော ကိစ္စမရှိပါဘူးကွာ၊ ပြောပါ ခွင့်ရပါတယ်၊ မေမေက မင်းတို့ ထင်တာထက် စိတ်မာတယ် ပြတ်သားတယ်၊ ပြီးတော့ ဘဝကိုလည်း ကောင်းကောင်းရင်ဆိုင်ရပ်တည်နိုင်တဲ့သူဆိုတော့ သနားစရာတော့ ဖြစ်မနေပါဘူးကွာ"

"ဒီလို ဘယ်ဟုတ်ပါ့မလဲ အလင်းရာ၊ မင်းမှာ ဒီအမေပဲ ရှိတာပဲလေ၊ အန်တီ မင်းကို နှင်ချလိုက်တာလဲ မင်း ဗွေ မယူသင့်ပါဘူး၊ အန်တီက မင်းကို ကောင်းစေချင်လွန်း





တဲ့ ကာရုဏာဒေါသောနဲ့ပါ၊ ဒါပေမဲ့ မင်းကို အန်တီထား အဲလိုနှင်ချလိုက်တာကိုတော့ အဲဒီတုန်းကတည်းက ငါတို့ မှန်တယ် မထင်ဘူး၊ နှင်ချလိုက်တော့ မင်း အထိန်းအကွပ်မဲ့သွားတယ်၊ ဖြစ်ချင်သလို ဖြစ်သွားနိုင်တယ်ဆိုပြီး ငါတို့ သွားတောင်းပန်ကြသေးတယ်"

"ဒါပေမဲ့ မရဘူး မဟုတ်လား၊ မေမေက စိတ်သိပ်ပြက်တယ်လေ"

"တောင်းပန်လို့ မရပေမယ့်လည်း မင်းကိုတော့ ငါတို့ လိုက်ရှာသေးတယ်၊ မင်းကွာ ... အရမ်းနေစိမ့်တာပဲ၊ ခြေရာဖျောက်သွားရက်တယ်၊ ဘယ်လိုမှကို စုံစမ်းလို့မရဘူး၊ ရှာလို့မတွေ့ဘူး၊ အခု ပထမဆုံး ပြန်တွေ့တာပဲ၊ မင်း အိမ်ပြန်ပါလား အလင်းရာ"

"မေမေ နေကောင်းနေတယ် မဟုတ်လား"

"နေကောင်းတယ်၊ ကျန်းမာရေးလည်းကောင်းပါတယ်၊ ဒါပေမဲ့ မင်းအမေဆီကို သူ မကျန်းမာမှ မင်းကသွားတွေ့မလို့လား"

"အဲလိုတော့ မဟုတ်ပါဘူး၊ ဒါပေမဲ့ ဒီကြားထဲ မေမေနဲ့ မတော်တဆ ကြုံပါတယ်၊ မေမေက ငါ့ကို မခေါ်ပါဘူး၊ ပြီးတော့ မေမေ ငါ ဘယ်မှာနေသလဲ၊ ဘယ်လိုနေသလဲ အားလုံးသိပါတယ်၊ အဲဒါတွေကလည်း မေမေ စိတ်တိုင်းကျတဲ့ပုံစံ မဟုတ်သေးဘူး၊ ဒီတော့ ငါက ပြန်ပါစေဦး ငါ



www.burmeseclassic.com

www.burmeseclassic.com



အမေက ငါ့ကို လက်မခံပါဘူးကွာ၊ သေချာပါတယ်"

"မင်းအမေ လက်ခံနိုင်တဲ့ စိတ်တိုင်းကျမယ့် ပုံစံနဲ့ နေပေါ့ အလင်းရာ၊ မင်း ခုထိ ဆိုးမိုက်နေတာတော့ မဟုတ်ပါဘူး နော်"

လင်းရှင်က နာနာကျင်ကျင် ပြုံးလိုက်ပါသည်။ ရင်ထဲမှာ တကယ်နာကျင်ရသည့်အတွက် မျက်ရည်လည်ချင်သလို ဖြစ်လာသည်။ ချစ်ခင်ခဲ့သော သူငယ်ချင်းနှစ်ယောက်ကို ပခုံး တစ်ချက်စီ ဖက်လိုက်ရင်း ...

"အေးပါကွာ၊ ငါ ကြိုးစားပါ့မယ်၊ ငါ သွားလိုက်ဦးမယ် ကွာ"

"မင်း ဘယ်လာတာလဲ တစ်ယောက်တည်းဆို ဒီမှာပဲထိုင် လေ"

"မဟုတ်ဘူး၊ ချိန်းထားတာ ရှိလို့ပါ၊ ကဲ ... ငါ သွား လိုက်ဦးမယ်"

"ဟော့ကောင် ... မင်းဖုန်းနံပါတ် ပေးဦးကွာ အလင်း"

"မယူပါနဲ့ကွာ"

"ဟာ ... ဘာဖြစ်လို့လဲ၊ မင်းက အရမ်းကို စိမ်းသွားတယ် ကွာ၊ ခုလည်း ငါတို့က မင်းကို စကားတွေ ဆက်ထိုင်ပြော ချင်သေးတယ်၊ မင်းက ဖွတ်ပဲသွားမယ်၊ အလုပ်ကိစ္စဆိုတော့ ထားလိုက်ပါတော့၊ ဒါပေမဲ့ တစ်ချိန်ချိန် ပြန်ချိန်း ဆုံလို့ ရအောင် ဖုန်းနံပါတ်လောက်ကတော့ ပေးခဲ့ရမှာပေါ့ကွ"





"ငါ မင်းတို့နဲ့ စကားမပြောချင်လို့ မဆက်သွယ်ချင်လို့ မဟုတ်ပါဘူးကွာ။ ငါ့ဆီ ဖုန်းနဲ့ဆက်သွယ်နေရင် မင်းတို့ အတွက် အရှုပ်အရှင်း ပြဿနာတွေ ငြိလာမှာ စိုးရိမ်လို့ ပါ။ မင်းတို့ ဖုန်းနံပါတ်သာ ငါ့ကိုပေးထားပါ၊ မင်းတို့ ဆီကိုလည်း ငါ သေရေးရှင်ရေး အရေးကြီးမှ ဆက်မှာပါ"

သူရနှင့် ဇွမ်းတို့ မျက်နှာမှာ သွေးရောင်ပင်ဖျော့ကာ ပါးစပ်အပွင့်သားနှင့် လင်းရှင်ရဲ့စကားကို အံ့အားတသင့် ဖြစ်နေ ကြပါသည်။ ဘာဆက်ပြောရမလဲ မသိသလို နားမလည်ပါးမလည် ကြောင်အအ ဖြစ်နေကြပါသည်။ ခဏနေမှ သူရက စားပွဲပေါ်ရှိ နေတဲ့ တစ်ရှူးတစ်ရွက်ပေါ်မှာ ဖုန်းနံပါတ်နှစ်ခု ရေးချလိုက်ရင်း...

"ငါတို့ကလည်း ကတ်ရှိတဲ့ကောင်တွေ မဟုတ်ဘူး၊ တစ်ရှူး မို့လို့ ပျောက်မသွားပါစေနဲ့ အလင်း၊ မပျောက်ခင် မင်း ဖုန်းထဲ မှတ်လိုက်ဦးကွာ"

လင်းရှင်က ခေါင်းသာ ညိတ်ပြလိုက်ပါသည်။ သူ့ဖုန်းထဲ ဒီနံပါတ်တွေကို သူ ထည့်မှတ်မှာ မဟုတ်ပါ။ သူ့ ဖုန်းက လုံခြုံမှုမရှိပါ။ ချစ်သောသူငယ်ချင်းများရဲ့ ဖုန်းနံပါတ် တွေဟာ သူ့လို အန္တရာယ်များတဲ့ လူတစ်ယောက်ရဲ့ဖုန်းထဲ ရှိမ နေသင့်ပါ။ ဒါပေမဲ့ မပျောက်စေရ။ သူ သေသေချာချာ တစ်နေ ရာမှာတော့ ရေးမှတ်ထားမည် ဖြစ်ပါသည်။

"အေး ... ငါသွားမယ်"

"ငါတို့ဆီ ဖုန်းဆက်ပါ အလင်းရာ"



www.burmeseclassic.com

www.burmeseclassic.com



လင်းရှင်က ထိုစားပွဲကို ကျောခိုင်းထွက်ခဲ့သည်။ ကျောဘက်မှာ ဒီသူငယ်ချင်းနှစ်ယောက်ကို ထားရစ်ခဲ့ရတာသည် မတူသောဘဝချင်းကို ပိုင်းခြားအနားသတ်အောင်ခတ်လိုက်ရတာနှင့်လည်း ဆင်တူသည်။ သူ့ရင်ထဲမှာ တကယ်ကို နာကျင်နေကာ ငိုလည်း ငိုချင်နေပါသည်။ သူ မမမိုး စားပွဲမှာ ဝင်ထိုင်လိုက်တာကိုလည်း ဒီကောင်တွေ မြင်နေရမှာပါပင်။ ထင်ချင်သလိုသာ ထင်ကြပါစေတော့။

ဝင်ထိုင်လိုက်တဲ့ သူ့မျက်နှာကို မမမိုးက စိုက်ကြည့်နေသည်။ အတန်ကြာ စကားမပြောသေးဘဲ ငြိမ်သက်တိတ်ဆိတ်နေပေးပါသည်။ လင်းရှင် ကော်ဖီမှာတာ ရောက်လာတာတွေ စောင့်ပြီးမှ ...

"စိတ်မကောင်း ဖြစ်မနေပါနဲ့ လင်းရဲ့"

သူရတို့ ဝင်လာကတည်းက ဂျူတီကုတ်တွေ နားကြပ်တွေ ပရက်ရှာကော့ဖ်တွေကို မမမိုး မြင်နှင့်ပြီးသားလည်း ဖြစ်နိုင်သည်။ လျင်လှတဲ့ မမမိုးက လင်းရှင် ဘာဖြစ်လာသလဲ ဒက်ခနဲ ခန့်မှန်းနိုင်ပြီးသား ဖြစ်ပါလိမ့်မည်။

"မဖြစ်ပါဘူး"

"မဖြစ်ရင် ပြီးရော၊ တကယ် မဖြစ်နဲ့၊ ဘာမှဂရုစိုက်စရာ မရှိပါဘူး၊ ဘတ်စ်ကားစီး လမ်းလျှောက်လာကြရတဲ့ ဆရာဝန်လေးတွေပါကွာ"





လင်းရှင်ရဲ့ မေးကြောက တစ်ချက်တင်းသွားကာ မမမိုးကို မကြည်မလင် တစ်ချက်ကြည့်လိုက်ပါသည်။

"အမယ်လေး ... အဲလိုကြီး ရန်လိုတဲ့ အကြည့်နဲ့မကြည့်ပါနဲ့၊ ဟုတ်တာပြောတာလေ၊ ဆရာဝန် မဖြစ်လိုက်တာလည်း ဘာမှဝမ်းနည်းစရာ မရှိပါဘူး"

"ဆရာဝန် မဖြစ်ရလို့ ဝမ်းနည်းနေတယ်ဆိုတဲ့ အတွေးလောက်ပဲ တွေးတတ်တဲ့ မမမိုးအတွက် ကျွန်တော့်မှာ ပြောစရာစကား မရှိပါဘူးဗျာ"

"အမယ်လေးဟဲ့ ... တစ်ခါ တစ်ခါ အဲလိုပဲ လေကကျယ်ချင်တယ်၊ ဘယ်လိုဟာလေးမှန်း မသိဘူး၊ ချဉ်ဖတ်၊ နင့်ကို ဘာဖြစ်လို့များ သူများထက် သံယောဇဉ်ကြီးမိတယ်ကို မသိတော့ဘူး"

"ကဲ ... ကဲ ... အပိုတွေ မပြောပါနဲ့ဗျာ၊ မမ ဘာကိစ္စရှိလို့လဲ၊ အလုပ်ရှိတာလား ... ပြော၊ ဘာလုပ်ရမလဲ"

"အလုပ်က နေပါဦး၊ မပြောဘဲ မနေပါဘူး၊ ပြောမှာပေါ့၊ ပြောစမ်းပါဦး၊ တိမ်ဦးခင်နဲ့ မင်းနဲ့ ဘယ်သွားတာလဲ၊ သူက သူ့ကားနဲ့သူ ဘာဖြစ်လို့ မဟုတ်ရတာလဲ၊ ဘာကိစ္စ မင်းရဲ့ကားနဲ့ ပါလာရတာလဲ၊ အခုပြော"

လင်းရှင်က စိတ်ပျက်လက်ပျက် သက်ပြင်းမှုတ်ထုတ်လိုက်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"တိမ်ဦးမောင်လေး ဥက္ကာ ကိုမင်းဆီမှာ ဖိုတို့ရှတင်ရှိလို့ပါ၊ ကျွန်တော်လည်း ကိုမင်းဆီရောက်တော့ ဖွေ့ဖြစ်တာပေါ့၊ ဥက္ကာက ခတ်ပုံရိုက်တာ မပြီးသေးဘူး၊ တိမ်ဦးက ပြန်စရာရှိလို့ ကားကို ဥက္ကာအတွက် ထားပေးခဲ့ရမှာမို့ ကျွန်တော် ပြန်ပို့လိုက်တာပါ"

"တိမ်ဦးခင်ကို့အိမ်ဘက် သွားတဲ့လမ်းမှာမှ မဟုတ်တာ၊ မင်းကားကိုတွေ့တာ သူတို့အိမ်နဲ့ တစ်လမ်းစီမှာ၊ မလိမ်စမ်းပါနဲ့ လင်း"

"ဟာ ... ခင်ဗျားကို ကျွန်တော်က ဘာကိစ္စ လိမ်ရမှာလဲ၊ အမှန်မပြောရဲရအောင် ဘာအကြောင်းရှိလို့လဲ"

"ခင်ဗျားတွေ ဘာတွေ မပြောစမ်းပါနဲ့၊ ငါ မင်းထက် ဆယ်နှစ်ကျော်အောင် ကြီးပါတယ်၊ အပျိုပေါက်လောက်မှာသာ မွေးလိုက်ရင် မင်းအရွယ်လောက် သားတောင် ကောင်းကောင်းရှိနိုင်ပါသေးတယ်"

မမမိုး တင်းသွားတာသိ၍ လင်းရှင်က သက်ပြင်းချ စိတ်လျှော့လိုက်ပါသည်။

သားလောက်နီးပါး အသက်ကွာမှုန်း သိရင်လည်း ရှံဖန်ရံခါ ကယုကယင်မှုတွေကို ထိန်းသင့်[illegible] မဟုတ်လား၊ ထားလိုက်ပါတော့။





"မမကို ဘာဖြစ်လို့ လိမ်ရမှာလဲ၊ အမှန်ပြောနေတာကို လိမ်တယ် စွပ်စွဲခံရတော့ စိတ်မတိုရဘူးလား၊ တိမ်ဦးကို အိမ်ပြန်ပို့တာ မဟုတ်ဘူး၊ '.........'ကလေး ဆေးရုံကို ပို့တာ"

ကားကို မြင်လိုက်တာသည် အဲဒီကလေးဆေးရုံပဲ ဖြစ်နေ၍ မမမိုးက ဘဝင်ကျသွားနိုင်ကာ ...

"သူ့ကလေး ဘာဖြစ်လို့လဲ"

"မသိဘူး၊ ကျွန်တော် မမေးဘူး"

"ဟင် ... ဆေးရုံလိုက်ပို့ရတာတောင် ဆေးရုံကို ဘယ်သူ ဘာဖြစ်လို့ သွားမှာလဲတောင် မမေးဘူးဆိုတာကရော ဘာအဓိပ္ပာယ်လဲ"

"အဓိပ္ပာယ်က တိမ်ဦးကို ကျွန်တော် သူ ဖွင့်ပြောအသိပေးတာတွေကလွဲရင် ဘာမှမမေးတဲ့သဘောပဲ၊ ကျွန်တော့်ကိုလည်း တိမ်ဦးက ဘာမှ စပ်စပ်စုစု မလုပ်ခဲ့သလို ကျွန်တော်လည်း တိမ်ဦးကို ဘာမှ စပ်စပ်စုစု မလုပ်ဘူး"

"သူက ခုထိ သူ့မှာ ကလေးတစ်ယောက်ရှိကြောင်း မင်းကို အသိမပေးဘဲ ဖုံးထားသလား"

"ဖုံးထားတာ မဟုတ်ပါဘူး၊ သူ မပြောတာပါ"

"ဘာထူးလဲဟဲ့၊ သူ့တိမ်ဦး အပြစ်ကို ကြက်မွေးလေးနဲ့ သပ်ချနေတာပဲ အမြဲ"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မမှာ ကလေးတစ်ယောက် ရှိပါတယ်လို့ ပါးစပ်က ဖွင့်မပြောတာကလွဲရင် ကျွန်တော့်ရှေ့မှာလည်း ဒီကိစ္စကို ဥက္ကာနဲ့ ပြောတာ ဖုန်းပြောတာမျိုးတွေ ကြားဖူးနေတာပါပဲ၊ ဒီမှာ မမမိုး၊ တိမ်ဦးနဲ့ ကျွန်တော့် ပတ်သက်ဆက်နွယ်မှုက အခုထိ ခင်မင်ရာ ခင်မင်ကြောင်းနဲ့ တချို့သော အလုပ်လေးတွေ လက်တွဲလုပ်တယ်ဆိုတာမျိုးပါပဲ၊ တစ်ယောက်အတိတ်ကို တစ်ယောက်က နှိုက်ချွတ်တူးဆွ နေရလောက်အောင် ပတ်သက်မှုမျိုးလည်း မဟုတ်သလို အဲသလိုတူးဆွဖို့ စိတ်ကူးလည်း မရှိဘူး"

"နေစမ်းပါဦး၊ မင်းနဲ့ တိမ်ဦးခင် ခုထိ ကြိုက်မနေကြသေးဘူးဆိုတာ တကယ်ပေါ့ ... ဟုတ်လား"

"ကျွတ်"

"မယုံတာ မင်းကို စော်ကားတဲ့သဘော မဟုတ်ပါဘူးလင်း၊ မင်းကို အသက်ဆယ့်ခုနစ် ဆယ့်ရှစ် ကောင်လေးတစ်ယောက် ဘဝကတည်းက မမ စသိလာခဲ့တာလေ၊ မင်းအကြောင်း မင်းစိတ်နေသဘောထား မင်းအချိုးအချိုးစရိုက်လက္ခဏာတွေကို မမ သိခဲ့တာ ဆယ်နှစ်တောင်ကျော်တော့မယ်လေ၊ မင်းမျက်လုံးက ဘယ်လိုကြည့်လိုက်ရင် မင်းရင်ထဲ ဘာဖြစ်နေလဲ သိနေတဲ့ ငါပါ၊ တိမ်ဦးခင်ကို မင်း ချစ်သွားမိပြီဆိုတာ မင်းတို့စဆက်ဆံပြီး သုံးလေးလကတည်းက မမ သိတယ်၊ အခုဆိုရင် မင်း ဘယ်လောက်





သူ့ကို တန်ဖိုးထားနေ ချစ်နေလဲဆိုတာပါ သိတယ်၊ မင်း ဖွင့်မပြောတာလား၊ သူလက်မခံတာလား"

လင်းရှင်က မချိုပြုံးလေးနှင့် ခေါင်းကိုယမ်းရင်း...

"ကျွန်တော် တန်ဖိုးထားပြီး ချစ်နေတယ်လို့ မမသိရင် အဖြေကို သိရမှာပေါ့၊ ကျွန်တော်က ဘာဘဝလဲ သူက ဘာဘဝလဲ၊ မမ အသိဆုံးပါ"

"အဲသလို မပြောစမ်းနဲ့၊ မင်း ဘယ်သူနဲ့မှ မငြိလေ ငါ ကြိုက်လေ၊ ဒါပေမဲ့ မင်းနဲ့သူက ဘဝချင်းမတူရအောင် ဘာဖြစ်နေလို့လဲ၊ သူ့မှာလည်း မကောင်းတဲ့ မလှပတဲ့ အတိတ်ပန်းချီကားဆိုတာ ရှိတာပဲ၊ မင်းလည်း ရှိတာပဲ အတူတူပဲ၊ ဘာမှထူးပြီး သူက သန့်စင်မွန်မြတ်မနေဘူး"

"အဲသလို မပြောနဲ့ မမ၊ တိမ်ဦးရဲ့အတိတ်က မလှတဲ့ ပန်းချီကားတစ်ချပ် ဖြစ်ရင်ဖြစ်မယ်၊ ပစ္စုပ္ပန်ကတော့ ထိပ်မှာ အောင်လံစိုက်ထားတဲ့ လှေကားရှည်ကို တက်နေတဲ့ ပန်းချီကားပဲ၊ သိပ်လှတယ်၊ ကျွန်တော့်ပန်းချီကားက အတိတ်မှာလည်း မလှဘူး လက်ရှိလည်း မလှဘူး၊ အရိုးခေါင်းခွံတွေ အရိုးစုတွေ အမှိုက်သရိုက် အပေအညစ်တွေ ပြည့်နေတဲ့ ဟိုးတွင်းချောက်ကြီးထဲ အဆင်းလှေကားက ဆင်းနေတာ ကျွန်တော့် ပန်းချီကား"

မမမိုးရဲ့မျက်နှာက ညှိုးကာ ရင်ထဲနင့်ပြီး မျက်ရည်[illegible]ည်လာပါသည်။



www.burmeseclassic.com

www.burmeseclassic.com



“အဲသလို မပြောပါနဲ့ လင်းရယ်၊ နောက် ဘယ်တော့မှ မပြောပါနဲ့၊ မမ စိတ်မကောင်းလို့ပါ၊ မင်း အဲသလိုပြောရင် အဲဒီအဆင်းလမ်းဆီ မင်းရောက်အောင် မင်းကိုသွေးဆောင်ဖြားယောင်းခေါ်ခဲ့တဲ့သူဟာ မင်းအစ်ကိုကြီးတို့ မမတို့ ဖြစ်နေလိမ့်မယ် ထင်တယ်လို့ တွေးပြီး အရမ်းနာကျင်တယ်၊ လင်းရဲ့ဘဝကို ဖျက်ဆီးခဲ့တဲ့ သူထဲမှာ မမ မပါချင်ပေမယ့် အခြေအနေတွေက ဒီလိုပဲ ပေးလာတယ်၊ ကံကြမ္မာက မှားယွင်းခဲ့တာ မဟုတ်ရင် ငါတို့ မှားယွင်းနေကြတာပါ”

“စိတ်မကောင်း ဖြစ်မနေပါနဲ့ မမ၊ မမနဲ့ အစ်ကိုကြီးကိုလည်း ကျွန်တော် အပြစ်တင်တာ မဟုတ်ဘူး၊ တင်လို့လည်း မရဘူး၊ ဘယ်အခြေအနေကို ဘယ်လိုပဲ ဖြားယောင်းယောင်း ဘယ်သူမပြု မိမိမှုပါ၊ လူတင်ပါလို့ နွားကျားကိုက်တာပါ၊ ကျွန်တော့် အပြစ်ပါ၊ ပြီးတော့ လွတ်အောင်ရုန်းနိုင်လောက်တဲ့အထိ စိတ်ဓာတ်မကြံ့ခိုင်တာလည်း ကျွန်တော် တစ်ယောက်တည်းရဲ့ ပျော့ညံ့မှုပါ”

မမမိုးက လင်းရှင်ရဲ့ဆွဲဆောင်မှုရှိရှိ ချောမောသန့်စင်သော မျက်နှာလေးကို ငေးစိုက်ကြည့်နေလိုက်မိသည်။ ဘယ်လိုပဲ ထူးခြားတဲ့ ဆွဲဆောင်မှုနှင့် ကြည့်ကောင်းတယ်ဆိုဆို သူ့အသားအရေနှင့် မျက်နှာသွင်ပြင်ကတော့ ရှိရင်းစွဲအသက်ထက်ကြမ်းသက်ရင့်ရော်သည်။ အမြဲရီဝေ ဆွေးမြည့်နေသလို မျက်ဝန်း





တွေက ရင်ကို တလှပ်လှပ်ဖိုစေသလို ကရုဏာသက်ဖို့လည်း တစ်မျိုးကောင်းနေတာပါ။

“ကဲ ... မမ ပြောလေ၊ ဘာအလုပ်ရှိတာလဲ၊ ဘာကိစ္စလဲ”

မမမိုးက ဓာတ်ပုံတစ်ပုံကို ပိုက်ဆံအိတ်ထဲကထုတ်ကာ စားပွဲပေါ်တင်၊ လင်းရှင်ဘက် တိုးရွှေ့ပြလိုက်သည်။

“ဒီမိန်းမက သိပ်လည်တယ် လင်း၊ သူ့ယောကျ်ားက ဒီမှာမရှိဘူး၊ ဟိုဘက်မှာနေတဲ့ ယိုးဒယားလူမျိုး၊ သူက အခု မင်းအစ်ကိုကြီးကို အတင်းဝင်လုံးနေတယ်၊ အစ်ကိုကြီး အကြောင်းလည်း မင်း သိတဲ့အတိုင်း၊ ဒီမိန်းမကပ်လို့ ရသွားရင် ကိုယ့်ခွင်တွေ သူ့လက်ထဲပါသွားရုံလောက်ဆို ကံကောင်း၊ အခန့်မသင့်ရင် အစ်ကိုကြီးတောင် လက်ကောက်ဝတ်သွားရနိုင်တယ်၊ ဒီမိန်းမက မင်းလို ယောကျ်ားလေးငယ်ငယ်ချောချောလေးတွေဆို သိပ်သဘောကျတာ”

♥ ○ ♥



www.burmeseclassic.com

www.burmeseclassic.com

# ၅

"ဒီ ပုစွန်တုပ်ဟင်းက ဘာဖြစ်လို့ ခုမှ ထွက်လာရတာလဲ အကြည်"

"ဒါက ... ဟို ... ဟို ..."

"တစ်အိမ်တည်းမှာနေတဲ့ သူချင်းချင်းကို ခွဲခြမ်းခွဲခြားနဲ့ မျက်နှာကြီးရာ ဟင်းဖတ်ပါမနေနဲ့၊ ခုနက ကျွန်မ ထမင်းစားတော့ ဆိတ်သားဟင်း မကြိုက်ဘူး၊ တခြား ဘာဟင်းရှိသေးလဲဆိုတော့ မရှိပါဘူးဆို"

"အဲ ... အဲဒါကြောင့် ဝက်အူချောင်းကြော်ပေး ... ပေး..."

"အဲဒီဝက်အူချောင်းတောင် ထုတ်ကြော်နေစရာ မလိုဘူး အလုပ်ပိုသေးတယ်၊ ဒီဟင်းချလိုက် ပြီးတာပဲ၊ တစ်ကောင်နှစ်ကောင်လောက်ပဲရှိလို့ဆိုလည်း တစ်မျိုးပေါ့၊ ငါးထုပ်တောင်ရှိတာ ခွဲချပေးလိုက်ရင် ဘာဖြစ်သွားမှာမို့လဲ"





ထမင်းစားခန်း အပြင်နားရောက်ကာ ရပ်နေမိတဲ့ တိမ်ဦးက ရင်ထဲမှာ ကလိ ကလိ ဖြစ်လာပါသည်။ ထမင်းစားခန်းထဲ လှမ်းဝင်လိုက်ရင်း ...

"မနက်က ချက်ကတည်းက ပါပါနဲ့ ဥက္ကာဖို့လို့ပဲ တိမ်ဦး ပြောခဲ့လို့ အကြည်တို့က ချမကျွေးတာပါ မဇာ"

မဇာက ဖျတ်ခနဲ လှည့်ကြည့်လိုက်ကာ တစ်ချက်အမ်းသွားရင်း ...

"ပုစွန်တုပ်စားချင်လို့ ပြောနေတာ မဟုတ်ဘူး၊ ဒီအိမ်က နောက်ဖေးအလုပ်သမားတွေ တို့အပေါ်ဆက်ဆံမှု လူပါးဝဝလာလို့ ပြောနေတာ၊ မထိလေးစား ပမာမခန့်နဲ့၊ အလုပ်သမား အလုပ်သမားလို နေတတ်အောင် သင်ထားရင် ကောင်းလိမ့်မယ်"

လက်ကို ပိုက်ချလိုက်၍ ပြောဟန်ကို တိမ်ဦးက ငေးစိုက်ကြည့်နေမိသည်။ ပြောရဲလိုက်တဲ့ ပါးစပ်ပါလား။ အချိန်တိုတွင်း အိမ်ကိုတက်၍ မင်းမူနေသူကို ဘယ်သူမှ ပြောရဲသူ မရှိရင် ဒါဟာ အစဉ်အလာ ဖြစ်သွားပေတော့သည်။

"သင်ထားပါတယ် မဇာရဲ့ယ်၊ အကြည်တို့က ဥက္ကာမွေးကာစလောက်ကတည်းက ရောက်နေတဲ့သူတွေပါ၊ အလုပ်သမားနေရာလည်း နေတတ်ပါတယ်၊ ဒါပေမဲ့ မဇာကလည်း တကယ်ဆို ရုံးကဝန်ထမ်း အလုပ်သမားပဲ မဟုတ်လား၊ နေရေးထိုင်ရေး သွားရေးလာရေးလည်း အဆင်ပြေ



www.burmeseclassic.com

www.burmeseclassic.com



အောင်၊ ပါပါ ခိုင်းချင်တာ လိုအပ်လည်း အရေးပေါ် အသင့်ရှိအောင် ဒီမှာလာနေတာကလွဲရင် ကုမ္ပဏီရဲ့ဝန်ထမ်း ပါပဲ မဇာ၊ အိမ်မှာ ပါပါနဲ့ ဥက္ကာပဲ စားဖို့ချက်ထားတဲ့ မေမေ့ဖို့တောင် မပါတဲ့ ပုစွန်တုပ်ကို ချမကျွေးလို့ အလုပ်သမားချင်းချင်း ရန်တွေ့နေတာတော့ မသင့်ဘူး ထင်ပါတယ်"

"ဘာ ...၊ တို့က ဒီအိမ်က အလုပ်သမား မဟုတ်ဘူး တိမ်ဦး"

"ဟုတ်ပါတယ် ကုမ္ပဏီအလုပ်သမားပါပဲ၊ ဝန်ထမ်းလို့ လှည့်ပြောလည်းပဲ အလုပ်သမားပဲပေါ့ မဇာရယ်"

"ပြောနေတာက အိမ်အလုပ်သမားတွေ တို့ကို ပမာမခန့် လုပ်နေတာကို ပြောနေတာ"

"ပါပါ ဒီလောက် မျက်နှာသာပေးနေတဲ့ မဇာကို ဘယ်သူက ပမာမခန့် လုပ်ရဲမှာလဲ၊ ပမာမခန့်လုပ်တာ တိမ်ဦးလည်း တစ်ခါမှ မတွေ့ဘူး၊ ဒီပုစွန်တုပ် ချမပေးတာကတော့ ပမာမခန့်လုပ်တာ လုံးဝကိုမဟုတ်ဘူး"

"တိမ်ဦး ... အန်ကယ့်သမီးမို့ တို့ စကားမလွန်ချင်လို့ သည်းခံနေတာနော်"

"တိမ်ဦးကလည်း အိမ်မှာ ကလေးတစ်ယောက်လုံး သွေးလွန်တုပ်ကွေးနဲ့ ဆေးရုံတက်နေရချိန်မှာ ပုစွန်တုပ်မစားရလို့ အိမ်ကလူတွေချင်း ပြဿနာဖြစ်နေတာမျိုး မဖြ





စေချင်လို့ ဝင်ပြောမိတာပါ၊ မဇာကို ဘယ်လိုမှ သဘောမထားပါဘူး"

တိမ်ဦး မျက်နှာက အေးစက်ကာ အသံတုန်စ, ပြုလာသလို မဇာကတော့ လူပါဆတ်ဆတ်ခါအောင်တုန်ပြီး ပေါက်ကွဲမယ့် မီးတောင်လောက် ဖြစ်နေပါပြီ။ တိမ်ဦး စိတ်တွင် ဒီလိုညနေမျိုး၌ ဒေါသထွက်ဖို့ အသင့်ဖြစ်နေတာ။ မေမေ ဆေးရုံမှာ စောင့်အိပ်တဲ့ညလေ။ ဟိုးရှေ့တစ်ညကလည်းပဲ မေမေ ဆေးရုံမှာ စောင့်အိပ်တော့ ပါပါနှင့် မဇာတို့ လွတ်လပ်ရေးရကာ တီဗီကြည့်တဲ့အခန်းထဲ တဟီးဟီး တဟားဟား ပလူးပလဲ ဖြစ်နေတာ အိမ်ကအလုပ်သမားတွေပင် မမြင်ချင်တဆုံး။ တိမ်ဦး ရှက်သည်။ ဥက္ကာကိုတောင် ရှက်မိပါသည်။

အေးဆေးတဲ့ စရိုက်နဲ့မို့ မသိချင်ယောင်ဆောင်မျက်နှာပျက် ငြိမ်ကုပ်နေရရှာတာ ပါပါ မသနားတတ် မရှက်တတ်တော့ပြီလား။

"ဘာဖြစ်နေကြတာလဲ"

နောက်က အသံအောင်အောင်နှင့်အတူ ပါပါရောက်လာသည်။ ပါပါ ရောက်လာသည်နှင့် ခုနက တိမ်ဦးနှင့် မဇာ ဘောအသွားအပြန်ကို ရပ်စောင့်ကြည့်နေကြတဲ့ အကြည်နှင့် နောက်ဖေးမီးဖိုချောင်အုပ်စုဟာ တလှစ်လှစ်နှင့် ကြက်ပျောက် ငှက်ပျောက် ပျောက်ကုန်ကြပါသည်။ ပါပါ့သြဇာဟာ ဒီအိမ်မှာ ကြီးလှသည်။ အိမ်ထောင်ဦးစီး အိမ်ဦးနတ် တစ်ယောက်အနေနှင့်



www.burmeseclassic.com

www.burmeseclassic.com



ဩဇာညောင်းသည်မှာ သဘာဝကျသော်လည်း ပါပါ့ရှေ့ အလုပ်သမားတွေ ရဲရဲမရပ်ဝံ့အောင် ကြောက်နေကြရတာကတော့ သဘာဝမကျပါ။ ဘာကြောင့် ဖြစ်နေကြရတာလဲဆိုတော့ မဇာရဲ့အတို့အထော်င်ကြောင့် သူတို့အပေါ် ပါပါ တင်းမာဟိန်းဟောက်လွန်းတာကြောင့် ဖြစ်သည်။

မဇာသည် ရုတ်တရက် မျက်နှာကို လက်ဝါးနှင့်အုပ်လိုက်ကာ တစ်ပါတည်း အင့်ခနဲ ရှိုက်သံပါ လွင့်ထွက်လာသည်။ တိမ်ဦးမှာ မဇာ အမူအရာကို အံ့အားတသင့်များပင် ဖြစ်ရသည်။ တတ်လည်း တတ်နိုင်ပါပေ့။

"ဘာဖြစ်တာလဲ ငါမေးနေတယ်လေ၊ ဇာဇာ ပြောစမ်း ဘာဖြစ်တာလဲ"

"ဘာမှ မဖြစ်ပါဘူး အန်ကယ်ရယ်"

မဇာက ပြောပြောဆိုဆို တလွင့်လွင့်လေး ပြေးထွက်သွားပါသည်။ ပြေးသွားတဲ့တစ်လျှောက်မှာလည်း ရှိုက်သံလေးတွေနှင့် တအစ်အစ်။ ပန်းလေးတောင် တုန်လို့။

"အကြည်၊ မေမြ၊ သန်းသန်း လာကြစမ်း"

တိမ်ဦးက စိတ်ပျက်သော သက်ပြင်းတစ်ချက်နှင့် ထမင်းစားပွဲမှာ ပါပါ့ဘက် ကျောခိုင်းလျက်သားပဲ ထိုင်လိုက်သည်။ မနက်ကတည်းက ထမင်းမစားရသေး၍ မဆာလှသော်လည်း ဝင်သလောက်တော့ စားရမည်။ တိမ်ဦး အပေါ်ထပ်က ဆင်းလာတုန်းက ဥက္ကာ အခန်းကိုခေါက်၍ ထမင်းစားပြီးပြီလား ဝင်ခေါ်





သည်။ ဥက္ကာ စားမည်ဆို၍ အပေါ်မှာ တံမြက်လှည်းနေသော မေမြကို အောက်လွှတ်ပြီး ပုစွန်ဟင်းနွေးထားဖို့ ကြိုခိုင်းထားနှင့်တာပါ။

ခုတော့ ဥက္ကာလည်း ပေါ်မလာ။ ဥက္ကာသည် ပါပါနှင့် ထိပ်တိုက်မတွေ့အောင် အမြဲရှောင်တတ်ပါသည်။ လိမ္မာတယ်ဆိုရမှာပင်။ တိမ်ဦးလိုမဟုတ်။

"ဘာဖြစ်တာလဲ ပြောစမ်း"

"ဟို ... ဟို ..."

"မြန်မြန်ပြော ... အ,ထစ်မနေကြနဲ့"

အားလုံးဟာ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်လျက် တစ်ယောက်တစ်ပေါက် ပြောနေကြပါသည်။ သူဘင်ခွန်း ငါတစ်ခွန်း၊ မဇာကိုလည်း အတိအကျ အပြစ်ကျအောင် မပြောရဲ၍ ရှောင်ကာ ကွင်းကာ ထစ်အထစ်အနှင့် စကားတွေက လိုရင်းမရောက် ပြန့်ကျဲနေသည်။ တိမ်ဦး အာရုံနောက်ကာ စိတ်မရှည်တော့ပါ။

"မဇာက သူ့ကို ပုစွန်တုပ် ချမပေးလို့ အကြည့်ကို အပြစ်ပြောနေလို့ တိမ်ဦးက ဒါ ပါပါနဲ့ ဥက္ကာဖို့ပဲလို့ ပြောနေတာပါ၊ ဒါပါပဲ၊ ဘာမှမဟုတ်ပါဘူး ပါပါ"

"အို ... အဲလိုမဟုတ်ပါဘူး၊ ဇာဇာက ပုစွန်တုပ်စားချင်လို့ ပြောတာ မဟုတ်ပါဘူး အန်ကယ်၊ အကြည်တို့ကိုက ဇာဇာ့ကိုဆိုရင် ဆက်ဆံတာတွေက အမြဲတစ်မျိုးဖြစ်နေလို့



www.burmeseclassic.com

www.burmeseclassic.com



ဓာဓာ စိတ်မကောင်းလို့ ခွဲခြားမဆက်ဆံဖို့ ပြောတာပါ၊ ပုစွန်တုပ်နဲ့ ဘာမှမဆိုင်ပါဘူး"

တိမ်ဦးက တအံ့တသြ လှည့်ကြည့်ရသည်။ ခုန တော့ ထွက်ပြေးသွားသလိုလိုနှင့် ပြန်လှည့်လာ ချောင်းနားထောင် နေသည်။ တတ်လည်း တတ်နိုင်တဲ့သူ။

"ဘယ်သူမှ မဓာကို ခွဲခြားမဆက်ဆံဘူး၊ မေမေ့ထက် တောင် ကြောက်ကြသေးတာ"

"တိမ်ဦးခင် ... ငါမေးတုန်းကတော့ မဖြေဘဲ ခုမှဘာဝင် ပြောတာလဲ"

"ပါပါမှ တိမ်ဦးကို မမေးတာ၊ အကြည့်ကိုပဲ မေးတာလေ၊ အခုက မဓာ ပြောတာက အဖြစ်မှန်နဲ့ လွဲနေလို့၊ သူ့ကို ခွဲခြားဆက်ဆံဖို့ဝေးလို့ ဘယ်သူမှ မျက်လုံးချင်းတောင် ဆိုင်မကြည့်ရဲကြဘူး၊ ကုပ်ကုပ်လျှိုလျှိုလေး နေကြ ဆက်ဆံ ကြတာ၊ သူ မကြိုက်တဲ့အမှား လုပ်မိကြမှာစိုးလို့ သူ့ကို ဘာတစ်ခွန်းမှတောင် ရဲရဲပြောရဲကြတာ မဟုတ်ဘူး"

"ဒီဟင်းတစ်ပွဲနဲ့ ဘာဖြစ်လို့ ဒီလောက် ပြဿနာတက် စရာလိုလဲ၊ တစ်ယောက်ယောက်က စားချင်နေရင် ကျွေး လိုက်ပေါ့"

တိမ်ဦးက ပါပါ့ဘက် တည့်တည့်လှည့်ကာ ရပ် လိုက်ပါသည်။ မျက်နှာပေါ်မှာ ဝမ်းနည်းစိတ်မကောင်းဖြစ်တဲ့ အရိပ်အယောင်က ယှက်သန်းလာသည်။





"မေမေ့ဖို့တောင် မပါပါဘူး ပါပါ၊ ပါပါနဲ့ ဥက္ကာဖို့ပါပဲ၊ ဒါကြောင့်ပါ၊ တိမ်ဦးလည်း မစားပါဘူး၊ ဆီဥထောပတ် အဖုံးအညွှန့် ထမင်းဦးပေါင်းမှ ခူးကျွေးရမယ့်သူ မဟုတ် လို့ပါ"

"အဲဒါကိုက သူပြောနေတဲ့ ခွဲခြားဆက်ဆံတယ် ဆိုတဲ့ စကားအတိုင်း ဖြစ်နေတာပဲလေ၊ ဒါ ခွဲခြားတာ မဟုတ် လို့ ဘာလဲ"

"သူ့တစ်ယောက်တည်းကို ခွဲခြားတာမှ မဟုတ်တာ၊ မေမေ ရော တိမ်ဦးရော သူနဲ့တန်းတူ စားတာပါ၊ ပြီးတော့ မီးဖို ကလူတွေနဲ့ဖြစ်တဲ့ ဒီလောက်ကိစ္စက ပါပါ ဝင်ဖြေရှင်းပေး နေဖို့လည်း မလိုပါဘူး ပါပါရယ်၊ တိမ်ဦးနဲ့လောက်တင် ပြီးပါတယ်"

"နင်က စိတ်ဖောက်ရင် ဖောက်သလို အဖေကိုတောင် ဆန့်ကျင်အတိုက်အခံပြုနေတဲ့သူလေ၊ မျှမျှတတရှိဖို့ ဘယ် လို စိတ်ချရမှာလဲ"

တိမ်ဦး ရင်ထဲ သံချွန်စူးသလို နာကျင်လေသည်။ ဒဲသလို ခံစားရလေ တိမ်ဦးက မျက်ရည်မကျလေ မျက်နှာပြင် အေးစက်တင်းခဲလေ။

"ပါပါ ဘာကိုမျှမျှတတ ဖြစ်စေချင်နေတာလဲ၊ ဘယ်သူနဲ့ ဘယ်သူ မျှတရမှာလဲ၊ ဘယ်လို ဖြစ်စေချင်တာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"နင့်ကိုယ်နင် စကားတတ်တယ်ဆိုပြီး နေရာတကာ ပမာမခန့် လုပ်မနေနဲ့ တိမ်ဦးခင်၊ နင်က ဘယ်လောက်မှန်နေလို့လဲ၊ အပြစ်တစ်စက်မှ မရှိတဲ့ မိန်းမလား"

တိမ်ဦး အသည်းနှလုံးတွေ မီးဟုန်းဟုန်းတောက်သလို ပူလောင်ရသည်။

"ပါပါ အဲဒီအပြစ်တွေက ဘယ်တော့မှ ပြီးဆုံးမှာလဲ၊ ဒီလောက်ကြာခဲ့တဲ့ အပြစ်တွေအတွက် ဘယ်တော့ အပြစ်တင်ရပ်မှာလဲ၊ ဘယ်အချိန်ထိ ချေးခြောက်ရေနှုးနေမှာလဲ၊ ဘယ်လိုနေပေးရမှာလဲ၊ ဒီမှာ မဇာ၊ ဒီနားမှာရပ်မနေပါနဲ့၊ တိမ်ဦးနဲ့ တိမ်ဦးအဖေ ပဋိပက္ခ ဖြစ်နေချိန်မှာ အနားမှာ မရပ်နေပါနဲ့၊ ဒီစကားဝိုင်းမှာလည်း မဇာ ပါဝင်ခွင့်မရှိဘူး၊ ကိုယ့်ဟာကိုယ် သွားနေပါ"

တိမ်ဦး စိတ်တိုတိုနှင့် လှည့်ရမ်းလိုက်၍ မဇာ မျက်နှာကမည်းကာ ချာခနဲ လှည့်ထွက်သွားပါသည်။

"ကြည့်ပါလား၊ ဟိုလှည့်ရမ်း ဒီလှည့်ရမ်း မဆိုင်တာတွေ ပတ်ရမ်းနေတာ၊ နင့်မှာ ဘယ်တုန်းက အပြစ်ကင်းလို့လဲ တိမ်ဦးခင်ရဲ့၊ ဟိုတုန်းကလည်း ဟိုတုန်းအပြစ်၊ အခုလည်း အခုအပြစ်၊ နင့်တစ်ကိုယ်လုံး အချိန်မရွေး အပြစ်ချည်းပဲ"

"အခု တိမ်ဦး ဘာများလုပ်နေလို့လဲ ပါပါ"

"နင်တွဲနေတဲ့ ဟိုကလေကချေကောင်နဲ့ ကိစ္စက အပြစ်မဟုတ်ဘူးပေါ့ … ဟုတ်လား၊ သမီးလုပ်တဲ့ ကလေးက





အရေးပေါ်ဖြစ်ပြီး ဆေးရုံရောက်တဲ့အချိန်မှာ နင်က အခြေအမြစ်မရှိတဲ့အကောင်နဲ့အပြင်ရောက်နေတယ်"

"ပါပါ့ကို အဲဒီနေ့ကတည်းက တိမ်ဦး ရှင်းပြပြီးပါပြီ၊ သူနဲ့ ဘယ်မှရောက်နေတာ မဟုတ်ဘူး၊ ဥက္ကာဓာတ်ပုံရိုက်တဲ့ဆီမှာ ဆုံတာပါလို့ ပြောပြီးပြီလေ၊ ဥက္ကာ ကားယူထားမှာမို့လို့ သူ့ကားနဲ့ တိမ်ဦးက …"

"တိတ်စမ်း … နင်ပြောတာ တစ်လုံးမှ မယုံဘူး၊ နင်ဒီလောက်ဖြစ်ထားပြီးတာတောင် အမှတ်မရှိ အနေအထိုင်ကို မတတ်ဘူး၊ ငါ နည်းနည်းကလေးမှ ကြည့်လို့မရဘူး"

"ပါပါ တိမ်ဦးကို အဲလိုမပြောပါနဲ့၊ တိမ်ဦး ဘာအနေအထိုင် မတတ်လို့လဲ၊ တိမ်ဦးဘာသာ ကိုယ့်စီးပွားရေးအလုပ် ကိုယ်လုပ်နေတာ၊ သူတစ်ယောက်တည်းနဲ့ တွဲလုပ်နေတာလည်း မဟုတ်ဘူး၊ တခြားစီးပွားရေးအရ လက်တွဲနေတဲ့ ယောကျ်ားတွေရော မိန်းမတွေရော အများကြီးရှိတယ်"

"အဲဒီအများကြီးနဲ့ အဲဒီကောင်နဲ့ တူသလား၊ နင်နဲ့ဆက်ဆံပုံ တူသလား၊ ကိုယ့်ဟာကိုယ် ပြန်စဉ်းစား၊ ငါ့မှာ နားမျက်စိတွေ မရှိဘူး မထင်နဲ့"

တိမ်ဦး အငိုက်မိကာ မျက်ရည်လည်သော မျက်ဝန်းများနှင့် ပါပါ့ကို ရူးရူးရဲရဲ စိုက်ကြည့်နေမိသည်။ ကိုယ့်ကိုယ်ကိုယ် မလိမ်မညာကြေးဆိုလျှင် ပါပါ ပြောတာ အမှန်ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



တွေ့ပါ၏ အခြားလူတွေနှင့် မတွေ့ပါ။ သို့သော် ဤသို့ မတွေ့တာဟာ တိမ်ဦးရဲ့ စိတ်ခံစားချက်မှာမျှသာလို့ တိမ်ဦး ထင်တာ။ အပြင်ဘက်မှာ ကိုယ့်ကိုယ်ကိုယ်တော့ လုံခြုံပြီရှိတယ် ထင်မိသည်။ ပါပါ ဘာကြောင့် အတပ်ပြောနိုင်ပါသနည်း။ ဘာကြောင့် ထိုးထွင်းရိပ်မိရပါသနည်း။

"ဒီကောင် ကောင်းတဲ့ကောင် မဟုတ်ဘူးလို့ ငါပြောတယ်နော်၊ ဘယ်နှကြိမ်တောင် ရှိခဲ့ပြီလဲ၊ နင်တို့ ဘာမှမဟုတ်ပါဘူးဆိုရင် သူနဲ့ အလုပ်တွဲမလုပ်နဲ့ပေါ့၊ အလုပ်လုပ်စရာလူတွေ တစ်ပုံကြီး၊ သူနဲ့ မလုပ်ရတော့ ဘာဖြစ်သွားမှာလဲ၊ ဘာမှမဟုတ်ရင် ဘာဖြစ်လို့ ပေကတ်ပြီး ဒီကောင်နဲ့ဆေါင်းနေလဲ"

"လင်းရှင်က မကောင်းဘူးရင် ဘာမကောင်းတာလဲ ပါပါ"

"ဒါကို အတိအကျသိလို့ကတော့ ငါကိုယ်တိုင် ဒီကောင်ကို တစ်ခုခု လုပ်ပြီးပြီပေါ့၊ ငါမကြိုက်ဘူးဆိုရင် နင် ရပ်တန်းက ရပ်လိုက်ရုံပဲ၊ ဘာမှ အထွန့်တက်မနေနဲ့တော့၊ ဒီကောင်နဲ့ အလုပ်မလုပ်ရရုံနဲ့လည်း နင် စီးပွားပျက်မသွားဘူး တိမ်ဦးခင်"

"ဘာအကြောင်းမှ မယ်မယ်ရရ မရှိဘဲ သူနဲ့ လုပ်လက်စအလုပ်တွေ ရပ်ပစ်လိုက်ဖို့ဆိုတာ အဓိပ္ပာယ်မှ မရှိတာပါပါ"

"အဓိပ္ပာယ်ရှိရှိ မရှိရှိ"





ဦးသက်ခင်က ကျယ်လောင်စွာ အော်ပစ်လိုက်သည်။

"ငါရပ်ဆို ရပ်လိုက်ပေါ့၊ အဖေတစ်ယောက်လုံးက တားရင် ရပ်လိုက်ပေါ့၊ ငါ့ပြောစကား နားမထောင်နိုင်ရင် ငါ့သမီးအဖြစ်လည်း နေမနေနဲ့၊ နင့်စိတ် နင့်သဘောနဲ့ ချည်းနေချင်ရင် မိဘအိမ်မှာ မိဘကို ဒီထက်ပိုပြီးလည်း အရှက်ခွဲမနေနဲ့တော့"

တိမ်ဦးက အံလေးဖိဖိကြိတ်လိုက်မိပါသည်။ လောလောဆယ်မှာ တိမ်ဦးက မိဘအရှက်ကိုခွဲတဲ့ အပြုအမူ ဘယ်လိုများ ဘာတွေများ လုပ်နေလို့လဲ ပါပါရယ်၊ တိမ်ဦး ဘာသာအကောင်းဆုံး ကြိုးစားရပ်တည်နေကြည့်တယ် မဟုတ်လား၊ ဘာလန်မတ်မတ်ထူဖို့ ကြိုးစားရပ်တည်နေတဲ့ သမီးဖြစ်သူကို ပါပါ ဘာကြောင့် နံဘေးက မဖေးမနိုင်ရတာလဲ။ တိမ်ဦးက ဆောင့်ကြီးအောင့်ကြီး ဖြစ်ရာမကျအောင် အံကလေးကြိတ်ရင်း အသ အယာ ထိုင်ရာကထကာ ထမင်းစားပွဲနားက လှည့်ထွက်လိုက်ပါသည်။

"ဒါ ဘယ်လဲ ... ပြန်ထိုင်စမ်း"

"........"

"ငါပြောနေတာ မပြီးသေးဘူး တိမ်ဦးခင်၊ ငါစကားမဆုံးခင် ညည်းထွက်သွားမယ်ဆိုရင် ညည်းနဲ့ ငါ နောက်ထပ်စကားပြောစရာ အကြောင်းမရှိဘူးဆိုတာ နားလည်လား၊ နင်တောင်းထားတဲ့ နင့်ထုတ်လုပ်ရေးကုမ္ပဏီ အမ်းယူဖို့ငွေဆိုတာကိုလည်း တစ်ပြားမှ ထုတ်ပေးမယ် မထင်နဲ့၊



www.burmeseclassic.com

www.burmeseclassic.com



တခြားဘာအကူအညီမှလဲ ပေးမယ် မထင်နဲ့၊ နောက်ကွယ်ကလည်း ရပ်ပေးမယ် မထင်နဲ့"

"အန်ကယ် ... အန်ကယ်ကလည်း အဲလိုဒေါသမျိုးမဖြစ်ပါနဲ့၊ ဆေးအေးဆေးဆေး ပြောပါ၊ အေးအေးဆေးဆေး ပြောရင် တိမ်ဦးက နားလည်တတ်ပါတယ်၊ သူ နားလည်သွားရင် အန်ကယ့်စိတ်တိုင်းကျ နေမှာပါ"

လှေကားရင်းကနေ အပေါ်ထပ်တက်လာရင်း တိမ်ဦး အံကြိတ်မဲ့ပြုံးမိသည်။ ပါပါ့ ဆူပူကြိမ်းမောင်းစကားထက် မဆီ မဆိုင် ဝင်ချုပ်ပြီး လေပြည်ဝင်ထိုး အမှတ်ယူနေတဲ့ မဇာရဲ့ စကားများကို နာကျင်ခံစားရကာ အော့ပင်အန်ချင်သည်။ ရှိပါ စေတော့။ မဆီမဆိုင် ဝင်ရောက် စွက်ဖက်ရဲတာကိုကလည် အဲသလောက် ရဲတင်းဖို့ ပါပါ အခွင့်အရေး ပေးထားလို့သာပေါ့

တိမ်ဦး ဥက္ကာ အခန်းရှေ့ကဖြတ်စဉ် ဟစိလေးဖြ နေတဲ့ တံခါးက ဖျတ်ခနဲ ပွင့်ကာ ...

"မမ"

တိမ်ဦးက တစ်ချက်လှည့်ကြည့်ပြီး ကိုယ့်အခန်းထ ကိုယ်ဝင်လာခဲ့သည်။ ဗီရိုအမိုးပေါ် တင်ထားတဲ့ ခရီးဆော သေတ္တာအကြီးကို ခုံခုကာ ဆွဲချယူလိုက်သည်။ ဗီရိုဖွင့်ပြီး ချိတ် နှင့်ချိတ်ဆွဲထားသော အဝတ်တချို့ကို သေတ္တာထဲ ပစ်ထည့်နေ လေသည်။ ကြာလေ ပါပါ့အပေါ် နာကျင်နာကြည်းမှုတွေ များ လေ တိမ်ဦးလည်း ငရဲပိုကြီးလေ ဖြစ်မည်ပင်။

"မမ ... ဘာလုပ်မလို့လဲဟင်"





"ဥက္ကာ ... ငါ ဒီမှာ ဆက်နေသရွေ့ နေ့တိုင်း ငရဲရနေမယ်၊ ငါ့ကို ပါပါ အခုလောက်ထိအောင် အငြိုးတကြီး အမုန်းမပြေ ဖြစ်နေတာ ငါ မယုံနိုင်အောင်ပဲ၊ ငါသွားမှ ဖြစ်လိမ့်မယ်၊ အိမ်မှာနေဖို့ မဖြစ်နိုင်တော့ဘူး"

"အဲလို မလုပ်ပါနဲ့ မမရာ၊ မမ မရှိရင် ဟိုတစ်ယောက်နဲ့က အိမ်မှာ ဖရိုဖရဲတွေ ဖြစ်ကုန်လိမ့်မယ်၊ မေမေဆိုတာက ပါပါ့ကို တစ်ခွန်းလေးတောင် ပြန်မပြောရဲတဲ့ အရုပ်သက်သက်လေ"

ဥက္ကာမျက်နှာက ညှိုးငယ်နေသည်။ အစ်မကိုချစ်လွန်းတဲ့ မောင်ငယ်၊ အစ်မကို အားကိုးတဲ့ မောင်ငယ်မှန်း တိမ်ဦး သိပါသည်။ တိမ်ဦးက ဥက္ကာဘက် အေးစက်စက်လှည့်ကြည့်လိုက်ရင်း ...

"ဥက္ကာ ... မင်းက ပါပါ့သား၊ သားတစ်ယောက်အနေနဲ့ မင်းယူသင့်တဲ့နေရာ ယူတော့၊ မင်း ကလေးလည်းမဟုတ်တော့ဘူး၊ အခုအနေအထားကို မင်း မြင်တဲ့အတိုင်းပဲ၊ အစကတည်းက ဘာသြဇာအာဏာမှ မရှိတဲ့ မေမေ၊ သူ ရပ်တည်တဲ့နေရာတစ်ခုက ပြုတ်ကျလွင့်ထွက်မသွားရစေဖို့လည်း မင်းစောင့်ရှောက်တော့၊ မင်းအတွက်လည်း မင်းကြိုးစား၊ နင် ယောကျ်ားတစ်ယောက်လေ မောင်လေး"

www.burmeseclassic.com



“ဒါပေမဲ့ မမ အခု ဘယ်သွားမလို့လဲ၊ အားလုံးပိုဆိုးကုန် မှာပေါ့၊ မျက်သွယ်လေးလည်း အခု ဆေးရုံမှာလေ မမ ရာ”

“မမ တခြားကနေလည်းပဲ မျက်သွယ်ဆေးရုံကို သွားလို့ ရတာပဲ၊ မျက်သွယ်ကို ပစ်ထားလိုက်မှာမှ မဟုတ်တာ၊ ငါ့သမီးကို ငါ စောင့်ရှောက်မှာပါ၊ အခု အနေအထားမှာ မျက်သွယ်ကို မေမေ့ရင်ခွင်ထဲ ထားလိုက်တာက သူ့အတွက် ပိုပြီး ငြိမ်းချမ်းလုံခြုံမယ် ဥက္ကာ၊ မမ ဘယ်မှာရှိမလဲ မင်း မသိရမှာမှ မဟုတ်တာ၊ အမြဲတွေ့နေနိုင်တာပဲ၊ ယောကျာ်း ဖြစ်ပြီး အားငယ်မနေနဲ့”

ဥက္ကာက မျက်ရည်ရစ်ဝိုင်း နေပါသည်။

“မင်းက မမထက် သည်းခံနိုင်စွမ်းအား ပါရမီ ပိုပါတယ် ပါပါနဲ့ ပြဿနာတက်မယ့်သူမျိုး မဟုတ်ပါဘူး၊ လိမ္မာသလို နေ၊ ကိုယ့်အောင်မြင်မှုအတွက် ကိုယ်ကြိုးစား”

“မမ မရှိဘဲ ဥက္ကာ ဘယ်လိုဆက်လုပ်ရမှာလဲ၊ ဘယ်လို ကြိုးစားရမှာလဲ၊ အခု ပါပါကလည်း မမရဲ့ထုတ်လုပ်ရေး အတွက် ငွေထုတ်မပေးတော့ဘူးဆိုရင် ဘယ်လိုဆက်လုပ် ရမှာလဲဟင် ... မမ၊ ပြီးတော့ မမကိုလည်း တစ်ယောက် တည်း စိတ်မချဘူး”

“မင်းအတွက် မမ မဖြစ်ဖြစ်အောင်လုပ်မှာ ဥက္ကာ၊ ပါပါ ပိုက်ဆံမပေးလည်း ဒီအလုပ်ကို ဆက်ရပ်တည်နိုင်အောင်





ကြိုးစားမှာပဲ၊ ငါ ထပ်အမှားမခံတော့ဘူး ဥက္ကာ၊ ထပ်လည်း အပြောမခံတော့ဘူး၊ တိမ်ဦးခင် ဆိုတာ ကိုယ့်ခြေထောက် ပေါ်ကိုယ် သိက္ခာရှိရှိ ဣန္ဒြေရှိရှိရပ်ပြီး ဘယ်သူ့အထောက် အပံ့မှ မပါဘဲ ထိပ်ဆုံးရောက်အောင်တက်မယ့် မိန်းမဆို တာ ရအောင်ပြမယ်၊ အောင်မြင်မှုတစ်ခုကို ရအောင်ယူပြ မယ်၊ အဲဒီအောင်မြင်မှုထဲမှာ မင်းလည်း အတူပါစေရမယ် ဥက္ကာ၊ ပြီးတော့ ငါ့သမီးလေးအတွက်လည်းပဲ ဖြစ်တယ်၊ မမကို ဘာမှမစိုးရိမ်နဲ့၊ မင်းကိုရော သမီးလေးရောမျက်နှာ မငယ်စေရဘူး၊ ပါပါလည်း ငါ့ကို နှိမ်ချင် ချိုးချင် အပြစ် ရှာချင်နေဦးတော့ ဘာတစ်ခုမှ ပြောစရာ အပြစ်မရှိဘဲ အောင်မြင်မှုတစ်ခုရအောင် ငါ ရပ်တည်ပြမယ်၊ စောင့်ကြည့် နေလိုက်ပါ ဥက္ကာရယ်”

တိမ်ဦး အသံက ရှိုက်သံအစွက်စွက်နှင့် တုန်ခါ ...က်ကွဲနေခဲ့သည်။

♥ ○ ♥



www.burmeseclassic.com

## ၆

တစ်ကိုယ်လုံး ကိုက်ခဲနာကျင်နေကာ ခြေတွေလက်တွေက မလှုပ်ချင်အောင် ဖြစ်နေသည်။ လင်းရှင်ရဲ့ ခန္ဓာကိုယ်ဟာ အိပ်ရာထဲမှာ ပစ်ချထားသလို အားလျော့ပျော့ခွေနေတာဖြစ်သည်။ သူ့စိတ်ကို သူ ကြိုးစား၍ တင်းမတ်ကြံ့ခိုင်ထားကြည့်သော်လည်း သူဟာတကယ်တော့ ပျော့ညံ့သူ တစ်ယောက်ပါပဲ။

လင်းရှင်သည် ခေါင်းအုံးမှာ မျက်နှာကိုအပ်ကာ ဝမ်းပမ်းတနည်း ငြိမ်သက်နေမိရာက မျက်လုံးအိမ်ထောင့်စွန်းမှ မျက်ရည်ပေါက်က ခေါင်းအုံးပေါ် စီးကျစိမ့်နှစ်ဝင်သွားပါသည်။ သူ့ဘဝကို သူ နာကြည်းစိတ်ပျက်နေမိပါသည်။ တကယ်တော့ ဘဝကိုထက် ကိုယ့်ကိုယ်ကိုယ်သာ နာကြည်းရမှာ။ အရာရာဟာ ဘယ်သူမပြု မိမိမှု။ ခုချိန်ကျတော့ ဝက်ဖြစ်မှတော့ ဟိုဟာကို ကြောက်မနေနဲ့တော့ ဆိုသလို ကင်းကွာလို့မရ လွတ်မြောက်ဖို့ မလွယ်ကူတော့ပါ။





သူ့မိုက်မဲမှုကြောင့် ဘဝမှာ တန်ဖိုးရှိတယ်လို့ သတ်မှတ်လို့ရတဲ့ အရာတွေ တစ်ခုပြီးတစ်ခု ဆုံးရှုံးလက်လွှတ်ခဲ့ရသည်။ အထက်တန်းတုန်းက အင်မတန် စာတော်တဲ့ ကျောင်းသားဆေးရယ်လို့ လူတကာ ချီးကျူးဂုဏ်သတင်းမွှေးခဲ့ဖူးတာဟာ အိပ်မက်များလားလို့ ဇဝေဇဝါ ဖြစ်ရလောက်အောင် အလွယ်တကူ မရနိုင်တဲ့ "ဆေးကျောင်းသား"ဆိုတဲ့ ဘဝတစ်ခုကို သူ လက်လွှတ်ခဲ့ရသည်။

သူ့ကို အင်မတန်ချစ်တဲ့ အင်မတန် စည်းစနစ်ကြီးတဲ့ ထက်မြက်ပြီး စိတ်ဓာတ်ခိုင်မာပြတ်သားတဲ့ မေမေ။ ငယ်ငယ်ကတည်းက ဖေဖေကွယ်လွန်ခဲ့ပေမယ့် အမေတစ်ခု သားတစ်ခုဖြစ်ပေမယ့် ဘယ်နေရာမှာမှ မျက်နှာမငယ်ရအောင် သူ့ကိုပြည့်စုံစွာ ထားနိုင်ခဲ့တဲ့ တက္ကသိုလ်ပါမောက္ခ မေမေ။ မေမေ့ကိုလည်း သူ လက်လွှတ်ဆုံးရှုံးခဲ့ရပါသည်။

ပြီးတော့ ... ဂုဏ်သိက္ခာ။ သူ့ရဲ့ဂုဏ်သိက္ခာကိုလည်း သူ ဆုံးရှုံးခဲ့ရတာပါ။

တွေးလိုက်တိုင်း သူ နာကျင်ပါသည်။ သူ ဘယ်လို အတွေးနဲ့များ ဒီလောက် အမှားတွေလုပ်ခဲ့ပါလိမ့်လို့ တွေးရသည် ရင်ဘတ်တွေပင် အောင့်လာတတ်ပါသည်။ သူ့ကိုယ်သူ့ဒေါသဖြစ်လွန်းကာ နာကျင်အောင် ကိုယ့်ဘာသာ ရိုက်နှက်ပစ်ဆောင့်ခြင်း ဒဏ်ပေးဖူးပါသည်။ ဒီလို မိုက်မဲမှု သိက္ခာမဲ့မှုတို့မှလည်း ကိုယ်တိုင် ရုန်းထွက်ချင်သည်။

www.burmeseclassic.com



သို့ပေမဲ့ လင်းရှင်ဟာ မေမေ့လောက်တောင် စိတ်ဓာတ်မခိုင်မာ။ ပျော့ညံ့ခဲ့သူပါ။ ရုန်းထွက်နိုင်နိုးနှင့် ဆယ်စုနှစ်တစ်ခု လွန်ခဲ့သည်အထိ သူသည် နွံအိုင်ထဲမှာ နစ်နေဆဲ။ ရုန်းမထွက်နိုင်ခဲ့။ ဒါဟာလည်း ကိုယ့်ကိုယ်ကိုယ်ညှာကာ ကိုယ့်စိတ်ကို ကိုယ်အလိုက်နေတာ။ သက်သောင့်သက်သာရာဘဝမှာ ရေစုန်မျောပြီး လိုက်ပါနေတာ။ နာကျင်ပင်ပန်းဆင်းရဲ မခံချင်တော့တာ။ အဲဒါအပြင် အရင်ဝန်းကျင်ကို သူ ပြန်မတိုးရဲတော့တာလည်းပါသည်။

ခုတလောလည်း ဒီလိုပါပဲ၊ လက်ရှိအနေအထားကနေ လွတ်မြောက်ဖို့ ရုန်းဖို့ သူ့ဘာသာ တစ်ကိုယ်တည်းကျိတ်ပြီး ကြိုးစားကြည့်နေခဲ့တာပါပဲ။ သို့သော် မမိုးက ရိပ်မိပါသည်။

“လင်း... ကိုယ့်ကိုယ်ကိုယ် အစိမ်းလိုက်ကြီးတော့ မညှဉ်းပန်းပါနဲ့၊ မင်းကို အပြစ်ပြောတာ မဟုတ်ပါဘူး၊ စိုးရိမ်လို့ပါ လင်း၊ မင်းရဲ့အနေအထားက ဒီနေရာကနေ ရုန်းထွက်ဖို့ အရမ်းခက်ခဲနေပြီ၊ လင်း သိပ်ခံရလိမ့်မယ်၊ ဒုက္ခရောက်လိမ့်မယ်၊ ဖြည်းဖြည်းချင်း ကြိုးစားပါ လင်း၊ အစိမ်းဖြတ် မဖြတ်ပါနဲ့”

ဒါဟာ မမိုး သဘောရိုး စေတနာရင်းနှင့် ပြောတာဆိုတာ လင်းရှင် နားလည်သည်၊ ဟိုးဝေးဝေး လွန်လေပြီးသော နှစ်တွေတုန်းကတော့ မမိုးဟာလည်း သူ့ကို သိမ်းသွင်းဖြားယောင်း စည်းရုံးသူထဲ ရှေ့ဆုံးက ပါခဲ့တာပါပဲ။ ဒါပေမဲ့





ခုချိန်မှာတော့ ဒီစကားဟာ သူ့အပေါ် ချစ်ခင်စိတ်၊ စိုးရိမ်စိတ်နှင့် ပြောတယ်ဆိုတာ လင်းရှင် ခံစားသိသည်။ မမိုး ပြောသလို ဒုက္ခရောက်မယ် ခံရမယ် ဆိုတာတွေ သူ တကယ်ခံနေရတာပဲလေ။

တကယ်ပဲ သူ့အတွက် မလွယ်ကူတော့ဘူးလား။

လင်းရှင်က ရွှဲနစ်လာသော ချွေးစေးတို့ဖြင့် နေမရအောင် ဖြစ်လာကာ ခုတင်ပေါ်မှ ထထိုင်လိုက်ပါသည်။ ခုတင်ဘေး ခြေချပြီး မျက်နှာကို လက်ဝါးနှစ်ဖက်နှင့်အုပ်ကာ အကြာကြီး ထိုင်နေမိသေးသည်၊ အုပ်ထားတဲ့ လက်ဝါးရဲ့နောက်ကွယ်မှာတော့ သူ တိတ်တိတ်ကလေး ငိုကြွေးနေမိပါသည်။

မှောင်ကြီး မည်းကြီး ညကြီးသန်းကောင်မှာ တိုက်ခန်းကျဉ်းလေးထဲမှာ သူတစ်ယောက်တည်း။ အဖော်လည်းတစ်ယောက်မှမရှိတဲ့ အထီးကျန်ခြင်းက ညထက်ပင် မှောင်မိုက်တိတ်ဆိတ် အကျည်းတန်ပါသေးသည်။ ဘယ်လောက် ကြေကွဲဖို့ကောင်းလဲ။ အဲဒီ အထီးကျန်ခြင်း ခံစားချက်ကလည်းပဲ သူ့ကို ဝဲဂယက်ထဲက ရုန်းထွက်ဖို့ မလွယ်ကူအောင် ပိတ်ဆို့တားမြစ်ထားသလိုပါပင်။

လင်းရှင်သည် အခန်းမှောင်ထဲမှာ မျက်နှာကိုပါ လက်ဝါးနှင့် အုပ်ထားသေး၍ ဘာအမြင်အာရုံမှ မရှိသော အမှောင်ထုပိန်းထဲ မျက်နှာနှစ်ခုကိုသာ မြင်ယောင်နေပါသည်။ မျက်နှာတစ်ခုက မေမေ။ နောက်မျက်နှာတစ်ခုက တိမ်ဦး။



www.burmeseclassic.com

www.burmeseclassic.com



တိမ်ဦး …။ မင်း ဘယ်ရောက်နေလဲ တိမ်ဦး။ ဘယ်လောက်ပဲ ကိုယ့်စိတ်ကိုယ် သွန်သင်ဆုံးမ ဟန့်ထားထား ပေမယ့် စွဲလမ်းခြင်း ချစ်ခြင်းဆိုသည့် အာရုံက ငါ့ဝမ်းပူဆာမနေ့ သာ ဆိုသလို သူ့နှလုံးသားတစ်ခုလုံးကို သိမ်းပိုက်ထားပါသည်။ တိတ်တိတ်ကလေးပဲ ချစ်ခွင့်ရရ သူ့ဘဝထဲက တိမ်ဦးပျောက်သွား မှာကိုလည်း သူ အစိုးရိမ်ကြီး စိုးရိမ်မိသည်။

တိမ်ဦးနှင့် မတွေ့ဖြစ်တာ ကြာပါပြီ။ ခါတိုင်း တိမ်ဦး ရှိတတ်တဲ့နေရာ ကျက်စားတတ်တဲ့နေရာ တိမ်ဦးရဲ့စီးပွား ရေး အလုပ်ကိစ္စတို့နှင့် ပတ်သက်တဲ့ ပတ်ဝန်းကျင်များတစ်ဝိုက် ဗီဒီယိုထုတ်လုပ်ရေးတိုက် တည်ရှိတဲ့အရပ်၊ တိမ်ဦးပိုင်တဲ့ ပုံနှိပ် တိုက်၊ အမြဲတမ်း တိမ်ဦး ကျင်လည်နေကျနေရာတို့၌ တိမ်ဦးကို အရင်လို မတွေ့မမြင်ဘဲ ပျောက်ကွယ်အဆက်ပြတ်နေတဲ့ အချိန် ကာလထဲမှာ သူကိုယ်တိုင်လည်း အစ်ကိုကြီး နိုင်းထားတဲ့ကိစ္စ၊ မမမိုး နိုင်းထားတဲ့ကိစ္စတို့နှင့် စိတ်ရောလူပါ မအား။

အတော်ကြာကြာ တိမ်ဦးနှင့် မတွေ့ဖြစ်တာ သတိ ထားမိလာတဲ့အခါ လင်းရှင်က တိမ်ဦးကို ဖုန်းခေါ်လိုက်မိပါသည်။ ဖုန်းက တစ်ဖက်မှာ ခေါ်သံတော့ မြည်နေလျက် ဖုန်းမကိုင်ပါ။ သူတစ်ရက်ကို လေး,ငါးခါထက်မနည်း ဖုန်းလှမ်းခေါ်ကြည့်တတ် ပေမယ့် တိမ်ဦး တစ်ကြိမ်မှ မကိုင်ခဲ့။ သူလူမအား စိတ်မအား ဖြစ်နေခိုက် အချိန်အတွင်း တိမ်ဦးစိတ်ထဲ သူနှင့်ပတ်သက်ပြီး ဘာများ အဖုအထစ် ရှိသွားပါလိမ့် … လို့ ခေါင်းခြောက်အောင် စဉ်းစားပေမယ့် အဖြေမရ။





နောက်ဆုံးတော့ လင်းရှင် မနေနိုင်တော့ဘဲ ဥက္ကာ ဆီ ဖုန်းခေါ်ခဲ့ပါသည်။

"ဥက္ကာရေ … ကိစ္စလေးတစ်ခုရှိလို့ တိမ်ဦးဆီ ဖုန်းဆက် နေတာ မရလို့၊ တိမ်ဦးကို အပန်းမကြီးရင် ဖုန်းပြန်ခေါ် ပေးပါဦးလို့၊ ခါတိုင်း အလုပ်ကိစ္စ တွေ့နေရ မြင်နေရကျ နေရာတွေမှာလည်း မတွေ့တာကြာပြီ၊ တိမ်ဦး နေရော ကောင်းရဲ့လား၊ ဖုန်းများ ပြောင်းလိုက်လား"

"ဖုန်းမပြောင်းပါဘူး အစ်ကို၊ အစ်ကို ဆက်နေတာပြော လိုက်ပါ့မယ်၊ ပြန်ဆက်ခိုင်းလိုက်ပါ့မယ်၊ နေလည်းကောင်း မှာပါ"

"နေကောင်းမှာပါ ဆိုတာက ဘာအဓိပ္ပာယ်လဲ ဥက္ကာ၊ တိမ်ဦး အိမ်မှာမရှိဘူးလား"

"မမ အိမ်မှာမရှိဘူးဗျ"

"ခရီးသွားနေတာလား"

"အား … ဘယ်လိုပြောရမလဲ အစ်ကိုရာ၊ အိမ်မှာမနေ တော့တာ"

"ဟင် … ဘာဖြစ်လို့ မနေတော့တာလဲ၊ ဒါဖြင့် ဘယ်မှာ နေနေလဲ"

"အိမ်မှာ အဘိုးကြီးနဲ့ ကျိုင်နေလို့ပါ အစ်ကိုရာ၊ ဒီလိုပါပဲ၊ ပါပါနဲ့ မမက ဖြစ်နေကျပါပဲ၊ ဒီတစ်ခါတော့ မမက အိမ် ကထွက်သွားတယ်၊ မမ အခု ဘယ်မှာနေနေလဲ ကျွန်တော်



www.burmeseclassic.com

www.burmeseclassic.com



လည်း သေချာမသိဘူး အစ်ကို၊ တကယ်မရှိတာ၊ ဘယ်မှာလဲမေးတာ မမက မဖြေဘူး၊ အိမ်နဲ့ အဆက်အသွယ် မလုပ်ချင်ဘူး ထင်တယ်၊ ကျွန်တော်နဲ့တော့ ဖုန်းတော့ အဆက်အသွယ် ရှိပါတယ်၊ မေမေ့ဆီလည်း တစ်ခါတစ်ရံ ဆက်ပါတယ်၊ ဒါပေမဲ့ သူ ဘယ်မှာနေနေသလဲ ပြောမပြဘူး၊ ကျွန်တော်လည်း မေးနေတာပဲ"

"ဩော် ... တိမ်ဦးသူငယ်ချင်းတစ်ယောက် ရှိတယ်လေ၊ မယု ဆိုလား၊ သူများ သိမလား ဥက္ကာ၊ သူနဲ့ တိမ်ဦးက တော်တော်ခင်တာပဲ"

"မယု သိနိုင်ပါလိမ့်မယ်၊ ဒါပေမဲ့ ကျွန်တော့်ကို မယုက မသိဘူးပဲ ငြင်းနေတယ်၊ စိတ်တော့ မပူရပါဘူး အစ်ကို၊ မမက အခု သွေးပူနေလို့ပါ၊ နောက်မကြာခင်တော့ သူ ပြောမှာပါ"

အဖေဖြစ်သူနှင့် ကတောက်ကဆ ဖြစ်သွားကာ ဖုန်းကိုလည်း ပိတ်တာမဟုတ်ဘဲ သူ မကိုင်ချင်တဲ့သူသာ ရွေးမကိုင်တာမျိုး ဖြစ်နေလေရာ လင်းရှင် စိတ်ထဲ ထင့်ပြီး စိုးရိမ်မကင်း ဖြစ်ရသည်။ ပြဿနာဟာ သူနဲ့များရော တစ်နည်းတစ်ဖုံ သွယ်ဝိုက်ပြီးတော့ပဲဖြစ်ဖြစ် ပတ်သက်နေလေမလား။ တိမ်ဦးနှင့် နောက်ဆုံးတွေ့လိုက်ရတာက ကလေးဆေးရုံကို လိုက်ပို့ပေးရတဲ့နေ့။ ဆေးရုံပြင်မှာ သူ့အဘိုးကြီးရဲ့ လူရှေ့မရှောင် ငေါက်ငမ်းကြိမ်းမောင်းမှုကိုတောင် သူ ကြားခဲ့ရတာပဲ။





တိမ်ဦးအဖေ လင်းရှင်ကို လုံးလုံးသဘောမကျဘူးဆိုတာ ဒီအသိုင်းအဝိုင်းထဲကပဲ ပတ်ပြီး သူ သတင်းကြားဖူးပါသည်။ သူနှင့်လည်း သွားရင်း လာရင်း အမှတ်မထင် သုံးလေးခါဆုံဖူးလျက် ဆုံဖူးတိုင်း သူ့ကိုကြည့်သွားတဲ့ တိမ်ဦးအဖေရဲ့မျက်ဝန်းများဟာ မီးတောက်လို ပူပြင်းစူးရှလှသည်။ အထင်သေးတဲ့ အကြည့်၊ မတူမတန်တဲ့ အကြည့်လို့ပဲ သူ ခံစားရပါသည်။

ဥက္ကာဆီက သိရပြီးကတည်းက သူ တိမ်ဦးကို တကူးတက ရှာဖွေပါသည်။ တိမ်ဦးတို့ ဗီဒီယိုတိုက်ကိုလည်း ရောက်ခဲ့သည်။ တိမ်ဦးသူငယ်ချင်း "ယု"က တိုက်မှာထိုင်နေသည်။ ယုဟာလည်း တိမ်ဦးအဖေလောက်မဟုတ်တောင် မတိမ်းမယိမ်းပါပင်။ သူ့ကို မဆက်ဆံချင်သလို အေးတိအေးစက်။ သူဘာမှမသိဘူးဟု ဘူးပိတ်ဖြေသည်။

မတွေ့ရဘူးလို့ ခံစားရသောအခါ ရင်ထဲ သိသိသာသာ ဗလောင်ဆူပါသည်။ တိမ်ဦး ကိုယ်တိုင်မှာရော သူ့အပေါ်လိုလားမှု ဖြစ်သွားတာလား။ တစ်စုံတစ်ရာကိုများ အထင်သေးသွားတာမျိုးလား။ လင်းရှင်ကို သိသိသာသာ ခင်မင်သံယောဇဉ်ကြီးတဲ့ မျက်ဝန်းလေးများကို လင်းရှင် ရိပ်မိပါသည်။ တိမ်ဦးသူ့ကို အထင်သေး မုန်းတီးသွားတာတော့ မဖြစ်လောက်ဘူးထင်ပါရဲ့၊ မဖြစ်ပါစေနဲ့။

လင်းရှင်သည် ခုတင်ပေါ်မှ အားယူထလိုက်ပါသည်။ ခြေတွေရော လက်တွေရော အဆစ်အမြစ်များ နာကျင်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဗိုက်ထဲကလည်း အောင့်နေပါသည်။ သူ အစားခမှန်တာလည်
ကိုယ့်ဘာသာ အသိဆုံး။ အာဟာရလည်း နည်းနည်းဖြည့်သင့်သည်
ကိုယ့်ကိုယ်ကိုယ်လည်း ဆက်လက်ညှဉ်းဆဲနေဖို့မသင့်လို့ပဲ ဒ
ဆုံးဖြတ်လိုက်ပါသည်။ အဲလောက်ထိ ညှဉ်းပန်းဖို့ လိုအပ်လို့လာ

လင်းရှင်သည် ကြေကြေကွဲကွဲ ပြုံးမဲ့မဲ့မိရင်း ရေချိ
ခန်းမီးကို ဖွင့်လိုက်ကာ ရေချိုးခန်းထဲဝင်လာခဲ့သည်။ နံရံကပ်
ဗီရိုကို ဆွဲဖွင့်လိုက်သည်။ စိတ်သက်သာရာ ရပါရစေတော့။

♥ ○ ♥



( ? )

"မျက်သွယ်လေးက တိမ်ဦးကို မေးသေးလား မေမေ့"

"သိပ်မမေးပါဘူး တစ်ခါပဲ မေးတယ်၊ မေဦး ဘယ်သွား နေတာလဲတဲ့၊ မေဦးက အလုပ်တွေရှိလို့ ခရီးသွားနေရ တယ်လို့ပဲ မေမေ ပြောလိုက်တယ်၊ ထပ်မမေးတော့ပါဘူး"

"မေမေလည်း နေကောင်းတယ်ဆိုရင် ပြီးတာပါပဲ"

"မေမေက ဒေါင်ဒေါင်မြည်ပါ တိမ်ဦးရယ်"

"အိမ်မှာရော အစစအရာရာ အဆင်ပြေတယ် မဟုတ်လား"

"အင်း ... ပြေပါတယ်လေ"

အိမ်မှာ အဆင်မပြေဘူးရယ်လို့ မေမေ ဘယ်ခါမှ ပြောမှာမဟုတ်တာကိုလည်း တိမ်ဦး သိနေပါသည်။ မေမေဟာ သာရေးအခြေခံလည်း နည်းခဲ့ရာ နဂိုကပင် လူတောမတိုးတဲ့ ရိုက် လူကြောက်တဲ့စရိုက် ရှိရတဲ့ကြားထဲ ပါပါ့လို အာဏာရှင် ဆန်တဲ့ လင်ယောကျ်ားနှင့် နေရတဲ့အခါ ဘာကိုမဆို မျိုချင့်လျှိုး ဘတ်ကျင့်က စွဲနေပြီ။ ကိုယ် သိသိကြီးနဲ့လည်းပဲ ဘာတစ်ခုမှ



www.burmeseclassic.com

www.burmeseclassic.com



မသိသလို အယောင်ဆောင်ကာ ဘာသိဘာသာ တုံ့ဏှိဘာဝေ
တတ်သူပင်။

"ညည်းရော အဆင်ပြေရဲ့လား တိမ်ဦး"

"ပြေပါတယ် မေမေ၊ တိမ်ဦးအတွက် ဘာမှ စိတ်မပူပါနဲ့"

"အခု ဘာလဲ … အိမ်မှာ မဟုတ်ဘူးလား၊ အက်ဖက်အမ်
က လွှင့်တဲ့အသံတွေ ကြားနေရပါယ်၊ ကားမောင်းနေတာ
လား၊ မိုးတောင်ချုပ်ပြီ၊ ဘယ်သွားနေတာလဲ"

"တိမ်ဦး ယုနဲ့မေမေ၊ ဓာတ်လမ်းလေးတစ်ပုဒ် ကြိုက်တာ
တိမ်ဦး ကားကြီးရိုက်ချင်တာနဲ့ စာရေးဆရာအိမ် စကား
သွားပြောပြီး ပြန်လာတာပါ၊ ဗိုက်ဆာလို့ အပြင်မှာ တ
ခုခုစားကြမလို့၊ စားပြီးရင် ပြန်မှာပါ မေမေ"

စာရေးဆရာအိမ်မှာ ရုပ်ရှင်ကားကြီးရိုက်ဖို့ ရည်ရွယ်
တဲ့ ဝတ္ထုဓာတ်လမ်းတစ်ပုဒ် သွားဝယ်ယူလာခဲ့တာ။ ဓာတ်လမ်း
လေးက ရိုးစင်းပြီး ရင်နင့်စရာကောင်းတဲ့ မေတ္တာဖွဲ့ဓာတ်လမ်း
လေးတစ်ပုဒ်ပင်။ ဒီဝတ္ထုလေးကို တိမ်ဦး ဖတ်ဖြစ်ဖို့ လင်းရှင်
ပြောပြမိတ်ဆက်ခဲ့ပါသည်။

သူဖတ်ပြီး နှစ်သက်တဲ့ ဓာတ်လမ်းကောင်းကလေး
တွေကို တိမ်ဦးကိုပဲ အမြဲပဲ ပြန်ပြောပြတတ်တဲ့ လင်းရှင်ကြော
တိမ်ဦးမှာ အဆင်ပြေလှပါသည်။ လင်းရှင် ပြောပြခဲ့တဲ့ ဓာတ်လမ်း
လေးတွေထဲက နှစ်ခုကိုပင် ဗီဒီယို ရိုက်ဖူးခဲ့ပြီးပါပြီ။

"အေး … အေး … မြန်မြန်ပြန်၊ မိုးချုပ်ကြီးလျှောက်သွား
မနေနဲ့အေ၊ ညည်း တစ်ခုခုလုပ်ရင် နောက်နေ့ ညည်းအ





နားထဲ ရောက်နေပြီ၊ သတင်းပေးတွေကလည်း မြန်သလား
မပြောနဲ့တော့၊ ပါပါ့ကွယ်ရာပေမယ့် ပါပါ့စိတ်တိုင်းကျ
လေး နေပေးလိုက်ပေါ့ တိမ်ဦးရယ်"

"ဟုတ်ကဲ့ပါ မေမေ၊ တိမ်ဦးအတွက် စိတ်မပူပါနဲ့၊ ပါပါ့
စိတ်တိုင်းကျ နေပေးမှာတော့ မဟုတ်ပါဘူး၊ တိမ်ဦးဘာသာ
တိမ်ဦးအတွက်တိမ်ဦး ကောင်းအောင်နေမှာပါ၊ လွန်ခဲ့တဲ့
ရှစ်နှစ် ကိုးနှစ်က အပြစ်တောင် ခုထိ အကဲ့ရဲ့မလွတ်သေး
တာ၊ ထပ်ပြီး အထင်သေးခံရအောင် တိမ်ဦး ချောက်ထဲ
မဆင်းပါဘူး မေမေ၊ တိမ်ဦးကမိုးပေါ်တက်မှာပါ၊ ကောင်း
ကင်ပေါ်က တိမ်စိုင် တိမ်လိပ် ဘဝကိုပဲ ရအောင်ယူမှာပါ"

တိမ်ဦးက ဖုန်းပြောပြီးသွားလျှင် နားက နားကြပ်
လေးကို ဖြုတ်ချထားလိုက်ပါသည်။ တိမ်ဦးကို ယုက ငဲ့ကြည့်
ရင်း …

"ငါလေ … သွားကိုမသွားချင်တာ၊ နင့်ကို ငါ စိတ်မချဘူး
သိလား၊ နင့်အတွက် နောက်ဆံတင်းပါတယ်ဆိုမှ နင်က
အိမ်ပေါ်က ဆင်းလာလိုက်သေးတယ်၊ ဒီကျောင်းဆက်
တက်ဖို့ကိုပဲ ဖေဖေတို့ မေမေတို့က အရမ်းကို တွန်းအား
ပေးနေလို့သာ၊ ငါ ဒီဘွဲ့ကို ထပ်တော့ယူချင်ပါတယ်၊
ပြန်လာရင် ငါ ပညာရေးအေဂျင်စီတစ်ခု ဖွင့်မယ်၊ ဟိုက
တက္ကသိုလ်တချို့နဲ့ ချိတ်ဆက်ပြီး ကျောင်းဖွင့်မယ်ဆိုတဲ့
ရည်ရွယ်ချက်ရှိလို့သာရယ်၊ နင့်ကို တစ်ယောက်တည်းထား
ခဲ့ဖို့တော့ ရင်တွေ လေးနေသလိုပဲ"



www.burmeseclassic.com

www.burmeseclassic.com



"နင်က ဘာကိုရင်လေးရတာလဲ"

ယုက တိမ်ဦးကို မျက်လုံးလက်လက်ကလေးတွေနှင့်သာ ကြည့်နေပါသည်။

"တကယ်တော့ ... ငါလည်း နင်သွားရင် အရမ်းအားငယ်မှာပဲ ယု၊ ငါ့မှာလည်း နောက်ကြောင်းတွေသာမရှိရင် နင့်လိုအပျိုလေးပဲ ဖြစ်နေတုန်းဆိုရင် နင်နဲ့ ကျောင်းလိုက်တက်ချင်သေးတယ်၊ ခုတော့ ငါက ကျောင်းတက်ဖို့ထက် ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်ဖို့ အရင်ကြိုးစားရမယ့်အခြေအနေ ဖြစ်နေတော့ ..."

တိမ်ဦးမျက်နှာလေး မကောင်းတာ ယုက ရိပ်မိသည်။ တိမ်ဦး အလွန်တရာ အားငယ်ဝမ်းနည်းနေတာကိုလည်း ယု သိပါသည်။

"ဒါလည်း တစ်မျိုးကောင်းတာပဲဟာ၊ နင် ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်ဖို့ ကြိုးစားရတယ် ဆိုတာက ဘာပဲဖြစ်ဖြစ် ငွေရင်းကြေးရင်း အတော်အတန် ဖူဖူလုံလုံနဲ့ပါဟာ၊ သူများတွေလို ဖွတ်အတင်း ရန်းကန်ငွေစုတဲ့ဆီက စ,ရတာမှ မဟုတ်တာ"

"ဟုတ်ပါတယ်လေ၊ ငါကလည်း အချိန်တွေကို အလုပ်နဲ့ပဲ ကုန်စေချင်နေတာ၊ အလုပ်လုပ်နေရတာ ငါပျော်ပါတယ်၊ ပျော်တယ်ဆိုတာထက် မပျော်တာတွေကို မေ့တယ်ပေါ့ဟာ၊ နင်မရှိရင် အားငယ်တယ်ဆိုတာက အလုပ်အတွက်





အဖော်ပဲလို့ မဟုတ်ပါဘူး၊ ငါ့မှာ သူငယ်ချင်းမိတ်ဆွေရယ်လို့ ဘယ်မှာရှိလို့လဲ ယု ...

သူငယ်ချင်းတွေထဲကဆိုရင် နင် တစ်ယောက်ပဲကျန်တယ်၊ ဟိုးအရင်က ပေါင်းခဲ့တဲ့ သူငယ်ချင်းတွေဘယ်သူများ ငါ့ကို စာနာနားလည်ပေးပြီး ဆက်ပေါင်းကြလဲ၊ သူတို့ကိုယ်တိုင်က ခွာသွားတဲ့ သူငယ်ချင်းနဲ့၊ အမေတွေမိဘတွေက ငါနဲ့ မပေါင်းခိုင်းလို့ ခွာလိုက်တဲ့ သူငယ်ချင်းနဲ့အားလုံးကုန်ရော၊ ခြေလှမ်းတစ်ချက် မှားလိုက်မိတာမှာသူငယ်ချင်းကောင်းတစ်ယောက်မှ မကျန်တော့ဘူး၊ ဘယ်သူမပြု မိမိမှုပါလေ၊ ငါ ဖြေတွေးတတ်ပါတယ် ...

စီးပွားရေးလေးတွေ စလုပ်တော့ ပေါင်းသင်းဆက်ဆံရတဲ့ မိတ်ဆွေဆိုတာ ရှိလာတယ်၊ ဘယ်သူကများ ငါ့အပေါ် ငွေကြေးမငဲ့မတွက်ဘဲ ကူညီရပ်တည်လဲ သူတို့အတွက် အမြတ်အစွန်းရှိရင် ပေါင်းလုပ်မယ်၊ ကွယ်ရာကျအတင်းပြောမယ်၊ ဒီကြားထဲ ယောက်ျားမရှိတဲ့ ဆင်ဂယ်လ်မာသာဆိုပြီး ပရောပရီ လက်တဲ့စမ်းချင်တဲ့ ယောက်ျားတွေကပြိတ်တိ ဆက်ဆံသေးတယ်၊ နောက်ပိုင်း ဆက်ဆံရတဲ့မိတ်ဆွေဆိုတာတွေထဲလည်း ငါ့ကို ဘာမှထည့်မတွက်ဘဲကူညီတာ၊ အဆင်သင့်ရှိတာဆိုလို့ လင်းရှင် တစ်ယောက်ပဲ"

ယုက သက်ပြင်းချလိုက်ရင်း ...



www.burmeseclassic.com

www.burmeseclassic.com



"လင်းရှင်ဆိုလို့ နင့်ကို မပြောဘူးလို့နေတာ၊ ခုတော့ ပြောပြလိုက်ပါဦးမယ်"

"ဘာလဲဟင်"

တိမ်ဦး မျက်လုံးဝိုင်းကာ အမောတကောလေး မေးလိုက်မိပါသည်။ မကောင်းသတင်း တစ်ခုခုများ ယု ပြောတော့မလားလို့ စိတ်ထင့်လိုက်မိသည်။ ယုက လင်းရှင်ကို သိပ်ပြီးသဘောမကျလှဘူး မဟုတ်လား။ နင့်ကို ဒီကောင်ကြိုက်နေတာလို့လည်း ယုပဲ အစောဆုံး မှတ်ချက်ချခဲ့တာ။

"နင် အလုပ်တိုက်ကို ပြောင်းလာနေပြီး တစ်ပတ်လောက်တုန်းက ငါ အောက်ထပ်ကစားပွဲမှာ ရှိနေတုန်း သူ ဝင်လာသေးတယ်၊ နင်နဲ့တွေ့သေးလား လာမေးတယ်၊ ငါကလည်း နင်နဲ့ ခုတလော မတွေ့ဘူးလို့ ပြောလွှတ်လိုက်တယ်၊ အဲဒီနောက်လည်း သူ တိုက်ခန်းရှေ့လမ်းထဲက သုံးလေးခါရှိပြီ ကားနဲ့ ဖြတ်ဖြတ်သွားတာ၊ နင့်အရိပ်အယောင် လာကြည့်တာပဲ ဖြစ်ရမယ်"

တိမ်ဦး ရင်ထဲ ပူနွေးတဲ့ ခံစားချက်တစ်ခုနှင့် တသိမ့်သိမ့် လှုပ်ရှားရသည်။ လင်းရှင်နှင့် ပတ်သက်ပြီး မိမိကိုယ်ကို အယုံအကြည် မရှိပါ။ အိမ်ပေါ်က ဆင်းလာခဲ့ပြီး ပါပါ့အပြစ်ပြောခံရမည့် ကိစ္စမျိုး ရှောင်မည်၊ ကဲ့ရဲ့တတ်သူတွေ အတင်းပြောချင်စရာ ကိစ္စမျိုး ရှောင်မည်လို့ ဆုံးဖြတ်ခဲ့တဲ့အတွက် လင်းရှင်ကို ရှောင်ဖယ်ပုန်းအောင်းနေခဲ့မိပါသည်။





တိမ်ဦး တစ်သက်တာတွင် လင်းရှင်ကို ဖွဲ့လမ်းရတဲ့ မြတ်နိုးစွဲလမ်းပုံမျိုးနှင့် ဘယ်သူတစ်ယောက်ကိုမှ မစွဲလမ်းဖူးခဲ့။ လင်းရှင် အပေါ် မေတ္တာအကြင်နာ သက်ရောက်မှုမျိုးလည်း ဘယ်သူ့အပေါ်မှ မသက်ရောက်ဖူးခဲ့ချေ။ သူ့အကြောင်း စဉ်းစားတိုင်း ရင်ထဲ နွေးထွေးရပုံမျိုး၊ သူ့ကို မြင်ယောင်ကာ ရင်ထဲလှိုင်းထလွမ်းဆွတ်ရပုံမျိုး ဘယ်သူ့အပေါ်မှ မဖြစ်ဖူးခဲ့ပါပေ။

ခုလို တမင်တကာ ရှောင်ဖယ်ပြီး နေကြည့်နေဆဲအချိန်ကာလတွေအတွင်း သူ့ကို မပြတ်သတိရသည်။ ဒီလောက်ထိနေပြဖို့ လိုလို့လားဟု တွေးရင်း သူ့ထံ ဖုန်းခေါ်လိုက်ဖို့ အကြိမ်ကြိမ် ကြံစည်မိသည်။ သူခေါ်နေတဲ့ ဖုန်းကောလ်ကို ခပ်မဆိတ်နားကြည့်နေရင်း ရင်တွေ နာလာရတတ်သည်။ လူပြောသူပြောအဝေဖန် အကဲ့ရဲ့မခံလို၍ သူ့ကို ခုလို သစ်စိမ်းချိုး ချိုးဖြတ်ထားလိုက်ခြင်းဟာ တရားပါရဲ့လား၊ အတ္တကြီးနေမိတာလားလို့လည်း အမြဲ အပြစ်မကင်း ခံစားနေရပါသည်။

"တိမ်ဦး"

"ဟင်"

"အခုလည်း နင် ဆင်ခြင်ပြီး နေနေတာ ငါ အသိပါ၊ ဒါပေမဲ့ ငါမရှိတဲ့အချိန် နင့်မှာလည်း ဖိစီးမှုတွေ များလာတဲ့အချိန်တစ်ခုမှာ သိပ်အထီးကျန် အားငယ်လာတဲ့အခါ နင် သူနဲ့များ ကြိုက်သွားမလားလို့ ငါ စိုးရိမ်တယ်ဟာ"

တိမ်ဦးက သက်ပြင်းကြီးတစ်ချက် ချမိပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ယု ... နင် ဘာလို့ သူ့ကို ခါးခါးသီးသီး ဖြစ်တာလဲ ဟင်၊ ဘာမှတောင် မဖြစ်ကြသေးဘဲနဲ့ သူကလည်း ငါ့ကို စိတ်အနှောင့်အယှက် ပေးတာမျိုး၊ ငါ့အပေါ်မကောင်းတာ မျိုး တစ်ကြိမ်တစ်ခါမှတောင် မပြုဖူးဘဲနဲ့ နင် ဘာလို့ သူနဲ့ကြိုက်သွားမှာ မကြည်ဖြူ ဖြစ်နေတာလဲဟင်"

"အေး ... ငါလည်း အဲဒါသေချာမသိဘူး"

ယုက မျက်မှောင်လေးကုတ်ရင်း ...

"သူ ဘာမှ မလုပ်ပေမယ့် ငါ သူ့ကို ဘာလို့ အယုံအကြည် မရှိ ဖြစ်နေတာလဲ မသိဘူး၊ သူနဲ့တွေ့တိုင်း စနိုးစနောင့် ခံစားချက်တစ်ခု ခံစားရတယ်၊ စိတ်က မသက်သာဘူး ထင့်နေတယ်၊ အန္တရာယ်အငွေ့အသက် ရနေသလိုပဲ"

"နင်ကလည်းဟာ ... လင်းရှင်က စိတ်ကောင်းရှိတဲ့သူ တစ်ယောက်ပါ"

"ဟုတ်ရင်လည်း ဟုတ်ပါလိမ့်မယ် တိမ်ဦး၊ ဒါပေမဲ့ သူ့ အမူအရာကိုလည်း မကြိုက်ဘူး၊ သူကနော် သူ့ကို လူတစ် ယောက်က သေချာစိုက်ကြည့် အကဲခတ်နေရင် စိတ်မလုံခြုံ ဘူး ဖြစ်နေတယ်၊ ပုံမှန်ဆို ဒီအမူအရာရှိစရာ မလိုဘူး နင်တော့ ရိပ်မိချင်မှ ရိပ်မိမယ်၊ နင်နဲ့ကျတော့ ခင်နေတော့ အပြန်အလှန် ဟက်ဟက်ပက်ပက် စကားပြောဆိုနေကြ တာကိုး ... ငါနဲ့ကျတော့ စိမ်းနေတော့ ငါ သူ့ကိုကြည့်နေ ရင် သူ ရှိုးတိုးရှန့်တန့် မလုံမလဲ ဖြစ်လာတယ်လို့ ငါထင်





တယ်၊ သူ့နောက်ကွယ်မှာ လျှို့ဝှက်ချက်တစ်ခုခု ရှိတယ်လို့ ငါ ခံစားရတယ်"

"နင်ကလည်းဟာ"

"ဘာပဲဖြစ်ဖြစ်လေ အခု သူနဲ့ နည်းနည်းခပ်ကင်းကင်း မတွေ့ဖြစ်ဘဲ ဖြစ်နေတာလေးကို နင် ဆက်ထိန်းထားနော်"

"ခုထိတော့ ငါလည်း အဲလိုပဲ ဆန္ဒရှိပါတယ်၊ ဒါပေမဲ့ နင် မရှိတဲ့အခါ ငါ့မှာ အရမ်းအထီးကျန်မှာလေ၊ ငါပြောစရာ ဆိုစရာ ရင်ဖွင့်စရာ တိုင်တည်စရာတွေရှိရင် ဘယ်သူ့ကို များ ပြောရမလဲဟင်၊ ဒီလိုပြောဖို့ဆိုတာ ကိုယ့်ရင်ထဲစိတ် ထဲက အနှုံးအညွတ် သက်ရောက်မှုတစ်ခုရှိတဲ့ သူကိုမှ ပြောလို့ရတာ၊ ကြုံရာလူကို လျှောက်ပြောနေလို့လည်း ရင်ပေါ့မှာ အားရှိမှာ မဟုတ်ဘူး"

"နင့်မှာ ဥက္ကာ ရှိတယ်လေ"

"ကိုယ့်မောင်ကို ကိုယ်ပြန်ပြီး ရင်မဖွင့်ချင်တာ မတိုင်ပင် ချင်တာတွေ ရှိတယ်လေ"

"အင်း ... နောက်ဆံတင်းပါတယ် ဆိုနေမှဟာ၊ နင့်ကို ငါ မယုံဘူး၊ ပြီးတော့ ခုတလော နင့်စိတ်တွေ တအား အား ငယ်ပျော့ညံ့နေတာ၊ နင် အားတင်းပြီး ကိုယ့်ကိုယ်ကိုယ် ခိုင်ခိုင်ရပ်နေရတာ၊ တစ်ယောက်ယောက်ကို အားကိုးမှီခို လိုက်မိမှာမျိုး အချိန်မရွေး ဖြစ်သွားနိုင်တယ်၊ ငါမရှိရင် နင် လင်းရှင်နဲ့ ကြိုက်သွားမလား မသိဘူး"



www.burmeseclassic.com

www.burmeseclassic.com



"တကယ်လို့ ...၊ တကယ်လို့လို့ ပြောတာနော်၊ ငါလုပ်မှာ မဟုတ်ပါဘူး၊ ငါ ကိုယ့်ကိုယ်ကိုယ် အဖတ်ဆည်ပြီး နေထိုင်နေတာပါ ယု၊ ဒါပေမဲ့ တကယ်လို့များ အကြောင်းအမျိုးမျိုးကြောင့် သူနဲ့ချစ်မိသွားခဲ့ရင်တော့လည်း ဆိုးဆိုးဝါးဝါးကြီးတော့ မှားသွားလိမ့်မယ် မထင်ပါဘူး... နော်... ယု"

ယုထံမှ အသံတိတ်သွားပါသည်။ ယုသည် သူ့ကိုယ်သူ အကြားအမြင် ရနေသလားလို့တောင် ထင်လာသည်။ သူ့စိတ်ထဲတွင် လင်းရှင်နှင့် တိမ်ဦး တစ်နေ့နေ့ ချစ်ကို ချစ်သွားကြလိမ့်မည်ဟု ... ထင် ...၊ ထင်ရာမှ ယုံ၊ ယုံရာမှ သိလာသလို ဖြစ်နေပါသည်။

"ဟင် ... ယု၊ ငါက စကားအဖြစ် ပြောတာပါဟာ"

တိမ်ဦး အကြောင်း ယု အသိဆုံး။ ခေါင်းမာသည်။ အရွဲ့ကလည်း တိုက်တတ်သည်။ ဗီဇသဘောက အဆိုးအမိုက်ညာ မဟုတ်ပေမယ့် အမှတ်မထင် စိတ်အလိုလိုက် မိုက်လုံးကြီးတတ်သည်။ သူ ချစ်တဲ့သူ တော်ရုံအမှားလုပ်လို့ သူ မမုန်းတတ်သလို သူ့ကြည့်မရတဲ့သူ ဘယ်လိုကောင်းကောင်း သူ အလွယ်မချစ်တတ်။ စွဲမိစွဲရာ။ သူ မှန်တယ်ထင်ရင် ဘယ်သူ ဘယ်လိုဝေဖန်ဖန် ရှေ့ကို ဇွတ်တိုးတတ်သူ။ ချစ်မိလျှင် ချစ်စိတ်နှင့် မျိုသိပ်အန့်တာခံတတ်သူ။ သူ့စိတ်ကို နာကြည်းစေခဲ့လျှင်တော့ လှည့်ပင်မကြည့်တော့ကာ သေလူ မှတ်လိုက်တတ်တာမျိုး။ စိတ်ကပျော့တစ်ပိုင်းမာတစ်ပိုင်း။ ပြောမရတဲ့စိတ်။





"အင်း ... ငါ စဉ်းစားနေတာပါဟာ၊ ဘာပဲဖြစ်ဖြစ်လေးနင် လင်းရှင်အပေါ် စိတ်ဒီထက်ညွတ်မိတော့မယ် ဆိုရင်တော့ သူ့ရဲ့ရှေ့ကြောင်းနောက်ကြောင်း အားလုံး ခရေစေ့တွင်းကျသိရအောင် မေးမြန်းစုံစမ်းပါဟာ၊ သူက တစ်မျိုးပဲ၊ နောက်ကွယ်မှာ တစ်ခုခုရှိတယ်လို့ပဲ ငါ ထင်ကိုထင်နေမိတာ၊ ဒါနဲ့ ... နေပါဦး၊ သူနဲ့သုံးလေးခါလောက် ငါတွေ့ပြီး မြင်ဖူးတဲ့ ခပ်ချောချော အမျိုးသမီးကြီးက ဘယ်သူလဲ"

တိမ်ဦးသည် ကိုယ်တိုင်လည်း မြင်ရစဉ်က ရင်ထဲခပ်ထင့်ထင့် ခပ်နင့်နင့် ဖြစ်ရအောင် ရင်းနှီးကြပုံရသော ထိုအမျိုးသမီးကို ဖျတ်ကနဲ မြင်ယောင်မိကာ ...

"သူ့ဆရာရဲ့မိန်းမတဲ့"

"ဆရာ့ရဲ့မိန်းမနဲ့က ဘာလို့ ဒီလောက် ရင်းနှီးရတာလဲ"

"ဆရာတပည့်လို ခင်နေတာလေဟာ၊ သားအမိနီးပါးကျွပါတယ် ယုရယ်၊ အရမ်းရင်းနှီးနေကြလို့ မိသားစုလို ဖြစ်နေလို့ပါ၊ သူက မမမိုးတဲ့၊ သူခိုင်းတာတွေလည်း လုပ်ပေးရတယ်လေ၊ အဖော်လိုက်လုပ်ပေးရတာမျိုးလည်း ရှိတယ်"

"တစ်မျိုးပဲနော်၊ နင်ပြောဖူးတာ သူ့ဆရာက သစ်လုပ်တယ်၊ လက်ဖက်ခြံ လက်ဖက်ခြောက် လုပ်တယ်၊ ကားလုပ်တယ်ဆိုတာ သိဖူးတယ်၊ သူက ကုမ္ပဏီဝန်ထမ်းလို သဘောမျိုးလည်းမဟုတ်ဘူး၊ ရုံးချိန်နဲ့ အလုပ်ချိန်နဲ့ အတိအကျအလုပ်လုပ်ပုံမျိုးလည်း မဟုတ်ဘူးနော်၊ ဘယ်လိုကြီးလဲ မသိဘူး"

"လူယုံတပည့်လို သဘောမျိုးပဲ"

"အဲဒီရာထူး အခေါ်အဝေါ်ကြီးကိုက တစ်မျိုးကြီးပဲ"



www.burmeseclassic.com

www.burmeseclassic.com



"နင်ကလည်းဟာ၊ လင်းရှင်နဲ့ ပတ်သက်ရင် ဘာကိုမှ ဘဝင်မကျနိုင်အောင်ပဲ၊ ကဲ ... သူ့အကြောင်း တော်ပါတော့၊ နင် နောက်လဆန်း ဗန်ကောက်ကို သွားကိုသွားရပြီဆိုတော့ ငါတို့ သူငယ်ချင်းနှစ်ယောက် ခွဲနေရတဲ့တူတူ အကျိုးရှိတာ တစ်ခုခု လုပ်ရမယ်"

"ဘာလဲ"

"နင်က ဟိုကနေ ဈေးဝယ်ပို့ပေး၊ ငါ ဒီမှာ အင်္ကျီဆိုင် တစ်ဆိုင် ဖွင့်မယ်"

"ဟဲ့ ... နင်လုပ်နိုင်မှာမို့လား တိမ်ဦးရဲ့၊ အလုပ်တွေက များနေပြီ၊ ဟိုတစ်ခု ... ဒီတစ်ခု"

"လုပ်နိုင်သလောက် လုပ်ရမှာပဲ၊ ပိုက်ဆံများများရအောင် ငါ ငွေစုရမယ်၊ အခု အန်ကယ်နဲ့ အန်တီက ငါ့ကိုသနားပြီး ငွေပြန်မအမ်းရင်လည်း မအမ်းသေးပါနဲ့ဆိုလို့ အသက်ရှုချောင်ရပေမယ့် ငါ ငွေလိုဦးမှာ၊ ကားကြီးရိုက်ဦးမှာလေ"

"အေးပါဟာ၊ ငါ့အတွက် အပန်းမကြီးပါဘူး၊ တိုင်ပင်သေးတာပေါ့၊ ကဲ ... ဆိုင်ရောက်ပြီ၊ ဟိုကားနှစ်စီးကြားလွတ်တယ်၊ ပါ့ကင်ထိုးလိုက်"

သူငယ်ချင်းနှစ်ယောက်သား ယိုးဒယားဆိုင်လေးထဲ ဝင်လာကြပါသည်။ စားပွဲတွေမှာ လူတော်တော်ပြည့်နေ၍ တစ်ခုတည်း လွတ်ကျန်နေတဲ့ စားပွဲလေးတစ်ခုမှာ သူတို့နေရာယူလိုက်ကြပါသည်။ တိမ်ဦးက မီနူးစာအုပ်ကိုယူကာ ဟင်းပွဲတွေလှမ်းကြည့်နေတုန်း ယုမျက်စိက ဟိုဟိုဒီဒီ အမှတ်မထင် ဝေ့ဝဲမိကာ...

"ဟင်"





"ဘာလဲ ယု"

"တိမ်ဦး ... နင် လှည့်မကြည့်နဲ့ဦးနော်၊ ရုတ်တရက် မကြည့်လိုက်နဲ့"

"အင်း ... ဘာလဲ"

"နင့်ညာဘက် စားပွဲနှစ်ခုကျော်လောက်မှာ လင်းရှင် ထိုင်နေတယ်"

"ဟင် ... ဟုတ်လား"

"ဟဲ့ ... ဩော်၊ လှည့်မကြည့်နဲ့ဦးဆိုမှ၊ ဟန်မပျက်နေစမ်းပါ"

"ဘာဖြစ်လို့လဲ ယုရဲ့"

"မိန်းမတစ်ယောက်နဲ့ လာတာဟ"

"ဟင် ... မမမိုးလား"

"မမမိုး မဟုတ်ဘူး၊ နောက်တစ်ယောက်"

တိမ်ဦးသည် ရင်ထဲမှာ တစ်မျိုးလေး ခံစားလိုက်ရသော လှည့်ကြည့်လိုက်ချင်တဲ့ဇက်ကို နိုင်ရင်း ...

"သူတို့က ဘယ်လိုပုံစံမျိုးလဲဟင်"

တိမ်ဦး မေးခွန်းကြောင့် ယုက တိမ်ဦးရဲ့ စိုးရိမ်ကြီး အတွေးကို ခန့်မှန်းနိုင်ကာ ရင်မောရပါသည်။

"နင့်လင်းရှင်ကတော့ အေးစက်စက်ပါပဲ၊ အမျိုးသမီးက ဆတ်ဆလူးခတ်နေတာ"

♥○♥



www.burmeseclassic.com

www.burmeseclassic.com

တိမ်ဦးက တယ်လီဖုန်းထဲက contact list ကိုဖွင့်ကာ လင်းရှင်လို့ရေးထားတဲ့ နေရာကလေးမှာ ရပ်၍ကြည့်နေမိပါသည်။ မခေါ်ရဘူးလား။ ဒီလို ကိုယ့်စိတ်ဆန္ဒနှင့် ဆန့်ကျင်ပြီး လုပ်ဖို့ တကယ်ပဲ လိုအပ်နေလို့လား။ မှန်တင်ခုန်ရှေ့ ထိုင်နေတာမို့ မှန်ထဲက ကိုယ့်ပုံရိပ် ကိုယ်ပြန်ကြည့်ကာ ရှက်သွေးဖျန်းသွားရပါသည်။

ယောကျ်ားလေးတစ်ယောက်ထံ ဖုန်းဆက်လိုက်ဖို့ မဝံ့မရဲ ချီတုံချတုံ ဖြစ်နေတဲ့ မိန်းကလေးတစ်ယောက်က မှန်ထဲကနေ သူ့ကို ကြည့်နေသည်လေ။ အချစ်ဆိုတာကို အသေအချာ မခံစားခဲ့ရဘူးပဲ ဘဝတစ်ခု နစ်မွန်းပြီး သမီးလေးတစ်ယောက် အမေဖြစ်နေတဲ့ ထိုမိန်းကလေးသည် မလိမ်မိုး မလိမ္မာအရွယ်လည်း မဟုတ်တော့သလို ရင့်ကျက်လွန်းလှတဲ့ အရွယ်လည်း မဟုတ်ပြန်။





သူ့ဘဝကလေးဟာ ပုံမှန်ပဲ အများတန်းတူ ရှင်သန်အရွယ်ရောက်လာခဲ့ရတာဆိုလျှင် လင်းရှင်ထံ ဖုန်းဆက်ချင်နေတာကို ဆက်လိုက်ဖို့ ဒီလောက် ချီတုံချတုံ တွေးရမှာ မဟုတ်ဟုတွေးမိရင်း တိမ်ဦး ရင်ထဲ ဝမ်းနည်းကြေကွဲလာသည်။ အခုတော့ငယ်ရွယ်စဉ်က တစ်ကြိမ်တစ်ခါ ခြေလှမ်းမှားခဲ့ဖူးတဲ့ အမှားဟာအရိပ်မည်းလို တိမ်ဦးကို ထက်ကြပ်မကွာ ခြောက်လှန့်နေရာနောက်တစ်ကြိမ် ဘဝမှာ အမှားတစ်ခု ထပ်မံကြုံတွေ့ရမှာကိုအသက်နဲ့ထပ်တူ စိုးရိမ်ကြီးလှပါသည်။

အမှန်တော့ ခုချိန်အသက်အရွယ်ဟာ မိန်းကလေးတစ်ယောက်အတွက် ပုံမှန်အချစ်တစ်ခုကို ထိတွေ့ပတ်သက်ဖို့ရာနောက်ကျရဲ့မှာ ကြောက်နေရမယ့် အရွယ်မျိုးလည်း မဟုတ်တော့ပါ။ ဒါပေမဲ့ ကိုယ်မှားခဲ့ရင် သူများမှားတာထက် ပိုပြီး အပြစ်ဆိုးရမယ်ဆိုတာ တိမ်ဦး နားလည်နေတဲ့အတွက် မဝံ့ရဲခြင်းက ရင်မှာကြီးစိုးသည်။

အရင်ကလည်း သာမန်အလုပ်သဘော၊ ခင်မင်ဆက်ဆံနေကျ မိတ်ဆွေရင်းတစ်ယောက်ပဲ၊ ဘာရယ်မဟုတ်အလာပသလ္လာပသဘော ဖုန်းဆက်စကားပြောဆိုလိုက်ဖို့ကို အထူးသည် အဆန်းတကြယ် ဝန်လေးနေဖို့ မလိုပါဘူးလေလို့လည်းတွေးနေပေမယ့် ...။

"ကလင် ..."



www.burmeseclassic.com

www.burmeseclassic.com



ဖုန်းကိုကိုင်ကာ ကြည့်နေတုန်း မြည်သံကလေးနှင့် မက်ဆေ့ချ် ဝင်လာတာမို့ တိမ်ဦးက လန့်သွားရပါသည်။ ကမန်းကတန်းပင် မက်ဆေ့ချ်ကို ဖွင့်ကြည့်လိုက်လျှင် ...

"အိပ်ပြီလား တိမ်ဦး"

တိမ်ဦး ပါးပြင်လေးတွေ ပူနွေးသွားကာ ဦးနှောက်ထဲမှာ အတွေးတွေ ဗျာများသွားရသည်။ ဟင့်အင်း ... မအိပ်သေးဘူး။ အဲသလို စာပြန်လိုက်ချင်တယ်၊ ပြန်လို့ ဖြစ်မလား။ ကိုယ်တိုင် ဖုန်းတောင် ဆက်လိုက်ချင်နေတဲ့အချိန် ဝင်လာတဲ့မက်ဆေ့ချ်လေးက ရင်ကိုလှိုက်ဖိုစေသည်။ တိမ်ဦးက သုံးလေးမိနစ်မျှ ချီတုံချတုံ ဖြစ်နေပြီးမှ ဖြစ်ချင်ရာဖြစ် စာလေးတစ်လုံး အရဲစွန့်ဖျစ်ညှစ်ရိုက်ချလိုက်ပါသည်။

"No ..."

သုံး,လေးမိနစ်စောင့်ကာ စိတ်ဓာတ်ကျကျနှင့် အိပ်ရာပေါ် လှဲချလိုက်တဲ့ လင်းရှင်သည် ပြန်ဝင်လာတဲ့ မက်ဆေ့ချ်မြည်သံလေးကြောင့် အလန့်တကြား ထ,ထိုင်ကာ ခေါင်းအုံးအောက်က ဖုန်းလေးကို ကောက်ဖွင့်ကြည့်လိုက်သည်။ တိမ်ဦးရဲ့တိုရှားရေ တုံ့ပြန်မှုလေးကိုမြင်လျှင် မချင့်မရဲ ဖြစ်သွားရကာ ချက်ချင်းစာထပ်ရိုက်လိုက်ပါသည်။

"ဖုန်းဆက်လို့ ရမလား ... ကိုင်ဖို့ အဆင်ပြေလား"

တိမ်ဦးက သက်ပြင်းလေးတစ်ချက် ချလိုက်ပါသည်။ ဒီလို မရဲတရဲ စာအသွားအပြန်လေးတွေအားဖြင့် စိတ်ထဲ မ... မရဲ ကယုကယင် ရင်ဖိုချင်စရာလေးတွေ ဖြစ်နေမှာမျိုး မဖြစ်...





ပေါ့ပါ။ ခုကိုပဲ ရင်ထဲက တဒုတ်ဒုတ် မြည်နေသည်။ သူလည်း ဒီလိုပဲ ဖြစ်နေနိုင်သည်။ ရိုးရိုးသားသား စကားပြောလိုက်တာကမှ သဘောရှိဦးမည်။

တစ်ထိုင်တည်းပင် လင်းရှင်နှင့် ဒီလောက် အဆက်အသွယ်ဖြတ် စိမ်းကားပစ်ဖို့ မလိုဟု တိမ်ဦးက ဆုံးဖြတ်ကာ ဖုန်းကိုနှိပ်၍ ခေါ်လိုက်ပါသည်။

"ဟယ်လို ... ဟယ်လို ... တိမ်ဦး"

"အင်း ... လင်းရှင် ... ပြော"

"တိမ်ဦး ဖုန်းဆက်တယ်၊ ကျွန်တော် အိပ်မက်,မက်နေလားတောင် ထင်လာပြီ၊ ဒါမှမဟုတ် တစ်ခုခုဝေါက်ကြောင်သွားသလားပဲ၊ ယုံတောင် ယုံလို့မရဘူး"

လင်းရှင် အသံက ကတုန်ကယင် ဖြစ်နေ၍ တိမ်ဦးက အနေအထားကို တည်ငြိမ်အောင် ထိန်းဖို့ကြိုးစားရသည်။

"ဆောရီးပါ လင်းရှင်ရယ်၊ တိမ်ဦးလည်း ကိုယ့်စိတ်ညစ်ကိုယ်စိတ်ရှုပ်နဲ့ကိုယ် ဘယ်သူနဲ့မှ စကားမပြောချင်အောင် ဖြစ်နေလို့ ဖုန်းတွေလည်းမကိုင်ဖြစ် မပြောဖြစ်ဘူး၊ လူတော်တော်များများကို စိတ်ပူအောင် လုပ်သလို ဖြစ်နေတော့တာပဲ၊ ခုတော့ ငါ ဒီလိုနေလို့လည်း မဖြစ်သေးပါဘူးဆိုပြီး ..."

"ဒါဖြင့် တိမ်ဦးက ကျွန်တော့်ဖုန်း တစ်ခုပဲ မကိုင်တာမဟုတ်ဘူးပေါ့"

"အဲလိုမဟုတ်ပါဘူး လင်းရှင်၊ ဘယ်သူနဲ့မှ စကားသိပ်မပြောချင်ဘဲ ဖြစ်နေတာပါ၊ ကိုယ့်ဟာကိုယ် တစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



တည်း စိတ်တွေရှုပ်၊ စိတ်ဓာတ်တွေကျ၊ ခုတလော Stress တွေများလွန်းလို့ပါ၊ အဲဒါကြောင့်ပါ"

"ဒီလိုဆိုရင် တော်သေးတာပေါ့ဗျာ၊ ကျွန်တော် အပူတပြင်း စဉ်းစားနေတာ၊ ငါ ဘာအမှားတစ်ခုခု လုပ်မိလဲပေါ့၊ တိမ်ဦး စိတ်ထဲ အဖုအထစ်ဖြစ်အောင် ငါ့ဘက်က လွန် သွားတာ ဘာများရှိခဲ့ပါလိမ့်ပေါ့၊ စဉ်းစားလို့လည်း မရဘူး"

"အဟင်း ဟင်း ... ဘယ်စဉ်းစားလို့ ရမလဲ၊ ဘာမှမ ရှိ တာ၊ လင်းရှင် ဘာအမှားမှ မလုပ်ခဲ့ပါဘူး၊ တိမ်ဦး စိတ် ထဲလည်း လင်းရှင်နဲ့ပတ်သက်ပြီး ဘာအဖုအထစ်မှမရှိပါ ဘူး လင်းရှင်၊ စိတ်မပူပါနဲ့"

"တော်ပါသေးရဲ့၊ ကျွန်တော် စိုးရိမ်လိုက်ရတာ တိမ်ဦးရ တိမ်ဦးရဲ့ Stress တွေထဲမှာ ကျွန်တော့်ကြောင့် ဖြစ်ရတဲ့ Stress မပါဘူးပေါ့နော်"

တိမ်ဦးက သက်ပြင်းချ ခေါင်းလေးယမ်းနေမိရင်း

"မပါပါဘူး လင်းရှင်၊ တိမ်ဦး ပါပါနဲ့ အဆင်မပြေလို့ အိမ်ပေါ်က ဆင်းလာတယ် ဆိုပါတော့၊ အိမ်မှာမနေ တော့ဘူး၊ အစစအရာရာ စိတ်ရှုပ်စရာတွေ ကြုံနေလို့ပါ တိမ်ဦး အချစ်ဆုံး သူငယ်ချင်းကလည်း ကျောင်းသွားတ တော့မယ်ဆိုတော့ တိုင်ပင်ဖော် တိုင်ပင်ဖက်လည်း မ တော့ဘူးဆိုပြီး စိတ်ဓာတ်နည်းနည်း ကျနေတာပါ"

"မယုလား"

"ဟုတ်တယ် လင်းရှင်"





"မယု မရှိတော့ဘူးဆိုရင် ကျွန်တော့်ကို မယုနေရာမှာ အစားထိုးပြီး အစစအရာရာ အားကိုးလို့ ရပါတယ် တိမ်ဦး၊ အစားထိုးပါ၊ တိုင်ပင်ရုံမကပါဘူး၊ ရင်ဖွင့်လို့လည်း ရတယ်၊ ခိုင်းလို့လည်းရတယ်၊ အကူအညီလိုတာ အကုန် ပြောပါ၊ ကျွန်တော် အားလုံး ကူညီရပ်တည်ပေးနိုင်ပါတယ်"

"ကျေးဇူးတင်ပါတယ် လင်းရှင်"

"တိမ်ဦး လေသံကြီးက စိမ်းလိုက်တာ၊ သူစိမ်းလူကိုပြော သလိုပဲ၊ တိမ်ဦး အခု ဘယ်မှာနေနေလဲဟင်"

"တိမ်ဦး နေတဲ့နေရာကို ယုကလွဲလို့ ဘယ်သူမှ မသိပါ ဘူး၊ မေမေတို့ ဦးကြီးတို့တောင် တိမ်ဦး မပြောဘူး၊ သူတို့ သိရင် လာမယ် သွားမယ် ဝင်မယ် ထွက်မယ်နဲ့ အာရုံ နှောက်လို့လေ၊ အေးအေးချမ်းချမ်းလေးပဲ နေချင်တဲ့စိတ် ဖြစ်နေတော့ ဘယ်သူမှ မသိလေ ကောင်းလေဆိုပြီး ကိုယ့်ဟာကိုယ် တိတ်တိတ်လေး နေနေတာ"

"ကျွန်တော် တိမ်ဦးကို အနှောင့်အယှက် မပေးပါဘူး တိမ်ဦး၊ ကျွန်တော့်ကို စိတ်ချပါနော်၊ တကယ်လို့ တိမ်ဦး နေတဲ့နေရာကို သူများတွေကို ပြောလို့ရပြီ ဆိုရင်တော့ ကျွန်တော့်ကိုလည်း အသိပေးပါနော်"

"ဩော် ... သူများတွေကိုတောင် ပြောပြီဆိုမှတော့ လင်းရှင်ကိုလည်း မပြောဘဲ နေပါ့မလား"

"သူများတွေအပေါ်ထားတဲ့ ယုံကြည်စိတ်ချမှုမျိုးလောက် ကျွန်တော့်ကို မပေးမှာစိုးလို့ပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဟင် … လင်းရှင် စကားကြီးကလည်း၊ လင်းရှင်အပေါ် တိမ်ဦးက မယုံကြည်မှု စိတ်မချမှု နည်းနည်းကလေးတောင် မရှိပါဘူး၊ အဲသလို ဖြစ်စရာရော ဘာအကြောင်းများ ရှိလို့လဲ"

"မသိဘူးဗျာ၊ ကျွန်တော့်ဘာသာ စိုးရိမ်စိတ် ဖြစ်နေတာပါ ဒါဆို ကျွန်တော့်ကို တိမ်ဦး နောက်မတွေ့ဘဲ မဆုံဘဲလည် ရှောင်နေမှာ မဟုတ်ဘူးပေါ့၊ ကျွန်တော် ဥက္ကာဆီတော ဖုန်းဆက်ဆက် မေးဖြစ်ပါတယ်၊ တိမ်ဦး အိမ်မှာမနေတော့ တာလည်း သိတော့ သိပါတယ်၊ ဘယ်မှာနေတယ် သ တောင်မသိဘူးဆိုတော့ ကျွန်တော်လည်း ဘယ်လိုက်လိ လိုက်ရှာရမယ် မသိနဲ့ ထုတ်လုပ်ရေး တိုက်ရှေ့တော ကျွန်တော် မကြာခဏ ကားနဲ့ဖြတ်ပြီး တိမ်ဦးကို မတော တဆတွေ့နိုး ဆုံနိုးတော့ ရှာပါတယ်၊ မတွေ့တော့ ဘာ ဆက်လုပ်ရမလဲ မသိဘူး ဖြစ်နေတာ၊ ဒီနေ့ညတော တော်တော် စိတ်ချမ်းသာသွားပြီဗျာ"

တိမ်ဦးသည် မီးမှိတ်ထား၍ အမှောင်ထု ကြီးစိုးန သော သူ့အိပ်ခန်းလေးထဲ ခုတင်ပေါ် မတ်မတ်လေးထိုင်နေရ က တစ်ယောက်တည်း ကြည်ကြည်နူးနူးလေး ပြုံးနေမိပါသည်

"ညနေကရော တိမ်ဦး ကျွန်တော့်ကို မတွေ့ဘူးလားဟင်

"ရှင်"

တိမ်ဦး ရုတ်တရက် ဘယ်လိုဖြေရမယ် မသိ တကယ်တော့ မြင်တယ်ပေါ့။ အတိအလင်းသာ လှည့်မကြည့်ပြ





အောင် ထိန်းခဲ့ပေမယ့် မသိသာအောင်တော့ ခိုးကြည့်ခဲ့မိသည်။ လင်းရှင်နဲ့ မျက်နှာချင်းဆိုင်မှာ ခေတ်ဆန်ဆန် အမျိုးသမီးလတ် တစ်ယောက် အတူထိုင်ကာ ရွှန်းရွှန်းဝေဝေ စကားတွေ ပြောနေတဲ့ မြင်ကွင်းကို ခုထိတောင် မျက်စိထဲက မထွက်ခဲ့သေး။

သူ့ကို လင်းရှင် တွေ့တယ်ဆိုတာကိုလည်း တိမ်ဦး သိသည်။ လင်းရှင်လည်း တိမ်ဦးတို့စားပွဲဘက်ကို ဖျတ်ခနဲ ဖျတ် ခနဲ ကြည့်တတ်တယ်ဆိုတာ ယု ပြောပြနေလို့ တိမ်ဦး သိနေခဲ့ သည်။ တွေ့ရက်သားနဲ့ လင်းရှင် ဘာကြောင့် လာမနှုတ်ဆက် သလဲကလည်း တွေးစရာပင်။ ပုံမှန်ဆိုရင် သူ ဒီလောက်ရှာဖွေ နေပါတယ်ဆိုတဲ့ တိမ်ဦးကို အမှတ်မထင် မတော်တဆ တွေ့လိုက် ရတယ်ဆို သူ အပြေးလာခေါ်သင့်တာ မဟုတ်လား။

"ညနေက စားသောက်ဆိုင်မှာလေ၊ ကျွန်တော့်ကို မယု တွေ့ပါတယ်၊ မယု တွေ့မှန်း ကျွန်တော် သိပါတယ်၊ တိမ်ဦး တကယ်မတွေ့တာလားဟင်"

"အမ်း : : … ဆိုင်ထဲမှာ လင်းရှင် ရှိတယ်ဆိုတာ ယုက အပြန်ကားပေါ်ကျမှ ပြောတယ်"

တိမ်ဦးက နှစ်ဦးစလုံးအတွက် ဆုတ်သာ တက်သာ ရှိတာ ကျဉ်းထဲကျပ်ထဲ မရောက်မယ့် အခြေအနေတစ်ခုအတွက် မျက်စိမှိတ် ညာလိုက်ပါသည်။

"သြော် … မယုက မပြောတာကိုး၊ မယုက ကျွန်တော့် ကို သဘောကျပုံ မရဘူးဆိုတာ ကျွန်တော် သိပါတယ်လေ၊ ဟိုးအရင်တွေ တစ်ခါတစ်ရံ အမှတ်တမဲ့ ဆုံကြရင်လည်း



www.burmeseclassic.com

www.burmeseclassic.com



မယုက ကျွန်တော့်ကို ခပ်တည်တည်ပဲ၊ ဘာပဲဖြစ်ဖြစ်ပါ
လေ၊ မယုက တိမ်ဦးအတွက် သူငယ်ချင်းကောင်းပါ"

"လင်းရှင်က တိမ်ဦးတို့ကို တွေ့ရဲ့သားနဲ့ ဘာလို့လာ
နှုတ်ဆက်တာလဲ"

"အင်း ... ကျွန်တော် ဧည့်သည်ပါလို့ပါ"

"ဘယ်က ဧည့်သည်လဲဟင်၊ အမျိုးသမီးတစ်ယောက်ပ
တယ်လို့ ယု ပြောတယ်"

"အဲဒါ အလုပ်သဘောအရ ဆက်စပ်မှုရှိတဲ့ အမျိုးသမီး
တစ်ယောက်ပါ၊ အစ်ကိုကြီးတို့ မမမိုးတို့နဲ့ လုပ်ငန်း
သဘာဝအရ ပတ်သက်နေတဲ့သူ တစ်ယောက်ပါ"

အလုပ်သဘော ဆက်ဆံရတယ်ပဲဖြစ်ဖြစ် ဘာဖြ
ဖြစ် တိမ်ဦးကို လာမနှုတ်ဆက်တဲ့ လင်းရှင်ရဲ့အပြုအမူအတွ
ဒါဟာ နိုင်လုံတဲ့ဆင်ခြေ မဟုတ်ပါ။ လင်းရှင်စကားဟာ မပြ
စုံလို့ တိမ်ဦး ထင်သည်။ တစ်ခုခုတော့ ချန်ထားတယ်လို့ န
လည်သည်။ ဘာကို ဘာအတွက် ဘာကြောင့် အပြည့်အစုံမပြေ
ဘဲ ချန်ထားရတာလဲ၊ တိမ်ဦး မပြောတတ်ပေမယ့် ကိုယ့်စိတ်
မှာ ဖြစ်နေတဲ့ ခိုးလိုးခုလုကိုတော့ တိမ်ဦး ခံစားရသည်။

အဲဒီခံစားချက်ဟာ လင်းရှင်ကို မိန်းမတစ်ယော
နှင့် တရင်းတနှီး အတူတွဲပြီး တွေ့လိုက်ရတဲ့အတွက် သဝန်
ခြင်း ခံစားချက်ပဲ ဖြစ်လိမ့်မည် ထင်သည်။

♥ ○ ♥





"နင့်ကို ငါ ခေါ်သားပဲ၊ နင်မှ မလိုက်လာတာကိုး"

"ငါ ဒီနေ့ အရမ်းအလုပ်များတယ်လေ၊ ပုံနှိပ်တိုက်မှာ အပ်တဲ့စက္ကူအမျိုးအစားနဲ့ ရိုက်မိတဲ့စက္ကူ အလွဲဖြစ်နေတာ သွားဖြေရှင်းရတယ်၊ မြောက်ဥက္ကလာဘက်မှာ ငါဝယ်ထားတဲ့မြေကွက် အရောင်းအဝယ်ကိစ္စကလည်း မသွားမဖြစ်လေ၊ အခု ပြန်သာလာတယ် အရောင်းအဝယ်လည်း မဖြစ်ခဲ့ပါဘူးဟာ၊ နင်က Beauty Spa တစ်ခု ဖွင့်ပွဲဆိုတော့ ငါလည်း သိပ်စိတ်မဝင်စားလှတာရော၊ အလုပ်တွေနဲ့ရော၊ ခုမှ ပြန်ရောက်တာ ကြည့်လေဟာ၊ အဲဒီမှာ ဘာတွေ ထူးခြားတာ ဖြစ်လို့လဲ"

"ဖွင့်ပွဲနေ့လေ၊ ဒီနေ့လာတဲ့ ကပ်စ်တမ်မာတွေကို အားလုံး 30 % ဒစ်စကောင့်နဲ့ လုပ်ပေးမယ်ဆိုလို့ သက်သာမှာပဲဆိုပြီး သွားတာ၊ ဂျာနယ်တွေ သတင်းစာတွေ အကြီးအကျယ် ကြော်ငြာနေတာလည်း နှစ်လလောက်ရှိပြီလေ၊ ငါလည်း မသွားခင် ဆံပင်ကောက်ချင် ပေါင်းချင်သေးလို့လေ၊ ဆိုင်ကြီးကတော့ ရှယ်ပဲ၊ ခြံထဲမှာ အဆောက်အအုံလေးကလည်း ချစ်စရာ၊ အထဲက ဒက်ကရေးရှင်းတွေကလည်း ..."

"ဘာများထူးခြားလဲလို့ မေးတာလေ၊ နင့်ဟာက ဘာထူးလို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



ယုက စိတ်မရှည်သလို ပြောတဲ့ တိမ်ဦးရဲ့မျက်နှာ နား နီးကပ်အောင် စားပွဲပေါ် လက်တင်လိုက်ကာ ခေါင်းကိုရှေ့ တိုးလိုက်ရင်းက ...

"လင်းရှင်လေ ... လင်းရှင်၊ ကဲ ... သူဆိုရင် ထူးပြီလား"

တိမ်ဦးက ယုကို မျက်စောင်းလေးတစ်ချက် ရွယ် လိုက်သော်လည်း စိတ်ထဲမှာတော့ သိချင်စိတ် လျှမ်းလျှမ်းထလာ သည်။ အလှပြုပြင်ရေးဆိုင်သစ်ကို သူက ဘာကြောင့် ရောက် လာရတာတဲ့လဲ။

"နင်တွေ့တဲ့နေ့ကမှ သူတို့ပုံစံက တော်သေးတယ်၊ ဒီနေ့ တော့ ပြောမနေနဲ့၊ အရမ်းကို ရင်းနှီးနေတာ၊ ဒီမိန်းမက အပျိုပုံတော့ မပေါက်ပါဘူးဟာ၊ သူ့ပုံစံက အိမ်ထောင် သည်တစ်ယောက် ပုံစံလို့ပဲ ငါထင်တယ်၊ အရမ်းလည်း ရဲတင်းတယ်၊ ဟိုတစ်နေ့က နင်လည်းတွေ့လိုက်သားပဲ"

"အဲဒီမိန်းမလား"

"အင်းလေ"

"သူက ဆိုင်မှာ အလှလာပြုပြင်တာ၊ လင်းရှင်က လိုက် လာတာလား ... ဟုတ်လား"

"ဟင့်အင်း ... မဟုတ်ဘူး"

"ဒါဖြင့် ဘာလဲ"

"အဲဒါ ... အဲဒီမိန်းမရဲ့ဆိုင်၊ သူဖွင့်တဲ့ဆိုင် ဖြစ်နေတယ် ပိုင်ရှင်က သူ ..."





တိမ်ဦး မျက်နှာလေးက တစ်မျိုးလေး တွေဝေသွား သည်။

"ပြောပါဦး၊ သူက ဒီမိန်းမနဲ့ ဘယ်လိုပတ်သက်နေတာလဲ၊ ဘာဖြစ်လို့ တတွဲတွဲ ဖြစ်နေရတာလဲ"

"ငါတို့ နှစ်ခါပဲ တွေ့သေးတာပါ"

"သြော် ... တိမ်ဦးရယ်၊ ဒီလောက် ရက်တိုတိုလေးအတွင်း မှာ နှစ်ခါထပ်တွေ့တာလေ"

"သူ့ဆရာနဲ့ လုပ်ငန်းသဘောအရ ပတ်သက်ဆက်စပ်နေ တဲ့သူလို့ ပြောတယ်၊ သူနဲ့လည်း အလုပ်ကိစ္စတွေနဲ့ ဆက် ဆံရင်းက ရင်းနှီးနေတာ ဖြစ်နိုင်တယ်လေ ... ယု ..."

တိမ်ဦး လွှတ်ခနဲ ဖြေရှင်းလိုက်မိလျှင် ယုက မျက်ခုံး ပင့်သွားကာ ...

"နင် ဒီကြားထဲ သူနဲ့တွေ့တယ်ပေါ့၊ လင်းရှင်နဲ့ စကား ပြောဖြစ်တယ်ပေါ့"

"........"

"ဟုတ်လား ... နင် သူနဲ့ပါ အဆက်အသွယ် ဖြတ်ထား တာ မဟုတ်လား"

"ဟိုတစ်နေ့ညက ဖုန်းပြောဖြစ်တာပါ"

"သြော် ... သူ့ဖုန်းကို နင် ကိုင်လိုက်ပြီပေါ့"

တကယ်တော့ တိမ်ဦးကတောင် စ,ဆက်လိုက်တာ ... တိမ်ဦး ယုကို မပြောရဲပါ။ ယုက တိမ်ဦးကို စူးစိုက်ကာ ... တော်ကြည့်ရှုနေပါသည်။ ယုရဲ့ထွင်းဖောက်သော အဖြေရှာ...



www.burmeseclassic.com

www.burmeseclassic.com



အကြည့်ကို တိမ်ဦးက ရင်မဆိုင်ဘဲ မျက်နှာလေးလွှဲထားသည်။ ယုသည် လင်းရှင်ကို ဘာကြောင့်မုန်းမသိ တစ်စုံတစ်ရာ ဘဝင်မကျစိတ်က လေးနက်လှသည်။ ခုလို တိမ်ဦးက သူ့ရှေ့မှာအပြစ်ရှိသလို မလုံမလဲ မျက်နှာလေး ဖြစ်နေတဲ့အခါ ယု စိတ်မကောင်းဖြစ်ရလေသည်။

ယုကိုယ်တိုင်လည်း ချစ်သူရှိပါသည်။ ယုရဲ့ချစ်သူကိုနောင်က စင်ကာပူမှာ အလုပ်လုပ်နေသည်။ လက်ထပ်ကြဖို့ကို သူတို့မသတ်မှတ်သေးပါ။ လက်မထပ်မီမှာ ကိုယ့်အနေအထားလေးကို တည်ဆောက်ချင်ကြသေးတဲ့ ဆန္ဒညီတာကြောင့်ပင်။ တိမ်ဦးသည်လည်း ချစ်ခွင့်ရှိတဲ့ မိန်းမတစ်ယောက်ပဲ။ လူတစ်ယောက်အပေါ် တိမ်းညွှတ်သံယောဇဉ်ဖြစ်နေမိတာအပေါ် အပြစ်မကင်းသလို ခံစားနေတဲ့ သူငယ်ချင်းကို ယု သနားကရုဏာသက်လာသည်။

"တိမ်ဦး၊ နင် အပြစ်မရှိပါဘူးဟာ၊ နင် ဒီလို မခံစားပါနဲ့။ ငါက အပြစ်တင်နေတာလည်း မဟုတ်ပါဘူး သူငယ်ချင်းရယ်၊ ငါလေ နင်ပျော်နေတာ နင့်ဘဝသာယာနေတာ နင့်အစစ အဆင်ပြေနေတာပဲ ငါတွေ့ချင်တာ၊ နင့်ကို နောက်တစ်ခါ ထပ်မမှားစေချင်တာပါ၊ နင် မှားသွားမှာ စိုးမိနေတာပါ"

တိမ်ဦး မျက်ရည်ရစ်လည်မိပါသည်။

♥ ○ ♥



# ၁၈

ခြံထဲမှာပဲ အစ်ကိုကြီးကိုတွေ့ရသည်။ ညနေစောင်းမို့ နေရိပ်မှာ စားပွဲလေးချကာ ဝိုင်းဖွဲ့နေကြပုံပေါ်သည်။ ဘလူးလေဘယ်လ်ဖောက်လက်စတစ်လုံး တင်ထားတဲ့ စားပွဲဘေးဝိုင်း ပတ်ထားတဲ့ ခုံကလေးတွေမှာ ထိုင်နေသူက အစ်ကိုကြီးရယ်၊ အစ်ကိုကြီးရဲ့ညာလက်ရုံးကို စောနောင်ရယ်၊ မမမိုးရယ်။ ကျန်တဲ့တပည့်သုံးလေးယောက်ကတော့ ခုံတွေမှာ မထိုင်ဘဲ မိုးတိုးမတ်တတ်။

လင်းရှင် လျှောက်လာတာကို အရက်ဖန်ခွက်ကိုင်ရင်း စိုက်ကြည့်နေတဲ့ အစ်ကိုကြီးကို မျက်လုံးချင်း ရင်မဆိုင်ဘဲ မြေပြင်ကိုပဲ စိုက်ကြည့်ရင်း လျှောက်လာခဲ့ပါသည်။ စားပွဲနားရောက်လျှင် လင်းရှင်က ခြေလှမ်းရပ်လိုက်သည်။ ထိုင်နေတဲ့ သုံးယောက်ထဲမှာ သူ့လောက်အဆင့် မပါဝင်၍ သူလည်းမထိုင်ဘဲ ငြိမ်သာရပ်နေလိုက်ပါသည်။

"ဘာလဲဟေ့ကောင်၊ မင်းက ခေါ်မှပဲ လာတတ်တော့တာလား"



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ပါဘူး အစ်ကိုကြီး"

ဆောက်နဲ့ထွင်းသလို ဆီးပြောလိုက်တဲ့ စကားက လေသံတင်း၍ လင်းရှင်က မပွင့်တပွင့် ပြန်ဖြေသည်။

"ဘာမဟုတ်တာလဲ"

"ဟိုတလောက ခရီးနှစ်ရက်လွှတ်ပြီး အစ်ကိုကြီးက မင်း ခဏငြိမ်နေဦးဆိုလို့ပါ၊ မလိုအပ်ဘဲ အဝင်အထွက်တွေ သိပ်မလုပ်ကြနဲ့ဦး ဆိုလို့"

"အဝင်အထွက် မလုပ်လည်း ဖုန်းလောက်တော့ဆက်၊ အသံလောက်တော့ ပေးဦးပေါ့ကွ၊ ဒီလောက်ပျောက်နေတော့ ဆွဲအစိပဲ ခံလိုက်ရပြီလား စုံစမ်းရတာ အလုပ်ပိုသေးတယ်"

"အစ်ကိုကြီးလည်း ခုတလော အိမ်မှာပဲ ခဏနေလိုက်ဦးမယ်ဆိုလို့ ကျွန်တော်က လုပ်စရာရှိရင်တော့ အစ်ကိုကြီး လှမ်းခေါ်မှာပဲလို့ တွေးပြီး မဆက်မိတာပါ"

"အေးပေါ့ကွာ၊ အခုလို ပြောတော့လည်း ဆင်ခြေချည်းပဲပေါ့၊ မင်း ဒီကြားထဲ ဘာတွေလုပ်နေလဲ"

"ကျွန်တော် နေ့တိုင်းတောင် အပြင်မထွက်ဖြစ်ပါဘူး။ တစ်ခါတလေလောက်ပဲ၊ အိမ်မှာပဲ ရှိနေတာ များပါတယ်"

"အဲဒါ ကောင်းတယ်၊ နည်းနည်း ဂရုစိုက်နေလိုက်ဦး၊ တောင်ကြီးမှာ အိုက်ခင်ကို ဆွဲသွားတာ မင်း သိတယ် မဟုတ်လား"





"မသိဘူး အစ်ကိုကြီး"

"အေး ... ဘာမှမသိနဲ့၊ အလကားနေ ကိုယ့်အလုပ်နဲ့ကိုယ် လုံခြုံရေးအာရုံမစိုက်ဘဲ ဖွန်ကိစ္စ ကြောင်ဖို့ပဲ မင်း တွေးနေလား ဟုတ်လား"

လင်းရှင်က အစ်ကိုကြီးကို ဖျတ်ခနဲ တစ်ချက်မျက်လွှာလှန် ကြည့်လိုက်ပါသည်။

"မင်း '. . .'တစ်ပွေနဲ့ ဇာတ်လမ်းရှိနေတာ ငါမသိဘူး ထင်နေတာလား"

"မထင်ပါဘူး၊ ဇာတ်လမ်းလည်း မရှိပါဘူး အစ်ကိုကြီး၊ မိတ်ဆွေသဘော ခင်မင်နေတာပဲ ရှိပါတယ်"

"ဘာဇာတ်လမ်း မရှိရမှာလဲ၊ တစ်နေ့ကပဲ မင်း ဗီဒီယို ရှုတင်တစ်ခုကို ရောက်နေတာ ငါ သိတယ်နော်၊ အဲဒီကောင်မလေးရဲ့မောင် ရိုက်နေတဲ့ ဗီဒီယိုမဟုတ်လား၊ မင်းတို့ကို အသိုင်းအဝိုင်းတစ်ခုထဲ ထဲထဲဝင်ဝင် သွားမဝင်ပါနဲ့လို့ ငါမှာထားရက်နဲ့၊ ကိုယ့်ပတ်ဝန်းကျင်နဲ့ကိုယ် နေစမ်း လင်းရှင်၊ နောက်က အငြိတွေ ပါလာမယ်၊ မီးနိုးကြွက်လျှောက်တွေ ဖြစ်ကုန်မယ်၊ မင်း နားမလည်ဘူးလား"

"အစ်ကိုကြီးက ကျွန်တော့်နောက်ကို ရှုဒိုးချထားတာပေါ့"

"ဟေ့ကောင်"

တစ်နေ့က ဥက္ကာပါဝင်တဲ့ ဗီဒီယိုတစ်ကားရဲ့ရှုတင် ... သူ ရောက်ခဲ့တာ အမှန်ပင်။ သူ့မောင်လေးရဲ့ ရှုတင်ကို ...မိဦး တစ်နေ့တစ်ကြိမ်တော့ မဖြစ်မနေ ရောက်လာမှာသိလို့



www.burmeseclassic.com

www.burmeseclassic.com



သွားစောင့်ဖြစ်တာပါ။ တိမ်ဦးကိုတင်မက တိမ်ဦးရဲ့မောင် ဗီဒီယို ရိုက်တာအထိပါ အတိအကျ စုံစမ်းသိရှိနေတာကို လင်းရှင် မ ကြိုက်။ အစ်ကိုကြီးက သူ့ဘက်ကို ဓာတ်ရှပ်လာမှာ စိုးရိမ်ပေမယ့် လင်းရှင်ကတော့ တိမ်ဦးတို့မောင်နှမဘက် အစ်ကိုကြီးလူတွေ ဓာတ်ရှပ်သွားမှာမျိုးကို ပိုစိုးရိမ်သွားမိပါသည်။

"ငါနဲ့ပတ်သက်နေသမျှ လူတွေအားလုံးကို ငါစောင့်မကြည့် တာ တစ်ကောင်မှ မရှိဘူး၊ မင်းတစ်ယောက်တည်းကို ငါ လိုက်ကြည့်နေတာ မဟုတ်ဘူး၊ လူစေ့တက်စေ့ကို ကြည့် ရတာ"

"သူတို့မောင်နှမနဲ့ ကျွန်တော် ရိုးရိုးသားသား ခင်နေတာ ပါ"

"ရိုးရိုးသားသား ခင်တာက ဘာအထူးကိစ္စမှ မရှိဘဲ ဒီ ကောင်မလေးကိုတွေ့ဖို့ လူရှုပ်ရှုပ်နေရာမှာ သွားထိုင်စောင့် နေဖို့ လိုသလား၊ တော်စမ်းပါ လင်းရှင်ရာ"

"အစ်ကိုကြီး ... ကျွန်တော့်မှာလည်း ကျွန်တော့် personal life ဆိုတာလေးတော့ ရှိပါသေးတယ်"

လင်းရှင် အသံက မသိမသာ တုန်သွားပါသည်။

"အေး ... မင်း Personal life က ငါတို့ဘက်ကို ဘာ ပြဿနာမှ ရောက်မလာဘူးဆိုရင် ပြီးတာပဲလေ၊ နည်းနည်း လာငြိရင်တော့ မင်းရဲ့ Personal life ထဲက သက်ဆိုင်သူ တွေပဲ ပြဿနာတက်မှာ ဆိုတာလေးတော့ မင်းခေါင်းထဲ ထည့်ထားရင် ပြီးတာပဲ"





ခုံတစ်ခုမှာထိုင်ကာ သူ့လက်သည်းလေးတွေကို ဘ်စည်းဖော့တံလေးနှင့် ပွတ်တိုက်ညှိနေတဲ့ မမိုးက အစ်ကိုကြီး ကို တစ်ချက် မော့ကြည့်လိုက်ကာ ...

"ကဲ ... အစ်ကိုကြီးကတော့ ကလေးကို ခရီးရောက်မဆိုက် ဆီးပြီး ဆူနေတော့ပြီ၊ တစ်ခါတည်း ထိုင်တောင်မထိုင်ရ ဘဲ အဆူတန်းခံနေရတယ်၊ ခိုင်းစရာရှိရင်လည်း ခိုင်းပေါ့၊ ဒါတွေလည်း သူ နားလည်ပါတယ်"

အစ်ကိုကြီးက လင်းရှင်ကို ဝင်ကယ်နေတဲ့ သူ့မိန်းမ ကို တစ်ချက်စွေကြည့်ရင်း ...

"ကဲ ... ကဲ ... ဟော့ကောင် ... ထိုင်ဦး"

လင်းရှင်က ခုံတစ်ခုကို လေးတိလေးကန်ဆွဲကာ ထိုင်ချလိုက်ပါသည်။ ကိုဇောနောင်က ပုလင်းမ,ကာ လင်းရှင်ကို ထည့်မလားဆိုတဲ့ အရိပ်အယောင်ပြလျှင် လင်းရှင်က ခေါင်းခါ ယက်ကာပြီး ငြင်းလိုက်ပါသည်။

"နောက်တစ်ခု ရှိသေးတယ်၊ နောက်ထပ်ဓာတ်လမ်းအရှုပ် တစ်ခု၊ ဒီတစ်ခုကမှ တကယ့်အရှုပ်ထုပ်၊ မင်း ဘာတွေ လုပ်နေတာလဲ လင်းရှင် ... ဟင်၊ ပြောရင်းနဲ့ ငါ နားရင်း အုပ်ချင်စိတ်တောင် ပေါက်လာပြန်ပြီ"

"ဘာလုပ်လို့လဲ အစ်ကိုကြီး"

"ဘာလုပ်ရမလဲ၊ မှုယာခင် ဆိုတဲ့ မိန်းမကို မင်း ဘာမှတ် လို့ သွားပလူးနေတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"မမူယာ ဟိုတစ်နေ့က သူ့ဖြူတီစပါး ဖွင့်ပွဲလုပ်တာ ဒီကောင်သွားသေးတာ၊ အဲဒါကမှ တကယ့်ဇာတ်လမ်းထင်တယ် အစ်ကိုကြီး ... ဟစ် ဟစ်"

"ဟာ ... ကိုစောနောင်ကလည်း ဆေးဝင်ထိုးနေပြန်ပြီဗျာ၊ ပြဿနာပဲ၊ သူနဲ့က ဒီလိုပဲ အမှတ်မထင် သွားရင်း လာရင်း သိကျွမ်းသွားတာနဲ့ သူကလည်း သူ့ဆိုင်ဖွင့်ပွဲဖိတ်လို့ သွားတယ် ဆိုရုံလေး သွားတာပါ"

"ဘာသွားတယ်ဆိုရုံလဲ၊ သွားကော သွားစရာလား၊ သူ ဘာလဲ မင်းသိလား"

"ဗျာ"

"တောက် ... ဒီကောင်ကွာ၊ အူကြောင်ကြောင်နဲ့ ငါ့ကို အသည်းယားအောင် လုပ်နေတယ်၊ ကဲ ... ကဲ ... အလုပ်ကိစ္စ ပြောမယ်၊ မြို့ထဲမှာ '......'လမ်း၊ '......'တည်းခိုခန်းကို မင်း ဒီညဘက်သွား၊ ကျော်ကျော်ခေါ်သွား၊ အဲ... အယူလုပ်ခဲ့၊ မိုး အိမ်ပေါ်မှာ ပိုက်ဆံသွားယူစမ်း၊ ရော့ ... ဗီရိုသော့၊ ပိုက်ဆံထည့်ထားတဲ့ အိတ်အနီရောင် ယူခဲ့"

မမမိုးက အစ်ကိုကြီးပစ်ပေးလိုက်တဲ့ ဗီရိုသော့ကို လှမ်းဖမ်းယူလိုက်ပြီး ဘာမှမပြောဘဲ အိမ်ဖက်ကို ထွက်သွားပါသည်။ အစ်ကိုကြီးက သူ့မိန်းမ ခပ်လှမ်းလှမ်းရောက်အောင် လိုက်ကြည့်နေပြီးမှ ...





"ဟော့ကောင် လင်းရှင်၊ မင်း အဲဒီ မူယာခင်ကို မင်းမမမိုး ပြောလို့ သိတာမဟုတ်လား"

"ဗျာ"

"ဗျာ၊မနေနဲ့၊ မင်းကို မိုးက တစ်ခုခုခိုင်းထားတယ် မဟုတ်လား၊ ငါ့ကို အပိုတွေ လှည့်ပတ်ပြောဖို့ ကြိုးစားနဲ့၊ ငါ အကုန်သိတယ်၊ ငါ့မိန်းမအကြောင်း ငါသိတယ်၊ ဒီအမျိုးသမီးကို ငါကိုယ်တိုင် နောက်ကြောင်းမကြိုက်လို့ ခွာထုတ်တဲ့ အချိန်မို့လို့ မင်း သက်သာသွားတယ်မှတ် လင်းရှင်၊ မင်း မမမိုး ခိုင်းတိုင်း လျှောက်လျှောက်လုပ်မနေနဲ့၊ အလုပ်သဘောထဲမှာ မိန်းမတွေ အူတိုတာတွေ ရစ်ပတ်ဝင်ရှုပ်လာရင် အလုပ်မဖြစ်တော့ဘူး၊ အကြီးအကျယ် ပြဿနာဆိုတာ မင်း မှတ်ထား ...

မူယာခင်ကို ငါ အခု စိတ်လည်းမဝင်စားဘူး၊ လာထပ်နွှယ်မှာတောင် ရှောင်ရတဲ့ အခြေအနေ၊ ဒါကြောင့် မင်းကို ငါ ပြဿနာမရှာ အပြစ်မပေးတော့ဘူး လင်းရှင်၊ ဒါပေမဲ့ မင်းလည်းနောက်ဆုတ်၊ မင်းဒုက္ခရောက်သွားမယ်၊ စောစောစီးစီး နောက်ဆုတ်၊ မင်းကနေတစ်ဆင့် ငါတို့ပါ ပြဿနာတက်လာတာမျိုးတော့ ငါ အပြစ်မခံဘူး၊ ရှင်းတယ် နော်"

"ဟုတ်ကဲ့"

"အေး ... ပြီးရော၊ ကျော်ကျော် ... လာဦး"



www.burmeseclassic.com

www.burmeseclassic.com



ကျော်ကျော်က အနားကပ်လာပါသည်။

"မင်းနဲ့ လင်းရှင် သွားလိုက်၊ မင်းက တရုတ်စကားတတ်လို့ မင်းကို ထည့်လိုက်တာ၊ မင်းက စကားပြောပေး ပြန်ပေးရုံပဲ၊ လင်းရှင် ဦးဆောင်လိမ့်မယ်၊ လင်းရှင် ... မင်း ပစ္စည်းသေချာစစ်လိုက်၊ ဈေးလည်းကြည့်ဖြတ်၊ ကိုကျော်နိုင် တစ်ခါခံရပြီးပြီ၊ ဒါပေမဲ့ အခုလာတဲ့လူကတော့ အမှန် အကန်ပါ၊ လူရည်သန့်ပါ၊ ဘာမှတော့ ပြဿနာမရှိပါဘူး"

လင်းရှင် သက်ပြင်းကိုတိုတ်ရှိုက်ရင်း ခေါင်းညိတ်လိုက်ပါသည်။

♥ ○ ♥

တိမ်ဦးက ကားကို နေရိပ်ထဲ ထိုးရပ်ရင်း ကားပေါ်က ဆင်းသည်။ နာရီတစ်ချက် ကြည့်လိုက်ပါသည်။ မိနစ်နှစ်ဆယ် လောက် လိုနေပါသေးသည်။ လက်လေးနှစ်ဖက် နောက်ပစ်ကာ ကုက္ကိုပင်ကြီးရဲ့ အမြစ်ဆုံနား လျှောက်လာခဲ့စဉ် ...

"တိမ်ဦး"

"ဟင် ... လင်းရှင်"

တိမ်ဦး မျက်နှာကလေး ဝင်းပသွားပါသည်။ သူ့ကိုတွေ့လို့ ပြုံးလိုက်တဲ့ ထိုဝင်းပသော အပြုံးလေးကို လင်းရှင် မြတ်နိုးလှသည်။

"နေမကောင်းဘူးလား လင်းရှင်၊ အင်္ကျီလက်ရှည်ကြီးနဲ့"





"ကျွန်တော်က ရှပ်အင်္ကျီလက်ရှည်ပဲ အမြဲဝတ်တတ်တာလေ တိမ်ဦးရဲ့"

"အင်း ... တိမ်ဦး သတိထားမိပါတယ်၊ ဒါပေမဲ့ အခုက တော့ နေပူနေလို့ အိုက်လည်း အိုက်နေလို့လေ၊ အဲဒါကြောင့် နေမကောင်းဘူးလား မေးမိတာ"

"အကျင့်ပါနေပါပြီ တိမ်ဦးရဲ့၊ တိမ်ဦးကို ကြည့်ရတာ တော့ အေးမြနေတာပဲ"

ဖြူပါးသော ချည်ထည်အင်္ကျီလက်ပြတ် ခါးကျော်ရုံ ...ကလေးနှင့် ချည်သားအဖြူခံပေါ် အပြာနုအပွင့်သေး ကျဲကျဲ ...သေးတွေ လုံချည်လေး ဝတ်ထားတဲ့ တိမ်ဦးသဏ္ဍာန်က ...မှန်ပင် ပေါ့ပါးအေးမြနေသည်။ တိမ်ဦးက လင်းရှင် စကား ကြောင့် ချစ်စဖွယ် ပြုံးနေပါသည်။

"ဘယ်ကလာတာလဲ တိမ်ဦး"

ခုပဲ ဥက္ကာရှုတင်က ထွက်လာတာ၊ ဒီနေ့ ရှုတင်နောက် ဆုံးရက်လေ၊ ဒီကားလေး မဆိုးပါဘူး၊ ဥက္ကာလည်း တော်တော်လေး နေရာရပြီး ဒါရိုက်တာကလည်း သေချာ သင်တော့ ကားလေး ကောင်းမှာပဲ၊ ဥက္ကာတောင် တော် တော်တိုးတက်လာပြီ၊ ဟိုးရှေ့က ထွက်ထားတဲ့ သုံးကား လည်း သူ့ကို လူတွေ သဘောကျတယ်၊ လက်ခံကြတယ် လေ၊ ဒီကြားထဲ ကားအထွက် မရှိဘဲ နှစ်လသုံးလပြတ်နေ တယ်၊ နောက်ဆို သူ့ကိုဆက်တိုက်ရိုက်သွားမှ ဖြစ်မယ်"



www.burmeseclassic.com

www.burmeseclassic.com



တိမ်ဦးက သူ စိတ်ဝင်စားသော အကြောင်းအရာနှင့် သူချစ်တဲ့မောင်လေးအကြောင်း ပြောနေရ၍ စကားတွေသွက်သွက်လက်လက်နှင့် မျက်နှာကလေးလည်း ကြည်လန်းနေသည်။ တိမ်ဦးကို သူ ဤသို့ပင် မြင်ချင်သည်။ တိမ်ဦး မျက်နှာကလေး နွမ်းမှုန်လျှင် သူ့ရင်တွင်ပါ မဆီမဆိုင် လ,ငပုပ်ဖမ်းသကဲ့သို့ ညစ်မှောင်ရပါသည်။

"ဒီနေ့မနက် ယု သွားပြီလေ၊ လေဆိပ်ပို့ရင်း လူက နည်းနည်း ဝမ်းနည်းအားငယ်သလိုလည်း ဖြစ်နေမိတယ်၊ မျက်သွယ်နဲ့ မတွေ့တာလည်း တစ်ပတ်လောက် ရှိပြီဆိုတော့ ကျောင်းအဆင်း လာတွေ့တာ"

"သြော် ... မျက်သွယ် လာကြိုတာပေါ့"

"ကြိုတော့ မကြိုဘူး၊ မေမေ လာကြိုလိမ့်မယ်၊ ခဏတဖြုတ်ပေါ့၊ တွေ့ရုံသက်သက်ပါပဲ၊ အိမ်ကိုမှ သွားမတွေ့ချင်တာ အင် ... လင်းရှင်ရော ... ဘာလာလုပ်တာလဲ"

"ကျွန်တော်က တစ်ချက်ခုတ် နှစ်ချက်ပြတ်"

"အင် ... ဘယ်လို နှစ်ချက်လဲ"

"ဒီကျောင်းမှာ မျက်သွယ်တက်တာလည်း ကျွန်တော်သိတော့ ဒီကိုလာရင် တိမ်ဦးနဲ့ တွေ့နိုင်တယ်လို့လည်း ကျွန်တော် မျှော်လင့်တယ်၊ တိမ်ဦး တစ်ခါတလေ ကျောင်းဆင်းချိန် ဒီကိုရောက်တာ စကားတွေထဲ အမှတ်မထင် ကြားဖူးတယ်လေ"





တိမ်ဦးက အပြုံးလေးနှင့် ...

"နောက်တစ်ချက်ကရော ..."

"နောက်တစ်ချက်က ကျွန်တော်လည်း ကျွန်တော့်သား လာတွေ့တာပေါ့"

"ဟင် ... သား ! "

လင်းရှင်က တိမ်ဦးရဲ့ အံ့သြတကြီး မျက်လုံးလေးတွေကို ကြည့်ပြုံးရင်း ...

"ကျွန်တော်လည်း မွေးစားသား ဝမ်းမနာသား ရှိတယ်လေ၊ အဟင်း ဟင်း"

"ဟုတ်လား ..."

"ကျွန်တော်တို့နေတဲ့လမ်းရဲ့ ဟိုးဘက်ထိပ်မှာ ပြောင်းဖူးပြုတ်ရောင်းတဲ့ အစ်မကြီးတစ်ယောက်ရှိတယ် တိမ်ဦးရဲ့၊ ယောကျ်ားလည်း မရှိတော့ဘူး၊ ဦးနှောက်အကြိတ်ကင်ဆာနဲ့ ဆုံးသွားတာ ခြောက်နှစ်လောက်ရှိပြီ၊ ကလေးကသုံးယောက်၊ အကြီးဆုံးချာတိတ်လေးတောင် ဆယ့်လေးနှစ်လောက်ရှိပြီ၊ အဲဒီ အကြီးကောင်လေးကိုတော့ ခြောက်တန်းကတည်းက ကျောင်းထုတ်ပြီး လက်ဖက်ရည်ဆိုင်တစ်ခုမှာ တောက်တိုမယ်ရ စားပွဲထိုးပေါ့ အလုပ်သွင်းထားတယ်"

"သြော် ..."

"အလတ်မလေးကိုကျတော့ သူ့ညီမမိသားစုအိမ် ပို့ထားတယ်၊ ဟိုက နည်းနည်းပို အဆင်ပြေလို့ ထင်တယ်၊ ဒီ



www.burmeseclassic.com

www.burmeseclassic.com



အငယ်ဆုံးကောင်လေးက အခု လေးတန်းလေ၊ ချာတိတ်လေးက စာတော်တယ်၊ နှစ်တိုင်း ဆုတွေ ဘာတွေယူရတယ်၊ အတန်းထဲလည်း အဆင့်တစ် အမြဲပဲတဲ့၊ ကျွန်တော် သေချာမေးကြည့်တာ တကယ် ဟုတ်တယ်ဗျ၊ အဲဒီ အစ်မကြီးက သူကိုယ်တိုင်လည်း ကျန်းမာရေးက မကောင်းလှတော့ ဒီနှစ် ကျောင်းဖွင့်စမှာ ဒီအငယ်ကောင်လေးကို ကျောင်းထုတ်တော့မယ် လုပ်တာ"

"ဪ ..."

"အကြီးကောင်လေးလိုပဲ ဆိုင်တစ်ဆိုင် သွင်းလိုက်မယ်ပေါ့၊ အလုပ်လုပ်တော့ဆိုပြီး"

"ဪ ... သနားပါတယ်နော်"

"အဲဒါ ကျွန်တော်က တောင်းတောင်းပန်ပန်နဲ့ ကျောင်းဆက်ထားခိုင်းထားတာ၊ ကျောင်းကိစ္စနဲ့ ပတ်သက်သမျှ ကျောင်းအပ်တာကနေစပြီး လိုအပ်သမျှ အားလုံး ကျွန်တော် ကူပါ့မယ်ဆိုပြီး ဇွတ်ကျောင်းဆက်ထားခိုင်းရတာ၊ ကလေးကလည်း တက်ချင်တယ်၊ စာအုပ်ခဲတံ ရေဘူးထမင်းဘူးကစပြီး ကျောင်းက ဘာကောက်ကောက် ထည့်တာရော မုန့်ဖိုး တစ်နေ့ငါးရာပေးတာကအစ၊ အစအဆုံး ကျွန်တော် တာဝန်ယူထားတဲ့ ကလေးလေ"

"ဟယ် ... ကောင်းလိုက်တာ လင်းရှင်ရယ်၊ အလှူပေါ့၊ ကုသိုလ်တွေရမှာ"





"ကုသိုလ်တွေ မလိုချင်ပါဘူး တိမ်ဦးရယ်"

"ဟင် ... လင်းရှင်ကလည်း"

"ဒီကလေးက ဒီအတိုင်း စာတော် စာကြိုးစားသွားရင် ဆယ်တန်းတွေ ဘာတွေ အောင်တဲ့အခါ ဆရာဝန်ကြီး တစ်ယောက်လည်း ဖြစ်နိုင်တယ်၊ တက္ကသိုလ်က ပါမောက္ခကြီးလည်း ဖြစ်လာနိုင်တယ်၊ အင်ဂျင်နီယာကြီးလည်းဖြစ်နိုင်တယ်၊ ဘာမဆို ဖြစ်လာနိုင်တယ် မဟုတ်လား တိမ်ဦး၊ သူ့ကိုကြီးရင် ဘာလုပ်ချင်လဲမေးတော့ သူ ဆရာဝန်ဖြစ်ချင်တယ်လို့ ပြောတယ်ဗျ"

အနည်းငယ် ညို့ပျက်သွားသော လင်းရှင် မျက်နှာကို တိမ်ဦးက ငေးကြည့်နေမိသည်။ လင်းရှင် စကားတွေနောက်ကွယ်မှာ လေးနက်နင့်သိပ်တဲ့ ခံစားချက် ပါနေသည်။

လင်းရှင်က တိမ်ဦးကို စေ့စေ့စိုက်စိုက် ကြည့်လိုက်ပါသည်။

"ကျွန်တော်က ဆေးကျောင်း တတိယနှစ်မှာ ကျောင်းထုတ်ခံခဲ့ရတယ် တိမ်ဦး"

"ဟင်"

တိမ်ဦး မျက်ခုံးလေးများက ပင့်တက်သွားရသည်။ လင်းရှင်ကို တအံ့တသြ ငေးကြည့်နေမိရင်းက ...

"ဘာ ... ဘာဖြစ်လို့လဲဟင်"

လင်းရှင်က စိတ်မကောင်း ဖြစ်သွားသလို မျက်နှာ ညှိုင်းသွားပါသည်။ မျက်လွှာကို အောက်ချကာ သူဝတ်ထားတဲ့



www.burmeseclassic.com

www.burmeseclassic.com



စကက်ချာရှူးဖိနပ်ထိပ်ဦးနှင့် မြေပြင်ကို တို့ကာ တို့ကာ တစ် တစ်ရာ အားယူနေဟန်ပင်။

"လင်းရှင် မပြောချင်ရင် မပြောပါနဲ့လေ၊ တိမ်ဦး စိတ် မကောင်းပါဘူး"

"ဆေးချလို့ ဆေးမှုနဲ့မိလို့ ကျွန်တော် ခဏအချုပ်ခံရပြီး တော့ နောက်တော့ ကျောင်းပါ ထုတ်ခံရတယ်"

တိမ်ဦးသည် "ဩော်"လို့ပင် မရေရွတ်မိတော့ အံ့အားတသင့် ဝမ်းပန်းတနည်းသာ ငေးကြည့်နေမိလေသည် ဒီစကားကြောင့် စိတ်ထဲမှာ မနှစ်မမြို့ ဖြစ်သွားရမည့်အစား အထူးပင် ကြင်နာသနား ကရုဏာသက်သွားမိခဲ့သည်။

"နောက် ... ကျွန်တော် မပြင်ဘူး၊ ကျွန်တော်က ဆိုးတယ် နောက်ဆုံး မေမေက ကျွန်တော့်ကို အိမ်ကနှင်ချလိုက်တယ် လေ၊ သားအဖြစ်နဲ့လည်း မမှတ်ဘူး၊ စွန့်လွှတ်တယ် ပြတ်တယ်လို့ ပြောလိုက်တယ်"

"အခုရော ... လင်းရှင်အမေဆီ ပြန်ဆက်သွယ် ဝင်ထွက် ပြီလား"

"အခုလည်း ပြတ်နေတုန်းပါပဲ"

"အို ... လင်းရှင်ကလည်း၊ အမေနဲ့ ပြတ်နေရမယ်လို့ အမေက စိတ်ဆိုးတုန်း စိတ်နာတုန်း ခဏပြတ်သလို တာပေါ့၊ နောက်တော့ ကိုယ့်အမှားကိုပြင်ပြီးရင် ကိုယ် သားဆိုတော့ အိမ်ပေါ်ကို ကိုယ်ကအရင် ပြန်တက်ရ ပေါ့၊ တောင်းပန်ရမှာပေါ့"





"ကျွန်တော့်အမေက စိတ်ကြီးတယ်ဗျ၊ ထားပါတော့ဗျာ၊ အဲဒါကြောင့် ကျွန်တော့်မှာ ပညာရေးဆုံးခန်းမတိုင်ခဲ့တဲ့ ဗီလင်ရှိတယ်ဗျာ၊ နောက်ပြီး ဒီချာတိတ်လေးက ဆရာဝန် ဖြစ်ချင်တယ် ပြောတာ၊ ရင်ထဲမှာ တကယ်ထိတယ်၊ ဒါကြောင့် ကလေးကို ပြောထားတယ်၊ တကယ်ကြိုးစား ရင် တောက်လျှောက် ကျွန်တော် ကျောင်းထားပေးမယ်လို့ ဆယ်တန်းအထိတင် မကဘူး၊ ဆယ်တန်းအောင်လို့ ဆေး ကျောင်းများဝင်ရင် ဆရာဝန်ဖြစ်တဲ့အထိ ထောက်ပံ့မယ် ကျောင်းထားပေးမယ်လို့ ကျွန်တော် ကတိပေးထားတယ် လေ၊ အဟင်း ... အဲဒါကြောင့် မွေးစားသားလို့ ..."

သူတို့စကားလက်စကို ကျောင်းဆင်းဘဲလ်သံက ဖြတ်တောက်လိုက်ပါသည်။ လှုပ်လှုပ်ရှားရှားနှင့် ကျောင်းဝင်းထဲ ထွက်လာကြတဲ့ ကလေးတွေကိုကြည့်ရင်း တိမ်ဦးရင်ထဲဝယ် ညာရေးဒါန အလှူထောက်ပံ့နေတဲ့ လင်းရှင် အပေါ် နှစ်လိုလေး းစိတ်ကလေးက နွေးထွေးစွာ ကိန်းအောင်းနေလေသည်။

ဒီလိုလူဝစ်ယောက်ကို ဘာကြောင့်များ ပါပါတို့ တို့က မကြည်မဖြူ မနှစ်မသက် ရှိကြပါလိမ့်။ တကယ်တော့ ဟာ ကရုဏာသက်စရာ လူတစ်ယောက်ရယ်ပါ။

"ပွမ် ... ပွမ်"

ကားဟွန်းသံကျယ်ကြီး နှစ်ချက်ကြောင့် ကျောင်း င်းဘဲခါးဝမှာ ရပ်နေကြတဲ့ မိဘတွေ လှည့်ကြည့်လိုက်ကြပါ



www.burmeseclassic.com

www.burmeseclassic.com



သည်။ တိမ်ဦးလည်း လှည့်ကြည့်လိုက်မိကာ ကားကို မြင်မြင်ချင်းပင် ရင်ထဲ ထိတ်ခနဲ ဖြစ်သွားရပါသည်။ ပါပါ ဘာကြောင့်ရောက်လာတာလဲ။ အမြဲတမ်း မျက်သွယ်ကို မေမေ့ဒရိုင်ဘာနှင့် မေမေ လာကြိုနေကျပဲဟာ။ အင်မတန်ကိုမှ ထူးထူးခြားခြားဖြစ်စဉ်နှင့် ပါပါ လာကြိုတာ။

တိမ်ဦးကိုလည်း ပါပါက မြင်သွားပါသည်။ ဘီအမ်ဒဗလျူကားအနက်ကြီး နောက်ခန်းမှာ ထိုင်လိုက်လာသော ပါပါက တိမ်ဦးကိုအပြင် နံဘေးက လင်းရှင်ကိုပါ မြင်သွားကာ မျက်နှာချက်ချင်းပင် ခက်မာလာပါသည်။ တိမ်ဦး စိတ်ထဲ နောက်ကျိရှုပ်ထွေး ယိုင်းမှိုင်းသွားရခိုက်တွင် မမျှော်လင့်ဘဲ ပါပါက ကားတံခါးဖွင့်ကာ ကားပေါ်မှ ဆင်းလာလေသည်။

ခြေလှမ်းကျဲ ဒေါ်ကြီးမော်ကြီးနှင့် တိမ်ဦးအနားကပ်လာကာ ...

BURMESE CLASSIC .com

"ကားပေါ် သွားထိုင်နေစမ်း"

"ပါပါ"

ပါပါ့အသံက ကျယ်လောင်လှတယ်တော့ မဟုတ်ပေမယ့် နှစ်ကိုယ်ကြား ကျိတ်ပြောသံမျိုးလည်း မဟုတ်။ နဂိုကိုက အောင်တဲ့သူမို့ တိုးတိုးကျိတ်ကျိတ် ကပ်ကပ်နီးနီး ရပ်နေကြတဲ့ ပတ်ချာလည်က မိဘတွေ လေး,ငါးဆယ်ယောက်တော့ ကြားသာနိုင်သည်။

"ကားပေါ်သွားထိုင်လို့ ပြောနေတယ်"





"ပါပါ ... တိမ်ဦး မျက်သွယ်ကို တွေ့ချင်လို့ လာတာပါ"

"ကားပေါ်သွားနေ"

အသံက ပိုရှိတင်းမာ ခက်ထန်လာတာမို့ တိမ်ဦးသည် နီမြန်းသော ခံပြင်းသော မျက်နှာကလေးနှင့် လင်းရှင်ကို ရှတ်ခနဲ တစ်ချက်လေးသာ ကြည့်လိုက်မိကာ ပါပါ့ကားဆီသို့ လျှောက်လာခဲ့ပါသည်။

ကားနောက်ခန်းထဲ ဝင်ထိုင်နေရင်း နှုတ်ခမ်းလေး တင်းတင်းစေ့ကာ မျက်ရည်ရစ်ဝိုင်း လာရပါသည်။ မှန်မည်းမည်းများမှ ထွင်းဖောက်မြင်နေရတဲ့ လင်းရှင်ကို လှမ်းကြည့်နေမိသည်။ လင်းရှင်က လက်ပိုက်ကာ ရပ်နေသည်။ မလှမ်းမကမ်းလေးမှာပဲ ပါပါကလည်း လက်ကိုပိုက်ကာ လင်းရှင်ကို မကြည်မလင်တစ်ချက်တစ်ချက် လှမ်းကြည့်နေပါသည်။

ကျောင်းဝင်းထဲက တဖွဲဖွဲထွက်လာတဲ့ ကလေးတွေကြားထဲက မျက်သွယ်ကို လက်လှမ်းဆွဲကာ ပါပါက ကားဆီပြန်လှည့်လာသည်။ မျက်သွယ်ကို နောက်ခန်းထဲ ဝင်စေလိုက်ပြီး ပါပါက ရှေ့ခန်းမှာ ဝင်ထိုင်လိုက်ပါသည်။ တကယ်တော့ ပါပါသည် မြေးဦးလေး မျက်သွယ်ကို သိသိသာသာ ချစ်မှန်းကတော့ အပြင် ပေါ်လွင်ပါသည်။ ခုလို အကြောင်းတစ်ခုခုနှင့် မေမေလာမကြိုနိုင်တဲ့အခါ ဒရိုင်ဘာနှင့်ကား ဒါမှမဟုတ်အိမ်က အကူတစ်ယောက်ယောက် ထည့်ပေးလိုက်ရုံနှင့် ပြီးပါလျက် ပါပါ မဖြစ်မနေ လာကြိုပေးသည်မှာ ဒီမြေးကို သူ ဂရုစိုက်တဲ့ သဘောပါ။



www.burmeseclassic.com

www.burmeseclassic.com



တစ်သက်လုံး ပါပါ့သမီး လုပ်နေတာမို့ သားသမီ
တွေကို ပါပါ ဘယ်လိုဆက်ဆံခဲ့လဲ ကိုယ်တိုင် သိနေတာပင်
မေမေ တစ်ယောက်နှင့် ဖူလုံနေ၍ ပါပါက တတပ်တစ်အား ဂ
စိုက် အရောဝင်ခြင်းမျိုးဆိုတာ အင်မတန် ရှားပါးပါသည်။ မျ
သွယ်ကိုကျတော့ ပါပါ စိတ်ထဲကကျိတ်ကာ ချစ်တာ မြတ်နိုးတ
ဂရုစိုက်တာ သိသိသာသာပါ။

သို့ပေမဲ့ မျက်သွယ်ကိုတော့ ခပ်တင်းတင်းချစ်ကာ
မျက်သွယ်ကို မွေးထုတ်ခဲ့တဲ့ ပါပါ့သမီးရင်း တိမ်ဦးကိုကျတော့
အချစ်ကိုပင် မပြတော့တဲ့အပြင် မုန်းတီးနေသလိုပါ ဆက်ဆံခဲ့တာ
တိမ်ဦးကြောင့် ပါပါ အရှက်တကွဲ မျက်နှာငယ်ခဲ့ရတာတွေရှိ
တာ တိမ်ဦး နားလည်ပါသည်။ ဒါပေမဲ့ မျက်သွယ် ရှစ်နှစ်ရှိတဲ့
အထိတောင် မပြေနိုင်အောင် အငြိုးကြီးပြ ဦးချိုးပြထားတာကို
မခံစားနိုင်ပါ။

"တက် ... ကားပေါ်"

ပါပါက မျက်သွယ်ကို နောက်ခန်းထဲ ခပ်မာမာတ
ခိုင်းလိုက်ရင်း သူက ရှေ့ခန်းသွားဝင်ထိုင်လိုက်ကာ တံခါးကို
ဂုန်းခနဲ ပိတ်လိုက်ပါသည်။

"မောင်းတော့"

"ပါပါ ... တိမ်ဦး ဆင်းရဦးမယ်လေ"

"မောင်းလို့ ပြောနေတယ်လေကွာ"

ဒရိုင်ဘာကြီးက စက်နှိုး၍ ထွက်လိုက်သည်။





"ဦးအုန်း ... ရပ်ပါ ... အခု ..."

တိမ်ဦးက မျက်သွယ်လေးကို ဝေစ်ချက်မျှသာ လှည့်
ကြည့်ကာ သူ့ဘက်ကတံခါးကို ဖွင့်လိုက်တာမို့ ဒရိုင်ဘာကကား
ကို တုံ့ရပ်လိုက်ရပါသည်။

"ဟော့ကောင် ... မင်းက ဘာဖြစ်လို့ ရပ်ရတာလဲ၊ တိမ်ဦး
နင် ဘယ်လိုဖြစ်နေလဲ"

"တိမ်ဦး ဘာဖြစ်လို့လဲ၊ တိမ်ဦး ပါပါနဲ့လာတာမှ မဟုတ်
တာ၊ ကိုယ့်ဘာသာလာတာ ကိုယ့်ဘာသာ ပြန်မှာပေါ့"

"ဘာ ...၊ တောက် ... ငါ လုပ်လိုက်ရင်တော့ နင်နာ
တော့မယ်နော် တိမ်ဦး၊ ငါ့ကားပေါ်ကဆင်းပြီး ဟိုအကောင်
ကားပေါ်တက်သွားဦးမယ်၊ ဟုတ်လား၊ အတူတူပြန်ဦး
မယ် ဟုတ်လား၊ နင် ဘာလို့ အဖေကိုတောင် ဒီလောက်
မရှက်မကြောက် ပြောရဲရတာလဲ၊ တောက် ... တယ်လေ"

"ပါပါ"

တိမ်ဦး အသံက တုန်ခတ်ကာ မျက်ရည်တွေက
ရင်ခွဲရာက လျှံကျလာသည်။

"ဘာလို့ တိမ်ဦးက သူနဲ့ပြန်ရမှာလဲ၊ သူနဲ့တူတူ လာတာ
လည်း မဟုတ်ဘူး၊ တိမ်ဦးဘာသာ မျက်သွယ်ကို တွေ့
ချင်လို့ သက်သက်လာတာ၊ သူ့ဘာသာ ဒီမှာရှိနေတာ၊
တိမ်ဦး ဘာတတ်နိုင်မှာလဲ၊ တွေ့လို့မှ နှုတ်မဆက်ရလောက်
အောင်အထိတော့ သူလည်း တိမ်ဦးရန်သူ မဟုတ်ဘူး၊



www.burmeseclassic.com

www.burmeseclassic.com



စကားပြောရုံ ပြောနေတာ၊ တိမ်ဦးကားနဲ့ တိမ်ဦးလာတာ ဟိုအပင်အောက်မှာကား၊ ပါပါ ကြည့်ပါဦးလား၊ ကြည် ပြီးမှ သေချာမှ အပြစ်ပြောပါလား ပါပါ"

"အောင်မာ ... နင် ငါ့ကိုသင်ကြားစရာ မလိုဘူး၊ ဒါနဲ ရင် ဆင်း အခု"

တိမ်ဦးက မဆင်းခင် မျက်ရည်သုတ်ရင်း မျက်သွယ ဘက် ဝမ်းနည်းစွာ ငဲ့ကြည့်ပြီး နှစ်သိမ့်ပြုံးလေး ပြုံးပြသည်။ နှ လွှတ်ပါ သမီးရယ်၊ သမီးရှေ့မှာ ဘယ်တော့မှ ဂုဏ်မတက်စေဘ အမြဲရှုန်းရင်းဆန်ခတ် ပြဿနာသည် ဖြစ်နေရတဲ့ မေဦးကို နှ လွှတ်ပါ၊ အားနာပါတယ်။ ဝမ်းနည်းပါတယ် သမီးရယ်။

တိမ်ဦးက ကားပေါ်က ဆင်းလိုက်ပါသည်။ ကာ ဘက်လည်း လှည့်မကြည့်၊ ကျောင်းတံခါးဝရှေ့က လူအုပ်ဘက် လည်း လှည့်မကြည့်၊ ကားရပ်ထားရာ ကုက္ကိုပင်ကြီးအနီး ခေါင်းကိုငုံ့ အံကိုကြိတ်၍ ခပ်သွက်သွက် လျှောက်လာခဲ့ပါသည် လင်းရှင်ရှေ့မှောက်မှာ ပါပါ၏ ဖိနှိပ်မောင်းမဲ ဆက်ဆံမှု အကြ ကြိမ် ခံယူနေရခြင်းကို ရှက်စွံ့ ရွံမုန်းနေလှပါပြီ။

♥○♥



## ၁၀

ဥက္ကာက ကားပေါ်က ဆင်းကာ ကားသော့ခတ် ခဲ့ ...

"ဥက္ကာ"

"ဟာ ... ကိုလင်း"

ဥက္ကာက ကိုးရိုးကားရား ရှိုးတိုးရှန့်တန့် ဖြစ်သွား သည်။ အစ်မဖြစ်သူ တိမ်ဦး ဒီဖြန့်ချိရေးတိုက်ရဲ့ အပေါ်ထပ် နေတယ်ဆိုတာ သိထားပြီးကတည်းက ဥက္ကာက နှစ်ရက်ခြား ရက်ခြား တစ်ခါလောက် လာပါသည်။ တစ်ခါတစ်ရံလည်း ယ်နေ့ခင်းဘက် ရောက်တတ်ကာ ဒီနေ့တော့ ရှုတင်က ဝင်လာလိုက်တာဖြစ်၍ ခြောက်နာရီခွဲ ခုနစ်နာရီလောက် နေပြီ။

ရှုတင်ကို မေမေက ဖုန်းလှမ်းဆက်ကာ ...

"မင်းအစ်မ နေ့လယ်က မင်းပါပါနဲ့ ပြဿနာတက်သေး တယ်၊ ထုံးစံအတိုင်း လူကြားသူကြားထဲ အော်ခဲ့တာမျိုး



www.burmeseclassic.com

www.burmeseclassic.com



ပေါ့၊ မင်းအစ်မ ဝမ်းနည်းအားငယ်နေဦးမယ်၊ အပြန်ကျ
အချိန်ရရင် တစ်ချက်လောက် ဝင်အားပေး ချော့မော့လိုက်
ဦး"

ဒါကြောင့် အိမ်မပြန်ခင် ဒီကိုတန်းလာခဲ့တာ။ နေ့
လယ်က တွေ့ထားပြီးပေမယ့် သူ့ဆီက ထွက်သွားပြီးမှ ပါပါနှင့်
တွေ့ကာ အအော်ခံရတာမို့ မေမေ့စကားအတိုင်း ခဏဝင်ခဲ့တာ
ဒီနေ့ တနင်္လာနေ့ဖြစ်၍ ဖြန့်ချိရေးတိုက်ကလည်း ပိတ်သည်။
အခန်းရှေ့က သံတံခါးကြီးက ပိတ်ထားပါသည်။ ဘေးလှေကား
က တက်ရမည်။

"ဥက္ကာ ဘယ်ကိုလာတာလဲ"

"ဗျာ ... ဟို ..."

ဥက္ကာက မင်းသားပေါက်စရင့်မကြီးဖြစ်၍ မျက်နှာ
ကို မှင်သေသေနှင့်ပင် ...

"ကျွန်တော် ဒီနားက သူငယ်ချင်းတစ်ယောက်ဆီ"

သူ ဒီတိုက်ခန်းမှာပဲ နေနေကြောင်း တိမ်ဦး ပြော
ပြဘူးန်းက တွေ့ကရာလူတွေ မပြောဖို့၊ ပါပါ့ကိုလည်း မပြော
လင်းရှင်ကိုလည်း မပြောဖို့ မှာထားသည်။ နာမည်တောင်တပ်က
သေချာမှာထားတာမို့ လင်းရှင်ကို ပြောလို့မဖြစ်ပါ။

"ကိုလင်းရော ... ဘယ်လာတာလဲ"

"ကိုယ်လား ... ဒီနားပါပဲ ဥက္ကာရာ၊ မင်းသူငယ်ချင်းတိုက်
က ဘယ်တိုက်လဲ"

"အား ... အဲဒါက ..."





ဥက္ကာသည် အူကြောင်ကြောင်နှင့် ဘယ်ဆီလက်ညှိုး
ညွှန်ပြရမလဲမသိ မပိမရိ ဖြစ်သွားရပါသည်။ လင်းရှင်က တစ်
ချက် ပြုံးလိုက်ရင်း ...

"မင်း ငါ့ကို ညာပြောနေတာပဲ ဥက္ကာ"

"အာ ... ဘာလို့ညာရမှာလဲဗျ၊ ကိုလင်းကလည်း"

"မင်း ... မင်းအစ်မ တိမ်ဦးဆီ လာတာ မဟုတ်ဘူးလား"

"မဟုတ်ပါဘူး ... အဟဲ၊ ဒီအချိန် သူ့အလုပ်တိုက်လည်း
ပိတ်ပြီပေါ့ဗျ၊ ပြီးတော့ ဒီနေ့က ပိတ်ရက်ကြီး၊ ဟိုမှာလေ
သံတံခါးကြီး ပိတ်ထားပြီ"

"ဥက္ကာ ... ဒီတိုက်ခန်းမှာပဲ တိမ်ဦး နေတာမဟုတ်လား"

"ဗျာ"

"နေ့လယ်က တိမ်ဦး ကားနောက်က ငါပါလာတယ်၊
အဲဒီကတည်းက သူ ဒီတိုက်ခန်းထဲပဲဝင်ပြီး တံခါးပိတ်သွား
တာ ပြန်ထွက်မလာတော့တာ ခုထိပဲ၊ တံခါးကို ဒီလို
အသေပိတ်သွားပြီဆိုတော့ သူ ဒီမှာပဲနေလို့ပေါ့၊ တိမ်ဦး
ဒီမှာနေမှန်း မင်းသိပါတယ်ကွာ၊ မင်း အခုလည်း တိမ်ဦး
ဆီပဲလာတာ မဟုတ်လား"

ဥက္ကာက မျက်မှောင်ကုတ်လိုက်ရင်း ...

"နေပါဦး ကိုလင်းရ၊ ခင်ဗျားက မမနောက်က လိုက်ကြည့်
ပြီး ခုချိန်ထိ ဘာကိစ္စနဲ့ တိုက်ရဲ့မျက်စောင်းထိုးကနေ
စောင့်နေရတာလဲ၊ တမေ့တမော၊ နေ့လယ်က ကျောင်း
ကတည်းက လိုက်လာတာပေါ့ ... ဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



"ဩော် ... ကျောင်းမှာတွေ့တာ မင်း သိတာလား"

"သိတာပေါ့၊ ခင်ဗျားနဲ့ တွဲတွေ့လို့ ပါပါက မမကို ပြဿနာရှာတာလဲ မေမေပြောလို့ သိပြီးပြီ၊ နေ့လယ်က မမ အအော်ခံလိုက်ရတယ်ဆိုလို့ အခု ရှုတင်က အပြန် အားပေးဖို့ လာခဲ့တာ၊ ဖားသားကြီးက ခင်ဗျားနဲ့ပတ်သက်ရင် ရှော့ရှိတယ်၊ အားတော့နာတယ်၊ ခင်ဗျားကို ဖားသားကြီးက မကြိုက်ဘူးဗျ၊ သိပ်လည်း အရေးတကြီးမရှိရင် မမနား ရှိရှိမနေပါနဲ့လားဗျာ"

လင်းရှင်က ဥက္ကာကို စိုက်ကြည့်နေရာမှ မျက်နှာကို ဖြည်းညင်းစွာ လွှဲလိုက်ပါသည်။

"မင်းတို့ပါပါက ငါ့ဆရာနဲ့ ပြဿနာရှိဖူးလို့ပါ၊ သူတို့ ဘာသာ စီးပွားရေးကိစ္စတစ်ခု ငြိဖူးတာနဲ့ပဲ ငါ့ကို ဘာဖြစ်လို့ ကြည့်မရတာလဲ"

"ဟာ ... ကိုလင်း ဘော့စ်နဲ့ စီးပွားရေးငြိဖူးတယ်ဆိုရင် တော့ သူ့တပည့်တွေ ဝန်ထမ်းတွေကိုပါ မကြည်တော့ဘူး ပေါ့၊ ဘာထူးဆန်းလဲ ကိုလင်းရာ"

"အဲလို သဘောထားရင်တော့ မပြောတတ်တော့ဘူးကွာ ငါကတော့ ဘာမှမဆိုင်ဘူး ထင်တာပဲ၊ ပြီးတော့ ငါက တိမ်ဦးကို မိတ်ဆွေကောင်းလို ပေါင်းနေတဲ့ကောင်ပါ၊ တိမ်ဦး အကျိုးမဲ့ရာ ပျက်စီးကြောင်း ဘာမှမလုပ်ခဲ့ဖူးပါ ဘူး၊ ဘာဒုက္ခ ဘာအနှောင့်အယှက်မှလဲ မပေးဖူးပါဘူး ညီလေးရာ"





"အင်း ... အဲဒါတော့ ဟုတ်ပါတယ်၊ ဒါပေမဲ့ ပါပါက လည်း သူ့စိတ်နဲ့သူ့ကိုယ် သူ့သဘော သူဆောင်တာ မတတ်နိုင်ဘူးလေဗျာ၊ ကိုလင်းလည်း ကိုယ့်ဟာနဲ့ကိုယ် တစ်စုံတစ်ယောက်ပဲဗျာ အငြိုငြင်ခံ အပါးတင်ခံပြီးတော့ တော့ ဆက်ဆံမနေနဲ့တော့ပေါ့၊ ကိုယ့်အထာနဲ့ကိုယ် နေ လိုက်ပေါ့ဗျာ၊ နောက်ပြီး ... အခုဆိုရင် နေ့လယ်ကျောင်း ဆင်းချိန်ကနေ ခုချိန်ထိ ဒီရှေ့မှာ စောင့်နေတာကကော ဘာအဆင်လဲဗျာ၊ ခင်ဗျားကလည်း"

လင်းရှင်က ငိုင်၍တိတ်နေပါသည်။ ဥက္ကာသည် ကိုယ်တိုင်လည်း လူငယ်မို့ အနေအထား အဆင်အသွေးကို နားလည်သည်။ သူ့တစ်ယောက်ဟည်းစိတ်နှင့် ဆိုလျှင် အစ်မဖြစ်သူ တိမ်ဦးနှင့် လင်းရှင်တို့နှစ်ဦးကြား ဆက်ဆံရေး ဘယ်လိုပုံစံဖြစ် ပါစေ၊ မဟန့်တား မနှောင့်ယှက်လိုပါ။ လင်းရှင်ဟာ လူပျိုတစ် ယောက်လို့ သူ သိထားပြီး ကိုယ့်အစ်မဖြစ်သူကတော့ ကလေး တစ်ယောက်အမေလေး ဖြစ်နေသည် မဟုတ်လား။

ပြီးတော့ တစ်ဦးနှင့်တစ်ဦး ပေါင်းသင်းဆက်ဆံရေး မှာ ခိတ်နေစိတ်ထားက အဓိကအကျဆုံးလို့ ဥက္ကာက ယူဆလေ ရာ လင်းရှင်ကို စိတ်ထားကောင်းသူ ပေါင်းသင်းလို့ကောင်းသူ တစ်ယောက်အဖြစ် နှစ်လိုခင်မင်ရင်းစွဲလည်း ရှိလေသည်။ သို့ပေမဲ့ ပါပါက တော်တော်ကို မကြည်လင် မနှစ်မြို့တာ ဖြစ်တဲ့အတွက် သူတို့နှစ်ယောက် ခုထက်ရင်းနှီး နီးကပ်လေလေ တိမ်ဦးမှာ ပြဿနာအခက်အခဲများလေ ဖြစ်ပေလိမ့်မည် မဟုတ်လား။



www.burmeseclassic.com

www.burmeseclassic.com



"ဘာအတွက် စောင့်နေတာလဲ ကိုလင်း"

"အင်း ... ဘာမှတော့ မဟုတ်ပါဘူးကွာ၊ ငါ့အတွက် တိမ်ဦး အဆူပူ အမာန်မဲခံရပြီး စိတ်ညစ်စိတ်ဆင်းရဲသွား တော့ ငါလည်း စိတ်မကောင်းဘူးပေါ့ ဦးက္ကာရာ၊ ဘာလုပ် ရမှန်းမသိလို့ ဒီလိုပဲ ကားရပ်ပြီး ထိုင်နေမိတာပါ"

"ဘာမှအကျိုးမရှိတာကို ကိုလင်းကလည်းဗျာ"

"တိမ်ဦးများ တစ်ခုခု ထွက်ဝယ်ဖို့ပဲဖြစ်ဖြစ် ထွက်လာရင် တွေ့လို့ရအောင်ပါ"

"ထွက်လာမယ် မထင်တော့ဘူး ကိုလင်း၊ ပြီးတော့ဗျာ အားတော့နာပါတယ်၊ ဒီမှာ မမက တစ်ယောက်တည်းနေ ရတာ၊ ကျေးဇူးပြုပြီး မမအတွက် လူပြောစရာ သိက္ခာကျ စရာဖြစ်အောင်တော့ မဖြစ်စေချင်ဘူးဗျာ၊ မမကလည်း ညည်သည်အဝင်အထွက်ရှိဖို့ လိုလားပုံ မရဘူး၊ သူဘယ်မှာ နေနေလဲဆိုတာ လျှောက်မပြောဖို့ ပိတ်ထားတယ်၊ ကိုလင်း ကိုလည်း မပြောနဲ့ဆိုတာ သေချာဖွင့်ပြောပြီး ပိတ်ထားတာ ဗျ"

တစ်ညနေခင်းလုံးကနေ ညဘက်ရောက်တဲ့ထိ ဒီ ရှေ့ကားရပ်ပြီး ထိုင်နေတယ်ဆိုတဲ့ အပြုအမူရဲ့နောက်ကွယ်က ခံစားချက်ဟာ ပေါ့ပေါ့သေးသေးတော့ မဟုတ်လောက်၊ ဦးက္ကာ ခေါင်းတောင် နောက်လာသည်။ လင်းရှင်ကို သိပ်တော့မကြည် လင်သလို ခပ်စွေစွေ စိုက်ကြည့်နေမိပြီးမှ ကရုဏာ သက်သလို လည်း ဖြစ်လာသည်။





မမလည်းပဲ ကိုလင်းအပေါ် သံယောဇဉ်အတိုင်း အတာ တစ်ခုရှိတာ အသိသာကြီး မဟုတ်လား။ ဒီအသက်အရွယ် လေးနှင့် အတိတ်က အရိပ်မည်းကြောင့် သံယောဇဉ်မထား အဖော်မရှာရဲအောင် အထီးကျန်ကျန်လေးနှင့် အလုပ်သာ ကြိုးစား လုပ်နေတဲ့ မမကိုလည်း ဦးက္ကာက အများတန်းတူ ရင်ခုန်သံလေး နှင့် သိုင်းသိုင်းဝိုင်းဝိုင်း ပျော်ပျော်ရွှင်ရွှင် ရှိစေချင်သည်။

"ကဲ ... ကိုလင်း၊ ဘာလုပ်မှာလဲ"

"ကိုယ် ဘာလုပ်ရမှာလဲ၊ ဒီတိုင်းပဲ နေမှာပေါ့"

"ဘယ်အချိန်ထိ နေမှာလဲဗျ၊ မပြန်သေးဘူးလား"

"ပြန်တော့ ပြန်ရမှာပေါ့ကွာ"

"ကျွတ်"

ဦးက္ကာက ဖုန်းထုတ်ကာ မမဆီ ခေါ်လိုက်ပါသည်။

"ဦးက္ကာ ... ဘာလဲ မောင်လေး"

"အိမ်ရှေ့ရောက်နေလို့ မမ"

"ဟုတ်လား၊ တက်ခဲ့လေ ဦးက္ကာ"

"ဒီမှာ ကိုလင်းလည်း ရှိနေတယ်၊ တက်လာရမှာလား"

"ဟင် ... ဦးက္ကာ၊ နင် ဘယ်လိုလုပ်တာလဲ၊ သူ့ကိုလိပ်စာ တောင် မပြောပါနဲ့ဆိုမှ ဘာကိစ္စ နင်က သူ့ပါ ခေါ်လာ ရတာလဲ၊ နင်ကတော့ တကယ်ပဲ ... ပြောထားရက်သား နဲ့"

"ဦးက္ကာ ခေါ်လာတာမှ မဟုတ်တာ၊ သူ့ဟာသူ ရောက်နေ တာ၊ နေ့လယ်တည်းက မမကားနောက်က လိုက်လာတာ



www.burmeseclassic.com

www.burmeseclassic.com



တဲ့၊ အဲဒီကတည်းက ဗိုက်ခန်းရှေ့နား ကားရပ်ပြီး ထိုင်နေတာ ခုထိပဲတဲ့"

"ဟာ ... သူကလည်း ဘာမှန်းမသိဘူး"

ပါးစပ်က ညည်းညူလိုက်ပေမယ့် တိမ်ဦး ရင်တွေ တဒိန်းဒိန်း ခုန်ပေါက်သွားရပါသည်။ နေ့လယ်ကတည်းက စောင့်နေတာတဲ့လား။

"မမေက မမ နေ့လယ်က အအော်ခံရလို့ ဝင်တွေ့လိုက်ဦးဆိုလို့ ဥက္ကာက လာတာ၊ ဒီမှာ သူက ရှိနေတာ၊ အဲဒီတော့ ဘာလုပ်ရမှာလဲ၊ ဥက္ကာ တက်မလာတော့ဘဲ ဒီကပဲ လှည့်ပြန်ရမလား"

လင်းရှင်က ဥက္ကာ ဖုန်းပြောနေတာကို နားထောင်ရင်း နမူးလေးကုတ် ပြုံးနေမိသည်။

"သိပ်ခက်တာပဲဟာ၊ တကယ်ပဲ"

"ဘာမှ ခက်မနေနဲ့တော့၊ ဒီမှာ သူက မမအိမ်ကိုလည်း သိသွားနေပြီ၊ နောက်ကို တစ်ယောက်တည်းလာပြီး ဝင်ထွက်မနေနဲ့လို့လည်း ဥက္ကာ ပြောထားတယ်"

"ဟဲ့ ... နင်ကလည်း အခု သူ့ကို ဘေးထားပြီး ပြောနေတာလား"

"အင်းပေါ့"

"အာ ... တကယ်ပဲဟာ"

တိမ်ဦး စဉ်းစားရခက် ဖြေရခက်နေတာကို ကြည့်ရင်း ရင်ထဲကို တစ်စိတ်တစ်ဒေသ ရိပ်မိလာသည်။





"မထူးပါဘူး မမရာ၊ တက်ခဲ့လိုက်မယ်၊ ဥက္ကာ ဗိုက်ဆာတယ်၊ စားစရာ ဘာရှိလဲ"

"အင် ... ဟိုဟာ ... ခေါက်ဆွဲထုပ်ပဲ ရှိတယ်"

"ပြီးရော ... ဒါဆို တက်ခဲ့လိုက်မယ်"

ဥက္ကာက ဖုန်းပိတ်ပြီး လင်းရှင်ကို မျက်ခုံးတွန့်နှင့် လှည့်ကြည့်ကာ ...

"ကဲ ... ကဲ ... လာဗျာ၊ မထူးပါဘူး၊ တက်လိုက်ခဲ့တော့၊ ဒါပေမဲ့ ကိုလင်း တစ်ယောက်တည်း လာလာလည်မနေရဘူးနော်"

"အား ... စိတ်ချပါ ... စိတ်ချပါ ဥက္ကာ၊ ကျေးဇူးပဲ"

လင်းရှင် မျက်နှာက လန်းရွှင်သွားပါသည်။

♥ ○ ♥

"မင်းတို့နှစ်ယောက်လုံး သေချာနားထောင်ဦး"

ဦးသက်ခင်က ဇနီးသည်ကိုတစ်လှည့် သားဖြစ်သူကိုတစ်လှည့် ကြည့်ရင်း ...

"မအေဖြစ်တဲ့သူကလည်း ဘာတစ်လုံးမှ နားလည်တာ သိတာ မရှိဘဲနဲ့ သမီးကို အလကားနေရင်း သိပ် မဖိနှိပ်ပါနဲ့ပဲ ငါ့ကို အပြစ်တင်ဖို့ သိတယ်၊ တစ်ဆိတ်ရှိ တိမ်ဦးခင် ဘက်က ကာဆီး ကာဆီး ..."

"ဩော် ... ပါပါရယ်၊ တိမ်ဦးလည်းပဲ မှားခဲ့တုန်းကမှားခဲ့ဖူးပေမယ့် ခုတော့ သူလည်း သူ့အသက်အရွယ်လေးနဲ့သူ ..."



www.burmeseclassic.com

www.burmeseclassic.com



“တိတ်လိုက်စမ်းပါ၊ မင်း ဘာများသိလို့လဲ၊ လောကကြီး
မှာ ဘယ်သူ ဘယ်လိုလဲ၊ မင်းနားလည်တာ ဘာရှိလို့လဲ
တိမ်ဦးကို ငါ မျက်နှာသာ မပေးပေမယ့် ငါ့သမီးပဲ၊ ထင်
မှားမှာ စိုးရိမ်ပူပန်တဲ့သောက ငါ့မှာရှိတယ်၊ ဟိုကောင်
ဥက္ကာပါ တစ်ခါတည်း နားထောင်၊ ငါ မျက်စိမှိတ် ဖိနှိပ်
ချုပ်ချယ်နေတာ မဟုတ်ဘူး၊ မင်း အဲဒီ အလင်းရှင် ဆိုတဲ့
ကောင်ရဲ့ရာဇဝင် ဘာသိလဲ”

“ဗျာ ... ဟို ... ကိုလင်းက ကားတို့ ဘာတို့ အရောင်း
အဝယ်လုပ်တယ်၊ နောက် သူ့မှာ ဘာစီးပွားရေး အလုပ်
လည်း မသိဘူး ရှိတော့ ရှိသေးတယ်၊ စိတ်သဘောကောင်း
ပါတယ်၊ ပေါင်းလို့ သင်းလို့လည်း ကောင်းပါတယ်
ပါပါ၊ ဒါပဲသိပါတယ်”

“အေး ... မင်းဘာသာမင်း အေးအေးဆေးဆေး ကားရိုက်
နေ ဥက္ကာ၊ ဒီလောက်ပဲသိတဲ့ လူတစ်ယောက်ကို အစ်မနဲ့
မိတ်ဆက်ပေးတဲ့ ချီးဘရိန်းနဲ့ကောင်”

“အဲဒီကောင်လေးက ဘာဖြစ်နေလို့လဲ ပါပါရယ်၊ မကောင်း
ရင်တော့ ကျွန်မလည်း တိမ်ဦးကို နားချဖျောင်းဖျပေးမှာပေါ့”

“မင်းရဲ့ အိညှောင့် အိညှောင့် လေသံပျော့လေးလောက်
မင်းသမီး အလိမ္မာက လိုက်နာမယ် ထင်နေတာလား
ဒီကောင် ဆေးသမား၊ ငါ စုံစမ်းနေတာ တဖြည်းဖြည်း
သေချာနေပြီ၊ ဟိုတုန်းကတည်းက ဆေးသမား၊ မဆေး
တောင် မနိုင်လို့ နှင်ချလိုက်တာ၊ စွန့်လွှတ်ထားတာ၊ သူ





ဟာသူ ဘာစီးပွားရေးရှိရှိ၊ မင်းအစ်မကို မင်းက ဆေးသမား
နဲ့ ကြည်ဖြူတာလား”

“ဟင် ... ကိုလင်းက ! ဟုတ်ရဲ့လား ပါပါရယ်”

“တောက် ... မင်းတော့ကွာ၊ ငါ ရှည်ရှည်ဝေးဝေး မပြော
ချင်တော့ဘူး၊ မင်းလည်း ဒီကောင်နဲ့ အဆက်အသွယ်
အသွားအလာဖြတ်၊ ရပ်ပစ်တော့ ဥက္ကာ”

“ဒါဆိုသေချာရင် မမကိုလည်းပြောပြထားရမှာပေါ့ ပါပါ”

“ပြောပြလို့လည်း အကောင်းမြင် အကောင်းထင်မယ့်
သမီးမျိုးမှ မဟုတ်တာ၊ ခေါင်းကြောက ဒီလောက်မာတာ၊
သောက်ရွဲ့ကလည်း တိုက်တတ်သေးတာ၊ မင်းအစ်မလို
မိန်းမမျိုးက အလင်းရှင် ဆေးသမားဆိုတာ သိရင် လန့်
ကြောက်ပြီး နောက်ဆုတ်မလား၊ သူ့ရဲကောင်းမ လုပ်ပြီး
ဟိုသတ္တဝါ ဆေးပြတ်အောင်ဖြတ်ဖို့ ချော့မော့စည်းရုံးပြီး
ကူညီကယ်တင်ရှင် လုပ်မလား၊ ငါက ဇက်ဖြတ်ကြေးတောင်
လောင်းလိုက်ချင်သေးတယ်”

“ဒါဆို သူ မသိရင် ဆက်တွဲနေမှာပေါ့ ပါပါရဲ့၊ တစ်ခုခု
တော့ လုပ်မှဖြစ်မှာပေါ့၊ ရှင်ပြောတာ သေချာရင် သူတို့
အဆက်ပြတ်အောင် တစ်ခုခု လုပ်ရမယ်လေရှင့်”

“ငါ့ဟာငါ ကြည့်လုပ်မယ်၊ ဘာမှ ဝင်ပြောမနေနဲ့၊ အခု
ဟာက မင်းတို့သားအမိကပါ ငါ့ကို ဖအေလုပ်ပြီး သမီး
ကို နိုင့်ထက်စီးနင်း ဖိနှိပ်ပါတယ် ချုပ်ချယ်ပါတယ်
ကျိတ်အပြစ်မြင်နေလို့ ပြောပြတာ၊ ဒီကောင်လိုဟာမျိုးက



www.burmeseclassic.com

www.burmeseclassic.com



ထောင်ထဲရောက်နေရမယ့်ကောင်၊ ဒါဆိုရင် တိမ်ဦးနဲ့လည်း လမ်းစပြတ်၊ ပြီးရော၊ တစ်ချက်ခုတ် နှစ်ချက်ပြတ်”

ဥက္ကာရော၊ မိခင်ဖြစ်သူပါ ပါပါ့စကားကို အလန့်တကြားနှင့် ပါးစပ်လေးတွေ အဟောင်းသားဟကာ တစ်ယောက်မျက်နှာလည်း တစ်ယောက် ကြည့်မိကြသည်။ ဥက္ကာသည် အဲသလိုမျိုးတော့လည်း ကိုလင်းကို မဖြစ်စေချင်ပေ။ တကယ်လို့ ကိုလင်း သူ့ဟာသူ ဆေးသုံးစွဲတယ်ဆိုတဲ့ မကောင်းမှုကိုလုပ်လို့ သူ့အကြောင်းနဲ့သူ ပြစ်ဒဏ်ကျရင်တော့ စိတ်မကောင်းပေမယ့်လည်း မတတ်နိုင်ဘူးပေါ့။ ကိုလင်း အပြစ်ရမယ့်ကိစ္စဟာ ကိုယ့်အဖေကြောင့် ဆိုတာမျိုးတော့ မဖြစ်စေချင်တာ အမှန်ပေ။

ကိုလင်း ပုံစံကလည်း ခုလောလောဆယ်မှာ ဆေးသုံးစွဲနေတဲ့ မူးယစ်ဆေးသမားပုံစံလည်း သိပ်မပေါက်လှပါဘူးလို့ ထင်သည်။ ဟန်ဟန်ပန်ပန် သန့်သန့်ပြန့်ပြန့်လေးနှင့် လန်းလန်းဖြာဖြာပါပဲ။ သူ့ပုံဟန်က အေးတိအေးစက် မပွင့်တပွင့်လို့ ဒီဇိုင်းတော့ ဆန်သည်။ ဒါပေမဲ့ မဖြစ်နိုင်ဘူးလို့တော့လည်း ယတိပြတ် ပြောလို့မရနိုင်ပါ။ ဥက္ကာ စိတ်တွေ ရှုပ်ရသည်။

ဟိုတစ်နေ့ညက မမရဲ့အိမ်ခန်းလေးမှာ သူတို့သုံးယောက် စကားပြောရင်း ညစာကို ခေါက်ဆွဲပြုတ်နှင့် ဖြေရှင်းကြသည်။ ကြည်နူး ကြည်လင်နေတဲ့ ကိုလင်း မျက်နှာပေါ်က မမအပေါ် တမြတ်တနိုး ထားရှိတဲ့ လှို့ဝှက်အရိပ်အယောင်တချို့ကိုမြင်တော့ ဥက္ကာရဲ့စိတ်ထဲ ကိုလင်းကို မမနှင့် သဘောတူလို့ ဆန္ဒခံစားချက်က တရစ်ဝဲဝဲ အုံဖွဲ့လို့ပင်။





မမလည်းပဲ ပျော်နေတာ။ ဒီအရင်ညနေတွေတုန်းက ညနေစာကို မမ တစ်ယောက်တည်း စားပွဲမှာ တိတ်တဆိတ် မြိုချမျှောချခဲ့ရမှာပင်။ လွမ်းမော အထီးကျန်ချင်စရာကြီး။ ခြောက်ကပ်တိတ်ဆိတ်ပြီး ဘယ်လောက် ငြီးငွေ့စရာကောင်းမလဲ။ အဲဒီညကတော့ မမသည် စကားတွေ ရေပက်မဝင်သွက်ကာ ပြုံးရွှင်လှိုက်လှဲနေသည်။

မောင်ဖြစ်သူပါ ပါဝင်၍ စိတ်လေးရှင်းရှင်းနှင့် ပျော်နိုင်ပုံရကာ တစ်မျက်နှာလုံးက ဝင်းပနေတော့သည်မှာ အခုပင်မြင်ယောင် ကျေနပ်ချင်စရာ။

မမကိုလည်း ထိခိုက်နာကျင်ခြင်း မဖြစ်စေလို။ ကိုလင်း တကယ်ပဲ မူးယစ်ဆေးသမားတစ်ဦး ဖြစ်နေခဲ့ရင်လည်း မမကို ဒီလိုလူမျိုးနှင့် ပတ်သက်သံယောဇဉ်တွယ်မိကာ နောက်တစ်ကြိမ် ပြိုလဲမှာမျိုးမဖြစ်စေလို။ ပါပါ့ကြောင့် ကိုလင်း အနှောင်အဖွဲ့ အဖမ်းအဆီးခံရမည့် အဖြစ်မျိုးကိုလည်း မမ ကြုံကြိုက်ခံစားရတာမျိုး မဖြစ်စေလို။

“တစ်ခုတော့ ပြောချင်ပါတယ် ပါပါ၊ ကိုလင်း တကယ် အဲသလို မဟုတ်ဘဲနဲ့တော့ ဒုက္ခရောက်သွားတာမျိုး မဖြစ်စေချင်တာပါ”

ပါပါဟာလည်း စီးပွားရေးလောကရဲ့ အပြန်အလှန် အပြိုင်အဆိုင် အဲတိုက်အခိုက် အချိုးအဖွဲ့တွေ ကြားထဲမှာ ကျင့်သားရကာ လိုအပ်ရင် လိုအပ်သလို ရက်စက်ဖို့ သိပ်ကြီးဝန်လေးဝင်ပန်း နောက်တွန့်သူ မဟုတ်ဆိုတာ ဥက္ကာ သိသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟော့ကောင်"

ဦးသက်ခင် အသံက ကျယ်လောင် ဟိန်းဟောက်လှပါသည်။

"မင်းက ဦးသက်ခင်သားလား၊ အလင်းရှင် ယောက်ျားလား ... ဟော့ကောင်"

"အဲလို မဟုတ်ပါဘူး ပါပါ၊ မမအနား မကပ်စေချင်တာ တစ်ခုတည်းနဲ့တော့ ဒုက္ခရောက်အောင် မလုပ်ထိုက်ဘူး ထင်လို့ပါ"

"ဟော့ကောင် ... သွား၊ မင်း ငါ့မျက်စိအောက်က အခု ထွက်သွားစမ်း ဥက္ကာ၊ တောက် ... ငါ လုပ်မိပြန်ရော့မယ် မင်း ဘာစကားပြောတာလဲ၊ ဖအေကိုတောင် ပြန်ပြီးအယ် အကြည် မဲ့သလို လာလုပ်နေတယ်၊ မင်း ထွက်သွား ... သွားတော့၊ သွားတာနဲ့ တစ်ပြိုင်နက် ပါးစပ်ကိုလည်းပိတ် သွား၊ မင်းတို့လိုဟာတွေကို အရေးအရာလုပ်ပြီး ခေါ်ပြီး ဆွေးဆွေးနွေးနွေး ပြောပြတာကိုက မှားတာ၊ ဟော့ ... မင်းသား ပြောတာဆိုတာ တွေ့တယ် မဟုတ်လား၊ ငါ့ စိတ်နဲ့ ငါ့ဟာငါ လုပ်တော့ အာဏာရှင်ဆန်တယ်ဆိုကြ လူရာသွင်းပြီး ခေါ်ပြောတော့ကော ဘယ်လိုလဲ ... တွေ့ သလား၊ ငါကတောင် ဟိုအကောင်ကို ဘိန်းပစ်ပြီးအကွက် ဆင် ထောင်ခြောက်ဆင် ဖမ်းချုပ်မယ့်သူလိုလို ... တောက်"

ဥက္ကာ စိတ်ညစ်ညစ်နှင့် ထထွက်လာခဲ့ပါသည်။

♥ ○ ♥



# ◉ ၁၁ ◉

တိမ်ဦးသည် အံ့ကလေးဖိကိုက်ကာ ဖုန်းကို နောက်တစ်ကြိမ် ထပ်နှိပ်ခေါ်သည်။ ဟော ... ဒီတစ်ကြိမ်လည်း ပိတ်ချလိုက်ပြန်ပြီ။ ဘာဖြစ်လို့လဲ ... ဘာဖြစ်လို့လဲ လင်းရှင်ရယ်။ တိမ်ဦးသည် အတော်ကလေး ဝမ်းနည်းလာမိပါသည်။ အလုပ်လေးလည်း နည်းနည်းအားတိုင်း သူ့ဖုန်းကို တိမ်ဦး ဆက်တိုက်နှိပ်ခေါ်နေတာ အကြိမ်သုံးလေးဆယ်ထက် မနည်းတော့ပါ။ တစ်ခါခေါ်ရင် ခုနစ်ကြိမ် ရှစ်ကြိမ်နှင့် ဒီနေ့ ထိုင်ခေါ်နေမိတာကို ငါးခါလောက်ရှိပြီ။

တိမ်ဦး ဖုန်းကို လင်းရှင် ပိတ်ချပစ်လိုက်မည်လို့ တိမ်ဦး ဘယ်လိုမှ မယုံကြည်နိုင်ပါပေ။ ဒီလောက်ဆိုရင်တော့ သေချာနေပါပြီ။ တိမ်ဦးအပေါ် လင်းရှင် တစ်ခုခုတော့ အမြင်လွဲများနေပြီ။ ဒါမှမဟုတ် စိတ်ဆိုးနေပြီ ဖြစ်မှာပင်။ ပါပါ ဘာများလုပ်လိုက်ပြီလဲ။ လင်းရှင်ကို ဘယ်လိုချောက်ချလိုက်ပြီလဲ။ လင်းရှင် ဘယ်လိုတွေများ ဒုက္ခရောက်နေပြီလဲ။



www.burmeseclassic.com

www.burmeseclassic.com



ဒီမနက် ဥက္ကာ လှမ်းပြောပြကတည်းက တိမ်ဦး ထိတ်လန့်အံ့သြပြီး ရင်တွေ ပူလောင်နေခဲ့ရသည်။ တိမ်ဦးအနား တရစ်ဝဲဝဲ ရှိနေတဲ့ အဖြစ်မျိုးလောက်နှင့်တော့ လင်းရှင်အပေါ် ပါပါ ဒီလောက် မရက်စက်သင့်ပါဘူး။ လင်းရှင် အဖမ်းအဆီး အချုပ်အနှောင်များ ခံနေရပြီလား။ ဖုန်းကို ပိတ်ချလိုက်တယ်ဆို တော့ လင်းရှင် လက်ထဲ ဒီဖုန်းကိုင်ထားနိုင်ဆဲ ဖြစ်ဖို့များတာ ကြောင့် ဆိုးဆိုးဝါးဝါး အခြေအနေတစ်ခုခုတော့ မဖြစ်နိုင်သေး ဘူး ထင်သည်။

"ကျေးဇူးပြုပြီး ဖုန်းကိုင်ပါ လင်းရှင်ရယ်"

တိမ်ဦးက တီးတိုးလေး ရေရွတ်မိကာ ဖုန်းကို တစ်ကြိမ် ထပ်နှိပ်၍ ခေါ်လိုက်မိပြန်ပါသည်။

"လူကြီးမင်း ခေါ်ဆိုသော တယ်လီဖုန်းမှာ စက်ပိတ်ထား ပါတယ်ရှင်"

တိမ်ဦးသည် ချက်ချင်းပဲ မျက်ရည်တွေ အိခနဲ ဝိုင်းတက်လာသည်။ ကြည့်စမ်း။ ဖုန်းကို လုံးဝပါဝါအောဖ်ထား လိုက်ပြီ။

တိမ်ဦးက ကားသော့ကို ကောက်ယူလိုက်ကာ ပိုက်ဆံအိတ်ကို နံဘေးမှ ကောက်ယူလွယ်ပြီး ထရပ်လိုက်ပါသည်။ နံဘေးစားပွဲမှ ပုံနှိပ်တိုက်မန်နေဂျာ ဦးလေးသောင်းက တိမ်ဦးကို မော့ကြည့်ကာ ...

"ပြန်တော့မလား မတိမ်ဦး"





"ကျွန်မ ပြန်တော့မယ် ဦးလေးသောင်း၊ အခုရိုက်လက်စ ဖောင်တွေက မနက်ဖြန် မဖြစ်မနေ ဘိုင်ဒင်ကို ပို့တော့ နော်"

"စိတ်ချပါ၊ ပြီးပါတယ် မတိမ်ဦး"

"မနက်ဖြန် '......'မဂ္ဂဇင်း ဝင်ပြီလေ၊ ဟုတ်တယ် မဟုတ်လား"

"ဟုတ်ပါတယ်၊ ပြီးပါတယ် မတိမ်ဦး ဒီည သန်းခေါင် လောက်ဆို ဒါတွေပြီးပါပြီ"

"ပြီးရောနော်၊ လခတွေ ဦးလေးသောင်း ရှင်းပေးလိုက် တော့"

"စိတ်ချ ... စိတ်ချ"

လကုန်ရက်မို့ တိုက်ကိုဝင်ကာ ပုံနှိပ်စက်အလုပ် သမားတွေကို လခလာရှင်းပေးတာဖြစ်ပြီး မန်နေဂျာ ဦးလေး သောင်းဟာ ပုံနှိပ်တိုက်မှာပဲ အိပ်တဲ့သူဖြစ်၍ ပုံနှိပ်တိုက်ကိစ္စတွေ ... တိမ်ဦးအတွက် အတော်အတန် မျက်နှာလွှဲရပါသည်။

တိမ်ဦးက ပုံနှိပ်တိုက် ရုံးခန်းရှေ့က ကားပေါ်တက် ... ကားကိုမောင်းထွက်လာခဲ့ရင်း နာရီတစ်ချက်ကြည့်လိုက်သည်။ ... နာရီ ထိုးတော့မည်။ မိုးလည်းဖွဲဖွဲကျနေ၍ လောကတစ်ခွင် ... မှောင်မှိုင်းနေပါသည်။ တိမ်ဦးသည် စိတ်လှုပ်ရှားနေ၍ လက် ... ည်းလေးတွေ တစ်ဖက်က ကိုက်နေမိရင်း လက်တစ်ဖက်တည်း ... ကားကို မောင်းလာခဲ့ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



လင်းရှင် နေတဲ့ တိုက်ခန်းကို တိမ်ဦး သိပါသည်။ တစ်ကြိမ်မှတော့ မရောက်ဘူးပေမယ့် စကားစပ်ရင်းတော့ သူ့ လိပ်စာကို သိထားဖူးသည်လေ။ အဲဒီအိမ်ရှေ့အထိ စိတ်တွေ ကတုန်ကယင် လှုပ်ရှားစွာ တိမ်ဦး မောင်းလာသည်။

တိမ်ဦး စိတ်အလိုလိုက်တတ်သူတစ်ယောက် ဖြစ်နေ ပြီလား။ တိမ်ဦး ခေါင်းမာတယ်ဆိုတာ အမှန်ပဲလား။ တစ်ခါ တစ်ရံ လုပ်ချင်ရာ ဇွတ်တိုးလုပ် မိုက်လုံးကြီးတယ်ဆိုတာရော အဟုတ်ပဲလား။ ခုချိန်မှာတော့ မိုက်လုံးကြီးကြီးနှင့် လုပ်ချင်ရာ ဇွတ်တိုးလုပ်ဖို့ ခေါင်းမာစွာ စိတ်ကို အလိုလိုက်မိပြီထင်ပါရဲ့။ လင်းရှင်ရဲ့တိုက်ရှေ့ ကားရပ်မိတဲ့ အချိန်မှာတော့ ဘာဆက်လုပ် ရမည်ကို ကိုယ့်ဘာသာ မသေချာ မရေရာ။ တထိတ်ထိတ်ခုန် သောရင်နှင့် ကားထဲထိုင်ရင်း မိုးဖွဲများကြားမှ လင်းရှင်တို့တိုက် ကို လှမ်းမျှော်ကြည့်နေမိသည်။

ဒီအနီးတစ်ဝိုက်မှာတော့ လင်းရှင်ရဲ့ကားကို မတွေ့ ရ။ နေရာမရလို့ ခပ်လှမ်းလှမ်း သွားရပ်ထားရတာလည်း ဖြစ် နိုင်ပြီး အိမ်မှာမရှိဘဲ တစ်နေရာရာ သွားနေတာလည်း ဖြစ်နိုင် သည်။ သူနေတယ်ဆိုတဲ့ အိမ်ကလေးကို ငေးမောကြည့်နေရတာ ပင်လျှင် တိမ်ဦးရဲ့နှလုံးသားတို့ကို လှုပ်ရှားခုန်ပေါက်စေနိုင်စွမ်း တာပါလား။

ဖုန်းကလည်း ပိတ်ထားတော့ တိမ်ဦး ဘယ်လိုဆက် သွယ်ရပါ့မလဲ။ အိမ်ရှေ့နားအောက်မှာ ရောက်နေပါတယ်လို့ပြော





ဇွတ်ခမ်းလေးကိုက် လက်သည်းလေးကိုက်နှင့် တိမ်ဦး ရင်တွေ တဖျပ်ဖျပ် လှုပ်ရှားကာ အတွေးတွေက ရောက်တိရောက်ရာ။ သူ ဒီနေရာမှာ ဒီလိုပုံစံနှင့် ရောက်နေတာမြင်လျှင် ယု စိတ်ဆိုးမှာပဲ။ ပါပါကတော့ သိလျှင် သတ်တောင်သတ်မှာ သေချာသည်။

မနက်ကတည်းက ဘာမှ ဖြစ်ဖြစ်မြောက်မြောက် စားရသေးတဲ့အတွက် ဗိုက်က လစ်ဟာပြီး အောင့်ချင်လာသည်။ လင်းရှင်ရေ ... စိတ်ပူလိုက်တာ။ ပြဿနာတစ်ခုခုများ တက်နေ သလားပြီလား။

"တိ ... တိ တိ ... တိ ..."

ပေါင်ပေါ်တင်ထားတဲ့ ဖုန်းလေးက ရုတ်တရက် အသံမြည်လာလျှင် တိမ်ဦးသည် စိတ်လက်မပါနှင့်ပင် သေချာ ကြည့်မိကာ ဖွင့်၍ထူးလိုက်ပါသည်။

"ဟယ်လို"

"တိမ်ဦး"

"ဟင် ... လင်း ... လင်းရှင်၊ လင်းရှင် ဘယ်မှာလဲ၊ ဘာ ဖြစ်နေလဲ၊ ဖုန်းဘာလို့ မကိုင်တာလဲ၊ ဘာဖြစ်လို့ ပိတ်ပစ် လိုက်တာလဲ၊ အဆင်ရော ပြေရဲ့လား"

တရစပ် မရပ်မနား မေးခွန်းတွေ ဆင့်ထုတ်လိုက် ရင်းကာ ကိုယ့်အသံဆုံးလျှင် ကိုယ့်ဘာသာ ရှက်ရှက်နှင့် မျက်ရည် တွေ ပြည့်အိုင်လာသော မျက်ဝန်းကို လက်ခုံတစ်ဖက်နှင့် ပွတ်ကာ သုတ်ကာ သုတ်ပစ်နေမိလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"တိမ်ဦး ... အသံက အရမ်းစိတ်လှုပ်ရှားနေသလိုပဲ"

"........"

တိမ်ဦး ကျိတ်၍ ရှိုက်နေမိသည်။ စကားလည်း မပြောနိုင်။

"တိမ်ဦး အခု ဘယ်မှာလဲ အိမ်ထဲမှာလား၊ အိမ်မှာဆိုရင် ခဏလောက် အပြင်ထွက်ခဲ့ပေးနိုင်မလား တိမ်ဦး"

"တိမ် ... တိမ်ဦး ... အပြင်မှာ"

"ဟုတ်လား၊ ကျွန်တော်က တိမ်ဦး အိမ်မှာပဲထင်လို့ အခု တိမ်ဦး အိမ်ရှေ့ ကားရပ်ထားတာ၊ တိမ်ဦး အိမ်ရှေ့ ကျွန်တော် ရောက်နေတာ၊ အပြင်မှာဆိုရင် တိမ်ဦး ဘယ်မှာလဲ တိမ်ဦးရှိနေတဲ့ နေရာကို ကျွန်တော် လာခဲ့မယ်လေ"

တိမ်ဦးသည် ဝမ်းနည်းဝမ်းသာ ဖိုလှိုက်မှုမျိုးနှင့် ဆို့နင့်နေပြီးလျှင် ...

"တိမ် ... တိမ်ဦးက လင်းရှင်ရဲ့ အိမ်ရှေ့မှာ ကားရပ်ထားတာ"

လင်းရှင်ဘက်က အသံတိတ်သွားကာ စက္ကန့်ပိုင်း အတွင်း ဖုန်းက လိုင်းပြတ်တောက်သွားပါသည်။

"ဟယ်လို ... ဟယ်လို ... လင်းရှင်"

တိမ်ဦးသည် တကြော်ကြော် ခေါ်မရတဲ့အဆုံး ဖုန်းကို ပေါင်ပေါ်ပစ်ချကာ ကားကို ချက်ချင်းစက်နှိုး ထွက်လိုက် ပါသည်။ ဖုန်းခေါ်မနေတော့ပါ။ တိမ်ဦးက အိမ်ဘက်ရှေ့ရှု





ကားကိုမောင်းထွက်လာခဲ့ပါသည်။ အမြန်ဆုံး ရောက်သွားချင်ကာမှ ...စအတိုင်း ရန်ကုန်မြို့ အပုပ်ချိန်ဟာ ကားပေါင်းများစွာ ကျပ် ...ပ်လမ်းပိတ်နေတော့သည်။ မီးပွိုင့်တွေမှာ စီတန်းစောင့်ဆိုင်းနေ ...ဲ့ ကားတန်းကြီးထဲ ကားကိုရပ်ထားရစ်ကာ လူကိုယ်တိုင် ခြေ ...ဘ် လက်လွတ် ပြေးသွားလိုက်ချင်လှတော့သည်။

"တီ တီ ... တီ တီ ..."

ဖုန်းမြည်လာတာမို့ လင်းရှင်ပဲဟု အတပ်တွက်ကာ ...က်တစ်ဖက်က ဖုန်းကောက်ကိုင် နားထောင်လိုက်ပါသည်။

"ဟယ်လို"

"တိမ်ဦး ဖုန်းပြန်ခေါ်နေတာ မရလို့"

"ဟုတ်ကဲ့ ... တိမ်ဦး လာနေပြီ"

"ဟင် ... ဘယ်ကိုလာနေတာလဲ၊ တိမ်ဦး မလာနဲ့တော့၊ ကျွန်တော့်အိမ်ရှေ့နားကပဲ စောင့်နေတော့၊ ကျွန်တော်လာ နေပြီ"

"ဟင် ... တိမ်ဦးက အဲဒီမှာ မရှိတော့ဘူး လင်းရှင်၊ အခု '... ...'မီးပွိုင့် ရောက်နေပြီ၊ လင်းရှင် မလာနဲ့တော့ အဲဒီ မှာပဲ လင်းရှင်နေလိုက်"

"မဟုတ်ဘူးဗျ၊ ကျွန်တော်လည်း လာနေတာ လမ်းတစ်ဝက် တောင် ရောက်ပြီ၊ ကျွန်တော်က အခု ကန်တော်ကြီးပတ် လမ်းမှာ"

"ဟင်"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်တို့ သိပ်တောင် မဝေးတော့ဘူးဗျ"

"ဒါဆို လင်းရှင် ကန်တော်ကြီးထဲပဲ ဝင်နေလိုက်တော့လေ တိမ်ဦး အဲဒီကို လာလိုက်တာက နီးဦးမယ်"

"အိုကေ တိမ်ဦး၊ ကျွန်တော် စောင့်နေမယ်နော် တိမ်ဦး တိမ်ဦးကို သိပ်ချစ်တယ် သိလား"

"ရှင်"

တိမ်ဦးသည် ကန်တော်ကြီးကို ဘယ်လိုဘယ် ရောက်လာခဲ့မှန်းမသိ။ လူနှင့်စိတ်မကပ်ဘဲ ရောက်လာခဲ့ပါသည်။ ကန်တော်ကြီးဝင်းထဲ ကားကွေ့ဝင်လာခဲ့ပြီးလျှင် ဂိတ်ဝနှင့်မလှ မကမ်း တစ်နေရာမှာပဲ ကားကို ထိုးရပ်ပစ်လိုက်ပါသည်။ နား မှာ လင်းရှင် စကားက ခုထိပဲ့တင်ရိုက်နေသည်။ တိမ်ဦးကို သိ ချစ်တယ် သိလား ... တဲ့။ မမျှော်လင့်ဘဲ အဲဒီစကားကြားပြီး ချင်း လင်းရှင်ရှိရာ အရောက်လာခဲ့သည်ဆိုတာဟာ ဖြစ်သင့် လား။

သူ ဘယ်နားမှာလဲ ဖုန်းဆက်မေးပြီး ဆင်းတွေ့ မှာလား၊ ဒီကနေပဲ ကွေ့ထွက်လှည့်ပြန်သွားလိုက်ရမလား။ အချိန်ခဏဟာ တိမ်ဦးတို့ရဲ့ ရှေ့ဆက်ဆံရေးအတွက် အဆုံးအဖြ အချိုးအကွေ့တစ်ခုလို ဖြစ်နေသည်။ တိမ်ဦး သူ့ကိုတွေ့လည်း တွေ့ချင်သလိုတွေ့လည်း မတွေ့ချင်ပါ။ ဘာလုပ်ရပါမည်လဲ ခေါင်းကလည်းမအေး၍ ဒီအချိန်မှာ ခေါင်းအေးအေးစဉ်းစား လည်း မတတ်နိုင်။





"ဒေါက် ... ဒေါက်"

နံဘေးမှန်ကို ခေါက်လိုက်တဲ့ အသံကြောင့် တိမ်ဦး လှည့်ကြည့်လိုက်ပါသည်။ ကန်တော်ကြီးဝင်းထဲက ညခင်းနီဝါဝါ မီးရောင်မလင်းတလင်းကြားမှာ လင်းရှင်ကို တွေ့လိုက်ရပါသည်။ လင်းရှင်က တံခါးခေါက်ပြီးနောက် နောက်ကိုဆုတ်ကာ အပြစ် ကောင်းသလို မလုံမလဲ မျက်နှာမျိုးနှင့် ရပ်နေသည်။

တိမ်ဦးက သက်ပြင်းလေးတစ်ချက်ရှိုက်ကာ စိတ် တင်းအားယူပြီး ကားပေါ်က ဖြည်းညင်းစွာ ဆင်းလိုက်ပါသည်။ မျက်နှာချင်းဆိုင် ရပ်မိလျှင် လူက ကတုန်ကယင် ဖြစ်လာကာ လင်းရှင် ကမ်းပေးနေတဲ့ နှင်းဆီ အနီလေးတစ်ပွင့်တည်းကို လှမ်းယူလိုက်ရင်း ...

"ညနေက ဘာဖြစ်လို့ ဖုန်းပိတ်လိုက်တာလဲ"

"..........."

"တိမ်ဦး ဒီနေ့ လင်းရှင်ဆီ ဖုန်းခေါ်တာ အကြိမ်သုံးလေး ဆယ်ရှိမယ်၊ လုံးဝမကိုင်တာ ဘာဖြစ်လို့လဲ၊ နောက်ဆုံး တော့ ဖုန်းပါ ပိတ်လိုက်တယ်၊ ဘာဖြစ်လို့လဲ"

လင်းရှင်က သူ့လက်ထဲကဖုန်းကို တစ်ချက်ငုံ့ကြည့် ကာ ငိုင်တွေတွေ ဖြစ်နေသည်။ ဘာစကားသံမှ ထွက်မလာ။ တိမ်ဦးသည် ကိုယ့်ကိုယ်ကိုယ်ပင် သတိမထားမိဘဲ မထင်မှတ်စွာ လင်းရှင်လက်ထဲမှဖုန်းကို ဆတ်ခနဲ လှမ်းယူလိုက်မိလေသည်။ ဖုန်းရဲ့ Call list ကို ဖွင့်လိုက်ရင်း ...



www.burmeseclassic.com

www.burmeseclassic.com



"တစ်နေကုန် ခေါ်ထားတာ၊ အကြိမ်ပေါင်းများစွာ ... ဒီမှာ"

တိမ်ဦး အသံက တုန်နေသည်။ ဝမ်းလည်း နည်းနေပါသည်။ လင်းရှင်က ဖုန်းကို တိမ်ဦး ဖွင့်စစ်နေတာကို ငြိမ်သက်စိုက်ကြည့်နေပါသည်။

"ဟင် ... ဟင် ... ဘယ်လိုဖြစ်တာလဲ၊ တိမ်ဦး ခေါ်ထားတဲ့ အဝင်ကောလ်တွေ တစ်ခုမှ မရှိပါလား၊ ဘယ်ရောက်သွားကုန်လဲ တိမ်ဦး အကြိမ်ပေါင်းများစွာ ခေါ်ထားတယ် တန်းစီပေါ်နေရမှာလေ၊ ဘယ်မှာလဲ၊ တစ်ခုမှ မရှိပါလား အဲဒါ ဘယ်လိုဖြစ်တာလဲ ... ဟင် ... လင်းရှင်"

တိမ်ဦးက လင်းရှင်ကို မော့ကြည့်လိုက်ပါသည်။ လင်းရှင်က အပြစ်မကင်းတဲ့ရုပ်၊ မဝံ့မရဲရုပ်နှင့် တိမ်ဦးကို မျက်လုံးချင်း ရင်မဆိုင်ဘဲ ...

"အဲဒါ ... ကျွန်တော် ... ဖျက်ပစ်လိုက်တာ"

"ဟင် ... ဘာဖြစ်လို့ ဖျက်ပစ်လိုက်ရတာလဲ၊ တိမ်ဦးရဲ့ Call တွေကို ဘာဖြစ်လို့ ဖျက်ထားရတာလဲ၊ ဘယ်သူမြင်သွားမှာ စိုးလို့လဲ"

မေးပြီးပြီးချင်း ကိုယ့်စကားဟာ ဘောင်တစ်ခုကျော်သွားသည်ဆိုတာ တိမ်ဦး သတိပြုလိုက်မိပါသည်။ ရှက်လည်းရှက်သွားကာ စိမ့်ခနဲ ပြည့်အိုင်လာသော မျက်ရည်တို့ကြောင့် မျက်တောင်ပုတ်ခတ်လျက် မျက်လုံးကို လွှဲပစ်လိုက်ပါသည်။





"တိမ်ဦး အတွက်ပါ"

"ဘာရယ်"

"ကျွန်တော့်မှာ တစ်ခုခု ပြဿနာအခက်အခဲ ရှိခဲ့ရင် ကျွန်တော့်ဖုန်းထဲက အဆက်အသွယ် နံပါတ်တွေ အစစ်ခံခဲ့ရရင် တိမ်ဦးနာမည် တိမ်ဦးနံပါတ် မပါအောင် ကျွန်တော် ဖျက်ပစ်လိုက်တာပါ တိမ်ဦး"

"ဟင် ... လင်းရှင်"

နှစ်ဦးသားရဲ့ အကြည့်ချင်းဟာ အတန်ကြာအောင် ငေးမျောစိုက်တန့်နေသည်။

"လင်းရှင် ... လင်းရှင် အဲလို အလိုက်ခံနေရလားဟင်၊ အခေါ်ခံရသေးလား၊ အစစ်ခံရသေးလား၊ အဲဒါကို တိမ်ဦး အရိပ်းစိုးရိမ်နေတာ၊ ပါပါကြိမ်းဝါးတာ သိရပြီးကတည်းက လင်းရှင်ကို စိတ်ပူလို့ ဆက်သွယ်နေတာပါ၊ လင်းရှင် ဘာမှမဖြစ်ပါဘူးနော်၊ ပါပါ့ အပြုအမူကိုလည်း စိတ်မရှိပါနဲ့နော် လင်းရှင်၊ ဖွေမယူပါနဲ့၊ အမှတ်မထားပါနဲ့နော်၊ ဘာပဲဖြစ်ဖြစ် လင်းရှင်မှာ အပြစ်ကင်းတယ် ဆိုရင်တော့ ခေါ်အစစ်ခံရစေဦး ပြေပြေလည်လည် အေးအေးဆေးဆေး ဖြစ်မှာပါလို့ တိမ်ဦး ကိုယ့်ကိုယ်ကိုယ် အားပေးရတယ်၊ အရမ်းပူနေမိတာ၊ စိတ်မကောင်းလည်း တအားဖြစ်နေမိတာ"

"တိမ်ဦး"



www.burmeseclassic.com

www.burmeseclassic.com



လင်းရှင်က တိမ်ဦး လက်နှစ်ဖက်ကို ရုတ်တရက် ဆွဲယူလိုက်သည်။ အငိုက်မိ တိုးကပ်ပါလာသော တိမ်ဦးကို ဖျတ် ခနဲ ဆွဲယူထွေးဖက်လိုက်လေသည်။ ထူပူပြာနှမ်းသွားသော တိမ်ဦး သည် ရုန်းကန်လိုက်ဖို့ သတိမရ။

သူ့ရင်ဘတ်၌ နဖူးကပ်မိကာ တဆတ်ဆတ်တု ယင်နေလေသည်။

"ကျွန်တော့်အတွက် စိတ်ပူနေတာလား တိမ်ဦး၊ တိမ်ဦး ကျွန်တော် သနားလိုက်တာ"

"တိမ်ဦးကို သနားစရာ အကြောင်းမရှိပါဘူး၊ လင်း ... လင်းရှင်ကိုသာ ..."

ခပ်မြင့်မြင့် ကားနှစ်စီးရဲ့ ကြားနေရာလွတ် လူကွယ်သလို ဖြစ်နေပေမယ့် တိမ်ဦးက ခဏအကြာမှာ ဖြည်းဖြည်းချာတွန်းလိုက်ပါသည်။

"လင်းရှင်"

"တိမ်ဦး"

"လင်းရှင်က ပါပါပြောသလို မဟုတ်ဘူး မို့လားဟင်"

"... ... ..."

"ဟိုးအရင် ကျောင်းသားဘဝကတော့ ဟုတ်ကောင်းဟုတ် ခဲ့လိမ့်မယ်လို့ တိမ်ဦး တွေးပြီးသားပါ၊ ဒါ ... ဒါ အခုကတော့ မဖြစ်နိုင်လောက်ပါဘူးလို့ တိမ်ဦး ထင်တာ ဟုတ်တယ်မှုလား လင်းရှင်"





"ဟုတ်ပါတယ် ... တိမ်ဦး ပြောတာ ဟုတ်ပါတယ်"

"တော်ပါသေးရဲ့ လင်းရှင်ရယ်၊ တိမ်ဦး စိတ်တွေပူလောင်လိုက်ရတာ"

လင်းရှင်သည် သနားစရာကောင်းအောင် ချစ်ရိပ်ချစ်ငွေ့ ရွှန်းဖြာနေတဲ့ တိမ်ဦး မျက်နှာလေးကို ကရုဏာသက်စွာ ငေးစိုက်ကြည့်ရင်း ရင်ထဲမှာနင့်ကာ နင့်ကျင်လာလေသည်။ သနားဖို့ကောင်းလိုက်တဲ့ တိမ်ဦး၊ ချစ်ဖို့ကောင်းလိုက်တဲ့ တိမ်ဦး။ တိမ်ဦးအတွက် သူဟာ ဘာကြောင့် အပြစ်ကင်းစင်သော လူသား တစ်ဦး ဖြစ်မပေးနိုင်ခဲ့ပါလိမ့်။ တိမ်ဦးအပေါ် အရိုးသားဆုံး ဆက်ဆံနိုင်သူတစ်ယောက်အဖြစ် သူ ဘာကြောင့် မရပ်တည်နိုင်ခဲ့ပါလိမ့်။ ခွင့်လွှတ်ပါ တိမ်ဦးရယ် ... ခွင့်လွှတ်ပေးပါ။

"ကျွန်တော့်အတွက် ဘာမှမစိုးရိမ်ပါနဲ့၊ ကျွန်တော် ဘာပြဿနာမှ မဖြစ်နိုင်ပါဘူး"

"တော်ပါသေးရဲ့ လင်းရှင်ရယ်၊ တိမ်ဦးတို့ပါပါက စိတ်မာန်ကြီးလွန်းပါတယ်၊ အခုလည်း တိမ်ဦးဘေးမှာ လင်းရှင်ကို တွေ့နေရတာ သူ မကြည်ဖြူနိုင်ဘူး ဆိုတာ သိပါတယ်၊ အဲဒီအတွက် လင်းရှင်ကို တစ်ခုခု ဒုက္ခပေးလိုက်မှာ အရမ်းစိုးရိမ်မိတယ်၊ ဥက္ကာ လှမ်းပြောကတည်းက တိမ်ဦး ရင်တွေပူနေတာပဲ၊ ပါပါ့ကိုလည်း ဗွေမယူစေချင်ဘူး လင်းရှင်ရယ်၊ ပါပါကလေ တိမ်ဦးကို အစိုးရိမ်အကြောင့်ကြ လွန်ကဲနေတာပါ၊ တိမ်ဦး ခြေလှမ်းများမှာ သူ ပူလောင်နေတာပါ"



www.burmeseclassic.com

www.burmeseclassic.com



တိမ်ဦးက လင်းရှင်ကို စေ့စေ့လေး မော့ကြည့်လိုက်ပါသည်။

“တိမ်ဦးဘဝမှာ အတိတ်မှာ အမှားအယွင်း နာမည်ပျက် တစ်ခု ရှိခဲ့ဖူးတယ် လင်းရှင်”

လင်းရှင်ရဲ့ လက်ချောင်းထိပ်ဖျားလေးများက တိမ်ဦးရဲ့နှုတ်ခမ်းသားလေးပေါ် ခပ်ဖွဖွ ရောက်လာသည်။

“မပြောပါနဲ့ တိမ်ဦး၊ တိမ်ဦးအတွက် အဟောင်းတွေ အသစ်ဖြစ်ပြီး ခံစားရမယ့် စကားမျိုးဆိုရင် မပြောပါနဲ့ တိမ်ဦး အတိတ်က ကောင်းကောင်းဆိုးဆိုး မှားမှားမှန်မှန် ကျွန်တော် စိတ်မဝင်စားပါဘူး၊ ကျွန်တော် စိတ်ဝင်စား တာက အခု ကျွန်တော့်ရှေ့မှာ ရပ်နေတဲ့ တိမ်ဦးကိုပါ ကျွန်တော် ချစ်တာ အခု တိမ်ဦးကိုပါ”

တိမ်ဦးက ခေါင်းကလေးယမ်းရင်း လင်းရှင်ရဲ့လက်ချောင်းများကို သူမရဲ့အေးစက်နေသော လက်ကလေးနှင့် ဆုပ်ကိုင်ဖယ်ရှားလိုက်ပါသည်။

“မိတ်ဆွေအပေါင်းအသင်းအဖြစ်နဲ့ ဆိုရင်တော့ သိပ်အရေး မကြီးရင် မကြီးဘူး ပြောနိုင်ပေမယ့် လင်းရှင် တိမ်ဦးကို ချစ်တယ်ဆိုရင်တော့ ချစ်သူတွေဖြစ်ကြဖို့ ရည်ရွယ်တယ် ဆိုရင်တော့ လင်းရှင်ကို ပြောထားရမှ တိမ်ဦး နေသာမှာပါ”

“ကျွန်တော့်ကို ချစ်သူတစ်ယောက်လို လက်ခံမယ် ဆိုရင် တော့ ပြောပါ တိမ်ဦး”





တိမ်ဦးက မျက်လွှာလေး ချလိုက်ပါသည်။

“တိမ်ဦး တစ်ချိန်က ဖခင်က တာဝန်မယူတဲ့ ကလေးတစ် ယောက် မွေးခဲ့ဖူးပါတယ်၊ မျက်သွယ်လေးက တိမ်ဦး ... သမီးလေးပါ လင်းရှင် ...”

♥ ○ ♥

“တိမ်ဦးကို လင်း ... ပေးခဲ့ဖူးတဲ့ ပန်းကလေးတွေရဲ့ အဓိပ္ပာယ်အကြောင်း ပြောပြမယ်ဆို”

“အင်း ...”

“ပြောလေ”

“တိမ်ဦးက မေးလေ”

ကားမောင်းနေတဲ့ တိမ်ဦးရဲ့ပခုံးစွန်းလေးကို ဖျတ်ခနဲ ငုံ့နမ်းလိုက်တဲ့ လင်းရှင်ကို တိမ်ဦးက မျက်စောင်းလေးရွယ် လိုက်ရင်း ...

“ကဲ ... ဟိုးတွေ့ကာစတစ်ရက်လောက် အဲဒီတုန်းက သိ ကာစလောက်ပဲ၊ ဥက္ကာဆီလာရင်း လင်းက ပန်းလေးတစ် စည်း ယူလာတယ်လေ၊ တိမ်ဦးကိုပေးတော့ တိမ်ဦးက ဘာအတွက်လဲလို့မေးတော့ လင်းက ဒီလိုပါပဲတဲ့၊ ထိုင်းက မိတ်ဆွေဆီက ပန်းမှာထားတာ ရောက်လာလို့ပါတဲ့၊ အဲဒီ ပန်းပေးတဲ့အမှုနဲ့ပဲ ပါပါ မျက်စိစပါးမွေးစူးခဲ့တာ၊ ကဲ... အဲဒီပန်းလေးအကြောင်း ပြော”



www.burmeseclassic.com

www.burmeseclassic.com



"ဩော် ... အဲဒီတုန်းက ပေးတဲ့ပန်းက Gloxinia ပန်းလေးတွေလေ"

"အဲဒီပန်းလေးက ဘာအဓိပ္ပာယ်လဲ"

"Gloxinia ပန်းလေးတွေက Love at first sight ဆိုတဲ့ အဓိပ္ပာယ်ကို ကိုယ်စားပြုတာ၊ အဲဒီတုန်းက တိမ်ဦးကို ကိုယ်က မြင်မြင်ချင်း ချစ်သွားမိပါပြီ ဆိုတာကို တိမ်ဦး မသိအောင် ပန်းကလေးနဲ့ အသံတိတ်ပြောတာပါ"

တိမ်ဦးမျက်ဝန်းလေးများက ရွှန်းတောက်ကာ လင်းရှင်ရဲ့ပခုံးစွန်းတစ်ဖက်ကို အားကျမခံ လှမ်းငုံ့နမ်းရှိုက်လိုက်ပါသည်။

"ဟိတ်ကောင်မလေး၊ ကားမောင်းရင်း မကဲပါနဲ့"

"ကဲ ... အဲဒါဆိုရင် ဟိုးတစ်ခါ ကိုမင်း Studio ရှေ့မှာ တွေ့တုန်းကပေးတဲ့ ပန်းလေးလေ၊ Primrose လို့ပြောတယ်လေ၊ အဲဒါလေးကရော"

"Primrose ရဲ့အဓိပ္ပာယ်က I can't live without you တဲ့"

"တကယ်"

"တကယ်ပေါ့ ... တိမ်ဦးရဲ့၊ ပန်းကလေးတွေတိုင်းမှာ Language of flowers ဆိုတာ ရှိတယ်၊ ဟိုးရှေ့တွေက တိမ်ဦးကို ကိုယ်မကြာခဏ ပေးဖြစ်ခဲ့တဲ့ ပန်းလေးတွေက တော့၊ အချစ်ကို ... ကိုယ်စားပြုတာလေးတွေပဲပေါ့





Chrysanthemum အနီရောင်လေး ကိုယ် မှာပေးဖူးတယ်၊ အဲဒါကလည်း I love you ဆိုတဲ့ အဓိပ္ပာယ်၊ Aster ပန်းလေးတွေကလည်း Love ကို ကိုယ်စားပြုတာပဲ၊ zinnia ပန်လေးတွေ ပေးဖူးတယ်၊ Zinnia က Daily rememberance ကို ပြောတာ၊ ကန်တော်ကြီးထဲမှာ နှင်းဆီအနီလေးတစ်ပွင့် ပေးတာကလည်း I love you ပဲ တိမ်ဦး၊ Red rose ရဲ့ သင်္ကေတက I love you လေ"

"ဟိုးတစ်ခါက တိမ်ဦးကို ရုံးခန်းတိုက်ကို လိုက်ပို့တုန်းက အဲဒီတုန်းက ယု ရှိသေးတယ် မသွားသေးဘူး၊ အဲဒီတုန်းက လင်းပေးတဲ့ ပန်းကလေးတွေက အနီရဲရဲလေးတွေလေ၊ Camellia ဆိုတာလေ"

"တိမ်ဦးက ပန်းနာမည်လေးတွေ မှတ်ထားတာပဲ၊ Red Camellia က You are a flame in my heart ဆိုတဲ့ အဓိပ္ပာယ်"

တိမ်ဦးရင်ထဲ နွေးဖျဖျ ခံစားရကာ ကားကို ကားပြွဲကွင်းရဲ့ အပြင်ဘက်မှာ နေရာယူ ထိုးရပ်လိုက်ပါသည်။ ပန်းကလေးတွေနဲ့ စကားပြောတတ်တဲ့ လင်း။ ကဗျာဆန်တဲ့ လင်း။ ချစ်ဖို့ကောင်းတဲ့ လင်း။

"Carnation ပန်းရောင်လေးတွေလည်း ပေးဖူးတယ်နော်"

"Pink carnation ရဲ့ အဓိပ္ပာယ်က I'll never forget you တဲ့ တိမ်ဦးရဲ့"



www.burmeseclassic.com

www.burmeseclassic.com



"လင်းက ကဗျာဆန်တဲ့ သူပဲနော်"

"ကိုယ်က ကဗျာမဆန်ပါဘူး၊ တိမ်ဦးကို ချစ်မိလို့ စိတ်ကူးတွေ နုသွားတာ ဖြစ်မှာ"

တိမ်ဦးနှင့် လင်းရှင် ကားပေါ်ကဆင်းကာ ကားပြပွဲဝင်းထဲ လျှောက်ဝင်ခဲ့သည်။

ကားပြပွဲဝင်းထဲမှာ နှစ်ယောက်သား လက်ချင်းချိတ်တွဲ၍ လျှောက်ကြည့်နေကြပါသည်။ နေ့လယ်နေ့ခင်းအချိန် နေပူကြဲကြဲမို့ လူသိပ်မရှိလှဘဲ ခပ်ရှင်းရှင်း ရှိသည်။ နှစ်ယောက်လုံးက ကားဝါသနာပါသူတွေမို့ ခဏတဖြုတ်အားတုန်း ကားပြပွဲရှိရာ လာခဲ့ကြတာပင်။

"ဟိုဘက်မှာ Hyundai တွေ သွားကြည့်ရအောင် လင်း"

Hyundai ပြခန်းထဲမှာ နှစ်ယောက်သား လှည့်ပတ်ကြည့်နေရင်း ...

"လင်း ... ကားလဲလိုက်ပါလား၊ လင်းကားက တုံးနေပြီ"

"မလဲချင်ပါဘူး တိမ်ဦးရယ်၊ ကားတွေကို ဝါသနာပါပေမယ့် ခဏ ခဏ ကားလဲစီးရတာတော့ ကိုယ်ဝါသနာမပါဘူး တိမ်ဦးရဲ့"

"ဒါပေမဲ့ ဒီကားစီးနေတာ ကြာပြီမဟုတ်လား လင်းရဲ့"

"ကြာလည်း ဘာမှမဖြစ်ဘူးလေ၊ ကိုယ့်ကားလေးကလည်း ကောင်းနေတာ၊ ကိုယ်က ဒီကားလေးကို ကြိုက်လည်း ကြိုက်တယ်၊ သံယောဇဉ်လည်း ဖြစ်နေပြီ၊ ကိုယ်က စွဲလမ်းမိရင် အပြောင်းအလဲ မမြန်ဘူး"





"အဲမယ်နော် ... စွဲလမ်းမိ ချစ်မိရင် သေဟာပန် သက်တဆုံး ဆိုတဲ့ စိတ်မျိုးကို တိမ်ဦး တစ်ယောက်တည်း အပေါ်ပဲထားရင် ရပြီ၊ တခြားမှာထားဖို့ မလိုဘူး"

လင်းရှင်က တိမ်ဦး အပြောလေးကို ချစ်စနိုးရယ်မောမိပါသည်။

"ဒီကားလေး မိုက်တယ်"

"တိမ်ဦး ကြိုက်တယ် ဟုတ်လား၊ ကိုရီးယားကားက ဂျပန်ကားလောက်တော့ ဘယ်တောင့်မလဲ"

"အင်း ... ပုံစံလေးကို ချစ်တယ်၊ နာမည်လေးကလည်း Sonata တဲ့၊ ချစ်စရာလေးလေ"

"ဈေးလေးကတော့ ချစ်စရာကောင်းမယ် မထင်ဘူး ... အဟင်း ဟင်း"

"Brand new တွေဆိုတော့ ဈေးတော့ ကြီးမှာပေါ့ လင်းရာ၊ ညီမလေး ဒီကားဈေး ဘယ်လောက်ရှိလဲဟင်"

"ငါးရာကျော်တယ် အစ်မ၊ ခဏနော်၊ အင်း ... ငါးရာဆယ့်ခြောက်ကျမယ် အစ်မ၊ အဖြူရောင်လေး ရှိတယ်၊ ခဲပုပ်ရောင်လေး ရှိမယ် အစ်မ"

ကားလေးကို လှည့်ပတ်ကြည့်၊ တံခါးဖွင့်ကြည့် လုပ်နေသော တိမ်ဦးကို လင်းရှင်က ငေးကြည့်နေမိသည်။ တိမ်ဦး ကြိုက်တဲ့ နှစ်သက်တဲ့ ပစ္စည်းလေးတစ်ခုခုကို လက်ဆောင်ဝယ်ပေးလိုစိတ် ပြင်းပြလှပါသည်။ သို့ပေမယ့်လည်း ဒီလောက်တော့ သူ တတ်နိုင်စွမ်း မရှိပါ။



www.burmeseclassic.com

www.burmeseclassic.com



"ချစ်စရာလေးနော် လင်း"

"အင်း"

"ကျေးဇူးပဲနော် ညီမ"

တိမ်ဦးနှင့် သူ လက်တွဲကာ ပြခန်းထဲက ထွက်လာပါသည်။

"တိမ်ဦး လိုချင်တဲ့ ပစ္စည်းတစ်ခုကို ဖျတ်ခနဲ ဝယ်ပေးနိုင်တဲ့သူ ဖြစ်ချင်လိုက်တာ"

ခပ်တိုးတိုး ပြောလိုက်တဲ့ လင်းရှင် စကားကြောင့် တိမ်ဦးက ဆုပ်တွဲထားသော လက်ချောင်းလေးများကို အားစိုက်ကာ ညှစ်လိုက်ရင်း ...

"ဟင့်အင်းပါ လင်းရယ်၊ တိမ်ဦး ချစ်သူက တိမ်ဦးလိုချင်တာကို ဖျတ်ခနဲ ဝယ်ပေးနိုင်တဲ့သူဖြစ်ဖို့ မလိုပါဘူး"

"ဒါဖြင့် ... ဘာလိုလဲ"

"အဲလို ဖျတ်ကနဲ ဝယ်ပေးနိုင်ချင်လိုက်တာဆိုတဲ့ အတွေးမျိုး ဖျတ်ခနဲ ဖြစ်ပေါ်လာတဲ့ အချစ်စိတ်မျိုးရှိရင် ရပြီ"

တိမ်ဦးက သူ့ကို ပြုံးမော့မော့လေး ကြည့်သည်။ နဖူးချင်းငုံ့၍ တိုက်လိုက်ချင်သော်လည်း လူမြင်ကွင်းကြီးထဲဖြစ်၍ စိတ်ကို ချိုးနှိပ်ထားလိုက်ရပါသည်။

"ဟော့ကောင် ... အလင်း"

ရှေ့က နှုတ်ဆက်လိုက်သံကြောင့် နှစ်ဦးသား ခြေလှမ်းတုံ့သွားရပါသည်။ ရှေ့က သူရနှင့် စွမ်းက တိမ်ဦးနှင့် လင်းရှင်ကို အကဲခတ်၍ ကြည့်နေပါသည်။





"ဟာ ... ဟော့ကောင်တွေ၊ မင်းတို့နဲ့ ဆုံပြန်ပြီ၊ ကားလာကြည့်ကြတာလား"

"ဒီလိုပဲ အပျင်းပြေ ကြည့်တာပါကွာ၊ ဒီနေ့ နှစ်ယောက်လုံး အားနေတာနဲ့ အပြင်ထွက်လာတာ"

တိမ်ဦးက လူရည်သန့်ပြန့်သော မျက်နှာလေးတွေနှင့် လင်းရဲ့သူငယ်ချင်းတွေကို ဖော်ဖော်ရွေရွေ အပြုံးလေးနှင့် ကြည့်နေမိပါသည်။

"မင်း ... ဘယ်လိုလဲ"

"အဟင်း ဟင်း ... ဘာကို ဘယ်လိုလဲလဲကွ၊ ဒီလိုပါပဲ"

"မိတ်ဆက်ပေးဦးလေကွာ"

လက်ချောင်းချင်း ပတ္တာချိတ်ဆုပ်တွဲထားသော သူတို့နှစ်ယောက်ကိုကြည့်ရင်း သူတို့က ပြုံးဟဟ ဆိုသည်။ တိမ်ဦးက လင်းရှင်ကို အပြုံးနှင့် မော့ကြည့်မိ၍ လင်းရှင်ကလည်း ငုံ့ကြည့်ရင်း ...

"မိတ်ဆက်ပေးရမလား တိမ်ဦး"

"အို ... လင်းကလည်း၊ မိတ်ဆက်ပေးပေါ့၊ မေးနေသေးစရာလား"

"အေးလေ ... မင်းကလည်းကွာ"

လင်းရှင်က ပြုံးရယ်လိုက်ရင်း ...

"တိမ်ဦး ... သူက စွမ်းတဲ့ ... သူက သူရတဲ့၊ ကိုယ်နဲ့ ဆေးကျောင်းဝင်ကြတုန်းကတော့ အတူတူပေါ့၊ အခုတော့ ဒေါက်တာစွမ်းအောင် ... ဒေါက်တာကျော်သူရပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ဩော် ... တွေ့ရတာ ဝမ်းသာပါတယ်ရှင်၊ လင်းရဲ့သူငယ်ချင်းတွေကိုး"

"ဟော့ကောင်တွေ ... သူက တိမ်ဦးခင်တဲ့၊ '......'ရုပ်ရှင်ထုတ်လုပ်ရေးတိုက် လုပ်တယ်လေ"

"ဩော် ... အင်း ... သိတယ်ဗျ"

"ဟင် ... မင်းက ဘာသိတာလဲ"

"ပြီးခဲ့တဲ့ တစ်ပတ်ကပဲ၊ ဗီဒီယိုတစ်ကား ကြည့်သေးတယ်လေ '......'တိုက်က ထွက်တာပဲလေ၊ ကားနာမည်က '.........' "

"ဩော် ... ဟုတ်တယ်ရှင့်၊ အဲဒီကားလေးဖြန့်တာ ဆယ်ရက်ကျော်ပဲ ရှိပါသေးတယ်"

"အဲဒီမှာ ရှေ့ဆုံးက စာတန်းထိုးတာပဲလေ၊ တိမ်ဦးခင် စီစဉ်သည် ဆိုတာလေ"

"ဟာ ... မင်း တကယ် သေသေချာချာ သိတာကိုး"

"သိတာပေါ့၊ တိုက်တိုက်ဆိုင်ဆိုင်ကို ကြည့်ထားမိတာပဲဟာ၊ အရင်ကလည်း ကြည့်ဖူးပါတယ်၊ ဒီတိုက်ကထွက်တဲ့ကားလေးတွေက မင်းသမီး မင်းသား ကောင်းကောင်းလေးတွေနဲ့ သပ်သပ်ရပ်ရပ်လေးတွေ အမြဲပဲ ကားကောင်းကောင်းလေးတွေထုတ်တဲ့တိုက်လေ၊ သတိပြုမိပါတယ်"

"ကျေးဇူးတင်ပါတယ်ရှင်"





"ကျေးဇူးတင်စရာ မလိုပါဘူးဗျာ၊ အလင်းကို ခုလိုတွေ့ရတာ ဘာဖြစ်လို့လဲ မသိဘူး၊ ဝမ်းသာသလို စိတ်ထဲမှာဖြစ်နေတယ်၊ အလင်း ... ငါတို့ စားရဖို့ နီးပြီလား"

လင်းရှင်က အဖြေခက်ကာ ရှိုးတိုးရှန့်တန့် ဖြစ်နေတိမ်ဦးကပင် ...

"ဟုတ်တယ် ... တိမ်ဦးတို့ တစ်ခုခု သွားစားကြရအောင်လေ လင်း၊ အားကြတယ်- မဟုတ်လားဟင်၊ တစ်ခုခုကျွေးပါရစေ၊ တစ်နေရာ သွားရအောင်လေ၊ ကားပါကြလားဟင်"

"ကျွန်တော်တို့ ကားမပါပါဘူးဗျာ"

"ဒါဆို တိမ်ဦး ကားနဲ့ပဲတူတူသွားရအောင်လေ၊ လင်းကငယ်သူငယ်ချင်းတွေနဲ့ ဆုံရတာ ပျော်နေမှာပါ၊ တစ်နေရာသွားစားကြမယ်နော် ... လင်း"

လင်းရှင်က သက်ပြင်းခိုးရှိုက်ရင်း ခေါင်းညိတ်ပြ...ရပါသည်။

♥ ○ ♥



www.burmeseclassic.com

www.burmeseclassic.com

## ၁၂

ကင်မရာမီးရောင်တွေ တဖျပ်ဖျပ် လင်းလက်သွား
ပါသည်။ ကန်တော့ပွဲကို ဦးချရှိခိုးလိုက်ကြတဲ့ ရုပ်ရှင်အဖွဲ့သား
တို့ကို လင်းရှင်က နောက်ဘက်ကျကျ ထောင့်စားပွဲတစ်ခုက
စိုက်ကြည့်နေပါသည်။ ပြုံးရွှင်ကြည်လင်နေတဲ့ တိမ်ဦး မျက်နှာ
မြင်နေတာ သူ့အတွက် ကျက်သရေမင်္ဂလာ ရှိလှပါသည်။

တိမ်ဦး မျက်နှာလေးကို အဲသလိုပဲ အမြဲပြုံးရွှင်
စေချင်သည်။ ဒီနေ့ ကန်တော့ပွဲပေးတဲ့ ရုပ်ရှင်ကားကြီးဟာ
တိမ်ဦးရဲ့အိပ်မက်ဖြစ်သည်။ မျှော်လင့်ချက် ဖြစ်သည်။ သူ့မော
လေး ဥက္ကာအတွက်လည်း တိမ်ဦးရဲ့ကြိုးပမ်းချက် လက်ဆော
တစ်ခုဖြစ်သည်။ ဒီကားထဲမှာ ဥက္ကာက အဓိကဇာတ်ပို့မင်းသား
နေရာက ပါဝင်ပါမည်။

ဥက္ကာကို တီဗီချယ်နယ်လ်တစ်ခုက အင်တာဗျူး
လုပ်နေသည်ကို နံဘေးခပ်လှမ်းလှမ်းမှ ပြုံးရပ်ကြည့်နေသော
တိမ်ဦး မျက်နှာလေးက မီးရောင်ဟပ်၍ လှပပန်းသွေးကြွနေသော





သည်။ လင်းရှင်က သူထိုင်နေတဲ့ စားပွဲနေရာမှ ဖုန်းနှင့်လှမ်း၍ တိမ်ဦး ပုံလေးတွေကို ဓာတ်ပုံတချပ်ချပ် ရိုက်ယူနေမိသည်။ သူ့မျက်စိထဲမှာတော့ တိမ်ဦးသည် သရုပ်ဆောင်နာမည်ကြီး မင်းသမီးထက်လည်း လှပနေပါသည်။

"တူတူ ... တူတူ"

ဖုန်းကောလ်တစ်ခု ဝင်လာ၍ လင်းရှင်က ဖုန်းကို ကိုင်၍နားထောင်လိုက်လေသည်။

"ဟုတ် ... မမမိုး"

"ဘယ်မှာလဲ အခု"

"အပြင်မှာ မမ"

"အေးလေ ... ဘယ်အပြင်မှာလဲ မေးနေတာ၊ အိမ်မှာ မဟုတ်တာ သိတယ်"

"ဘယ်လိုလုပ် သိတာလဲ"

"ခုပဲ အိမ်ကို လာရှာတာ၊ မင်း မရှိဘူးလေ"

"မမ ... ကိစ္စရှိလို့လား"

"လေသံက ဘာလဲ၊ ကိစ္စမရှိရင် ငါ မလာရဘူးဆိုတဲ့ သဘောလား"

"မဟုတ်ပါဘူး၊ မမကလည်း၊ ဘာတွေ အလကားစိတ်တို နေတာလဲ"

"စိတ်တိုတယ်လေ၊ ငါကတော့ မင်းကို စိတ်တွေပူနေတယ်၊ မင်းကတော့ လစ်ရင် လစ်သလို တိမ်ဦးခင်နဲ့ပဲ ပျော်မြူး



www.burmeseclassic.com

www.burmeseclassic.com



နေတယ် မဟုတ်လား၊ ငါတွေ့တွေ့လိုက်တာ နှစ်ခါရှိနေ ပြီနော် လင်း၊ မင်း ဘယ်လိုဖြစ်နေတာလဲ၊ ဘာလို့ဒီလောက် တောင် တွဲနေတာလဲ"

"ကိစ္စရှိလို့ပါ မမကလည်း"

"ဘာကိစ္စလဲ ... အခုရော သူနဲ့ပဲလား"

"ဟုတ်ကဲ့"

"ဘာလုပ်နေတာလဲ"

"ကျွတ် ... မမကလည်း ဘာတွေ လိုက်ရစ်နေ မေးနေ တာလဲ၊ ဘာလုပ်လုပ် ဘာဖြစ်လို့လဲ"

"နင့်လေသံကို အခုပြင်စမ်း၊ ငါရစ်တာ ဆန်းသလား ရစ်မှာပဲ၊ ရစ်တော့ ဘာဖြစ်လဲ၊ နင် ဒီလိုဖြစ်နေရင် နင့် တိမ်ဦးခင်ကိုပါ ရစ်ပေးလိုက်ဦးမယ်၊ ဘာမှတ်နေလဲ ငါ့ ကို"

အလင်းရှင်က သက်ပြင်းတစ်ချက် ချလိုက်ပါသည်။ စိတ်ကိုလည်း အတတ်နိုင်ဆုံး လျှော့ချလိုက်ပါသည်။

"အခု ... တိမ်ဦးခင် ရုပ်ရှင်ကန်တော့ပွဲပေးတဲ့ ဆီမှာပါ"

"သူရုပ်ရှင်ကန်တော့ပွဲပေးတာ မင်းနဲ့ဘာဆိုင်လဲ၊ သူနဲ့ ပတ်သက်တဲ့ နေရာမှန်သမျှ မင်းလိုက်ပတ်သက် ဝင်ထွက် နေစရာလား၊ မင်းကို အစ်ကိုကြီး ဘာမှာထားလဲ၊ လူမြင် ကွင်းထဲ သိပ်ထင်းထင်းကြီး လူလုံးပြပြမနေပါနဲ့ဆို၊ ရုပ်ရှင် ကန်တော့ပွဲ ဆိုတာမျိုးက နက်ဖြန်သန်ဘက် ဂျာနယ်ထဲ





ထဲ ပါလာမှာ၊ မင်းဓာတ်ပုံပါ ဂျာနယ်ထဲ မလွတ်မကင်း ကြီး ပါလာရင် ဘယ်လိုလုပ်မလဲ၊ မင်းတင် ဒုက္ခရောက် မှာ မဟုတ်ဘူးနော်၊ တိမ်ဦးခင်ပါ ဒုက္ခရောက်မှာဆိုတာ ကြပ်ကြပ်သတိထားဦး"

"ကျွန်တော် သတိထားပါတယ်၊ ဟိုးအနောက်နားလေးမှာ တစ်ယောက်တည်း နေနေတာပါ၊ ဘယ်သူနဲ့မှလဲ မရောပါ ဘူး မမမိုး၊ ပွဲတက်တယ်ဆိုရုံ ထိုင်နေတာပါ"

"ဒါ့ဆိုလည်း ဘာဖြစ်လို့ ထိုင်နေသေးလဲ၊ ပြန်လာခဲ့တော့ အလုပ်ရှိတယ်"

"လာပါ့မယ် မမရယ်၊ အလုပ်ရှိတယ်ဆိုရင် မလာဘဲနေပါ့ မလား၊ ခဏနေရင် ပွဲလည်းပြီးတော့မှာပါ"

"မင်းကို သိပ်ကိုကြည့်လို့ မရဘူးနော် လင်း၊ ဘယ်တော့ လာမှာလဲ"

"နောက်နှစ်နာရီလောက်ဆိုရင် ကျွန်တော် လာပါ့မယ်"

အနားကို လျှောက်လာနေသော တိမ်ဦးကို လှမ်း ကြည့်ရင်း လင်းရှင်က ဖုန်းကိုပိတ်လိုက်ပါသည်။ ကြည်လင် [illegible]နေသော တိမ်ဦး မျက်နှာလေးကို ထိုင်ရာမှ မော့ကြည့်ပြုံး [illegible]လိုက်ပါသည်။

"ပျင်းနေပြီလား လင်း"

"မပျင်းပါဘူး ... ပျော်နေတာ"

"အမယ် ... ရွှဲ့ပြောတာ ထင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"မရှဲ့ပါဘူး ... တကယ်ပါ၊ တိမ်ဦး ပျော်နေတာကြည့်ပြီ ကိုယ်လည်း ပျော်နေတာ၊ ဒါပေမဲ့ အပြည့်အဝတော့ မပျော်ဘူး"

"ဟင် ... ဘာဖြစ်လို့လဲ လင်းရယ်"

"ဒီရုပ်ရှင်ကားကြီးထဲမှာ ကိုယ်လည်း ကူညီပါဝင်ပါရစေ ဆိုတာ တိမ်ဦးကမှ လက်မခံတာ၊ ကိုယ်လည်း ပါပါရစေ တိမ်ဦး ဟိုတစ်နေ့က ပြောနေတယ်လေ၊ ဒီကားကြီ အတွက် ငွေမလုံလောက်သေးဘူး၊ ငွေထပ်ရှာရမယ်ဆိုတာ ဒီကားက တိမ်ဦးရဲ့ကြီးမားတဲ့ မျှော်လင့်ချက်တစ်ခု၊ အိပ် မက်တစ်ခုဆိုတာ ကိုယ်သိပါတယ်၊ အောင်မြင်မှာလို့လည်း ကိုယ် ယုံကြည်တယ်၊ တိမ်ဦးရဲ့ရည်မှန်းချက်တစ်ခု မျှဝေကူညီခွင့်ပေးပါ၊ တိမ်ဦးရဲ့ချစ်သူတစ်ယောက်အနေနဲ့ တိမ်ဦးမှာ လိုအပ်နေတဲ့ အကူအညီကို ပေးဆပ်ခွင့်ပြုပါ တိမ်ဦးရာ"

"အင်းပါ ... တိမ်ဦး စဉ်းစားပါဦးမယ် လင်းရယ်"

"ဇာတ်လမ်းက ကောင်းတာနဲ့၊ တိမ်ဦးက ကောင်းကောင် လေး အားထုတ်ရိုက်မှာနဲ့၊ ဇာတ်ကားဆုတွေ ဘာတွေ အကယ်ဒမီချိတ်နေရင် ကိုယ်ပါ ပူးတွဲထုတ်လုပ်သူအဖြစ် စင်ပေါ်တွဲတက်ရရင် အရမ်းပျော်ရော ကောင်းမှာပဲနော်"

"ဘယ်သူနဲ့ ဖုန်းပြောနေတာလဲ"





မေးလည်းမေး တိမ်ဦးက စားပွဲပေါ်ချထားသော လင်းရှင်ရဲ့ဖုန်းကိုပါ ကောက်ယူလိုက်ပါသည်။ မိန်းမသားတို့ရဲ့ အကျင့်ဟာ အဲဒါမျိုးပဲ ထင်သည်။ ကိုယ့်ချစ်သူ ကိုယ်နှင့်သက် ဆိုင်ပတ်သက်သူအပေါ် ပိုင်စိုးပိုင်နင်း ပြုမူလေ့ရှိခြင်းသည် သူ တို့ကိုယ်သူတို့ ယုံကြည်ချက်လည်း ဖြစ်သလို တစ်ဖက်လူကို နှဲ့ဆိုးအနိုင်ယူလိုမှုလည်း ဖြစ်မည်။

ဖုန်းကိုဖွင့်ကြည့်လိုက်သော တိမ်ဦးက နောက်ဆုံး ခေါ်ထားသော အဝင်ကောလ်ကို ကြည့်လိုက်ကာ ...

"မမမိုး ဆိုတာ လင်းရဲ့ဘော့စ်ကတော် မဟုတ်လားဟင်"

"ဟုတ်တယ် တိမ်ဦး"

"ကလင်"

တိမ်ဦး လက်ထဲက လင်းရှင်ရဲ့ဖုန်းကလေးထဲမှ ကော်ဆော့ချ်ဝင်လာတဲ့ အသံလေးမြည်ကာ စာတစ်စောင် ဝင်လာ ပါသည်။ တိမ်ဦးက တမင်တကာ မရည်ရွယ်သော်ငြားလည်း ကာကိုပါနှိပ်ကာ ဖွင့်လိုက်မိပြီး ဖြစ်သွားရပါသည်။

"လင်းနော် ... ဘာနှစ်နာရီလဲ၊ မလိုချင်ဘူး။ တစ်နာရီ အတွင်း ရောက်အောင်လာခဲ့၊ မမစောင့်နေမယ်၊ မရောက် ရင် အတွေ့ပဲ"

စာကိုဖတ်ရင်း တိမ်ဦး မျက်နှာလေးက တစ်မျိုးတစ် သည် ပြောင်းလဲသွားပါသည်။ စာအသွားအလာ အသုံးအနှုန်းထဲက ခင်းနီးပိုင်နိုင်မှုကို တိမ်ဦး ခံစားရသည်။ ရိပ်မိရသည်။ စာလုံး တွေက တိမ်ဦးအသည်းနှလုံးကို ပွတ်ချေလိုက်သလိုပင်။



www.burmeseclassic.com

www.burmeseclassic.com



"သူကလည်း လင်းတဲ့လား"

ချစ်သူတွေဖြစ်ပြီးမှ 'လင်းရှင်' ကနေ 'လင်း'
ပြောင်းလဲခေါ်ဝေါ်ခဲ့သော တိမ်ဦးထံမှ ထွက်လာသော အသံ
က မေးခွန်းရယ်လို့ မဟုတ်ဘဲ သူ့တစ်ကိုယ်တည်း ညည်းတွ
လိုက်သလို တိုးသက်အေးစိမ့်နေသည်။

"သူက ကိုယ့်ကို ဟိုးအစောကြီးကတည်းက လင်းလို့ပဲခေါ်
တာ တိမ်ဦးရဲ့"

"ဩော် ... တိမ်ဦးထက် အရင်ပေါ့နော်"

"ကိုယ် ငယ်ငယ်ကတည်းကပါ တိမ်ဦးရယ်၊ သူတို့
ရောက်ကတည်းက သူတို့အတွက် အလုပ်လုပ်ကတည်း
အဲဒီတုန်းက ကိုယ်က ချာတိတ်လေးကိုး၊ အဲဒီကတည်း
မမမိုးက လင်းလို့ပဲ ခေါ်ခဲ့တာ တိမ်ဦးရဲ့"

"သူ စာရေးပုံက အရမ်းပိုင်နိုင်လွန်းတယ် မဟုတ်လား"

"........."

"ပြီးတော့ ချွဲချွဲနွဲ့နွဲ့လည်း ဆန်တယ်၊ လင်းနော် ... ဘ
နှစ်နာရီလဲ ... မလိုချင်ဘူးတဲ့၊ မမ စောင့်နေမယ်တဲ့၊ သ
က ဘယ်အရွယ်လဲ လင်း"

"ကြီးပါပြီ ... လေးဆယ်ကျော်ပော့ ရှိပြီပေါ့"

"ခုခေတ် လေးဆယ်မိန်းမတွေက အသက်ကြီးတယ်ရယ်
မဟုတ်ကြသေးတာကို"

"တိမ်ဦးကလည်းကွာ၊ သူ့ဟာသူ ကြီးကြီးငယ်ငယ်
ဘာဖြစ်လဲ၊ ဘာဖြစ်လို့လဲ"





"မသိပါဘူး၊ ဒီမက်ဆေ့ချ်လေး ဖတ်လိုက်ရတာ တစ်မျိုးပဲ
ခံစားလိုက်ရတယ်၊ ကိုယ့်ချစ်သူမှာ တရင်းတနှီး ပိုင်စိုးပိုင်
နင်း ဆက်ဆံတဲ့ မိန်းမတစ်ယောက် ရှိနေတာ သိလိုက်
ရတော့ တိမ်ဦး နှမြောသလိုပဲ၊ ဝမ်းလည်းနည်းသလိုပဲ"

"ဟောဗျာ ... တိမ်ဦးရယ်၊ ဘယ်လိုပြောရမှန်းတောင်
မသိတော့ဘူးကွာ"

"သူက ဘာလို့ လှမ်းခေါ်တာလဲ၊ လင်းကကော မအား
သေးဘူးဆိုတာ မပြောလိုက်ဘူးလား၊ တစ်နာရီအတွင်း
ရောက်အောင်လာရမယ် ဆိုတာတော့ အနိုင်ကျင့်တာပဲ"

"ကိုယ် မသွားပါဘူး တိမ်ဦးရယ်၊ နှစ်နာရီလောက်မှလာ
မယ်လို့ ပြောလိုက်တာ၊ သူ ရေးထားတာ တိမ်ဦး တွေ့
သားနဲ့၊ သူက အလုပ်ရှိလို့ ခေါ်တာပါ"

"ဘာအလုပ်လဲ၊ သူတို့ဆီမှာ လင်းက ဘယ်လိုအလုပ်မျိုး
ဘယ်လိုရာထူးမျိုး လုပ်ရတာလဲဟင်၊ လင်း တစ်ခါပြော
ဖူးတာတော့ သစ်လုပ်တယ်၊ လက်ဖက်ခြောက်တို့၊ ပန်းနှမ်း
တို့ လုပ်တယ်ဆို၊ လင်းက ရုံးတက်သလိုလည်း မဟုတ်
တော့ ကုမ္ပဏီဝန်ထမ်းပုံစံလည်း မဟုတ်လောက်ဘူး"

"အင်း ... ကိုယ်က ကုန်သည်တွေနဲ့ တွေ့ရ၊ စကားပြောရ၊
ငွေချေရတာမျိုး လုပ်ရတယ်၊ အဲဒီကုန်တွေ အသယ်အပို့
တွေလည်း ကိုယ် တစ်ခါတစ်ရံလိုက်သွားရတယ်၊ ရာထူး
ရယ်တော့ ကိုယ်လည်း နာမည်မတပ်တတ်တော့ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"သူတို့ခိုင်းတာ အစုံလုပ်နေရတဲ့ သဘောပေါ့၊ တစ်မျိုး ကြီးပဲ၊ လင်းလည်း အပြင်မှာ စီးပွားရေးလေးတွေ တို့တို တို့တို လုပ်နေတာပဲဟာ၊ သူတို့ဆီက ထွက်လိုက်ပါလား ဟင်၊ တစ်ခုခုလေး ခိုင်ခိုင်မာမာ အခြေချ လုပ်ပါလား လင်း၊ အခုက သူတို့ဆီရောက်ကာစ ချာတိတ်လေးမဟုတ် တော့ဘူးလေ၊ အသက်အရွယ်တစ်ခုလည်း ရောက်လာပြီပဲ လင်း ဒီတိုင်းကြီးမျှောပြီး ဆက်နေနေရင် သူတို့အခိုင်းခံ တပည့်ဘဝက ဘယ်တော့ကျွတ်မှာလဲ၊ တစ်သက်လုံး ဒီလိုနေလို့မှ မရတာ၊ လင်းကိုယ်ပိုင်ဘဝတစ်ခု တည်ထောင် ရမှာပဲလေ လင်း … မဟုတ်ဘူးလား"

"တိမ်ဦး ပြောတာ ဟုတ်ပါတယ်၊ မှန်ပါတယ်၊ ဒါပေမဲ့ ကိုယ် အစ်ကိုကြီးတို့ မမမိုးတို့ဆီက နုတ်ထွက်လာခဲ့ဖို့ ဆိုတာ ပြောသလောက် မလွယ်ဘူး တိမ်ဦး"

"ဘာဖြစ်လို့လဲ လင်းရယ်"

လင်းရှင်သည် တိမ်ဦးကို ကရုဏာသက်စွာ စိုက် ကြည့်နေသည်။ ကိုယ် ဘယ်လိုများ ပြောရမလဲ တိမ်ဦးရယ်၊ တိမ်ဦးရဲ့အခြေအနေ အဆင့်အတန်းနဲ့ တွက်ဆတော့လည်း သူ ချစ်သူဟာ သူတစ်ပါးတပည့်တပန်း အဖြစ်ကို ဖြစ်စေချင်မှာ မဟုတ်။ လင်းရှင် အနေအထားက ဘယ်လိုပဲ ပြည့်ပြည့်စုံစုံ သုံးနိုင် စွဲနိုင် ဟန်ဟန်ပန်ပန် ရှိတယ်ပဲ ဆိုဆို အစ်ကိုကြီးတို့ မမမိုးတို့ ခိုင်းတာလုပ်ရသည် ဆိုတာကို တခြားနည်းနှင့် ဘယ်လို





မှ လှည့်ပတ်ပြောလို့လည်းမရ။ ရာထူးရယ်လို့လည်း ဘယ်လိုတပ် ရမလဲ။

"သူတို့က ကျေးဇူးရှင်တွေလို့ ပြောလည်း မမှားဘူး တိမ်ဦး၊ မေမေက ကိုယ့်ကို အိမ်ကနှင်ချပြီး စွန့်လွှတ်လိုက် ကတည်းက သူတို့အကူအညီ အထောက်အပံ့တွေနဲ့ပဲ ကိုယ်ရပ်တည်ခဲ့ရတာလေ၊ ခုလို ကိုယ့်အခန်းလေးနဲ့ကိုယ် ကိုယ့်ကားလေး ကိုယ်မောင်းပြီး သွားလာနေနိုင်တာ အားလုံးက သူတို့အထောက်အပံ့မှ မကင်းခဲ့တာ၊ တခြားငွေကြွက်စရာတွေကလည်း အများကြီးမို့ပါ"

"တကယ်ဆို လင်းမေမေကို လင်း ပြန်ဆက်သွယ် တောင်းပန်သင့်နေပြီ၊ တစ်ချိန်တုန်းက လင်းဆိုးခဲ့မိုက်ခဲ့လို့ လင်းမေမေက အိမ်ကနှင်ချခဲ့တာ ဆိုပေမယ့် တစ်ဦးတည်းသော သားကို တစ်သက်လုံးတော့ ပြတ်ပါ့မလားဟင်၊ လင်း ဘာဖြစ်လို့ ပြန်မဆက်သွယ်လဲ တိမ်ဦး မစဉ်းစားတတ်ဘူး၊ အမေပဲ လင်းရယ်၊ ကြာခဲ့ပြီတုန်းက အပြစ်တွေကို ခွင့်လွှတ်မှာပါ၊ လင်း ဘာလို့မာနကြီးနေတာလဲ၊ လင်းက တစ်ကောင်ကြွက် မဟုတ်ဘူးလေ၊ အမေရှိတယ်ဆိုတာ နည်းတဲ့ ကျောထောက်နောက်ခံ ခွန်အားလား"

"ကိုယ့်မေမေက တိမ်ဦးရဲ့ ပါပါလိုပဲလေ"

လင်းရှင် စကားက တိမ်ဦးကို ရှေ့ဆက်ဖို့ ဆွံ့အ သွားသည်။ ပါပါသည်လည်းပဲ ဟိုးကြာခဲ့ပြီတုန်းက အပြစ်တစ်ခု



www.burmeseclassic.com

www.burmeseclassic.com



ကို ခုထိ မကျေချမ်းနိုင်၊ ခွင့်မလွှတ်နိုင်၊ မျက်နှာသာမပေး အငြ
အမုဟ်မပြုနိုင်အောင် မမေ့နိုင်အောင် ဖြစ်နေတာမို့ တိမ်ဦး
ကောင်းကောင်း ကိုယ်ချင်းစာတတ်သည်။ လင်းဟာလည်း
တိမ်ဦးလိုပဲ ခံစားချက် ဝေဒနာရှိနေမည့် သူမျိုးပဲပေါ့။

တိမ်ဦးကမူ မေမေနှင့် ဥက္ကာ အပြင် မျက်သွယ်
ဆိုတဲ့ ခွန်အားလေးတွေ ရှိသေးသည်။ လင်းကတော့ တကယ့်
တစ်ယောက်တည်း။ တိမ်ဦးသည် လင်းရှင်ကို ကြင်နာသနားသွာ
ရပြန်ပါသည်။

“တိမ်ဦး ပြောလို့ စိတ်မညစ်သွားနဲ့နော် လင်း၊ တိမ်ဦးက
လင်းခံစားချက်ကိုလည်း အားလုံးမသိလို့ပါ၊ အမေတော
ယောက်ရဲ့ သံယောဇဉ်ဆိုတာကိုလည်း တိမ်ဦးက သေချာ
နားလည်နေတာမို့ပါ၊ ဘယ်လိုပဲဝေးဝေးနေနေ တိမ်ဦး
ရင်ထဲ အသည်းထဲမှာ မျက်သွယ် ဆိုတာ ဘယ်တော့
ဖျက်ပစ်လို့ မရမယ့် အမြုတေလေးမို့လေ၊ ဘာပဲလုပ်လု
သူ့ဖို့အမြဲထည့်တွက်တယ်၊ တိမ်ဦး တစ်နေ့ ခိုင်ခိုင်မာမာ
အောင်မြင်ရင် တိမ်ဦးဘဝအသစ်တစ်ခုကို တူထောင်
မျက်သွယ်လေးကို သွားခေါ်လာခဲ့တော့မယ်၊ အဲလိုစဉ်းစ
ထားတယ်၊ လင်းလည်း သဘောတူတယ် မဟုတ်လား
ဟင်”

“သဘောတူတာပေါ့ တိမ်ဦးရယ်၊ တိမ်ဦး သမီးလေး
ကိုယ့်သမီးလေးပဲပေါ့”





“လင်းမေမေလည်း မတတ်သာလို့ အလှမ်းဝေးနေပေမယ့်
လင်းကို အမြဲလွမ်းနေလိမ့်မယ်လို့ တိမ်ဦး ထင်လို့ပါ”

လင်းရှင်က မျက်လွှာကို စိုက်ချကာ မျက်နှာပျက်
ရာကို ဖုံးဖွက်မိပါသည်။

♥ ○ ♥

အစ်ကိုကြီး လုံးထွေးပစ်ပေါက်လိုက်တဲ့ ဂျာနယ်
လုံးအထွေးက လင်းရှင် မျက်နှာကို လာရောက်ထိမှန်ကာ
မ်းပေါ်ပြုတ်ကျသွားပါသည်။

“ဘယ်လိုဖြစ်တာတုံး အဲဒါ၊ ဝါ ဘာမှာထားသလဲ၊ လူ
ကြားသူကြားထဲမှာတောင် သိပ်ထင်ထင်ရှားရှား ဂရုစိုက်မိ
စရာဖြစ်အောင် မနေပါနဲ့ဆိုတာ ဂျာနယ်ထဲအထိ ပါလာ
ရအောင် မင်းက ဘာကောင်လဲ၊ ငါ့စကားကို သောက်ဂရု
မစိုက်တာလား”

လင်းရှင် ခေါင်းကို ငုံ့ထားပါသည်။

သူ မထင်လိုက်ပါ။ သူ နောက်နားကျကျ နေရာ
မှာ ကွယ်ကွယ်လျှိုးလျှိုး သီးသီးသန့်သန့်ပဲ နေခဲ့တာ။
တော့ ...သတင်းသမားတွေက ထုတ်လုပ်သူ ပရိုဂျူဆာ တိမ်ဦး
တွေကိုပါ မင်းသားမင်းသမီးရဲ့ပုံတွေအတိုင်း ဝေဝေဆာဆာ
ပြထားတာမို့ တစ်ပုံမှာ တိမ်ဦးနှင့်ကပ်လျက် သူပါရောယောင်
သွားရတာပါ။



www.burmeseclassic.com

www.burmeseclassic.com



နုနုငယ်ငယ် ချောချော ပရိဂ္ဂျူဆာမလေးကိုလည်း တော်တော်အသားပေး ဖော်ပြထားတဲ့အတွက် သူပါ စက်ကွင်း မလွတ် ဖြစ်သွားတာ။

ဘယ်လိုပဲဖြစ်စေ တိမ်ဦးကို ငယ်ငယ်ရွယ်ရွယ် ချောချောလှလှ တစ်ခုလပ် ကလေးအမေလေးအဖြစ် အပြင်လောက မှာ သတ်မှတ်ထားပါသည်။ ဟိုးအရင် တခြားအလုပ်တွေ တိမ်ဦး စပ်စပ် စပ်စပ် လျှောက်လုပ်နေစဉ်ကတည်းက အချို့သောစီးပွား ရေးလောကသားတို့ဟာ တိမ်ဦးကို ထိကပါးရိကပါး သွေးတိုးစ ချင်ကြတာမျိုးတောင် ရှိခဲ့သည်။ ဒါတွေကို မသိမသာ အဖ အဖြစ် ကူညီစောင့်ရှောက်ရင်းကပဲ သူနှင့်တိမ်ဦးလည်း ရင်းနှီး ခဲ့ကြတာ။

ခုလည်းပဲ သတင်းသမားဟာ တပူးကပ်ကပ် ဖြစ် နေတဲ့ သူတို့နှစ်ယောက်ကို ဘယ်လိုတော်စပ် ပတ်သက်သ စူးစူးစမ်းစမ်းနှင့် တမင်တကာ ရိုက်ယူထားပုံရတဲ့ ဓာတ်ပုံ လူတွေ သို့လော သို့လော ဖြစ်စရာကောင်းအောင်ပဲ ဒီပုံကိုထ လိုက်တာနေမှာ။

သူကတော့ သူ့အတွက် စိုးရိမ်တာထက် တိမ်ဦး အားနာသနားနေမိပါသည်။ သူလိုလူတစ်ယောက်နှင့် ကော ဟာလထွက်ရင် တစ်မျိုးမြင်ခံရရင် တိမ်ဦးမှာ အထူးတလ ဂုဏ်သရေတက်စရာ မရှိရုံမျှမက အန္တရာယ်ပင် ရှိနိုင်ပါ သည်။





"မင်း ဘယ်လိုလုပ်မှာလဲ ... ပြော၊ ဂျာနယ်က ထွက်ပြီး သွားပြီ"

"ဒါကိုတော့ ဘယ်လိုမှ မလုပ်နိုင်တော့ပေမယ့် နောက်ထပ် ဘယ်တော့မှ လုံးဝထပ်မဖြစ်စေရပါဘူး အစ်ကိုကြီး၊ အခု ကိစ္စကိုလည်း တောင်းပန်ပါတယ်၊ ကျွန်တော်ကို ခွင့်လွှတ်ပါ"

ညွှတ်ပျောင်းရိုကျိုးသော လင်းရှင် လေသံက အစ်ကိုကြီးရဲ့အသည်းနှလုံးကို တိုးခွေ့သွားပုံရသည်။ အစ်ကိုကြီးဟာ အပေါက်ဆိုးသလောက် ရက်စက်စရာရှိ ရက်စက်သလောက် အသည်းညီငယ်တွေကို တော်တော်ချစ်တတ်တဲ့သူပါ။

"ဒီမှာ လင်းရှင်၊ ငါ ကိုယ်ချင်းစာပါတယ်ကွာ၊ လူဆိုတာ နှလုံးသားနဲ့ အချစ်နဲ့ အသက်ရှင်ကြတာချည်းပေါ့၊ ဒါပေမဲ့ ငါတောင်မှ မင်းမမမိုးနဲ့က စောစောစီးစီး ငယ်ငယ်ရွယ်ရွယ်ကတည်းက အိမ်ထောင်ကျပြီးသား ဖြစ်နေလို့၊ မင်းတို့ ငါတို့ဆိုတာ သံယောဇဉ်ကို ထိန်းသိမ်းရမယ့် ဘဝတွေကွ၊ ကိုယ့်အကြောင်း က,ကြီးက အ,သိတဲ့ ဒီအသိုင်းအဝန်းထဲကပဲဆိုရင် တော်သေးတယ်၊ မတူတဲ့ အပြင်ဘဝ အပြင်လောကထဲက မိန်းမတစ်ယောက်နဲ့ ချစ်မိတယ်ဆိုရင် သူရော မင်းရော အန္တရာယ်ဆိုတာ မင်း နားလည်ရမယ်လေ ကောင်လေး၊ မင်းကို ငါ တစ်ခုပဲ ရှင်းရှင်းမေးမယ်"

"........"



www.burmeseclassic.com

www.burmeseclassic.com



"မင်းရဲ့မိန်းကလေးကို မင်းရဲ့ Identity အမှန်ကို မင်းဝန်ခံရဲလား လင်းရှင်၊ တစ်အချက် ... မင်းကိုယ်မင်း မူးယစ်ဆေးဝါးသုံးစွဲနေသူပါလို့ ဒီကောင်မလေးကို အသိပေးရဲလား၊ နှစ်အချက် ... သုံးရုံတင်မကဘဲ ဒီပစ္စည်းကိုရောင်းဝယ်ဖောက်ကား ဖြန့်ချိနေပါတယ်လို့ရော မင်းပြောပြရဲလား၊ မင်း သူ့ကို မင်းဘဝမှန် ပေးမသိဘဲ ဖုံးကွယ်ပြီး တွဲနေရင်တော့ သူ့အပေါ် လိမ်လည်လှည့်ဖြားရာ ကျလိမ့်မယ်ဆိုတာ မတွေးဘူးလား"

မတ်နေအောင်ရပ်ကာ လက်နှစ်ဖက် နောက်ပစ်ချိတ်တွဲလျက် ရွှေဆံပင်ကွေ့ ငိုက်ဝဲအောင် ခေါင်းကိုငုံ့ချထားသော လင်းရှင်ရဲ့မျက်ဝန်းမှ မျက်ရည်ပေါက်တို့သည် ကြမ်းခင်းဖြူရောင်ပြေး မာဘယ်လ်ကျောက်ပြားကြီးများပေါ် တစ်ပေါက်ပြီး တစ်ပေါက် ကျလာပါသည်။ ပါးပေါ်ဖြတ်စီးလိုက်ရတယ် မရှိ မျက်ခမ်းစပ်မှသည် ကျောက်ပြားပေါ် တန်း၍ကျကာ နံဘေးသို့ အမှုန်အမွှားလေးတွေပင် စဉ်ထွက်ကုန်သည်။

ဤမြင်ကွင်းကို ကြည့်နေရင်း မမမိုးက မျက်နှာလွှဲလိုက်ပါသည်။ ရင်ထဲမှာ နာကျင်ကရုဏာသက်ပါသည်။ အစ်ကိုကြီးလည်း ကြည့်နေရင်းက အတော်စိတ်မကောင်း ဖြစ်သွားပုံပေါ်ပါသည်။ ခေါင်းကို ဖြည်းဖြည်းယမ်းရင်း ...

"မင်း သေချာစဉ်းစားနိုင်ပါတယ် လင်းရှင်ရာ၊ ဒီကောင်မလေးအတွက်ပါ မင်းထည့်တွက်ရမယ်လေ၊ ငါ စိတ်မကောင်းအောင် အဲလိုကြီး မလုပ်စမ်းပါနဲ့"





"အစ်ကိုကြီး ပြောလို့ မဟုတ်ပါဘူး၊ ကျွန်တော်ဟာ ကျွန်တော်ပါ၊ အစ်ကိုကြီး ... တာချီလိတ် သွားဖို့ရှိတဲ့ကိစ္စ ကျွန်တော် သွားချင်ပါတယ်၊ ကျွန်တော် သွားပါရစေ"

"တကယ်လား"

"တကယ်ပါ"

"သွားရမှာက လမ်းကြမ်းနော်၊ လမ်းကြောင်းကလည်း မင်းသိတဲ့အတိုင်းပဲ၊ ငါကိုယ်တိုင်တောင် သွားရကောင်းမလား ချိန်နေတာ၊ မင်းခုနေ ခရီးသွားလိုက်လည်း တစ်မျိုးတော့ ကောင်းတာပဲလေ၊ မင်းသွားမှာ သေချာရင်တော့ ငါ ဒီညနေပဲ ဟိုဘက်ကို လှမ်းချိတ်လိုက်တော့မယ်၊ ဘယ်သူလာမှာ ကြိုအကြောင်းကြားမှ ဖြစ်မယ်"

"ကျွန်တော် တကယ်သွားမှာပါ အစ်ကိုကြီး"

လင်းရှင်က သူ့ဘောင်းဘီနောက်အိတ်ထဲကဖုန်းကို ထုတ်ကာ မမမိုးရှေ့စားပွဲပေါ် တင်လိုက်ရင်း ...

"ကျွန်တော့်ကို ဖုန်းတစ်လုံးလောက်ပေးပါ မမ"

♥ ○ ♥



www.burmeseclassic.com

www.burmeseclassic.com

## ( ၁၃ )

ဒီအဖြစ်မျိုးကို ကြားတော့ ကြားဖူးသည်။ ကို
ကြုံကြိုက်ရလိမ့်မည်လို့တော့ မထင်မိခဲ့တာ။ တိုက်ခန်းတစ်ခ
ကို ရင်းနှီးမြှုပ်နှံတဲ့ သဘောမျိုးနှင့် တိမ်ဦး ကြိုပွိုင့်ဝယ်ထာ
တာရှိသည်။ အဲဒီတိုက်ခန်းတွဲဟာ ဆောက်နေရင်းတန်းလန်း
ပင် မြေရှင်နှင့် ကန်ထရိုက် မပြေလည်သောပြဿနာဖြစ်ပြီး မြ
ရှင်က သူ့ပြဿနာကို မဖြေရှင်းနိုင်တဲ့ ကန်ထရိုက်ကို ဆော
လုပ်ခွင့် ရုပ်သိမ်းကာ ဖြုတ်ပစ်လိုက်ပြီး နောက်ထပ်ကန်ထ
နှင့် အစားထိုးခဲ့လေသည်။

တကယ်တော့လည်း အစားထိုးလိုက်တဲ့ ကန်ထ
ဟာ အသစ်ကြီးပဲတော့မဟုတ်။ အရင်ကန်ထရိုက်နှင့် ပါထ
တွေပင်။ သူတို့ကြားထဲက အရှုပ်အရှင်းတွေကို တိမ်ဦး သိ
မသိ၊ နားလည်းမလည်။ တိမ်ဦးစိတ်တွင် ဟိုအရင်က မြင်နေ
ကန်ထရိုက်ထဲက တစ်ယောက်ကိုပဲ ဆက်တွေ့မြင်နေရတာ





၍ ပြောင်းလဲသွားမှုတွေကိုလည်း မသိကာ အေးအေးဆေးဆေးပဲ
ငင်နေသည်။

ဆောက်လုပ်ရေးပြီးဆုံး လက်စသတ်ခါနီးမှာ တိမ်ဦး
ဒီတိုက်ခန်းကို ပြန်ရောင်းဖို့ပြင်သည်။ ခုရိုက်နေတဲ့ ကားကြီးပြီး
သွားတဲ့အခါ အနေးနှင့်အမြန်ဆိုသလို ဖလင်ပေါ်တင်ရမည် ဖြစ်၍
ငွေအပ်လိုလာဦးမှာဖြစ်သည်။ ဒီတော့ ငွေဖော်လို့ရမည့်ဟာတချို့
ရောင်းခွဲဖို့လိုလာပါသည်။ ဟိုးတလောကတည်းက ရောင်းမထွက်သေး
တဲ့ မြောက်ဥက္ကလာဘက်က မြေကွက်ကိုလည်း တိမ်ဦး အပူတပြင်း
ရောင်းထွက်ဖို့ ကြိုးစားရသလို ဒီတိုက်ခန်းကိုပါရောင်းဖို့ လှုပ်ရှား
ရပါသည်။

ဒီတော့မှပင် တိမ်ဦး ဝယ်ယူထားတဲ့ တိုက်ခန်းနှင့်
ပတ်သက်ပြီး အရှုပ်အရှင်းက ဖြစ်လာသည်။ မြေရှင်ရော၊ လက်ရှိ
ကန်ထရိုက်ရောက တိမ်ဦးနှင့် အရင်ကန်ထရိုက်ရဲ့ကြိုပွိုင့် အရောင်း
အဝယ်ကို အသိအမှတ် မပြုပါ။ ထိုကိစ္စကို တိမ်ဦးက အရင်
ကန်ထရိုက်နှင့်သာ ရှင်းရမည်လို့ ဆိုလာပါသည်။ တိမ်ဦးလို
အရှုပ်အရှင်းပြဿနာတက်သွားတဲ့သူ နောက်ထပ်နှစ်ဦးလည်းရှိ
ပါသေးသည်။

"အရင်လူက ဆောက်နေလက်စကို သေသေချာချာအလုပ်
ဆက်မလုပ်ဘဲ မြေရှင်ဆီက ယူထားတဲ့ငွေလည်းပျောက်
ပျက်၊ တိုက်ကဆက်တက်မလာလို့ သူနဲ့ဖျက်သိမ်းလိုက်တာ
ကြာတောင်ကြာပြီ၊ အစ်မနဲ့ ငွေပေးငွေယူကိစ္စကို သူနဲ့ပဲ



www.burmeseclassic.com

www.burmeseclassic.com



အစ်မ ရှင်းရမယ်၊ ကျွန်တော်တို့ကတော့ အခုပြီးစီးသမျှ တိုက်ခန်းအားလုံးကို ကျွန်တော်တို့ အစီအစဉ်နဲ့ရောင်းမှာ"

"အဲဒါတွေ ကျွန်မ မသိဘူးလေ"

"အစ်မ သိသိ,မသိသိ အခုအချိန်မှာ ကိုတင့်နဲ့ပဲ အစ်မ ငွေရေးကြေးရေး ရှင်းရမယ်၊ အစ်မတိုက်ခန်း ဝယ်ထားတာ တရားမဝင်ပါဘူး၊ အစ်မလိုပဲ နောက်ထပ်လူနှစ်ဦးလည်း အဲလိုပဲ သူ့ဆီက ဝယ်မိထားတယ်၊ အစ်မတို့ သူနဲ့ပဲရှင်းပါ"

"ရှင်ကလည်း အစက ကိုတင့်နဲ့ ပါတနာပဲ မဟုတ်လား၊ ရှင်ဆက်လုပ်နေတာတွေ့နေတော့ ကျွန်မက ဘယ်လိုလုပ်ပြီး ပြဿနာရှိမှန်း သိမှာလဲ"

"ကျွန်တော်တို့ကလည်း သူ အစ်မတို့ကို ရောင်းထားတယ် ဆိုတာ မသိဘူးလေ"

"ရှင် မသိဘဲ နေပါ့မလား၊ အစက ရှင်နဲ့သူ တွဲလုပ်နေတာ ပဲ"

"အလုပ်အတူ လုပ်ခဲ့တယ်ဆိုတာလည်း လုပ်ငန်းခွင်ပိုင်းပဲ၊ သူ ဘယ်သူတွေကို ဘာတွေ ဘယ်လိုရောင်းထားလဲ ကျွန်တော်မသိဘူး၊ အစ်မတို့ စာချုပ်,ချုပ်တော့လည်း ကျွန်တော်နဲ့မှ မဟုတ်တာ၊ အဲလို ငွေကြေးအရှုပ်အရှင်း တွေရှိလို့လဲ၊ ကျွန်တော် လက်တွဲဖြုတ် လမ်းခွဲလိုက်တာ ပေါ့"

"အဲဒီတော့ ကျွန်မတို့က ဘာလုပ်ရမှာလဲ"





"သူနဲ့ပဲ ဆက်ရှင်းရမှာပါ"

"သူက အခု ဘယ်မှာလဲ"

"ဘယ်ရောက်နေမှန်းကို မသိဘူး၊ ပျောက်နေတာ၊ ကျွန်တော်လည်း အတိအကျ မသိဘူးဗျ၊ သိရင်တော့ ကျွန်တော်လည်း မပြောဘဲ နေပါ့မလားဗျာ"

"ဘယ်ရောက်နေမှန်း မသိတဲ့သူကို ကျွန်မတို့က ဘယ်လို လိုက်ရှာရှင်းရမှာလဲ"

"အဲဒါကတော့ အစ်မတို့အပိုင်း အစ်မတို့ကိစ္စပဲဗျာ"

တိမ်ဦးသည် စိတ်ပျက်လက်ပျက်နှင့်ပင် ကိုယ်နှင့် ဝတူ လူတချို့နှင့် တိုင်ပင်ကာသာ အရင်ကန်ထရိုက်ဟောင်း ကို ရှာဖွေဖို့ စီစဉ်ရသည်။ ဘယ်နေရာမှာ ပုန်းနေမှန်းမသိတဲ့ လူတစ်ယောက်ကို ရှာဖို့ဆိုတာ ဘယ်လိုလွယ်ကူမှာလဲ။ သတင်းစာ ကြံပြာ အရင်ထည့်ရသည်။

အဲဒီအချိန်မှာ ဒီဘက်မှာ ရိုက်နေတာ သုံးရက်ပဲ သေးတဲ့ ကားကြီးရိုက်ကူးရေး၌ ပြဿနာပေါ်ပြန်လေသည်။ ပြဿနာက ဒါရိုက်တာနှင့် မင်းသားရဲ့ပြဿနာ။ စကားပြော ဆင်မပြေ ဖြစ်ရာက အခြေအနေက အတန်ငယ် တင်းမာပြီး ရိုက်တာက ကားရိုက်ကို ရပ်ပစ်လိုက်ပါသည်။

ထိပ်တန်းမင်းသားမင်းသမီးအင်အား၊ ဈေးကွက်ဝင် ဘော်ပို့ဓာတ်ရုံအင်အား များစွာသုံးကာ ရှုတင်တည်ရာလိုကေးရှင်း



www.burmeseclassic.com

www.burmeseclassic.com



တွေကအစ ငွေသုံးပြီး ရိုက်လို့အရှိန်ရနေခိုက်လေးမှာ တိမ်ဦး ယံထိပ် မြွေပေါက်သလို ပျာယာခတ်ရပါတော့သည်။ ဟုံညောင်း ဘက် ရှုတင်ကူးရမည့်အတွက် ကြိုချိတ်ထားတာတွေ ဖျက်ရ ဒါရိုက်တာကိုတစ်လှည့် မင်းသားကိုတစ်လှည့် ပြေးကာနား ချော့မော့ တောင်းပန်။

တစ်ယောက်တည်း မီးဟပ်သလို ပူလောင်နေခိုက် လင်းရှင်ဆီလည်း ဖုန်းခေါ်မရဘဲ ဖုန်းပိတ်ထားတာနှင့် ကြုံ သည်။ ခရီးထွက်ဖို့လည်းရှိကြောင်း ပြောထားဖူး၍ ရုတ်တရ ခရီးထွက်သွားသည်ဟု မှန်းဆရသော်လည်း ဖုန်းလေးတစ်ချ ဆက်၍မှ နှုတ်ဆက်သွားဖော်မရတဲ့အတွက် အသည်းတွေယာ ကာ ကသိကအောက် ဖြစ်နေရပါသည်။ ဝမ်းနည်းဒေါသလည် ထွက်မိသည်။

ချစ်သူဆိုတာ ဘာအတွက် တော်စပ်ထားတာ တစ်ယောက်ကို တစ်ယောက် ချစ်ကြတယ် ဆိုတာလေး တစ် တော့ မကဘူး မဟုတ်လား။ အရေးအကြောင်း အဆိုးအကောင် မျှဝေလို့ မရဘူးဆိုရင် သာမန်အပေါ်ယံ လုပ်ငန်းမိတ်ဆွေတွေ ဘာထူးဦးမှာလဲ။ ဒီအာက်က အလုပ်ကိစ္စတွေအတွက် လူခွဲ တိမ်ဦး တစ်ယောက်ပဲ ပြေးလွှားရကာ ကအးရိုက်ပြန်တည်နိုင် အတွက် မာနမချသော အနုပညာရှင်နှစ်ဦးကို မျက်ရည်ခံထို တော့ ဥက္ကာကိုပါ တာဝန်ပေးရပါသည်။





ဥက္ကာ ခမျာလည်း ကားကြီးလေးရိုက်ခွင့်ရမယ်မကြံ သေး။ ရပ်တန်းက ရပ်သွား၍ စိတ်မာတတ်တွေကျကာ ဟိုတစ်လှည့် ဒီတစ်လှည့် ပြေးကပ်နှုးနှပ်ချော့မော့ရမဆုံးပေ။ နောက်ဆုံးတော့ ဆိုကိစ္စဟာ အစည်းအရုံးမှ ဝင်ရောက်ညှိနှိုင်းပေးဖို့အထိ သံသရာ ည်သွားရပါသည်။

တိမ်ဦးသည် တစ်နေကုန်လို့ ညအိပ်ရာထဲ လှဲလိုက် ချင် တစ်နေကုန် သံပါတ်တင်းထားရတဲ့ စိတ်တွေ ခြေပစ်လက် ခံ လျှော့ချလိုက်သည်နှင့် လူက စိတ်ရောကိုယ်ပါ ပင်ပန်းမှု ဆော်နှင့် ပျော့ဖတ်နွမ်းခွေကာ မျက်ရည်ပါတလည်လည်။ ညတိုင်း ငင်းရှင်ဖုန်းကို ကြိုးစားခေါ်မိနေရာက တစ်ညမှာတော့ မမျှော် ငင့်ဘဲ ဖုန်းဖွင့်ထားတာနှင့် ကြုံကြိုက်လေသည်။

တစ်ဖက်ကို ခေါ်နေတဲ့အသံကို ဒုတ်ခနဲ ဒုတ်ခနဲ ဆောင့်ခုန်နေတဲ့ နှလုံးခုန်သံနှင့် စောင့်နေမိလေသည်။ တစ်ဖက်က ဖုန်းဖွင့်ကိုင်လိုက်တာ သိသိချင်း ...

"လင်း ... ..."

အကျယ်ကြီး အရှည်ကြီး ပေါက်ပေါက်ကွဲကွဲ မချို ငင်ကဲ ခေါ်ပစ်လိုက်ငွဲ့ အသံမှာ အပြစ်တင်ခြင်း၊ ဝမ်းနည်းခြင်း၊ အားကိုးခြင်းတွေ စုရုံးပါဝင်လျက် အသံက မချိမဆန့် နိုင်နေပေ ခဲ့မည်။

"လင်း ...၊ ဘာလုပ်တာလဲ၊ ဘယ်လိုလုပ်တာလဲ၊ ဘာကိစ္စ ဖုန်းပိတ်ထားရတာလဲ၊ ဒီမှာ တိမ်ဦး ရူးတော့မယ် သေ တော့မယ် သိရဲ့လား"



www.burmeseclassic.com

www.burmeseclassic.com



စကားလည်းဆုံး ငိုလည်း ငိုချလိုက်မိလေသည် တစ်ဖက်က ဘာသံမှ ထွက်မလာ။

"လင်း …၊ ဘာလို့ တိတ်နေတာလဲ၊ ဘာဖြစ်နေတာလဲ"

"ဟယ်လို"

ထူးလိုက်တဲ့ မိန်းမသံကြောင့် တိမ်ဦး အသံ တိခနဲ ပြတ်သွားရပါသည်။

"ဟယ်လို … ဟို … ဖုန်း … ဖုန်းနံပါတ်မှားဝင်သွား ထင်တယ်"

"မမှားပါဘူး … လင်းဖုန်းပါ၊ လင်း ခရီးသွားပါတယ်"

"ရှင်"

"လင်း ခရီးသွားနေပါတယ်၊ ဒီဖုန်းက ရန်ကုန်မှာပဲကျ ခဲ့တာပါ"

"ရှင် … သြော်၊ ဒါ … ဒါ … အခုပြောတာ ဘယ်သူ လဲရှင်"

"လင်းရဲ့အလုပ်ထဲက အစ်မပါ"

လင်း … လင်း … နှင့် ခေါ်ပြောနေတာက တစ တနိုး နှုတ်ကျိုးကျိုးပဲမို့ ဒါဟာ မမမိုးပဲ ဖြစ်မှာလို့ တိမ်ဦးမှန်း နိုင်သည်။

"လင်း ဘယ်တော့ ခရီးက ပြန်ရောက်ပါမလဲရှင်"

"အဲဒါတော့ အတိအကျ ပြောလို့မရဘူး ညီမ၊ တစ် တစ်ဆင့် ခရီးဆက်ရမှာလေးတွေလည်းရှိတော့ မှန်းလို့ ဘူး"





"လင်းကိုင်သွားတဲ့ ဖုန်းနံပါတ်လေးရော ရနိုင်မလားရှင်"

"အဲဒီဖုန်းနံပါတ်တော့ ပေးလို့မရပါဘူး၊ အရေးကြီးရင်တော့ မှာထားခဲ့ရင် လှမ်းအကြောင်းကြားပေးလို့ ရပါတယ်"

တစ်ဖက်က ခပ်မှန်မှန်ပဲ ပြောနေပေမယ့် တိမ်ဦး အသံကတော့ အဲဒီတစ်ဖက်ကို ကောက်ရိုးတစ်မျှင်လိုပဲ ဖမ်းဆုပ်ကာ အားကိုးတကြီး ဆန်လှသည်။

"ဆက်သွယ်လို့ ရရင်တော့ တိမ်ဦးခင်ဆီ ဖုန်းဆက်ပေးပါလို့ ကျေးဇူးပြုပြီး ပြောပေးပါနော် မမ"

"ပြောလိုက်ပါ့မယ်"

တစ်ဖက်က မတင်းမာသော်လည်း လုံးဝပုံမှန် ဆက်ဆံရေး။ ကိုယ့်ဘက်ကတော့ မပြောမဆို ငိုကြီးချက်မတောင် ဖြစ်လိုက်မိသေးတာ။ တိမ်ဦး ရှက်လည်းရှက်မိပါသည်။ အားလည်း ငယ်မိပါသည်။ လင်း ရှိနေရင်လည်းပဲ ပြေလည်အောင်ဖြေရှင်း ပေးနိုင်လိမ့်မယ်လို့ မမျှော်လင့်ပေမယ့် စိတ်ဓာတ်ခွန်အားအရ တော့ အားကိုးအားထားရာ မျှဝေဖော် ရပေလိမ့်မည်ဟု မျှော်လင့် မိပါသည်။

လင်း ဘယ်တွေရောက်နေလဲ လင်းရယ်၊ တိမ်ဦး နားမှာ ဘယ်သူမှလဲ မရှိဘူး။ မြန်မြန် ပြန်လာခဲ့ပါတော့ လင်း ရယ်။

♥ ○ ♥



www.burmeseclassic.com

www.burmeseclassic.com



တကယ်တော့ ပြဿနာကို ဥက္ကာက စတာမဟုတ်ခဲ့

အတူလာခဲ့တဲ့ သူငယ်ချင်းတစ်ယောက်နှင့် စ,ငြိတာဖြစ်သည်။ ကိုယ့်သူငယ်ချင်းကလည်း သိပ်တော့ အလုပ်မဟုတ်။ ဟိုစပ်စ ဒီစပ်စပ်နှင့် မလည်ရှုပ် လုပ်ချင်တဲ့သူမျိုးပင်။ သူ့ဗွေးသားဘော် ကြော့ကလေးပင်ဖြစ်၍ သူ့အရှိန်နဲ့သူ တော်ရုံတန်ရုံကို ဂရုမစိုက် သလိုလို ကြောသလိုလို အမူအကျင့်မျိုးကလည်း ရှိသေးသည်။

ဥက္ကာတို့ဘက်က ဘီယာတော့ မူးနေတာမှန်သည်။ တစ်ဖက်ကတော့ ဘီယာထက်ဆိုးတဲ့ မူးယစ်ထုံထိုင်းစေသော အရာတစ်ခုခု မူးနေပုံရပါသည်။ ဥက္ကာတို့အုပ်စုဘက်မှာ မိန်းက လေးနှစ်ယောက် ပါလာသည်။ ကရင်းခုန်ရင်းက ဟိုဘက်ကကော တွေက သိကပါ: ရိကပါ: ရိသဲ့သဲ့ လုပ်ချင်သည်။ ကောင်မလေး တွေကလည်း လိုတာတက်ပို၍ အသည်းနုနု အရေပါးပါးတွေ ကိုယ်နဲ့အတူလာတဲ့ ကောင်ကလေးတွေကို တိုင်တန်းသည်။ ဒီမှာပဲ နည်းနည်းလေး အငြိဖြစ်သွားလိုက်ကာ ရန်းရင်းဆန်ခတ် ဖြစ်ချင်သလိုလေး ဖြစ်သွားလိုက်ပါသေးသည်။

"တော်တော့ဗျာ ... တော်လိုက်ပါတော့၊ ဝဏ္ဏ ... လာတော့ မင်းနေရာ မင်းပြန်လိုက်တော့၊ ပြဿနာမဖြစ်ချင်နဲ့တော့"

ဥက္ကာနှင့် စောလင်းဆွေက ဝဏ္ဏကို ဆွဲခေါ်ကာ တစ်ဆက်တည်း တစ်ဖက်ကိုလည်း ကြေကြေလည်လည် ပြောလိုက်





ပါသည်။ ဒါမျိုးလေးတွေက ရှိတတ်ကာ အခုဟာက လက်ကလေး ဆောင် တစ်ချက်မထိဘဲ စကားလေး ရိသဲ့သဲ့ ပြောရုံနှင့်တော့ ပြဿနာတက်ဖို့လည်း မတန်ပေ။

"နင်တို့လည်း သွားမကနဲ့တော့၊ ကိုယ့်နေရာ ကိုယ်ထိုင်နေ"

"ဟဲ့ ... ကလပ်ဘ်ကိုလာပြီး ခုံမှာထိုင်ပြီး ထပြန်မှာလား၊ ကိုယ့်ဟာကိုယ် ငါတို့ အေးဆေးက,နေတာကို"

"အဲလို က,မယ်ဆိုရင်လည်း ပါးစပ်က နည်းနည်းပါးပါး ပြောတာလောက်တော့ သည်းခံလိုက်ဟာ၊ နင်တို့က ပုံကြီး ချဲ့ပြီး ဒီဘက်ပြန်မဗျော်နဲ့၊ ပြဿနာဖြစ်ရင် ဟိုရောက် ဒီရောက်ဆိုရင် နင်တို့ပဲ နာမည်ပျက်မှာလေဟာ၊ နည်း နည်းပါးပါးကတော့ သည်းခံမှပေါ့"

"ဟဲ့ ... သည်းခံတယ်ဆိုတာ အတိုင်းအတာ ရှိတယ် ဥက္ကာရဲ့၊ စ,တာနောက်တာ ရတယ်လေ၊ မိုက်မိုက်ရိုင်းရိုင်း တွေတော့ မပြောနဲ့လေ"

"သူတို့ပြောလည်း ကိုယ်ရှောင်ထွက်ခဲ့လို့ ရတာပဲဟာ၊ နင်တို့ကလည်း၊ ရှောင်ခဲ့လိုက်ပေါ့၊ ဘာဖြစ်လဲ၊ သူတို့လည်း ဒီနေရာထိတော့ ဘယ်လိုက် မိုက်ရိုင်းပါ့မလဲ၊ နင်တို့က မခံမရပ်နိုင် ပြန်ပြောတော့ ဒီမှာလည်း ဘယ်ခံချင်တော့ မလဲဟာ၊ ဝဏ္ဏကလည်း များနေပြီ၊ ဒီကောင် မူးနေပြီ၊ ပြဿနာမဖြစ်တာ ကောင်းတာပေါ့"

"ဟော့ကောင် ... ဥက္ကာ၊ ငါ လုံးဝမမူးသေးဘူး"



www.burmeseclassic.com

www.burmeseclassic.com



"အေးပါကွာ၊ မမူးသေးရင်လည်း အေးဆေးနေပါကွာ"
"ငါ အေးဆေးနေတာပဲလေ၊ ဟိုကောင်တွေက နန္ဒာတို့
လာမိုက်ရိုင်းတာလေ၊ ပြဿနာမဖြစ်နဲ့ ဆိုပေမယ့် မတ
သာလို့ ဖြစ်သွားတော့ရော ဘာဖြစ်လဲကွ၊ ငါတို့လည်
လေးယောက်၊ ဟိုကောင်တွေလည်း လေးယောက်ပဲလေ"
"ငါတို့က မိန်းကလေးနှစ်ယောက်လည်း ပါသေးတ
လေ၊ တစ်ခုခုဖြစ်ရင် ငါတို့ပိုဆိုးမှာပေါ့"
"ဟော့ကောင် ဥက္ကာ၊ မင်းက ရန်ဖြစ်ရမှာ ပြဿနာတ
ရမှာ အမြဲကြောက်တယ်၊ မင်းက ဘာကိုကြောက်နေတာ
ဘာလဲ ... မင်းက မင်းသားမို့လို့လား ဟော့ကောင်"
"ဘာဆိုင်လို့လဲကွာ ဝဏ္ဏရာ၊ ရစ်ပြန်ပြီ"
"ဆိုင်တယ်လေ ... မင်းပဲပြောတယ်လေ ဟိုတစ်ခါက
မင်းက ကားရိုက်နေပြီဆိုတော့ ဘာလုပ်လုပ် အနေအထိ
ဆင်ခြင်ရတော့မယ်လေး ... ဘာလေး ဆိုတာ"
"ဝဏ္ဏ ... ဥက္ကာကို ရစ်မနေနဲ့၊ မင်းသားမို့ ဆင်ခြင်တော့
ရော ဘာဖြစ်လဲ၊ ဆင်ခြင်ရမှာပေါ့၊ တစ်ခုခုဆို ဂျာနယ်
ပြူးပြဲပြီး ပါလာမှာ၊ ဘယ်ကလပ်ဘ်မှာ ဘာညာဆိုပြီး
က နာမည်ထိခိုက်မှာလေ၊ မင်းတို့ ငါတို့ကို လူမသိ
မယ့် ဒီကောင်ကို လူသိတယ်လေကွာ၊ မင်း ဒါတော့ နာ
လည်ပေးမှပေါ့"





"နားလည်ပေးပါတယ်၊ ဒါကြောင့် ငါက ဒီကောင့်ကိုလည်း ဖြစ်ဖို့မခေါ်ပါဘူး ငါ့ဟာငါ ဖြစ်မှာပါ၊ အဲဒါတော့ မတား နဲ့လေ"
"မင်းနဲ့ဖြစ်တော့ရော ငါတို့ အကုန်ပါမှာပဲဟာ၊ မင်းနဲ့ ဖြစ်တာဆိုပြီး ထားခဲ့ပြီး ထွက်ပြေးလို့ ရမလား၊ အခုလိုလို ပါသွားမှာ၊ အေးဆေးနေကွာ ဝဏ္ဏရာ၊ ငါတို့ ပျော်ချင်လို့ လာတာလေ"
"ပျော်ဖို့သက်သက် လာတာကို ဒီကောင်တွေ ဘာလို့လာ မိုက်ရိုင်းလဲ၊ သူတို့လာမိုက်ရိုင်းတာလေ"
ဝဏ္ဏက မူးမူးနှင့် ကျူးထကာ ထောင့်နားက ဟို
စားပွဲဆီ သွားဟန်ပြင်ပြန်တာမို့ ဥက္ကာတို့ ဝိုင်းဆွဲလိုက်ရင်း...
"ပြောရင်းဆိုရင်းကွာ၊ မင်း ဘယ်လိုဖြစ်နေတာလဲ ဝဏ္ဏရာ"
"အေးဆေးပါ၊ ငါ စကားလေးသွားပြောရုံလေးပါ၊ နှမချင်း စာနာဖို့ ဒါလေးပါပဲ"
"ဘာမှ သွားမပြောနဲ့တော့၊ အခုက ပြီးနေပြီပဲဟာ"
"မရဘူးကွ၊ ငါ့စိတ်က မရဘူးဆိုတာ မင်းတို့သိသားနဲ့"
"ကျွတ်"
ဝဏ္ဏက ထ,လာမည်ပြင်လိုက်၊ နောက်ကအုပ်စုက
ားလိုက် နှစ်ကြိမ် သုံးကြိမ် ဖြစ်နေပုံကို တစ်ဖက်အုပ်စုက
း မြင်နေပါသည်။ အဲဒီမြင်ကွင်းက သူတို့စိတ်ကိုပါ ထပ်
သလို ဖြစ်နေပါလိမ့်မည်။



www.burmeseclassic.com

www.burmeseclassic.com



"နန္ဒာ ... ပြန်ပြောစမ်း၊ ယွန်းငယ် ပြောကြစမ်းပါ၊ ဟို
ကောင်တွေ ဘယ်လိုမိုက်မိုက်ရိုင်းရိုင်း ပြောတာလဲဆိုတာ"

"သူတို့က ပြောတာ ... xxx xxx QQQ x xx ......"

"တောက် ... တွေ့လား ... တွေ့လား ... ဘယ်လောက်
မိုက်ရိုင်းလဲ"

ဝဏ္ဏက ဝုန်းခနဲ ထ,သွားပြန်ကာ ဒီတစ်ကြိမ် သူ့
လက်ကိုဆွဲထားတဲ့ စောလင်းဆွေ လက်ထဲကပါ ဆောင့်ရုန်းလွှ
ထွက်သွားပါသည်။ ဝဏ္ဏ လျှောက်လာနေတာ မြင်ရုံရှိသေး ဟို
ဘက်ထဲက တစ်ယောက်က ဆိုးဆိုးဆတ်ဆတ် ထထွက်လာကာ
ဝဏ္ဏကို ထိုးချလိုက်တာဖြစ်သည်။ ဝဏ္ဏ လဲသွားပြီ ဆိုတော့
ဥက္ကာတို့အားလုံး ဝင်မပါလို့ မရတော့၊ အခန်းရဲ့ထောင့်နားလေး
ရန်းရင်းဆန်ခတ် ဖြစ်နေကြတော့သည်။

"ဟိုချာတိတ်တွေ ထ,ချနေကြပြန်ပြီ၊ အာရုံနောက်လိုက်
တာကွာ၊ ကိုယ့်ဖီးလ်နဲ့ကိုယ်လည်း နေလို့မရ၊ ဖီးလ်ပျက်
တယ်ကွာ"

လင်းရှင်က သက်ပြင်းတစ်ချက်နှင့် ထိုင်ရာမှထ
ရပ်လိုက်ပါသည်။ သူလည်း မြင်နေတာကြာပြီ။ ဘာမဟုတ်တော့
လေး ဖြစ်ပေမယ့် ဒီထဲမှာ ဥက္ကာ ပါနေပြီ။ နုနုနယ်နယ် နေတတ်
တဲ့ ဥက္ကာ ဇာစ်ယောက် ထိခနဲ စ,တာနှင့် နှစ်ချက်လောက် ခံ
သွားပြီကိုလည်း လင်းရှင် မြင်နေရပြီ။ ဘယ်လိုလုပ် ငြိမ်နေ
တော့မလဲ။





"ဟေ့ကောင် ... လင်းရှင်၊ အရေးထဲ မင်းကပါထ,ပြီး
ဘာသွားလုပ်မလို့လဲ၊ ကိုယ့်ဟာကိုယ်နေလို့ ကောင်းနေတာ
အေးအေးနေစမ်းပါ၊ မဆိုင်တာ သွားမပါပါနဲ့"

လင်းရှင်က ဘာမှပြောမနေတော့ဘဲ ချောင်ထောင့်
နားမှာ လုံးထွေးသတ်ပုတ်နေကြတဲ့ လူငယ်တွေ အုပ်စုဆီရောက်
သွားကာ ကောင်လေးတစ်ယောက်နှင့် ဥက္ကာကို လူချင်းဆွဲခွဲလိုက်
ပါသည်။

"ဥက္ကာ ... မင်း အပြင်ထွက်လိုက်တော့၊ မင်း ပြဿနာဖြစ်
လို့ မရဘူးလေကွာ"

"ဟာ .. ကိုလင်း ... ကျွန်တော်က ..."

"နောက်မှပြော ... သွားတော့"

လင်းရှင်က သူ ဆွဲချုပ်ထားတဲ့ ကောင်လေးအပြင်
နောက်ထပ်တစ်ယောက်ကိုပါ သူတို့ရဲ့ ဟူဒီခေါင်းဆောင်းအကျႌ
ကြီးတွေမှ အတင်းဆောင့်ဆွဲကာ လွတ်ကျွတ်ရာ ဆွဲလာသည်။
ကောင်လေးတွေက လင်းရှင်ကို ရန်မူထိုးကြိတ်ဖို့ မော်အကြည့်...

"ဟေ့ကောင်တွေ ... ပြဿနာဖြစ်ချင်တာလား"

"ဟာ ... အစ်ကို၊ မဟုတ်ဘူး အစ်ကို၊ ဟိုကောင် လူပါး
ဝလို့ ကျွန်တော်တို့ ..."

"ဟိုကောင်တွေက ဘီယာပဲ သောက်ထားတာနော်၊ မတော်
တဆ ရဲစခန်းရောက်ရင် မင်းတို့အုပ်စုက သွေးဖောက်စစ်
လိုက်တာနဲ့ အထဲက ပြန်မထွက်ရတော့မယ်ကောင်တွေ



www.burmeseclassic.com

www.burmeseclassic.com



နော်၊ သွေးတောင် ဖောက်စစ်နေစရာ မလိုဘူး၊ မင်းတို့ တစ်ကိုယ်လုံး အိတ်တွေနှိုက်လိုက်ရင် ခုနကမှ မင်းတို့ ယူထားတာတွေ ဆေးပြားပေါင်း မနည်းဘူး ထွက်လာမှာ ဘာကိစ္စ ပြဿနာရှာနေတာလဲ၊ မင်းတို့ဘော်ဒါတွေထိန်း လိုက်၊ ကိုယ့်နေရာမှာကိုယ် ငြိမ်ငြိမ်ကုပ်ကုပ် ပြန်ထိုင်နေ လိုက်၊ ပြောတာနားလည်လား"

"ဟုတ်ကဲ့"

"သွား ...၊ ကိုယ့်ဒုက္ခ ကိုယ်မရှာနဲ့"

ကောင်လေးတွေဟာ သူတို့အဖော် နှစ်ယောက်ကိုပါ ဆွဲကာ သူတို့နေရာ သူတို့ ငြိမ်ငြိမ်ပြန်ထိုင်နေလိုက်ကြပါသည်။ ဟိုတစ်ဖက်က ငြိမ်လိုက်၍ ဒီတစ်ဖက်ကလည်း ဖြစ်လို့မရတော့။ ခပ်စောင်စောင် ကြည့်နေကြတာတောင်မှ ဟိုအုပ်စုက မျက်နှာပိုး သေသေနှင့် ငြိမ်ဝပ်ပိပြားနေပြီ ဖြစ်လေရာ အလိုအလျောက် ပွဲကပြီးပြတ်သွားပါသည်။

♥ ○ ♥

# ( ၁၄ )

အစည်းအရုံးမှာ သူတို့ကြားက ပဋိပက္ခကို လူကြီး အချို့ရှေ့မှောက် ဖျန်ဖြေရင်းကပဲ နှစ်ဦးနှစ်ဖက် ပြေပြေလည် လည် ကြေအေးလိုက်ကြပါသည်။ ဒါရိုက်တာနှင့် မင်းသား ပြေ လည်သွားတာကိုကြည့်ပြီး အလုံးကြီးကျ သက်ပြင်းချရတဲ့သူက တိမ်ဦးပါ။ ခုမှပဲ ရက်အတန်ကြာ ရင်ထဲပူလောင်ဆို့တစ်နေရတဲ့ သောကတွေ လျော့ကျရပါသည်။

"အခု ဒီကပြီးရင် အားလုံးကို မနက်စာ တိမ်ဦးက ကျွေး ချင်လို့ပါ၊ အန်ကယ်တို့ရော အားလုံးပဲ မနက်စာလိုက် စားကြပါဦး"

"အစ်မ ... ကျွန်တော်တော့ မလိုက်တော့ဘူး၊ သွားစားကြ ပါ၊ ကျွန်တော်က ရှုတင်ပြန်ဝင်ရဦးမှာလေ"

"ဟယ် ... ခနပဲဟာ၊ လိုက်ခဲ့ပါဦးလားဟယ်၊ ဥက္ကာကို တောင် ဖုန်းလှမ်းဆက် ခေါ်ထားတယ်"




www.burmeseclassic.com

www.burmeseclassic.com



"တကယ်လိုက်ချင်ပါတယ် အစ်မရာ၊ အခုက ရှူတင်က ထွက်လာတာမို့လို့ပါ၊ တစ်ရက်စားကြတာပေါ့ဗျာ၊ ကားပြီးတဲ့နေ့ ဖြစ်ဖြစ်လေ၊ ဒီနေ့တော့ မလိုက်နိုင်တော့လို့ပါဗျာနော်၊ ငါ့အစ်မက စိတ်မဆိုးပါနဲ့"

"အင်းပါ ... အင်းပါ ... ကားပြီးသွားရင်တော့ တစ်ခေါက်ထပ်ချိန်းပြီး စားကြရအောင်နော်"

မင်းသားကတော့ တကယ်လည်း ကားရိုက်ရှိနေ၍ ပြန်သွားပါသည်။ ကျန်တဲ့တစ်ဖွဲ့လုံး ဒါရိုက်တာအပါအဝင် ညှိနှိုင်းစေ့စပ် နားချပေးသော လူကြီးတွေပါ အပါအဝင် ဆရာစံလမ်း ရွှေဘဲဆိုင်သို့ လာခဲ့ကြပါသည်။ တိမ်ဦး တစ်ယောက်သာ အမျိုးသမီးရယ်လို့ ပါဝင်သည်။ ဥက္ကာကိုလည်း လှမ်းခေါ်ထားတာမို့ ဥက္ကာက မကြာခင်မှာ ဆိုင်ကို သူ့ဟာသူ ရောက်လာပါသည်။

မှာထားတဲ့ အစားအသောက်တွေ ချနေချိန်မှာပင် ဒါရိုက်တာနှင့် တိမ်ဦးအကြား ခုံဆွဲကာ ဝင်ထိုင်လိုက်တဲ့ ဥက္ကာက ဒါရိုက်တာကို ရယ်ရယ်မောမော နှုတ်ဆက်စကား ဆိုနေ၏ တိမ်ဦးက ဥက္ကာ မျက်နှာကို အမှတ်မထင် ငဲ့ကြည့်ရင်း ...

"ဟင် ... ဥက္ကာ"

ဥက္ကာ မျက်နှာက မျက်လုံးဘေးအစပ် ပါးရိုးရင်းနေရာမှာ စိမ်းဖန့်ဖန့်နှင့် ခရမ်းရောင်ရိပ်သမ်းကာ အနည်းငယ်ရောင်နေတဲ့ဒဏ်ရာ ပေါ်နေသည်။





"ဘာဖြစ်တာလဲ ... မျက်နှာက"

"အေး... ဟုတ်ပါရဲ့၊ မင်းမျက်နှာ ဘာဖြစ်တာလဲ ဥက္ကာ"

ဒါရိုက်တာကပါ မေးလာပါသည်။

"ဘာမှမဟုတ်ဘူး အစ်ကို၊ ချော်လဲပြီး ဆောင့်မိသွားတာ"

"ဟုတ်ကော ဟုတ်ရဲ့လားကွာ၊ မင်းဟာက၊ ရန်တွေ ဘာတွေများ ဖြစ်တာလား ဥက္ကာရာ၊ မင်းဒဏ်ရာကြည့်ရတာ"

"အဟဲ ဟဲ ... မဟုတ်ပါဘူး အစ်ကို၊ သူငယ်ချင်းတစ်ယောက်က တွန်းလိုက်တာ စရင်းနောက်ရင်းနဲ့ပါ၊ မျက်နှာဘေးနဲ့ နံရံနဲ့ ဆောင့်မိသွားတာပါ"

"နင်တို့ကလည်းဟယ်၊ တစ်ယောက်နဲ့ တစ်ယောက် အဲ့လောက် စ,စရလား၊ ဒီလောက်ဒဏ်ရာရအောင်လို့"

"ယောကျ်ားလေးချင်းပဲ မမရာ၊ မတော်တဆပါ၊ သူလည်း ဒီလောက် ဖြစ်သွားမယ် ဘယ်ထင်ပါ့မလဲ"

"သူတို့က စ,လိုက်တာ ကိစ္စမရှိဘူး၊ ရှူတင်က ပြန်စတော့မှာလေ၊ ရက်ပြန်ညှိနေပြီဟာကို၊ မင်းမျက်နှာက အရောင်မကျရင် ဘယ်လိုလုပ်မလဲ၊ တကယ်ပဲ နင်ကတော့လေ၊ ဒါ တော်တော်နဲ့ ကျပါ့မလား"

ဒါရိုက်တာက ဒဏ်ရာကိုကြည့်ရင်း ...

"သိပ်ကိစ္စမရှိလောက်ပါဘူး မတိမ်ဦးရဲ့၊ နှစ်ရက် သုံးရက် နေရင် ပျောက်သွားလောက်ပါတယ်၊ သိပ်ဆိုးဆိုးဝါးဝါးကြီး မဟုတ်ပါဘူး၊ ဆောင့်မိတဲ့ဒဏ်နဲ့ အထဲကသွေးကြောလေးတွေပြတ်ပြီး သွေးခြေဥသွားတာ ထင်ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



အားလုံး မနက်စာစားပြီးကြတဲ့အခါ ဒါရိုက်တာ
ကား အစည်းအရုံးက နောက်ထပ်တစ်ယောက်ရဲ့ကား၊ ကားနှင့်
နှင့် ပြန်သွားကြတာမို့ တိမ်ဦးနှင့် ဥက္ကာသာ ကျန်ရစ်ပါသည်
ဥက္ကာက သူ့ကားပေါ် တက်တော့မှာပြင်ရင်း ...

"ဥက္ကာလည်း သွားတော့မယ်နော် ... မမ၊ ပြီးပြီမဟုတ်
လား၊ ပါပါကလည်း မနေ့က ဆူထားတယ်၊ ဒီနေ့တော
မမခေါ်တဲ့ ဒီကိစ္စမို့သာ မေမေ့ကို ပြောပြီးထွက်လာတာ

"ဥက္ကာ"

တိမ်ဦးက ဥက္ကာရဲ့ကားတံခါးကို ဆွဲကိုင်ထားရင်း

"နင် ရန်ဖြစ်တာ မဟုတ်လား၊ ဟိုလူတွေရှေ့မှာ ငါ
ဆေးမနေချင်လို့၊ သူတို့လည်း ရိပ်မိမှာပါပဲ၊ ဒါဆော
တာမှ မဟုတ်တာ၊ နင့်ကို တစ်ယောက်ယောက်က
လိုက်တာ မဟုတ်လား၊ ငါ့ကို မှန်မှန်ပြောစမ်း"

"ဟုတ်တယ် မမ"

"ဟင် ... ဒီ အနုပညာအလုပ် လုပ်နေပြီး ကိုယ့်နေရာ
နေရာနဲ့ မနေတတ်ဘူးလားဟင် ဥက္ကာ၊ နင် မင်းသားထ
နေတာလေ၊ အရပ်သားလူယေတွေလို ထင်တိုင်းပြ
လို့ရမလား၊ နာမည်က မတက်သေးဘူး၊ နာမည်ပျက်သွ
ပြီး အညွန့်ကျိုးကျသွားရင် ဘယ်လိုလုပ်မလဲ၊ ငါ ဘ
လောက် နင့်ကိုမျှော်လင့်ထားလဲ၊ နင့်အတွက် ငါ ဘ
လောက်ကြိုးစား ထမ်းတင်နေလဲ၊ ဒီနေ့ ဒီလိုပြေလည်သွ





တဲ့အနေအထား တစ်ခုရဖို့ ငါ ဘယ်လောက် လူပင်ပန်း
စိတ်ပင်ပန်း ငွေပင်ပန်း ခံခဲ့ရသလဲဟင်၊ နင်က ခုလိုရန်
ဖြစ်စရာလား"

"မမကလည်း ... ဥက္ကာက ဘယ်ဖြစ်ပါ့မလဲ၊ ဟိုကောင်
ဝဏ္ဏ ထိန်းမရလို့ သွားငြိကုန်တာပါ၊ သေချာအကြီးအကျယ်
ဖြစ်တာမျိုးလည်း မဟုတ်ပါဘူး"

"နင် အဲဒီ ဝဏ္ဏတို့နဲ့ အားအားရှိ ကလပ်သွားနေတာလည်း
နင်ရှောင်တော့၊ အခု ဒီကားဆိုရင် ရိုက်လက်စနဲ့တောင်
လူပြောများပြီး ပေါက်နေပြီလေ၊ လူတအားစိတ်ဝင်စားနေ
ပြီ၊ ဒီကား အောင်မြင်ဖို့ ငါ ဘယ်လောက်ထိ မျှော်လင့်
ထားလဲ၊ နင့်အောင်မြင်မှု၊ ဒီကားရဲ့အောင်မြင်မှုဟာ ပါပါ့
ဆီမှာ ငါ့နာမည်တစ်လုံး အဖတ်ပြန်ဆယ်နိုင်ဖို့၊ လက်မ
ထောင်နိုင်ဖို့လည်း ဖြစ်တယ်ဆိုတာ နင် အသိဆုံး ဥက္ကာ...

ပါပါ့ ချီးမွမ်းစကား၊ ငါ့ကို ကဲ့ရဲ့အတင်းပြောခဲ့ကြ
တဲ့လူတွေဆီက တိမ်ဦးခင်က မခေပါလား၊ အစွမ်းအစ
ရှိပါလား ဆိုတဲ့ စကားသံကို ပြန်ကြားရနိုင်ဖို့ မျှော်လင့်
ထားတယ်လေ ဥက္ကာ၊ ငါ့ကို အဲဒီအောင်မြင်မှုလေး နင်
မပေးချင်ဘူးလား၊ ငါ့ကို အောင်မြင်ခွင့် မပေးဘူးလား"

"မမ ... မမကလည်းဗျာ၊ အဲလို မပြောပါနဲ့၊ ဥက္ကာလည်း
အောင်မြင်ချင်တယ်၊ မမကိုလည်း အောင်မြင်စေချင်တယ်၊
ဥက္ကာ ကြိုးစားပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"နင် ဘာကြိုးစားတာလဲ ဥက္ကာ၊ နိုက်ကလပ်ဘ်သွား ကြိုးစားရန်ဖြစ်နေတာလား ... ဟုတ်လား၊ နင့်နာ တစ်လုံး အညွန့်ကျိုးသွားရင် ဒီရုပ်ရှင်ကားတစ်ခုပဲ ကျ သွားမှာ မဟုတ်ဘူး၊ ငါပါ ပါပါ့ဆီမှာ ကျရှုံးမှာ၊ ဝန်းကျင်မှာ ကျရှုံးမှာ၊ တွေ့လား ထင်သားပဲ၊ ဒီလိုပဲ မယ် ထင်သားပဲ၊ ဒီမိန်းမက ဘာမို့လို့လဲဆိုတဲ့ အမ အတင်းအဖျင်းတွေ ငါ ခံယူရမှာ၊ မခံယူပါရစေနဲ့၊ နာမည်လေးတစ်ခု ငါပြန်ထူထောင်ပါရစေ၊ အဲဒီအ အပွင့်ကို နင်လည်း ခံစားရမှာပါ၊ ငါ့သမီးလေးလည်း ခံစားရမှာပါ ဥက္ကာရယ်"

"သိပါတယ်၊ ဥက္ကာ နားလည်ပါတယ် မမရယ်၊ ဥက္က မှားသွားပါတယ်၊ နောက်ကို ဒီလို မဖြစ်စေရပါ ဥက္ကာ ဆင်ခြင်ပါ့မယ်၊ အခုကိစ္စကလည်း မဖြစ်လေ ဘူး ထင်တာမို့ ဥက္ကာ နိုက်ကလပ်ဘ်ကို လိုက်သွားမိ ပါ၊ မမျှော်လင့်ဘဲ ဖြစ်သွားတာပါ၊ ထပ်မဖြစ်စေရပါ မမရယ်၊ ဥက္ကာ ကတိပေးပါတယ်"

ပါးပြင်ပေါ် ဖိုးဖိုးပေါက်ပေါက် မျက်ရည်တွေကျ မချိတင်ကဲ အံကိုခဲ၍ ပြောနေသော အစ်မဖြစ်သူ တိမ်ဦးကို ရင်း ဥက္ကာလည်း စိတ်မကောင်း ဖြစ်မိကာ လှိုက်လှိုက် ကတိပေးမိပါသည်။ တိမ်ဦးက ဥက္ကာရဲ့လေးနက်တဲ့ နော မကင်းတဲ့ မျက်နှာကိုကြည့်ကာ မျက်ရည်တွေ သုတ်လိုက်ပါသည်





"တကယ်နော် ...၊ နင် ငါ့ဘဝကို နားလည်တယ် မဟုတ်လား ဥက္ကာ"

"ဥက္ကာ နားလည်ပါတယ် ... တကယ်ပါ၊ နောက် မဖြစ်စေရတော့ပါဘူး"

"ကဲ ... အဲဒီတော့ နောက်ဆုံး ဘာဖြစ်သွားလဲ၊ ဟိုဘက်ဒီဘက် ဘယ်သူတွေ ဘယ်လောက်နာကျင် ဒဏ်ရာရကုန်လဲ၊ ရဲစခန်းတွေ ဘာတွေ ရောက်သေးလား"

"မရောက်ပါဘူး၊ ဒဏ်ရာတွေလည်း အကြီးအကျယ်တွေ မရကြပါဘူး မမရဲ့၊ အခု ဥက္ကာ ဖြစ်သလောက်ပါပဲ၊ ဖြစ်တာလေးကလည်း ခဏလေးမှ တကယ့်ကို ခဏလေးပဲ၊ ဖြစ်ဖြစ်ချင်း ဆိုသလိုပဲ ပွဲကရပ်သွားတာပါ"

"ဘယ်လိုဖြစ်လို့ ချက်ချင်း ရပ်သွား ပြီးသွားတာလဲ"

"ကိုလင်းပေါ့"

"ဘာ ..."

"ကိုလင်းက အဲဒီမှာ ရှိနေတာ မမရဲ့၊ ကိုလင်းကို အရမ်းကျေးဇူးတင်မှာ သိလား၊ ကိုလင်းက ချက်ချင်းရောက်လာတာ၊ သူရှိနေမှန်းတောင် ဥက္ကာ မသိပါဘူး၊ သူ့ကို မြင်မှပဲ သိတာ၊ ဥက္ကာနဲ့ ဖြစ်နေတဲ့ တစ်ယောက်ကို သူက လူချင်းဆွဲခွဲပြီး ဥက္ကာကို ချက်ချင်း အပြင်ထွက်သွားခိုင်းတာ"

"ဟင် ... သူ ... သူက အဲဒီကို ရောက်နေတယ်"



www.burmeseclassic.com

www.burmeseclassic.com



တိမ်ဦး ရင်ထဲ ဘာကိုမှန်းမသိ ရင်ကွဲပက်လက် ခံစားလိုက်ရပါသည်။

"သူနဲ့ ဆက်ဖြစ် ကျန်ခဲ့တာလား"

"မဟုတ်ဘူး၊ ပွဲက သူဝင်တားလိုက်တာ ချက်ချင်းပဲရပ်သွားတာ၊ ဝဏ္ဏတို့၊ စောလင်းဆွေတို့၊ မောင်မြတ်တို့၊ ကောင်မလေးတွေရော ချက်ချင်းလိုပဲ အပြင်ထွက်လာကြတာ၊ ကိုလင်းက တွန်းဖယ်လိုက်တော့ ဟိုဘက်က ကောင်တွေကလည်း ချက်ချင်းပဲ ရပ်ကုန်ကြတယ်လို့ ပြောတယ်၊ အေးအေးဆေးဆေး သွားပြန်ထိုင်ကြတယ်တဲ့၊ ကိုလင်း ကျေးဇူးပဲ၊ ဥက္ကာတောင် ကိုလင်းဆီ ဖုန်းဆက်သေးတယ်၊ ဖုန်းခေါ်မရဘူး ...

အဲဒါ မမ ကိုလင်းနဲ့တွေ့ရင်လည်း ကျေးဇူးတင်စကား ပြောလိုက်ပါဦးနော်၊ ဥက္ကာကလည်း အရမ်းကျေးဇူးတင်ပါတယ်ဆိုတာ ပြောလိုက်နော် မမ ... သိလား"

တိမ်ဦးက ခေါင်းကို အသာအယာ အားယူညိတ်လိုက်ပါသည်။

"ဒါဆို ဥက္ကာ ပြန်တော့မယ်၊ ကြာနေရင် ပါပါက ပြောနေဦးမယ်"

"အေး ... ပြန်တော့"

ဥက္ကာ ကားလေး ထွက်သွားတဲ့အထိ တိမ်ဦးက ကိုယ့်ရဲ့ကားနံဘေးရပ်ကာ ကျန်ရစ်တုန်းပင်။





ငေးမိငေးရာ တွေစိုက်ငေးမောရင်း လက်သီးလေး နှင်ဖက် အမှတ်မထင် ခပ်ကျစ်ကျစ် ဆုပ်ထားခဲ့မိသည်။

♥ ○ ♥

"ဟယ်လို"

အကြိမ်ပေါင်းများစွာ ခေါ်ပြီးမှ ကြားရတဲ့ ထူးသံဖြစ်သည်။

"ဟယ်လို ... ဟုတ်ကဲ့၊ တိမ်ဦးခင်ပါ မမ"

"ဟုတ် ... ပြောပါ"

"လင်း ... လင်းနဲ့ ပြောချင်လို့ပါ"

"သူ ခရီးသွားတယ်လေ၊ ပြန်မရောက်သေးပါဘူး"

"သြော် ... မရောက်သေးဘူးလား"

"ဟုတ်ပါတယ်၊ ဘာပြောပေးရမလဲ ညီမ၊ အရေးကြီးတာရှိရင် မှာခဲ့ပါ"

"အရေးမကြီးပါဘူး မမ၊ ပြန်ရောက်နေပြီလား ဆက်ကြည့်လိုက်တာပါ၊ ကျေးဇူးတင်ပါတယ်"

တိမ်ဦးက ဖုန်းကိုပိတ်ကာ ပိုက်ဆံအိတ်ယူ ကားသော့ကောက်ကိုင်လျက် တိုက်ခန်းထဲက ထွက်လာခဲ့ပါသည်။ အောက်ထပ် အလုပ်ခန်းတံခါးလည်း ပိတ်ပြီးပြီ။ တစ်နေကုန် အလုပ်ခန်းပိတ်တဲ့ အချိန်အထိ ဆို့တက်လောင်မြိုက်နေတဲ့ အ



www.burmeseclassic.com

www.burmeseclassic.com



လုံးတွေကို ကြိတ်မှိတ်မျိုချခဲ့ရသည်။ ရင်တွေတင်းကျပ် ပူလော
နေပေမယ့် ရှုတင်အမြန်ဆုံး ပြန်စနိုင်ဖို့ ရက်တွေပြန်ညှိချိတ်
ရှုတင်မန်နေဂျာနှင့် အစီအစဉ်တွေ လုပ်နေရပါသည်။

တစ်နေ့တာ လုပ်စရာတာဝန်တွေ ပြီးဆုံးသွား
မှာ လူက ပင်ပန်းနေပြီ။ အလုပ်က လူခန္ဓာကိုယ်ကို ပင်ပန်း
တာမဟုတ်။ စိတ်ခံစားမှုက စိတ်နှလုံးကို ပင်ပန်းစေတာဖြစ်သည်
စိတ်ကို တည်ငြိမ်အောင် ဂရုစိုက်ထိန်းကာ ကားကို လင်းရှင်
လမ်းသို့ မောင်းလာခဲ့ပါသည်။

လင်းရှင်တို့တိုက်ရှေ့ ကားရပ်ကာ လင်းရှင်နေ
တိုက်ခန်းကလေးဆီ မော့ကြည့်လိုက်သည်။ သုံးထပ်က လင်း
ရဲ့အခန်းလေးဟာ အိမ်ရှေ့ဝရန်တာ အိမ်ဧည့်ခန်းနေရာတို့ မှော
မည်းနေပါသည်။

သို့ပေမဲ့ သေချာမြင်အောင်ကြည့်လျှင် ဟိုးအနော
ဘက် မီးဖိုခန်းလောက် နေရာမှာ မီးလင်းနေသည်။ တိမ်ဦး
တဆတ်ဆတ်တုန်သော ခြေလှမ်းတို့နှင့် တိုက်လှေကားမှ တ
လာခဲ့သည်။ အတွင်းကျွန်းတံခါးက Door log ။ အပြင်ဘ
မှာ သံပန်းတံခါးရှိသည်။ သံပန်းတံခါးကို အပြင်မှ သော့ခလော
ချိတ်ကာ ပိတ်ထားပါသည်။ ဒီကြားထဲ နေ့လယ်ဘက် တစ်
တောင် ရောက်ခဲ့မိပါသေးသည်။ ဒီသံတံခါးသော့ ဒီလိုပဲ
ထားတာကို လွမ်းလွမ်းနှင့် ခဏရပ်ကြည့်ပြီး လှေကားမှ
ဆင်းပြန်ခဲ့သည်။





သူ မရှိဘူးလို့ ယုံခဲ့တယ်လေ။ ခုတော့ ဘယ်တုန်းကတည်းက ပြန်ရောက်နေမှန်း မသိဘဲ ရက်ကြောရှည်ကြာ အဆက်အသွယ် ဖြတ်ထားခဲ့တာ။ ဖုန်းတောင် အသစ်ပြောင်းကိုင်လိုက်တဲ့ သဘောလား ကိုအလင်းရှင်။

တိမ်ဦးက အံလေးကြိတ်၍ ဘဲလ်ကို ဆက်တိုက်ဖိနှိပ်တီးလိုက်ပါသည်။ ဆက်တိုက်မှ တကယ့်ကိုမရပ်မနား။ အထဲမှာ မြည်နေသော ဘဲလ်သံကို တိမ်ဦးပါ အဆက်မပြတ်ကြားနေရပါသည်။ တော်တော်ကြာတဲ့အထိ မထူးခြား။ လှုပ်ရှားသံ မကြားရ။

နေလေ ...။ ညသန်းကောင်ထိ ဖြစ်သွားပါစေ၊ ဘဲလ်ပျက်သွားပါစေ၊ မရပ်မနား ဆက်တိုက်နှိပ်နေဦးမှာပါ။

သူ့အလုပ်ကိစ္စ မရှိလျှင် တိမ်ဦးနှင့်လည်း လာမတွေ့ဖြစ်ဘူးဆိုလျှင် ဟိုဟိုဒီဒီ ဘယ်မှသိပ်သွားလေ့မရှိဘဲ သူ့အခန်းထဲသူသာ ဆိတ်ဆိတ်ငြိမ်ငြိမ် နေတတ်လေ့ရှိသည့် လင်းရှင်ရဲ့အကျင့်ကို တိမ်ဦး သိပါသည်။ လုံးဝဖွတ်ပေတေပြီး ဖွင့်ကိုမဖွင့်ဘူးဆိုလည်း နေပါစေ။ နေရက်ရင် နေပါစေ။ သတ္တိရှိရှိလာရင်ဆိုင်ဖို့ကိုတော့ မျှော်လင့်ပါသည်။

ဆယ်မိနစ် ... ဆယ့်ငါးမိနစ်။ တိမ်ဦးရဲ့လက်တွေချွေးစေးရွှဲစိုကာ ခေါင်းထဲက မူးဝေနေပြီ။ အတွင်းဘက်မှာ "တင်း ... တောင်"နှင့် အဆက်မပြတ် မြည်နေတဲ့အသံကိုသာ ပြန်နားစွင့်နေရင်း တိမ်ဦးရဲ့ဒူးတွေရော ခန္ဓာကိုယ်တစ်ခုလုံးရော



www.burmeseclassic.com

www.burmeseclassic.com



တဆတ်ဆတ် တုန်ယင်နေပါသည်။ မျက်ရည်တွေလည်းရစ်ကာ ခြေဆုံးခေါင်းဖျား ထူပူနေပါသည်၊ ပေါက်ကွဲလုဆဲ မီးတောင်ဝမှာ ချော်ရည်ပူတွေ တဗွက်ဗွက် ပွက်ထနေသလို ဝမ်းနည်းဒေါသတွေက တိမ်ဦး ရင်ညွန့်နားမှာ ပွက်ထနေသည်။

"ဂျွတ်"

ရုတ်တရက် အတွင်းသစ်သား ဒိုးလောဂ် ပွင့်သွားသံ။ မှောင်နင့်မည်းမည်းမှာ မျက်စိရှေ့ရပ်လာတဲ့ လူရိပ်ကိုမြင်ပေမယ့် တိမ်ဦးက တံခါးပြင်က ဘဲလ်ကို အငြိုးတကြီးနှင့် ဆက်တိုက် ဆက်လက်ဖိနှိပ်နေဆဲ။

"ကဲ ... တော်ပြီလေ ... တော်ပြီလေ၊ တံခါးဖွင့်နေပြီလေ"

လင်းရှင်က အတွင်းဘက်ကနေ သံတံခါးပြင်ကို လက်လျှို့ထုတ်ကာ သော့ခလောက်ကြီးကို ဖွင့်နေပါသည်။ တိမ်ဦးကတော့ သူ့အသံကြားမှ လူက တရှိုက်ရှိုက်နှင့် ရှိုက်ကြီးတငင်ဖြစ်လာပြီး ဘဲလ်ကို ရူးနေသလိုကို ဆက်နှိပ်နေဆဲ။ လင်းရှင်က သံတံခါးကို တိမ်ဦးနှင့် မတိုက်မိအောင် ဖြည်းဖြည်းတွန်းဖွင့်ရင်း ဘဲလ်တီးနေတဲ့ တိမ်ဦးရဲ့လက်ကို ဆွဲသည်။ တိမ်ဦးက ရုန်းရင်း ဘဲလ်ကိုသာ ဆက်ကာ ... ဆက်ကာ ...။

"တိမ်ဦး ... တော်ပြီလေ ... တော်ပြီ ... လာ ... ဝင်တော့"

"........"

"ကျွတ် ... တိမ်ဦးရာ၊ တော်ပါတော့ကွာ ... နော်၊ လိမ္မာပါတယ်၊ ကိုယ် တောင်းပန်ပါတယ် တိမ်ဦးရဲ့"





တိမ်ဦးထံက ရှိုက်သံတွေက ပိုမိုပြင်းထန်လာသည်။ ရုန်းကန်နေဆဲကပင် တိမ်ဦးရဲ့လက်များ ပခုံးများက လင်းရှင်ရဲ့ ဖက်ချုပ်မှုအောက်မှာ ရုန်းမရအောင် ဖြစ်တော့မှပင် ဘဲလ်တီးသံက ရပ်သွားလေသည်။ လင်းရှင်က တိမ်ဦးကို အတင်းဖက်ကာ အိမ်ထဲဆွဲခေါ်လိုက်ပြီး တံခါးကို ကမန်းကတန်း ပြန်ပိတ်လိုက်ပါသည်။

လင်းရှင် ဒီဘက်ပြန်လှည့်သည်နှင့် တိမ်ဦးရဲ့လက်သီးဆုပ်များက လင်းရှင် ရင်ဘတ်ပေါ် အဆက်မပြတ် အပြင်းအထန် ကျရောက်လာလေသည်။ ဆက်တိုက်ထိရာမိရာ ထုနှက်ရိုက်ပုတ်ကာ ရှိုက်သံအဆက်ဆက်နှင့် တိမ်ဦးပုံစံက မာန်ဖီနေတဲ့ ကျားသစ်မကလေးကို ရန်လိုနေသည်။

"ဘာလုပ်တာလဲ၊ အဲဒါ ဘာလုပ်တာလဲ၊ ရှင် ဘာဖြစ်ချင်တာလဲ၊ ရှင်ဖြစ်ချင်တာကို ပြောလို့ရတယ်၊ တိမ်ဦးခင်ကို ထားခဲ့တော့မယ်လို့ အခုချက်ချင်း ပါးစပ်က ပြောလိုက်၊ အရှက်မရှိ လိုက်ဆွဲထားမယ် ထင်နေသလား၊ တိမ်ဦးခင်ကို ရှင် ဘာများထင်နေသလဲဟင်၊ ဘာလုပ်တာလဲ၊ စော်ကားတာလား၊ အရှက်ခွဲတာလား၊ သက်သက်ချိုးတာလား၊ တခြားအောက်တန်းစား ယောကျ်ားတွေလိုပဲ ယောကျ်ားမရှိတဲ့ ကလေးတစ်ယောက်အမေ ဆိုပြီး မလေးမစားနဲ့ လက်တည့်စမ်းတာလား ... ပြောစမ်း ... ပြောစမ်းပါ"

"တိမ်ဦး ... တိမ်ဦး၊ စိတ်လျှော့လိုက် ... စိတ်လျှော့လိုက်ပါကွာ"



www.burmeseclassic.com

www.burmeseclassic.com



တိမ်ဦးတစ်ကိုယ်လုံးဟာ ယိမ်းထိုးလျက်။ တိမ်ဦး လက်များဟာ လင်းရှင်ကို ထုရိုက်ကုတ်ဖဲ့ အဆက်မပြတ်။ တိမ်ဦး တစ်မျက်နှာလုံးဟာ မျက်ရည်အလူးလူး ခက်ထန်ရုပ်ဆိုး လျက်။

"လူပါးဝတာပေါ့ ဟုတ်လား၊ အပျော်ကြံကြည့်တာပေါ့ ဟုတ်လား၊ လူယုတ်မာ လူဆိုး၊ ရှင် သတ္တိရှိရင် တစ်ခွန်းတည်း အပြတ်ပြောလိုက်လို့ ရတယ်၊ ငါ့ဆီမလာနဲ့၊ ငါ့ကို လုံးဝမဆက်သွယ်နဲ့ ဆိုရင် ရပြီ၊ ရှင်သတ္တိမရှိဘူးလား၊ ပုန်းနေရအောင် ယောကျ်ားမဟုတ်ဘူးလား၊ အလကားလူ"

"တိမ်ဦးရယ်"

လင်းရှင်သည် တိမ်ဦး တစ်ကိုယ်လုံးကို မလှုပ်နိုင်အောင် ပွေ့ပိုက်ထားလိုက်ပါသည်။ တိမ်ဦး ပေါက်ကွဲခံစားနေရတာကိုကြည့်ပြီး သူ့ရင်တွေ နာကျင်ကြေကွဲလှသည်။ သူ့ပါး မျက်ရည်တွေတွေ ကျလာသည်။ ရှူးရှူးဝါးဝါးအော်ဟစ်နေသော တိမ်ဦးကို အတင်းဖက်ပွေ့ပြီး သူ မကြည့်ရက်တဲ့ တိမ်ဦးမျက်နှာကို သူ့ရင်ခွင်ထဲ အတင်းဖိအပ်ထားမိသည်။

"တိမ်ဦးရယ် ... ကိုယ် တောင်းပန်ပါတယ်၊ တိမ်ဦးကို ကိုယ် အရမ်းချစ်ပါတယ်"

"မညာနဲ့ ... မလိမ်နဲ့၊ လျှာဖျားက ပြောမနေနဲ့ ရှုံတယ် သိရဲ့လား ... အီး ... ဟီး ... ဟီး"





တိမ်ဦးရဲ့ထုရိုက်တိုက်ခိုက်မှုများ ရပ်တန့်သွားပြီး င်းတောင့်နေတဲ့ ခန္ဓာကိုယ်ကလေးက ပျော့ညွတ်သွားကာ တိမ်ဦးက ရှိုက်ကြီးတငင် ငိုချလိုက်ပါသည်။ လင်းရှင်ရဲ့ခန္ဓာကိုယ်တွင် မှီတွယ်မထားလျှင် တိမ်ဦး ခန္ဓာကိုယ်ဟာ ကြမ်းပေါ် နဲ့ ကျသွားမလိုအထိ ပျော့ခွေညွတ်သွားတာမို့ လင်းရှင်က ဖေးတွဲကာ ဆိုဖာတစ်ခုပေါ် ထိုင်မိအောင် ချထားပေးလိုက်ရ ပါသည်။

အကျယ်ကြီး အော်ငိုနေတဲ့ တိမ်ဦးနှင့် ကပ်ထိုင်ချ င်း ဆံပင်လေးတွေ ရှင်းသပ်ပေးကာ တိမ်ဦး နဖူးကို သူ့ပါးပြင် နှင့် ကပ်ဖိထားမိသည်။ တိမ်ဦးကို မနာကျင်စေချင်ပါ။ တိမ်ဦးကို မှ ရှောင်ခွာလိုက်ခြင်းဟာ တိမ်ဦးကို ငဲ့ညှာတာလား၊ တိမ်ဦးကို အားမှာ မခွဲမခွာ ချစ်ခင်ယုယတာသည် တိမ်ဦးကို ငဲ့ညှာတာ လား။ သူ ရှုပ်ထွေးနေပါပြီ။

"လင်း ရက်စက်တယ် ... ဒသိပ်ရက်စက်တယ်၊ တိမ်ဦးက လင်း ခုလိုပစ်ပြေးအောင် ဘာလုပ်မိလို့လဲ၊ လင်းကို ဘာများ ဝန်ထုပ်ဝန်ပိုး ပေးခဲ့မိလဲ ... အီး ... ဟီး"

"ပစ်ပြေးတာ မဟုတ်ပါဘူး တိမ်ဦးရယ်"

"တိမ်ဦးက ကလေးအမေမို့လား၊ ဒါဆိုလည်း လင်း ဘာဖြစ်လို့ တိမ်ဦးကို ချစ်ခဲ့သေးလဲ၊ ဘာဖြစ်လို့ သံယောဇဉ်တွေ ပေးလဲ၊ ဘာဖြစ်လို့ တိမ်ဦး အားကိုးအောင် တွယ်တာမိအောင် ပြုစားလဲ၊ တိမ်ဦး ဖြားယောင်းမိလို့လား၊ တိမ်ဦး ဣန္ဒြေမဲ့ခဲ့လို့လား"



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ပါဘူး တိမ်ဦးရယ်၊ ဒါတွေ တစ်ခုမှ မဟုတ်
ဘူး၊ ကိုယ်တိမ်ဦးကို သိပ်ချစ်တာပါ၊ အရမ်းကိုချစ်ခဲ့
ပါ တိမ်ဦးရယ်"

"တိမ်ဦး တစ်သက်မှာ ဘယ်ယောကျ်ားတစ်ယောက်ကို
ဒီလိုချစ်ခဲ့ဖူးတာမဟုတ်ပါဘူး၊ လင်းတစ်ယောက်ကိုပဲ တိမ်ဦး
ချစ်ဖူးတာပါ၊ တိမ်ဦးမှာ အမည်းစက်ရှိပါတယ်၊ ပြစ်ချက်
ပါတယ်၊ ဒါပေမဲ့ လင်း သိထားပါ၊ တိမ်ဦး ရည်းစားထား
ရည်းစားနဲ့မှားယွင်းခဲ့တာ မဟုတ်ပါဘူး လင်းရဲ့"

"တော်ပါတော့ တိမ်ဦးရယ်၊ မပြောပါနဲ့ကွာ"

"ပြောရမှာပဲ ... အမြဲပဲ မပြောဖို့တားပြီး လင်းက အထ
လွဲရင် လွဲနေမှာ၊ တိမ်ဦး ဆိုးခဲ့ပါတယ်၊ ဆိုးတာက မိ
စကားနားမထောင်တာမျိုး မိဘကိုညာတာမျိုးပါ၊ မိဘ
မပေါင်းစေချင်တဲ့ အုပ်စုကို အကောင်းထင်ပြီး ပေါင်း
တာ၊ သူငယ်ချင်းတစ်ယောက်ရဲ့ ညဘက်ပါတီကို အိမ်
မလွှတ်ဘူးဆိုတာ သိတော့ တိမ်ဦး သိပ်သွားချင်လွန်း
စာမေးပွဲရှိလို့ စာစုကျက်မယ်ဆိုပြီး အိမ်ကို လိမ်ထွက်
တယ် ...

ဟိုကျတော့ တိမ်ဦး မသိဘဲ အရက်တွေပါ
ဖျော်ရည်တွေသောက်မိပြီး မူးပြီး ကိုယ့်ကိုယ်ကိုယ် မထိ
နိုင် မသိနိုင်တော့တာ၊ အဲဒီ အကျင့်မကောင်းတဲ့ကောင်
တိမ်ဦး မူးနေတာကို အခွင့်ကောင်းယူပြီး တိမ်ဦးကို





ကျင့်ခဲ့တာပါ၊ တိမ်ဦး ... တိမ်ဦး ... အနေအထိုင်မမှန်
ခဲ့ပေမယ့် တိမ်ဦး ပေါ့ပျက်ပျက် အစားထဲက မဟုတ်ပါ
ဘူး လင်းရယ် ... အီး ... ဟီး ..."

"တိမ်ဦးရယ် ... တိတ်ပါတော့ကွာ၊ ကိုယ် အရမ်းဝမ်း
နည်းလာပြီ တိမ်ဦးရာ"

"တစ်ယောက်စ နှစ်ယောက်စ သိခဲ့ကြပေမယ့် တိမ်ဦး
လည်း အိမ်ကိုကြောက်လွန်းလို့ ဖုံးဖိထားခဲ့တာပါ၊ ဘာမှ
ဖြစ်လာမယ်လည်း မထင်မိတာ၊ ဘာကိုမှလဲ သေချာနား
မလည်ခဲ့တာပါ၊ ကိုယ်... ကိုယ်ဝန်ရှိသွားပြီဆိုတာ နှစ်လ
လောက်နေမှ သိရတော့မှ မရှုနိုင် မကယ်နိုင် လူကြီးတွေ
ပါသိကုန်ကြတာပါ၊ အဲဒီအချိန်မှာ အဲဒီကောင်ကို မျက်နှာ
အောက်ချပြီး တောင်းပန်ပါတယ်၊ သူငယ်ချင်းတစ်ယောက်
နှစ်ယောက်ကလည်း ရပ်တည်ပေးပါတယ်၊ ဒါပေမဲ့ အဲဒီ
ကောင်ရော သူ့မိဘတွေကရော တာဝန်မယူဘူး မပေးစား
နိုင်ဘူး ငြင်းခဲ့တာ၊ တိမ်ဦးကြောင့် မိဘတွေပါ အရှက်
တကွဲ အကျိုးနည်း အောက်ကျနောက်ကျ ခံခဲ့ကြရတာပါ"

လင်းရှင်က သက်ပြင်းတစ်ချက်နှင့် တစ်ရှူးဘူးမှ
တစ်ရှူးတွေဖြတ်ကာ တိမ်ဦး တစ်မျက်နှာလုံးကို တယုတယ
သုတ်ပေးနေမိပါသည်။ သနားစရာ တိမ်ဦးလေး။ မဆင်မခြင်
အသွားမတော်တစ်လှမ်း အသောက်မတော်တစ်ခွက်နဲ့ ဘဝပျက်ခဲ့
ရတဲ့ တိမ်ဦးလေး။ အဲဒီအချိန်က ဘယ်လောက်များ ရှက်ရွံ့တုန်



www.burmeseclassic.com

www.burmeseclassic.com



လှုပ်ပြီး ရှူးမတတ် ခံစားခဲ့ရလေမလဲ။ လူတကာ တံတွေးခွက်မှာ မျောခဲ့ရရှာဦးမှာ။

"ကဲ ... ကဲ ... တိတ်တော့နော်၊ ပြောချင်တာတွေပြော လိုက်ရတော့ ရင်လည်းပေါ့သွားပြီ မဟုတ်လား၊ ကိုယ်က တော့ ဒေါသတွေထွက်လာပြီ၊ ဒီကောင်ကို အခုတောင် ရှာသတ်ချင်လာပြီ၊ ဒီကောင့်နာမည် ဘာလဲ၊ အခုဒီကောင် ဘယ်မှာလဲ"

"အို ... ဒီမှာလည်း သူ မရှိဘူး၊ လင်း ဘာမှခံစားဖို့လဲ မလိုဘူး"

"ဘာလို့မခံစားရမှာလဲ တိမ်ဦးရဲ့၊ တိမ်ဦးကို အနိုင်ကျင့်တဲ့ ကောင်၊ နောက် ဒီကောင် ဘာဖြစ်သွားလဲ"

တိမ်ဦးက ရှိုက်သံလေးခြားကာ ...

"တစ်ယောက်စ နှစ်ယောက်စ သိရာက စကားရော သတင်းတွေကလည်း ပြန့်ပွကုန်တာ၊ သူတို့အိမ်က မဆေ စားနိုင်ပေမယ့် ကိုယ်လွတ်ရုန်းဖို့လည်း မလွယ်အောင်ဖြ လာတာပေါ့၊ သူတို့လည်း ဂရိတ်တွေဖြစ်သလို ပါပါလည်း ဂရိတ်ပဲလေ၊ အမှုတွေတရားတွေ ဖြစ်မလို ဖြစ်လိုက်ရပြ မှ နောက်ဆုံး ဒီကောင်ကို သူတို့ နိုင်ငံမခြားမလွတ်ဆေ လက်မှတ်ထိုးပေးဖို့ သဘောတူကြပါတယ်။ ဘာပွဲ ဘ လမ်းမှ မလုပ်ပေမယ့် နှစ်ဦးသဘောတူ လက်မှတ်ထိုးတ ဆိုပြီး သတင်းစာမှာတော့ ကြော်ငြာပါခဲ့ပါတယ် လင်း





လက်ထပ်ပြီးစီးခြင်းသာ ဆိုတယ် သမီးရည်းစား လည်း မဖြစ်လိုက်၊ လင်မယားရယ်လို့လည်း တစ်ရက်မှ ပေါင်းသင်းတာ မရှိလိုက် အမည်ခံပေးရုံသက်သက်ပါပဲ၊ ပါပါက ကိုယ်ဝန်ကို ဖျက်ခိုင်းပါတယ်၊ လုံးဝမမွေးရဘူး လို့ အမိန့်ပေးပါတယ်၊ တိမ်ဦးဆိုးလို့ မှားခဲ့တဲ့ အပြစ် အတွက် ဗိုက်ထဲက ကလေးလေး အသက်ရှင်ခွင့်မရတာ အပြစ်မခံနိုင်လို့ တိမ်ဦး ပါပါ့အရိုက်နှက်ခံပြီး ဖွတ်မရမက မွေးခဲ့တာပါ"

"အဲဒီကတည်းက ဒီကောင်နဲ့ မတွေ့တော့ဘူးပေါ့"

"လုံးဝမတွေ့တော့တာပါ"

"ခုနေ မတော်တဆ ဒီကောင်က ဒီကိုပြန်လာပြီး တိမ်ဦး ကို လိုချင်ပါတယ် ဆိုရင်ရော"

"လက်ထပ်လက်မှတ်ထိုးပြီးသလို ကွာရှင်းလက်မှတ်လည်း ထိုးပြီးသားလေ၊ အခု တိမ်ဦးခင်က အရင်တိမ်ဦးခင်မှ မဟုတ်တော့တာ၊ အရင်က မသိနားမလည် ကြောက်တတ် တဲ့ တိမ်ဦးခင်လေ လင်း၊ ငုံ့ခံတဲ့ တိမ်ဦးခင်လေ၊ ဒီလို ကောင်မျိုးကို ပါးတောင်တစ်ချက်မရိုက်ရဲခဲ့တဲ့ တိမ်ဦးခင် လေ၊ တိမ်ဦးခင်ရှေ့ကိုတောင် လာရဲရင် လာရပ်လိုက်စမ်း ပါစေ၊ ဒီမှာ လင်း ... ဒါတွေတွေးပူပြီး တိမ်ဦးကို အခုလို ပစ်ပြေးဖို့ ကြံတာလား"

လင်းရှင်က သက်ပြင်းရှိုက်ရင်း ...



www.burmeseclassic.com

www.burmeseclassic.com



"ပစ်ပြေးတယ်လို့ မပြောပါနဲ့ တိမ်ဦးရယ်၊ အဲဒီသဘော မဟုတ်ပါဘူး"

"ဒါဖြင့် ဘာသဘောလဲ လင်း၊ ပြန်ရောက်နေတယ်၊ တစ်မြို့တည်းမှာ ရှိနေတယ်ဆိုတာကို အသိမပေးဘဲ ပြန်မရောက်သေးချင်ယောင် ဆောင်နေတာ၊ ဖုန်းကအစ နံပါတ်ပြောင်းကိုင်ထားတာ ဘာသဘောလဲ"

"အကြောင်းတွေကတော့ အများကြီးပဲ ရှိပါတယ်"

"ပြောပြ"

လင်းရှင်က တိမ်ဦးကို စေ့စေ့ကြည့်လိုက်ပါသည်။ တကယ်တော့ ပစ်ပြေးတယ်လို့ ကိုယ့်ကိုယ်ကိုယ် ဝန်မခံနိုင်သေး လည်း ရှောင်ခွာဖို့တော့ စိတ်ကူးခဲ့ပါသည်။ ဒါဟာ မလွယ်ကူနိုင် မှန်းလည်း ကြိုသိပါသည်။ ခုလို တိမ်ဦးနှင့် ဆုံစည်းလိုက်ရရင် သူ ဘယ်လိုမှ အသည်းမာမာ စိတ်ပြတ်ပြတ်နှင့် တောင့်တင်း ကြံ့ခိုင်ထားဖို့ မစွမ်းသည်ကိုလည်း သိပါသည်။ တကယ်တော့ သူဟာ စိတ်ဓာတ်ပျော့ညံ့သူ တစ်ယောက်ပဲ မဟုတ်လား။

"တိမ်ဦးကို ပြောပြဖို့ ခဲယဉ်းပေမယ့် ကိုယ်ပြောနိုင်တာ တစ်ခုတော့ သေသေချာချာ ရှိပါတယ်၊ တိမ်ဦးကို ကိုယ် သိပ်ချစ်ပါတယ် တိမ်ဦးရယ်၊ တိမ်ဦး စိုးရိမ်တဲ့ အတိတ် ဆိုတာတွေ ကိုယ် လုံးဝစိတ်မဝင်စားပါဘူး၊ တစ်ခါမှလည်း ထည့်မတွက်ပါဘူး၊ ဘယ်သူတွေ ဘာပဲပြောပြော တိမ်ဦး ကို ဝေဖန်တဲ့သူ အမြင်သေးတဲ့သူတွေ ဘယ်လောက်





ကိုယ့်အတွက် တိမ်ဦးက ဖြူစင်တဲ့ သန့်ရှင်းတဲ့ အပြစ်မဲ့တဲ့ ပန်းပွင့်လေးတစ်ပွင့်လိုပါပဲ။ ကိုယ့်ကိုယ်ကိုယ်သာ တိမ်ဦး နဲ့ မထိုက်တန်ဘူးလို့ အမြဲတွေးခဲ့ပါတယ်၊ ဒါကို တိမ်ဦး တစ်သက်လုံး ယုံကြည်ထားပါ"

တိမ်ဦးက လင်းရှင် ရင်ခွင်တွင် စိတ်ကျေနပ်လောက် အောင်ထိ အတန်ကြာ ငိုကြွေးမိသည်။ လင်း ဘာကိုအပြောခက် သလဲ တိမ်ဦး နားမလည်ပေမယ့် ဖွင့်မမေးချင်ပါပေ။ ခေါင်းတွေ ကိုက်လာမှ တိမ်ဦး အငိုတိတ်သည်။

"လင်း ... တိမ်ဦး ကော်ဖီတစ်ခွက်လောက် သောက်ချင် တယ်၊ မျက်နှာလည်း သစ်ချင်တယ်၊ ရေချိုးခန်း ဘယ်မှာ လဲဟင်"

♥○♥



www.burmeseclassic.com

www.burmeseclassic.com

## ( ၁၅ )

တိမ်ဦးက ကားပေါ်က ဆင်းလိုက်သည်။ အိမ်တံခါ[illegible] ဝသို့ ပြေးထွက်လာသော သန်းသန်းက တိမ်ဦးကို မြင်လျှင်[illegible] အံ့သြဝမ်းသာသွားကာ ...

"မမလေး"

"အေး ... မေမေရှိလား၊ မျက်သွယ်ကို ကျောင်းကြို[illegible] ပြန်ရောက်ပြီလား"

"ဟုတ်ကဲ့ ... ခုနပဲရောက်တယ် မမလေး"

တိမ်ဦးက အိမ်ထဲဝင်လာခဲ့ပါသည်။ ကားသံကြော[illegible] သူ့အခန်းထဲက ပြေးထွက်လာကာ တိမ်ဦးကို မြင်လျှင် ခြေလှ[illegible] လေးရပ်ပြီး ဣန္ဒြေရရ မျက်နှာလေးနှင့် စိုက်ငေးကြည့်နေသ[illegible] မျက်သွယ်လေးကို တိမ်ဦးက ပြုံးပြလိုက်ရင်း ဖြည်းဖြည်းလျှော[illegible] လာခဲ့ပါသည်။





သူ့အရပ်လေးနှင့်ညီအောင် ကြမ်းပေါ်ဒူးထောက် ထိုင်လိုက်ကာ ခါးလေးကိုဖက်ရင်း ပါးနှစ်ဖက်ကို တစ်နစ်တစ် ရှိုက် နမ်းပစ်လိုက်ပါသည်။

"သမီး ... နေကောင်းတယ်နော်"

"ဟုတ်"

"မေမေရော သမီး"

"အခန်းထဲမှာ"

မျက်သွယ်သည် တိမ်ဦးရဲ့မျက်နှာကို လူကြီးလေး တစ်ယောက်ကို စေ့စေ့ကြည့်ရှု အကဲခတ်နေသည်။ တိမ်ဦးရဲ့ ပန်းလျညှိုးနွမ်းသော မျက်နှာရိပ် မျက်နှာကဲကိုလည်း ရုတ်ခြည်း ရိပ်မိ နားလည်ပုံရကာ ...

"မေဦးရော နေကောင်းရဲ့လား"

"မေဦး နေကောင်းပါတယ် သမီးလေးရဲ့၊ တနင်္ဂနွေနေ့ တုန်းက မျက်သွယ်ကို လာခေါ်ပြီး မုန့်လိုက်ကျွေးမယ် ပြောထားပြီး မေဦး မလာဖြစ်လိုက်လို့ မေဦး[illegible] ဆိုးနဲ့နော်၊ မေဦး အရမ်းအလုပ်ရှုပ်သွားလို့ပါ"

"စိတ်မဆိုးပါဘူး"

တိမ်ဦးက စကားသံ ခဏရပ်သွားရသည်။ ရင်ထဲ က လေးလံနစ်ပိနေသော အလုံးကြီးကြောင့် အသက်ရှူလို့ပင် ဝနိုင်ပေ။ အခုပြီးခဲ့တဲ့ တနင်္ဂနွေမှာ မျက်သွယ်လေးကို လာခေါ်



www.burmeseclassic.com

www.burmeseclassic.com



မည်လို့ ပြောထားမိခဲ့သည်။ တချို့တလေသော ကျောင်းပိတ်ရက်တွေမှာ ဒီလိုပဲ ဝင်ခေါ်ကာ မုန့်လိုက်ကျွေးတာတို့ လိုချင်တာလိုက်ဝယ်ပေးတာတို့ လုပ်ခဲ့ဖူးသည်။ အဲဒီနေ့ကတော့ လင်းရှင်ကိုပါ အတူခေါ်ကာ မျက်သွယ်နှင့် လင်းရှင် တွေ့ဖူး မြင်ဖူး သိကျွမ်းဖူးသွားအောင် သုံးယောက်အတူ တစ်ခုခု သွားစားမည်လို့ ကြံစည်စိတ်ကူးထားခဲ့ပါသည်။

သို့ပေမဲ့ မဖြစ်မြောက်လိုက်ပါ။ မိတ်ဆက်ပေးလိုစိတ်လည်း မပြင်းပြသကဲ့သို့ အပြင်လည်း မထွက်ချင်သဖြင့် တစ်နေကုန် အိမ်ထဲမှာသာပိတ်ကာ ခွေနေမိခဲ့ပါသည်။

"ပါပါ နေမကောင်းဘူး"

"ဟုတ်လား … အခု ပါပါ အိမ်မှာရှိနေတာလား"

"ဟုတ်ကဲ့ …၊ ဟိုတစ်နေ့ညက အရမ်းမောလို့ ဆိုပြီး ဆေးရုံပြေးရတယ်"

"ဟင် … ဟုတ်လား၊ အခုရော သက်သာရဲ့လား"

"သက်တော့သာတယ်၊ ပါပါက ဆေးရုံမတက်ဘူးဆိုလို့ သူနာပြုတော့ အခု ခေါ်ထားတယ်၊ ညနေဆို ဆရာဝန်ကြီး လာကြည့်တယ်၊ စိုးရိမ်စရာ မရှိဘူးလို့တော့ ဆရာဝန်ကြီးက မေမေ့ကို ပြောတယ်"

"မေဦးကို မပြောကြပါလား၊ လေးလေးဥက္ကာကလည်း မပြောဘူး၊ မေဦး မသိဘူး သမီးလေးရယ်"





"ပါပါက မေဦးကို လုံးမဝပြောကြနဲ့လို့ မှာထားတာ"

တိမ်ဦး သက်ပြင်းလေး ရှိုက်လိုက်မိပါသည်။ ပါပါ နေမကောင်းဘူးဆိုတော့ တိမ်ဦး စိုးရိမ်ပါသည်။ တကယ်ဆို ပါပါနဲ့ တိမ်ဦးဟာ တိမ်ဦး ငယ်ငယ်က အရမ်းနီးကပ်တာပါ။ ပါပါဟာ သားဥက္ကာထက် သမီးဦးဖြစ်တဲ့ တိမ်ဦးကို အချစ်ပိုသည်မှာ ပတ်ဝန်းကျင် လူတကာ အမြင်၌ သိသာလှပါသည်။ ပါပါ့စိတ်ကို အင်မတန်မှ ထိခိုက်ဒဏ်ရာရစေခဲ့တဲ့ တိမ်ဦးရဲ့အဖြစ်အပျက် နောက်ပိုင်းမှသာ ပါပါနှင့် တိမ်ဦး အစေးမကပ်တော့တာ။

တိမ်ဦး ရင်ထဲ ဝမ်းနည်းလှိုက်လှဲလာသည်။ ပါပါ အချစ်ကြီးလို့ အမျက်ကြီးတာ တိမ်ဦး ယုံသည်။ နောက်တစ်ကြိမ် လမ်းမှားရောက်မှာ အထူးတလည် စိုးရိမ်စိတ်နှင့် တစ်စက်မျက်နှာသာမပေးတော့တာကိုလည်း တိမ်ဦး နားလည်ပြီ။ ဘာကြောင့်လဲဆိုတော့ တိမ်ဦးမှာ ပါပါစိုးရိမ်တာနှင့် ထပ်တူဖြစ်လိမ့်မည်ထင်သော စိုးရိမ်သောကတစ်ခု ရှိခဲ့ပြီလေ။

ပါပါ …။ ပါပါ တိမ်ဦးကို စိတ်ခွန်အားပေးပါဦး။

"တိမ်ဦး"

"မေမေ … ပါပါ နေမကောင်းဘူးဆို"

"အေး … ဟိုတစ်ညကဆို တော်တော်စိတ်ပူလိုက်ရတာ ရေးပေါ်ကို ပြေးရတာ မိုးလင်းကာနီးမှ ပြန်လာရတယ်လေ၊ ဆရာဝန်က ဆေးရုံတောင် တက်ခိုင်းနေတာ"



www.burmeseclassic.com

www.burmeseclassic.com



အနားယူနိုင်းတာ၊ ညည်းပါပါက သိတဲ့အတိုင်း သူ့စိတ်နဲ့ သူ့ကိုယ်၊ အိမ်မှာပဲ နားမယ်ဆိုပြီး ပြောမရ ဆိုမရ အိမ် ပြန်လာတာလေ"

"မစိုးရိမ်ရဘူးတဲ့လား မေမေ"

"ဟာ့ထ်အတက်ခ်ဆန်ဆန်ပဲဟာ စိုးတော့ စိုးရိမ်နေရတာ ပေါ့၊ ဆိုးဆိုးဝါးဝါးတော့ မဖြစ်လောက်နိုင်တော့ဘူး။ တလော သူလည်း အလုပ်မှာရော စိတ်ဖိစီးမှုတွေ များ တယ်လေ၊ ဟိုဟာမလည်း ဒုက္ခပေးတာကိုး"

"ဘယ်ဟာမလဲ မေမေ"

"မဇာလေ ... မဇာပေါ့"

တိမ်ဦး မျက်နှာလေးမှုန်သွားကာ ...

"သူ ဘာလုပ်လို့လဲ"

"အတိအကျတော့ မေမေလည်း မသိရပါဘူး တိမ်ဦးရယ် ညည်းပါပါက ငါ့ကို ဘယ်တုန်းက လူရာသွင်းသွင်း ပင်ပြောဆိုလို့လဲ၊ အခု မဇာ သူ့ဆီ မရှိတော့တာ အမှန်ပဲ၊ လွှန်ခဲ့တဲ့ လေးငါးရက်က ဒီမှာ မနေတော့ဘူး ပြီး ဒီကပြောင်းသွားပြီ၊ ဘာပြဿနာတွေ ဖြစ်ကြ သေချာမသိပေမယ့် ကုမ္ပဏီရုံးမှာ ငွေရေးကြေးရေး အ အရှင်းတွေလည်း လုပ်သွားတယ် ကြားတာပဲ၊ ပြဿ တချို့ ညည်းပါပါ လိုက်ရှင်းနေရတာတော့ ရိပ်မိတ





ပါပါရယ် ...။ ပါပါနဲ့ တိမ်ဦးဟာ ဗီဇစိတ်ဓာတ်ချင်းလည်း တူလှသည်။ ပေတိပေကတ်နှင့် အမှတ်မထင် မိုက်လုံးကြီးမိတတ်တဲ့ နေရာမျိုးမှာပေါ့။ အခု ပါပါ ပြဿနာတွေ ရှင်းရလင်းရ နလုံးထိခိုက်တဲ့အထိ ဖြစ်ရတယ်ဆိုပေမယ့် မဇာနဲ့ ခွာပြီသွားတယ်ဆိုလျှင် ကံကောင်းလှပါသည်။ အိမ်ပေါ်တက်ပြီး မျက်နှာပြောင်ပြောင်နှင့် တွင်ကျယ်ရဲတဲ့အထိ သတ္တိကောင်းလှတဲ့ ဓော အနားမှာ မရှိတော့ဘူးဆိုတာ မင်္ဂလာသတင်းပါ။

ပါပါနှင့် တိမ်ဦးကြားက တင်းမာမှုတွေ ပဋိပက္ခ အသေးလေးတွေဟာလည်း မဇာ ရှိလာပြီးနောက်ပိုင်းမှာ ပိုဆိုး ခဲ့တာ မဟုတ်လား။ အခုတော့ တို့မီးရှို့မီးလုပ်ကာ မီးလောင်ရာ ဆီဖျန်းပေးမယ့်သူ ပါပါ့အနား မရှိတော့ဘူးတဲ့။ ခုချိန်ဟာ ပါပါ့ စိတ်မှာ ဒဏ်ရာဒဏ်ချက်တစ်ခု ရနေမယ့်အချိန်။

တိုက်ဆိုင်လှပါလား ပါပါရယ်။

"သမီး ... မဝင်ချင်ရင်လည်း ဝင်မကြည့်နဲ့လေ၊ ညည်း ရောက်လာတယ် သတင်းမေးတယ်ဆိုတာ ပါပါ့ကို မေမေ ပြောပြလိုက်ပါ့မယ်"

"တိမ်ဦး ပါပါ့ကို ဝင်တွေ့မှာပါ"

"အေး ... အေး ... ကောင်းတယ် သမီး၊ တွေ့လိုက်၊ ညည်း လာမေးတယ်ဆိုရင် ပါပါ ဝမ်းသာမှာပါ၊ သူမျက်နှာ ပုပ်ကြီးနဲ့ အော်ဟစ်လည်း စိတ်မဆင်းရဲနဲ့၊ သည်းခံလိုက်ပါအေ"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ပါ မေမေ"

တိမ်ဦးက ပါပါ့အခန်းတံခါးကို ဖြည်းဖြည်းတွန်း ဖွင့်လိုက်ပါသည်။ ခုတင်ပေါ်မှာ စောင်ပါးပါး ရင်တစ်ဝက်ခြုံ လျက် ပါပါ။ နံဘေးမှာ ထိုင်ခုံမတ်မတ်နှင့် စပါယ်ရှယ်နာ့စ်။ အခန်းထောင့်နားက မဟော်ဂနီရောင် စားပွဲကြီးနောက်မှာက ဥက္ကာနှင့် ပါပါ့မန်နေဂျာ။ ဥက္ကာက ပါပါ့အလုပ်ကိစ္စတချို့ကို မန်နေဂျာနှင့်အတူ စစ်ဆေးကူညီနေပုံ ရပါသည်။

တိမ်ဦးကို လှမ်းကြည့်လိုက်သော ဥက္ကာက ထိုင်ရာ မှထကာ ပါပါ့ခုတင်အနား လျှောက်လာပါသည်။ ပါပါ့ခုတင် နံဘေးမှာ အောက်ဆီဂျင်ဘူး။ သွေးထဲက အောက်ဆီဂျင်လယ်ဗယ် နှင့် နှလုံးခုန်နှုန်းကို ပြနေတဲ့စက်။ ပါပါက အိပ်ပျော်မနေပါ။

"ပါပါ"

"အင်း ..."

"မမ လာတယ်"

တိမ်ဦး ပါပါ့ခုတင်အနား တိုးကပ်လိုက်ပါသည်။ ပါပါက မျက်လွှာတစ်ချက် လှန်ကြည့်ကာ ထိုမျက်လွှာကိုပြန်ချ ထားသည်။

"ပါပါ ... သက်သာရဲ့လားဟင်"

တိမ်ဦးက ခုတင်စွန်းမှာ ဝင်ထိုင်ကာ မေးသည်။





"အင်း ... ဘာမှမဖြစ်ဘူး"

"တိမ်ဦး မသိလို့ ပါပါ၊ အခုမှ မျက်သွယ်ကို တွေ့ချင် လို့ လာရင်းနဲ့မှ သိရတာ"

"အင်း ... ငါ မပြောခိုင်းတာ"

"တိမ်ဦးလည်း ကိုယ့်အဖေကိုယ် စိတ်ပူတာပေါ့ ပါပါရယ်၊ နောက်ဆို အဲလို အကြောင်းမကြားခိုင်းဘဲ မထားပါနဲ့၊ တိမ်ဦး သိပါရစေ"

"အောင်မာ ... နောက်ဆို ... ဆိုတော့ ငါကပဲ နောက် တစ်ကြိမ် ထပ်ဖြစ်ရဦးမလိုလို၊ ဘာမှမဖြစ်ပါဘူး၊ ဒီလိုပဲ အခန့်မသင့်လို့ပါ၊ ညည်းအဖေ တော်ရုံနဲ့ မသေပါဘူး"

ပါပါ့အသံက အရင်လောက် မခက်ထန်ပါ။ မမာ ကျောပါ။ ခပ်တင်းတင်း ပြောနေပေမယ့် အားပျော့နေသည်။

"အခု ဘာမှမဖြစ်လို့ပေါ့ ပါပါ၊ တစ်ခုခုဆို တိမ်ဦးက အချိန်မီ မသိနိုင်တာ မဖြစ်သင့်ပါဘူး၊ ဒီနေ့ တိမ်ဦး ဒီကို မလာဖြစ်ရင် ခုထိ သိခွင့်ရမှာ မဟုတ်ဘူး"

ပြောရင်း တိမ်ဦး မျက်ရည်တွေ ရစ်ဝဲလာသည်။ ...မ်းလည်းနည်းလာပါသည်။ ပါပါလည်း ထိုသို့ ခံစားနေပုံပင်။ ...ဆိုတာ ကျန်းမာရေးချို့ယွင်းတဲ့အခါ တစ်စုံတစ်ရာ ပြဿနာ ...ခက်အခဲ ရင်ဆိုင်ရတဲ့အခါ အားငယ်တတ်တာ ဓမ္မတာပဲမဟုတ် ...။ အခု တိမ်ဦးရော ပါပါ,ပါ အားငယ်မှုကိုယ်စီ ရင်ထဲမှာ ...နေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကဲပါ ... နောက်ဆို အသိပေးခိုင်းပါမယ်၊ ငိုမနေနဲ့၊ ငါ
လည်း သေလောက်တာမှ မဟုတ်တာ၊ စိတ်ပူမနေနဲ့"

တိမ်ဦး ရုတ်တရက် ခုတင်ပေါ်က ဆင်းကာ ခုတင်နံဘေး ပါကေးကြမ်းပေါ်မှာ ဒူးတုပ်ထိုင်၍ လက်အုပ်ချီလိုက်ပါသည်။

"ပါပါ ... တိမ်ဦး ပြောမှားဆိုမှားတွေ ရှိခဲ့ရင် တိမ်ဦးကို ခွင့်လွှတ်ပါ၊ ပါပါနဲ့ အမြဲမကြည်မလင် ဖြစ်ခဲ့ပေမယ့် ပါပါ့ကို စိတ်မချမ်းသာစေခဲ့ပေမယ့် တိမ်ဦး တစ်ခုမှ မရည်ရွယ်ခဲ့ပါဘူး"

တိမ်ဦးက ပါပါ့ကို ဦးသုံးကြိမ်ချလိုက်ပါသည်။ ခေါင်းပြန်အထောင်မှာ တိမ်ဦးကို စိုက်ကြည့်နေတဲ့ ပါပါ့မျက်ဝန်းတွေက အရောင်တလက်လက် စူးတောက်ကာ တိမ်ဦး ရင်တွင်းထဲ ထိုးဖောက်ကြည့်နေသလို နက်ရှိုင်းနေသည်။

"ညည်း အဆင်ပြေရဲ့လား၊ တစ်ခုခု ပြဿနာရှိသလား"

ပါပါ ...။ အဆင်မပြေဘူး။ တိမ်ဦး အဆင်မပြေဘူး ပါပါ။ ပါပါ့ကို ပြောမထွက်ပါဘူး။ မပြောရဲပါဘူး။ ထိုးထွင်း အကဲခတ် ရိပ်မိပုံရသော ပါပါ့ကို တိမ်ဦး ခေါင်းယမ်းပြလိုက်ပါသည်။

"မရှိပါဘူး ပါပါ၊ အဆင်ပြေပါတယ်"

"ဥက္ကာပါတဲ့ ကားကြီး အဆင်ပြေရဲ့လား"

"ဟုတ်ကဲ့ ... ဖလင်တင်ရဦးမှာပါ ပါပါ"





"ဖလင်ပေါ်တင်ပြီဆို ပိုက်ဆံလိုတယ် မဟုတ်လား၊ ပြေလည်ရဲ့လား"

"တိမ်ဦး ပြေလည်အောင် ကြိုးစားနေပါတယ်"

"လိုရင်ပြော၊ ညည်း တကယ်လုပ်နေတယ်ဆိုတော့ ဘာပဲဖြစ်ဖြစ် လိုတာကို ပိုင်းပံ့ပိုးရမှာပေါ့။ တစ်ခုခု ပြဿနာရှိရင် အခက်အခဲရှိရင် အိမ်ကိုပြော၊ တစ်ယောက်တည်း ကျိတ်မဖြေရှင်းနဲ့၊ ညည်းတစ်ယောက်တည်း ကျိတ်ဖြေရှင်းနေလို့ ထွက်ပေါက်နဲ့ မြန်မြန်နီးစပ်မှာ မဟုတ်ဘူး၊ ခေါင်းမမာနဲ့၊ မာနမကြီးနဲ့"

"ဟုတ်ကဲ့ပါ ... ပါပါ"

"အင်း ... ရတယ် ... ရတယ် ... သွား၊ မျက်သွယ်နဲ့ အချိန်ပေးလိုက်ဦး၊ ပါပါလည်း ခဏ မှိန်းနေလိုက်ဦးမယ်"

"ဟုတ်ကဲ့ ပါပါ"

ပါပါက မျက်လုံးအစုံ မှိတ်ချထားလိုက်သည်မို့ တိမ်ဦး ထိုင်ရာမှထကာ ဥက္ကာကို ခေါင်းဆတ်ခေါ်ရင်း အခန်းထဲမှ ထွက်လာခဲ့ပါသည်။

"ဥက္ကာ ... လဆန်းရက် ဗီဒီယိုတစ်ကား ရှိမယ်၊ မနက်ဖြန် ဇာတ်ညွှန်းဖတ်ထားရအောင် မမ လာပို့မယ်"

"ဟုတ် ...၊ တော်ပါသေးရဲ့၊ ပါပါနဲ့ မမ ဒီနေ့ ကြည်လင်အဆင်ပြေလို့၊ မမရော နေကောင်းရဲ့လား၊ မျက်နှာက နွမ်းနယ်နေသလိုပဲ၊ ပင်ပန်းနေလို့လား"

"ဥက္ကာ ... မင်းကို မမ မေးစရာလေးရှိလို့"



www.burmeseclassic.com

www.burmeseclassic.com



"ဘာလဲ မမ"

တိမ်ဦးသည် ရင်ထဲတထိတ်ထိတ်နှင့် တလှပ်လှပ် တုန်ယင်လာသည်။ ဟိုးတစ်နေ့က လင်းရဲ့အိမ် ရေချိုးခန်းထဲက နံရံကပ်ဗီရိုလေးထဲမှာ သူ မတော်တဆ မြင်ခဲ့ရတဲ့ ပစ္စည်းအသုံး အဆောင်လေးတွေ တစ်ရှုးနှင့်ရစ်ပတ်ပြီးမှ ဘူးငယ်တစ်ခုထဲ ထည့်ထားသည့် ဆေးလုံးကလေးတွေ တချို့ကို ပြန်လည်မြင် ယောင်လာပါသည်။

မြင်မြင်ချင်း ဘာတွေရယ်လို့ အတိအကျ မသိနား မလည်သော်လည်း အလိုလို စေ့ဆော်သော ဆဋ္ဌမအာရုံနှင့် တိမ်ဦး တုန်လှုပ်ချောက်ချားခဲ့ရသည်။ ဖုန်းကကင်မရာနှင့် တိမ်ဦး ဓာတ်ပုံရိုက်ယူလာခဲ့ပါသည်။

တိမ်ဦးက ဖုန်းကိုဖွင့်ကာ ဖိုတိုဂယ်လရီထဲက တချို့ကို ရှာဖွေလိုက်ပါသည်။

"ဥက္ကာ ... ဒီပုံတွေကို ကြည့်စမ်းပါ၊ ဒါ ဘာတွေလဲ တာ ငါ့ကို သေချာရှင်းပြစမ်းပါ ဥက္ကာ"

♥ ○ ♥

"ပါပါ နေမကောင်းဖြစ်နေလို့ ခုတလော တိမ်ဦး လုံး မအားလို့ပါ လင်း၊ နောက်မှ ချိန်းရအောင်နော်၊ အ တိမ်ဦး အလုပ်ကိစ္စတစ်ခုနဲ့ အပြင်ထွက်လိုက်ဦးမယ်နော် ဒါပဲနော်"





လိုင်းပြတ်သွားတဲ့ဖုန်းကို နားမှခွာပြီး လင်းရှင် တစ်ခဏ ကြည့်နေမိပါသည်။ ဒီလို အလားတူအဖြေမျိုးချည်း ကြားနေရတာ ဘယ်လောက်တောင် များနေပြီလဲ။ ဘယ်နှရက် ရှိနေပြီလဲ။ အလုပ်ကိစ္စနဲ့ အပြင်ထွက်လိုက်ဦးမယ်တဲ့။ ပါပါ နေ မကောင်းလို့ မအားတာကတော့ ထားပါတော့။ အလုပ်ကိစ္စက တော့ ...။

ချစ်စခင်စ ရက်လေးတွေတုန်းကတော့ တိမ်ဦး ဘာအလုပ်ပဲရှိရှိ အဲဒီအလုပ်ကိစ္စနောက် လင်းရှင်ပါ တတွဲတွဲ တကောက်ကောက် လိုက်ပါခဲ့ဖူးတာပဲလေ။ "လင်း ... အားလား၊ လိုက်ခဲ့ပေးနော်" ဆိုတဲ့ ချစ်မြတ်နိုးမဝနိုင်စရာ လေသံလေး ဘယ် ကိုများ ရောက်သွားခဲ့ပြီလဲ။ လင်းရှင် မအားရင်တောင် စိတ် ကောက်ချင်တာမျိုးလေ။ ခုတော့ အလုပ်ကိစ္စတွေနောက် ဘာ ကြောင့် မခေါ်တော့ပါလိမ့်။

လှူရှင်းလှလစ်တိုင်း တင်းတင်းဆုပ်တွဲထားနေကျ သက်ကလေးများကို လွမ်းလှပါသည်။ သူ ရှောင်နေခဲ့မိအပြီး တိမ်ဦး သူ့အိမ်အထိ လိုက်လာခဲ့ပြီးတဲ့နောက်မှာ အခုလိုပြောင်းလဲ သွားတာပင်။ လင်းရှင် ရှောင်နေခဲ့တာအပေါ် မကျေချမ်းနိုင်သေး ဘဲ ကလဲ့စားချေနေတာများလား တိမ်ဦးရယ်။

သူ တိမ်ဦးကို ရှောင်သည် ဆိုတာက တိမ်ဦးအတွက် သက်သက်ပဲ တွေးပေးမိခဲ့လို့ပါ။ တိမ်ဦးကို ညှာတာပြီး ရှောင် တိမ်းဖို့ ကြိုးစားခဲ့တာပါ။ သူကတော့ စိတ်ဓာတ်ပျော့ညံ့ခဲ့သူမို့



www.burmeseclassic.com

www.burmeseclassic.com



တိမ်ဦး နံ့အေးက အငေးကိုပြေးဖို့ ကြိုးစားမှုဟာ အရာမထင် မအောင်မြင်ခဲ့တာပါ။ တိမ်ဦးကရော တစ်ခုခုကြောင့် ရှောင်ပြေးဖို့ ကြိုးစားနေတာဆိုရင် သူ့လို စိတ်ပျော့သူ ဟုတ်ပ့ါမလား။

အင်းလေ ... တကယ်တော့ တိမ်ဦးကများ အရင်ဆ ပြီး သူ့ကိုရှောင်ခွာသွားခဲ့ရင်လည်း ဒါဟာ သူလိုချင်ခဲ့ဖူးတဲ့ အခြေအနေတစ်ရပ်ပဲ မဟုတ်လား။ ဘာကြောင့် ဒီလောက်နာကျင် ခံစားနေမှာလဲ။ တကယ်တော့ တိမ်ဦးကို ချစ်လွန်းအားကြီး၍ မခွဲမခွာချင်တာဟာ သူ့ရင်ထဲက အမှန်တရားတစ်ခု ဖြစ်ပေမယ့် ကွဲကွာသွားခဲ့ရင်လည်းပဲ ဒီအခြေအနေကို အကောင်းဘက်က လှည့်တွေးပြီး ကျေနပ်သင့်တာ မဟုတ်လား။

ဒါပေမဲ့ ဘာကြောင့် တိမ်ဦး ရုတ်တရက်ပြောင်းလဲ သွားတာလဲ ဆိုတာကိုတော့ တွေးမရနိုင်အောင် စိတ်ရှုပ်ထွေးရ သည်။ ရှောင်ပုန်းနေတုန်းကတောင် သတင်းအနံ့လေးရတာနှင့် သူ့ကို မရမကတွေ့အောင် လာဖမ်းခဲ့သေးတာပဲ။ ဘာဆက်လုပ် ရမလဲဆိုတာ ဆုံးဖြတ်ချက် မပြတ်သား၊ ဝေခွဲမရအောင် စိတ်တွေ နာကျင်မွန်းကျပ် ရှုပ်ထွေးပူလောင်လှပါသည်။

သူနဲ့ပတ်သက်တဲ့ သတင်းအစအနတစ်ခုခု၊ ဒါမှ မဟုတ် အလုံးစုံကို ...။

"တီ တီ ... တီ တီ ..."

လင်းရှင်က ဖုန်းကိုကြည့်ကာ ဖွင့်နားထောင်လိုက် ပါသည်။





"ဟယ်လို ... မမ"

"အခု အိမ်ကိုလာခဲ့ ... လင်း"

သူ ဘာမှပြန်မပြောရသေးခင် တစ်ဖက်က မမမိုး က အဆောတလျင် ဖုန်းချသွားခဲ့ပါသည်။ လင်းရှင် အင်္ကျီကောက် ဝတ်ကာ အိမ်က ထွက်လာခဲ့ပါသည်။ ဒီပုံစံကြီးနှင့် စိတ်တွေလေ လွင့် ကြေကွဲဆွေးမြည့်နေမည့်အစား အလုပ်ကိစ္စပေါ်ကာ ခရီးဝေး ဆားလေး ထွက်သွားလိုက်ရရင်လည်း ကောင်းသားပါပဲ။

မမမိုးတို့ ခြံကြီးထဲ ကားဝင်လာတဲ့အခါ ခြံထဲမှာ ကားအချို့ တွေ့ရပါသည်။ အစ်ကိုကြီးတပည့်တွေ အတော်များ များ စုံစုံလင်လင် ရောက်နေကြတာဖြစ်မည်။ လင်းရှင် ကားရပ် အိမ်ထဲဝင်ခဲ့လျှင် ဧည့်ခန်းကျယ်ကြီးထဲမှာပဲ လူအတော်စုံစုံတွေ့လိုက် ရပါသည်။ အစ်ကိုကြီးရော မမမိုးပါ ရှိနေသည်။ အခန်းရဲ့ထောင့် ကျကျက ခုံတစ်ခုမှာ တိုးအေးရဲ့နံ့ဘေး ဝင်ထိုင်လိုက်ရင်း ...

"တိုးအေး ... ဘာဖြစ်လို့လဲ ... ဘာထူးလို့လဲ"

"ကိုကျော်မင်း ဆုံးသွားလို့"

"ဟင်"

နောက်ပိုင်း သိပ်မတွေ့ဖြစ်တာ ကြာပြီဖြစ်ပေမယ့် ကိုးအရင်အချိန်တွေတုန်းက လင်းရှင်နှင့် အတော်အတန် ခင်မင် ရင်းနှီးခဲ့တဲ့ အစ်ကိုကြီးတစ်ယောက်မို့ တအံ့တသြ စိတ်မကောင်း ဖြစ်သွားရပါသည်။ ပြောရမယ်ဆိုရင် ကျောင်းသားဘဝတုန်းက ထည်းက အတူဆေးသုံးဖြစ်တဲ့ သူငယ်ချင်းတစ်ယောက်က တစ် ဆင့် ကိုကျော်မင်းနှင့်ပါ စတင်သိကျွမ်း ခင်မင်ခဲ့ရပြီး အစ်ကိုကြီး



www.burmeseclassic.com

www.burmeseclassic.com



ဆီကို ရောက်ခဲ့ရတာကတော့ အဲဒီ ကိုကျော်မင်းကပဲ ခေါ်ဆောင် ဆက်စပ်ပေးခဲ့လို့ပါ။

လင်းရှင်ထက်တော့ အသက်အများကြီး ကြီးပါသည်။ ဒါပေမဲ့ ခင်မင်ဖို့ကောင်းတဲ့ အစ်ကိုကြီးမို့ လင်းရှင် ခင်သည်။ ကိုကျော်မင်း ခေါ်ယူခဲ့တာကြောင့် ဒီဘဝ ဒီလောကထဲ ကျုံ့နစ်ခဲ့တယ် ပြောရင်ရသော်လည်း စိတ်မနာနိုင်ပါ။ အင်မတန် စိတ်ကောင်းစေတနာရှိတဲ့ အစ်ကိုကြီးတစ်ယောက် ဖြစ်သည်။

တကယ်တော့ ဒီလောက ဒီအဝန်းအဝိုင်းဟာ မကောင်းမှု ဒုစရိုက်နှင့် ငြိစွန်းအသက်မွေးကာ ကျင်လည်နေရ သော အဝန်းအဝိုင်းတစ်ခု ဖြစ်ပေမယ့် ဒီထဲကလူတွေဟာ သူတို့ ရုပ်ရှင်ထဲ မြင်တွေ့နေကျ ဒုစရိုက်သမားတွေလို လည်သာဂျာကင် ကြီးတွေ၊ နှုတ်ခမ်းမွေး မုတ်ဆိတ်တွေ၊ ဦးထုပ်ငိုက်ငိုက်နှင့် မထီ တရီ ဟန်ပန်တွေ၊ လက်မရွံ့ရမ်းကားတဲ့ စရိုက်အထာတွေနှင့် လူကြမ်း ရုပ်ကြမ်းကြီးတွေ မဟုတ်။

လူတွေထဲ ကျင်လည်သွားလာနေလျှင် ပတ်ဝန်းကျင် က အခြားလူတွေနှင့် ဘာမှမခြားနားတဲ့ သာမန်လူပုံစံနှင့် သာမန် လူ စိတ်ဓာတ်မျိုးတွေပဲ ဖြစ်သည်။ ချစ်တတ်သည် ခင်တတ် သည် ခံစားတတ်သည် ဝမ်းနည်းတတ်သည်။ ကူညီစရာရှိ ကူညီ ကာ အနစ်နာခံစရာရှိ ခံကြသည်။ တချို့မှာ ပုံမှန်မိသားစုတွေ ရှိကြသည်။

သူတို့လုပ်နေတဲ့ အလုပ်က မကောင်းသောအလု မကောင်းသောအလုပ် ဖြစ်ပေမယ့် သူတို့ဟာ မကောင်းသော





အလုပ်နှင့် အသက်မွေးသော လူတွေသာဖြစ်၍ လူဆိုး လူမိုက် လူရမ်းကားကြီးတွေ မဟုတ်ကြပါ။

“စိတ်မကောင်းစရာကြီးကွာ၊ ဘာဖြစ်သွားတာလဲ၊ မတွေ့ တာတော့ကြာပေမယ့် ငါက ဟိုဘက်ရောက်နေတယ်ပဲ ထင်နေတာ”

“မင်းထင်သလိုပါပဲ၊ ဟိုဘက်ပဲ ရောက်နေတာပါ ကြာပြီ လေ၊ ဟိုတလောကမှ ရောဂါကသည်းလာတော့ တော်တော် မမာလာတော့ အစ်ကိုကြီးက ဒီဘက်ပြန်ခေါ်ထားလိုက်တာ၊ မိန်းမနဲ့လည်း ကွဲသွားတယ်လေ၊ ကိုအာလူး အိမ်မှာထား ပြီး အစ်ကိုကြီး ဆေးကုပေးနေတာပဲ ကြာနေပြီပဲ”

“ငါ မသိလိုက်ဘူး”

“အေးကွာ ... ဆုံးသွားတော့လည်း ဝဋ်ကုန်တာပေါ့ကွာ၊ မြင်ရတာ စိတ်ချမ်းသာစရာမှ မကောင်းတာ”

“တကယ်စိတ်မကောင်းဘူးကွာ၊ လွန်ခဲ့တဲ့ ဆယ်နှစ်ကဆို ငါ သူနဲ့အရမ်းတွဲခဲ့တာပေါ့၊ မတွေ့တာကြာတော့ မေမေ့ ပျောက်ပျောက် ဖြစ်နေမိတယ်၊ နေမကောင်းဖြစ်နေတုန်း တစ်ချက်မှတောင် မရောက်လိုက်ရဘူး၊ စဖြစ်တုန်းက တော့ အသည်းလိုလို ကြားလိုက်တာပဲရှိတယ်၊ အခု ဘာနဲ့ ဆုံးတာလဲ၊ အသည်းနဲ့ပဲလား”

“ဟင် ... မင်းကတော့၊ တကယ်မသိတာလား”

“မသိဘူးလေ”

“ကိုကျော်မင်းကြီးက အေကိုက်နေတာ ကြာပေါ့ကွာ”



www.burmeseclassic.com

www.burmeseclassic.com



လင်းရှင် ပါးစပ်အဟောင်းသားနှင့် စိတ်ထိခိုက်သွားရပါသည်။

"ဟိုးတုန်းကတည်းက ဒီလူကြီးက ဒုတ်သမားကြီးပဲကို၊ သူက တောက်လျှောက် ဒါပဲကို၊ ပြီးတော့ သူက သန့်သန့်ပြန့်ပြန့်လည်း မဟုတ်ဘူးလေ၊ ကြုံရင် ကြုံသလို"

လင်းရှင် ငိုင်နေမိဆဲ မမမိုးက လင်းရှင်ကိုမြင်ကာ သူထိုင်နေရာမှ ထ,လာပါသည်။ လင်းရှင်ရှေ့ လာရပ်၍ လင်းရှင်က ထိုင်ရာမှ ထရပ်ကာ လက်နောက်ပစ်၍ မမမိုး ပြောမည့်စကားကို စောင့်နေမိပါသည်။

"လင်း ... ကိုကျော်မင်း ဆုံးသွားတယ်၊ အေနဲ့ပဲ၊ မင်းသိပြီးပြီလား"

"ခုပဲ တိုးအေး ပြောပြနေတာ မမ"

မမမိုးက လင်းရှင်ကို ခပ်ကြာကြာ စေ့စေ့စိုက်ကြည့်နေပါသည်။ အတော်ကြီးကြာမှ တိုးသက်သက်လေသံနှင့် ...

"လင်း ... မင်း နည်းနည်းပါးပါး ကိုယ့်ကိုယ်ကိုယ် စဉ်းဆေးကြည့်ဦး၊ ကိုကျော်မင်းနဲ့ မင်းက လွှန်ခဲ့တဲ့ ဆယ်နှစ်ဆယ့်တစ်နှစ်ကတည်းက သိပ်ဖွေးရောယှက်တင်နေခဲ့တာမှလား၊ ပြီးတော့ မင်းလည်းပဲ အဲဒီတုန်းက ဆရင့်ချိုကိုင်ခဲ့ဖူးသေးတာမှလား လင်း"

လင်းရှင် ခန္ဓာကိုယ် တောင့်တင်းသွားကာ မမမိုးကို ကြောင်ငေးငေး ခဏစိုက်ကြည့်နေခဲ့မိလေသည်။

♥ ○ ♥



# ၁၉

"မမ ... နေကောင်းရဲ့လား"

"ကောင်းပါတယ်ဟယ် ဥက္ကာရယ်၊ နင့်မလဲ ငါ့ကို ဒါပဲ မေးနေတော့တာပဲ"

"မမမျက်နှာက ခုတလော နောက်ပိုင်းမှာ ညှိုးနွမ်းလွန်းလို့ မေးတာပါ၊ စိတ်လည်း အရမ်းကျသွားတယ်၊ ကိုယ့်ကိုယ်ကိုယ် သိရဲ့လား"

"ငါ ဒိုင်ယက်လုပ်နေတာ"

ဟုတ်တယ်။ အလွမ်းဒိုင်ယက်လို့ စိတ်ပေါက်ပေါက်နှင့် မပြောတာပဲ တော်ဦးမှတ်။ အလွမ်းကလွဲလျှင် ဘာကိုမှ စားသုံးချင်ဘဲ အလွမ်းနဲ့နေ အလွမ်းနဲ့အိပ် အလွမ်းကိုပဲ စားသုံးနေတဲ့ အလွမ်းဒိုင်ယက်။

တိမ်ဦး ခန္ဓာကိုယ်လေးက သိသိသာသာကို စစ်သွယ်သွားပါသည်။ အလုပ်ကိုပဲ ကျုံးရုန်းကုန်းပြီးလုပ်။ အားတာ



www.burmeseclassic.com

www.burmeseclassic.com



နှင့် ပါပါတို့အိမ်သွား၊ မျက်သွယ်နဲ့နေ၊ မေမေနဲ့စကားပြော ပါပါ့ကို မလှမ်းမကမ်းမှ အရိပ်အကဲကြည့်၊ တစ်ခါတစ်ရံ ထမင်း လက်ဆုံစား။ အပြင်မှာ နေနေဆဲပေမယ့် အားလပ်ချိန်ကို ဒီလို လာကုန်ဆုံးနေတာကို ပါပါက အင်မတန်မှ ကျေနပ်သဘောကျ ပုံရပါသည်။

အစားလည်း သိပ်မဝင် အိပ်လို့လည်း မပျော်နိုင်ပေ တော့ ဒီခန္ဓာကိုယ် မသွယ်မစစ်ဘဲ နေပါ့မလား။ စိတ်ရဲ့ဖိစီးမှု ဒဏ်ရာဒဏ်ချက်ကလည်း ရှိသေးသည်လေ။

"ကဲ ... အဲဒီ ကလေးမွေ့ရာကြီး ငါ့ကိုပေးစမ်းပါ၊ နင်က မင်းသားလေ၊ လွတ်လွတ်လပ်လပ်လျှောက်"

တိမ်ဦးနှင့်ဥက္ကာ ဒါရိုက်တာ'.....' ဇနီးသည် ကလေးမီးဖွားတာကို လူနာလာကြည့်ကြတာပါ။ ဒီဒါရိုက်တာက ဥက္ကာရဲ့လက်ဦးဆရာမို့ ဥက္ကာကို သွားကြည့်ခိုင်းတာ ခုချိန်မှာ ဥက္ကာက "မမပါလိုက်ခဲ့၊ မမပါမှ"လုပ်ဆဲမို့ အပြင်သိပ်မထွက် ချင်ဘဲနှင့် တိမ်ဦး ဆေးရုံလိုက်လာဖြစ်ခဲ့ပါသည်။ ဆေးရုံထဲက လူတချို့ ဥက္ကာကို ကြည့်ကြ ရှုကြ ပြုံးပြကြနှင့် မျက်လုံးတွေ တွေနှင့် နှစ်သက်မိတ်ဆက်ကြသည်။ ဥက္ကာ့ဖောင် တော်တော် ထင်ရှား လူသိများလာခဲ့ပြီပဲ။

"မင်းသားလည်း ပစ္စည်းသယ်လို့ အိတ်ဆွဲလို့ ရပါတယ် မမရယ်၊ ပေးပါ ... ဥက္ကာပဲ ကိုင်ပါ့မယ်၊ မမပုံစံက နဂို တည်းက ယဲ့တဲ့တဲ့နဲ့၊ ဒီဟာကြီး အကြီးကြီး ကိုင်ထားတာ လူနဲ့ ပစ္စည်းနဲ့ လုံးထွေးနေတာပဲ၊ လဲမတတ်ဘဲ"





မောင်နှမနှစ်ယောက်သား ဓာတ်လှေကားဆင်းအလာ ကို ရပ်စောင့်နေကြပါသည်။ ဓာတ်လှေကားအနီးမှာ ပိုစတာတစ်ခု နံရံ၌ ကပ်ထားသည်။ မျက်စိကြည်ဆေး Eye drop တစ်ခုရဲ့ ကြော်ငြာ။ "မျက်စိအလင်းကို ကြည်လင်စေသော ..."ဆိုတဲ့ စာသားလေးကို ရုတ်တရက် ဖတ်မိပြီး မျက်လုံးလွှဲပစ်လိုက်ရပါ သည်။

"အလင်း"ဆိုတဲ့ စာလုံးကလေးတစ်လုံး မြင်ရတာ ကိုပင်လျှင် ရင်မှာ ကတုန်ကယင် ကတိမ်းကပါး ရှိလိုက်တာ။ သိပ်လွမ်းတယ် လင်း။ ရင်တွေလည်း သိပ်နာတယ်။ နေနိုင် အောင် နေနေပေမယ့် လင်းကို ချစ်နေဆဲ အချစ်တွေကို တိမ်ဦး သတ်ဖြတ်နိုင်ဘူးကွယ်။ တိမ်ဦး ဘာလုပ်ရမလဲဟင်။ ကိုယ့်ချစ် သူရဲ့ ဆိုးသွမ်းပြစ်ချက်တစ်ခုကြောင့် တိမ်ဦး မုန်းလိုက်ရမှာလား။ စိတ်ထဲ ဘယ်လိုမှ မနှစ်မြို့နိုင်တဲ့တိုင်အောင် ဒီပြစ်ချက်ဟာ တိမ်ဦးကိုမချစ်လို့ သစ္စာမရှိလို့ ဖြစ်တာမျိုးမှ မဟုတ်တာလို့ ကိုယ့်အလွမ်းကို ကိုယ်ချော့မော့နှစ်သိမ့်နေမိပါတယ် လင်းရယ်။

ဓာတ်လှေကား ပွင့်လာကာ ဗိုးချဲတစ်ခုကို တွန်း ထွက်လာနေ၍ ခဏရပ်စောင့်နေရပါသည်။

"မတိမ်ဦးခင်"

"ရှင်"

တရင်းတနှီး နှုတ်ဆက်လိုက်သံကြောင့် တိမ်ဦးက မော့ကြည့်လိုက်ပါသည်။ ရင်ထဲ တဒိန်းဒိန်း တုန်ခါသွားရပြန်ပြီ



www.burmeseclassic.com

www.burmeseclassic.com



ပြီ။ နှုတ်ဆက်နေသူဟာ ဗိုးချဲနံဘေး စောင့်ရှောက်ပါလာတဲ့ လင်းသူငယ်ချင်း ဒေါက်တာစွမ်းအောင်ပါလား။

"မတိမ်ဦးခင် ဘယ်သူ့ဆီ လာတာလဲ"

"ကျွန်မ ... ဟို ... ဒါရိုက်တာဇနီးတစ်ယောက် ..."

"ဩ ... အလင်းရဲ့မေမေလေ"

"ရှင် ... ဟင် ..."

ကိုယ့်ကို ဖြတ်ကျော်တွန်းခွေ့ကာ ဓာတ်လှေကားထဲ ဝင်သွားကြသူများထဲ ဥက္ကာပါ ပါကာ ဓာတ်လှေကားထဲ ရောက်နေပြီ။ တိမ်ဦးသည် ဗိုးချဲပေါ်က ချောမောတည်ကြည်တဲ့ အမျိုးသမီးကြီးကို ပါးစပ်အဟောင်းသားလေးနှင့် ကြည့်မိရာ ရုတ်တရက် စိတ်တွင်းပေါ်လာသလိုပင် ...

"ဥက္ကာ ... တက်သွားနှင့်၊ မမ နောက်မှ လိုက်ခဲ့လိုက်မယ်"

ဓာတ်လှေကားနှင့် လိုက်ပါမသွားဘဲ ဘာကြောင့် ဘာလုပ်ဖို့ ချန်ရစ်မိတယ်မှန်း တိမ်ဦး ကိုယ်တိုင်ပင်မသိ။ ဘာမှ မယ်မယ်ရရ အကြောင်းမရှိပေမယ့် လင်းရဲ့မေမေဆိုတဲ့ အချက်ကလေးတစ်ခုကပဲ တိမ်ဦးကို ကြိုးတစ်ချောင်းလို ရစ်ပတ်တုပ်နှောင်ထားလိုက်တာ။

ဓာတ်လှေကားနှင့် ခပ်နီးနီးက သွေးစစ်ချက်အခန်းတွေရှေ့တဲ့ ကောင်တာမှာ ဗိုးချဲကိုလည်းရပ်၊ ဒေါက်တာစွမ်းလည်း ရပ်တာမို့ တိမ်ဦးပါ ယောင်ချာချာနှင့် အဲဒီနားလေး ရပ်နေမိသည်။





စွမ်းက ကောင်တာနောက်ထဲ တစ်စုံတစ်ရာ လှမ်းပြောရင်း ခဏ စောင့်ရမည့်ပုံနှင့် တိမ်ဦးဘက်လှည့်ကာ ...

"အလင်း မပါဘူးလား"

"ဟင့်အင်း ... မပါဘူး ဒေါက်တာ"

ဗိုးချဲပေါ်မှ အမျိုးသမီးကြီးက တိမ်ဦးကို မော့ကြည့်သော၍ တိမ်ဦး မရဲတရဲ ခပ်ရို့ရို့ ပြုံးပြလိုက်ပါသည်။ အမျိုးသမီးကြီးရဲ့မျက်ဝန်းတွေက ရောဂါဝေဒနာကြောင့် မှိန်ဖျော့ဖျော့ရှိနေတဲ့ကြားက မျက်နှာတစ်ခုလုံး အပေါ်တွင် အရောင်အဝါတစ်မျိုး ရှိနေပါသည်။ သို့ပေမဲ့ စေ့စေ့ကြည့်လျှင် သာယာပျော်ရွှင်ခြင်းကင်းတဲ့ နောက်ခံကားချပ်က အရိပ်ထင်နေသည်။

"အန်တီထား ... ဒါ အလင်းရဲ့ မိန်းကလေးမိတ်ဆွေ တိမ်ဦးခင်တဲ့"

"ဪ"

အံ့သြသွားသော အမျိုးသမီးကြီးရဲ့အကြည့်က တိမ်ဦးရဲ့ ခြေဆုံးခေါင်းဖျား စုန်ဆန်သွားပါသည်။ ကြည့်တာမှ လူတစ်ကိုယ်လုံးကိုရော တစ်ကိုယ်လုံးနှင့် ထိကပ်ဆက်စပ်တပ်ဆင်ဝတ်စားထားသမျှ အလုံးစုံကိုရော။

"အန်တီက ဘာဖြစ်လို့လဲဟင်"

"အန်တီထားက ဆီးချိုလည်း ဆီးချို၊ အခု နှလုံးရောဂါနေလို့ ဆေးရုံခဏ တက်နေတာပါ၊ ခုလောလောဆယ် ဓာတ်မှန်ရိုက်ဖို့ ဆင်းလာတာ၊ အလှည့်ရသေးဘူး၊ စောင့်



www.burmeseclassic.com

www.burmeseclassic.com



ရှိဦးမှာ၊ ကျွန်တော်ရော သူရော အန်တီ့ကို အားတဲ့ရက်
လာစောင့်ကြည့်ပေးတာလေ။ ဒါက နယ်က အန်တီ့တူ
ဝမ်းကွဲ၊ သူ့ပဲရှိတာဆိုတော့ ကျွန်တော်တို့အားသလိုလာ
ပေးနေတာပါ၊ အလင်းကလည်း ကျွန်တော်တို့ကို ဖုန်း
နံပါတ်မပေးဘူးဆိုတော့ သူ့လည်း ဘာမှဟောင်အသိပေး
လို့ မရဘူးပေါ့"

"သူ့ကိုမပြောပါနဲ့ မောင်စွမ်း၊ မင်းတို့ ကတိပေးထားတယ်
လေ၊ မိန်းကလေးကိုလည်း ကျေးဇူးပြုပြီး မေတ္တာရပ်ခံပါ
တယ်၊ အလင်းရှင်ကို ဒီဆေးရုံမှာ အန်တီ တက်နေကြောင်း
မပြောပါနဲ့၊ သူလည်း သူ့ဘဝနဲ့သူ၊ အန်တီလည်း ကိုယ့်
ဘဝနဲ့ကိုယ်လို့ပဲ သဘောထားပါတယ်၊ မပြောဘူးဆိုတာ
အန်တီ့ကို ကတိပေးခဲ့ပါ"

ဖျော့တော့ပေမယ့် ပြတ်သားတဲ့စကားကြောင့် တိမ်ဦး
ငိုင်ငိုင်ကလေးနှင့် ခေါင်းအသာညိတ်လိုက်ရပါသည်။

"ဟုတ်ကဲ့ပါ အန်တီ၊ အန်တီ မပြောနဲ့ဆို တိမ်ဦး မပြော
ပါဘူး၊ စိတ်ချပါ"

♥ ○ ♥

စကားပြောချင်လွန်း၍ မုန့်၊ သစ်သီး၊ အားရှိဆေး
အာဟာရအချို့နှင့် တိမ်ဦး ညနေတစ်ခေါက်ပြန်ရောက်လာပါသည်။





"ဩော်"

ဒေါ်သက်ထားက လူနာစောင့်နေသည့် တူမ၏အကူ
အညီနှင့် လှဲနေရာမှ ထ,ထိုင်သည်။

"အန်တီ ... နေသာသလိုပဲ နေပါနော်၊ တိမ်ဦးကို အား
မနာပါနဲ့"

"အင်း ... ရပါတယ်၊ ဘာကိစ္စရှိလို့လဲ သမီး"

"အန်တီနဲ့ စကားနည်းနည်း ပြောချင်လို့ပါ၊ ပြီးတော့
အန်တီ့မှာလည်း တစ်ကိုယ်ရည်သမားမို့လို့ လိုအပ်တာရှိ
ရင် တိမ်ဦး ဆောင်ရွက်ပေးချင်လို့ပါ"

"ဘာမှ မလိုအပ်ပါဘူးလေ၊ ကျေးဇူးတင်ပါတယ်၊ ဒါနဲ့
တိမ်ဦးခင်က အလင်းနဲ့ ဘယ်လိုပတ်သက်တာလဲ၊ စွမ်း
မိတ်ဆက်ပေးတုန်းက အလင်းရဲ့မိန်းကလေးမိတ်ဆွေလို့
ပြောတာဆိုတော့ အလင်းရဲ့ချစ်သူများလား"

"ဟုတ်ပါတယ် အန်တီ၊ ချစ်သူအဖြစ်တော့ ပတ်သက်ခဲ့
ပါတယ်"

"ပတ်သက်ခဲ့ပါတယ်ဆိုတော့ အခုက မပတ်သက်တော့
ဘူးလား"

"ရှေ့ဆက်ပတ်သက်ဖို့ မပတ်သက်ဖို့ သမီး စဉ်းစားနေလို့
ပါ"

ဒေါ်သက်ထားက ခေါင်းတညိတ်ညိတ် လုပ်နေပါ
သည်။ နံရံဖြူကို စိုက်ငေးနေသော မျက်ဝန်းများက ခံစားချက်
အသက်မဲ့ကာ မှေးမှိန်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီလို စဉ်းစားရတာက ချစ်သူဆိုတဲ့ ပတ်သက်မှုကြောင့်ပါ အန်တီ၊ အခု … တိမ်ဦး အန်တီဆီ ရောက်လာရတဲ့အဓိက ပြောချင်တဲ့ စကားကတော့ အန်တီ့ကိုတော့ လင်းနဲ့ပြန်ပတ်သက်စေချင်လို့ပါ"

"………"

"လင်းက အထီးကျန်ပါတယ် အန်တီ၊ သူ ရှင်သန်နေရတာ အင်မတန် ခြောက်သွေ့ပါတယ်၊ အဲဒီ အခြေအနေက သူ့ကိုပိုပြီး စိတ်ထင်ရာနိုင်းစေဖို့ တွန်းအားပေးနေမယ်လို့ တိမ်ဦး ထင်ပါတယ်၊ ထောက်ထားစရာ ဘာမှမရှိတဲ့ လူတစ်ယောက်အဖို့ မိုက်အားရှိပါတယ်၊ သူ့မှာ ငဲ့ညှာရမယ် ထောက်ထားရမယ့် အခြေအနေတစ်ရပ် ရှိစေချင်ပါတယ်"

"ကြိုးစားခဲ့ပါတယ်၊ ချော့တစ်ခါ ခြောက်တစ်လှည့် ကြိုးစားခဲ့ပါတယ်၊ ဘယ်လိုမှ မရခဲ့ဘူး၊ ကိုယ်မွေးခဲ့တဲ့ သားပေမယ့် သူ့စိတ်ဓာတ် ပျော့ညံ့တာကို အထင်သေးတယ် ခွင့်မလွှတ်နိုင်ဘူး၊ ထောက်ထားစရာ ငဲ့ညှာစရာ ဒီအနေ တစ်ယောက်လုံးကို မငဲ့ညှာ မထောက်ထားခဲ့တဲ့ သူ ဆေးစွဲနေသူနဲ့ သမီး အတူတူ မနေဖူးပါဘူး၊ သမီးကိုလည်း တစ်ပါတည်း အကြံပေးချင်ပါတယ်၊ သမီးဘဝကို အနစ်မွန်း မခံပါနဲ့၊ အသိဉာဏ်ရှိရှိနဲ့ မိုက်မဲနေတဲ့သူ တစ်ယောက်အတွက် ဘဝပျက်မခံပါနဲ့၊ လမ်းခွဲလိုက်ပါ တစ်နှယ်ငင် တစ်စင်ပါ အစဉ်အဆက်ဆက် နစ်မွန်းရော မျိုးပါ …





သူရဲကောင်းလုပ်ဖို့ သင့်တဲ့လမ်းကြောင်း မဟုတ်ပါဘူး၊ အန်တီ့မျက်ကွယ်ပေမယ့် ဘယ်တော့မှ သတင်းနားမစွင့်ဘဲ အဆက်မဖြတ်ထားခဲ့ပါဘူး၊ အမြဲသတင်းနားစွင့်ခဲ့ပါတယ်၊ မိုက်လုံးကြီးနေခဲ့တာ ဆယ်နှစ်ကျော်လေ၊ သူ့ဘဝကိုသူ နစ်ခဲ့တာ၊ ဘေးပတ်ဝန်းကျင်ကို မကြင်နာလေခြင်း မကယ်တင်လေခြင်းလို့ အပြစ်မြင်လို့ ဘယ်ဖြစ်မလဲ၊ မအေတစ်ယောက်လုံး လုပ်နေပြီး လှည့်မကြည့်ဘဲ စွန့်ပစ်ထားရသလားလို့ ဝေဖန်လို့ ဘယ်ဖြစ်မလဲ၊ ဝေဖန်လည်း အန်တီက ဂရုစိုက်မှာ မဟုတ်ဘူး၊ ကာယကံရှင်မဟုတ်တဲ့လူတွေ ဝေဖန်တယ်ဆိုတဲ့ စကားဟာ ဘာတန်ဖိုးမှမရှိပါဘူး၊ ဂရုစိုက်စရာလည်း မလိုဘူး …

လူဆိုတာ တစ်ကြိမ်တစ်ခါတော့ မှားယွင်းတတ်တယ်၊ မိုက်မဲတတ်တယ်၊ ဒါမျိုးက ခွင့်လွှတ်ဖို့ ဖြစ်နိုင်ပါတယ်၊ တစ်ကြိမ်တစ်ခါ မှားယွင်းတာ မဟုတ်ဘဲ ဘဝကို ကိုယ့်ဘာသာ နစ်မွန်းခံ ရေစုန်မျှောနေတာကိုတော့ ခွင့်လွှတ်ဖို့ မဖြစ်နိုင်ဘူး၊ စွန့်လွှတ်တယ်ဆိုတာ သူ့နဲ့တန်တဲ့ပြစ်ဒဏ်ခတ်တာပါ၊ မကောင်းတာလုပ်တဲ့သူဟာ အဲဒီ မကောင်းမှုရဲ့ပြစ်ဒဏ်ကို ခံစားရမှာ သဘာဝပဲ။ ဒဏ်မခတ်ရက်တာဟာ သဘာဝမကျဘူး၊ သူတစ်ကိုယ်တည်း ဆွေပြတ်မျိုးပြတ် အထီးကျန်ရဖို့ သူပဲလုပ်တာလေ၊ ဆုံးမမရဘဲ ဆယ်နှစ်ကျော်လုံးလုံး ဆေးသုံးစွဲနေပြီး ဖြန့်ချိ



www.burmeseclassic.com

www.burmeseclassic.com



ဖောက်ကားနေတဲ့အထိ မိုက်လုံးကြီးနေတဲ့ သားတစ်ယောက် ကို ခွင့်မလွှတ်တဲ့အတွက် ပြောချင်တဲ့သူ ပြောချင်ရာပြော ပါစေ၊ အခုနေ သူကများ ဆေးဖြတ်ပါရစေ မေမေ၊ ဆေး ဖြတ်ပေးပါဆိုရင် အန်တီ သူ့ကို အမေတစ်ယောက်အနေ နဲ့ တာဝန်ရှိတာ အကုန်လုပ်ပေးမှာ၊ သူမှ နောင်တမရ သေးဘဲ၊ နောင်တမရကဲ့သူကို အပြစ်လွှတ်ဖို့ဆိုတာ ဖြစ် သင့်လို့လား"

ဒေါ်သက်ထားရဲ့ စကားတစ်ဝက်လောက်ကတည်း က တိမ်ဦး မျက်ရည်လည်လာကာ တစ်ရှုံးစနှင့် မျက်လုံးကို တစ်ချိန်လုံး တို့သုတ်နေရပါသည်။

"သူ နောင်တရမှာပါ အန်တီ၊ နောင်တကော့ ရနေမှာပါ သူ တိမ်ဦးကိုတောင် သူ့ဘက်က စ,စွန့်ခွာပြီး ထွက်ပြေး ဖို့ ကြိုးစားပါသေးတယ်၊ သူ့မှာ သူနဲ့အရင်းနှီး နီးစပ်ဆုံး သူတွေဖြစ်တဲ့ အန်တီတို့ တိမ်ဦးတို့အပေါ် သူ့ဆိုးဒဏ် အပူမဟပ်စေချင်တဲ့ မေတ္တာတရား ရှိပါတယ်၊ အသိတရား ရှိပါတယ်"

"အဲဒီအသိတရား မေတ္တာတရားကို ဘာလုပ်ရမှာလဲ၊ သူ့ အသိတရားက သူ့ဆီကအပူမဟပ်အောင် ဝေးဝေးရှောင် ခွာနေမယ့် အသိတရားပဲ၊ အဲဒီသူ့ဆီက ပူလောင်တဲ့အပြစ် တွေကို ဖြုတ်ခွာချဖို့ ငြိမ်းသတ်ဖို့နည်းမှ သူ မစဉ်းစား သမီး"





"အန်တီ ... တိမ်ဦး သူ့ကိုသိပ်ချစ်ပါတယ်၊ လင်းကို သိပ်ချစ်ပါတယ်၊ သူ ဒီလိုလူဆိုတာ တိမ်ဦး သိတာ ရက် ပိုင်းပဲ ရှိပါသေးတယ်၊ သူ့ကိုချစ်မိတော့ ဒါတွေ တိမ်ဦး မသိခဲ့ပါဘူး၊ ခုမှ သိလိုက်ရတော့ ကြောက်လည်းကြောက် တယ် စိတ်လည်းပူက်တယ်၊ ဒါပေမဲ့ သူ့ကိုကယ်တင်ချင် တယ်၊ လိမ္မာလာစေချင်တယ်၊ အန်တီက သူ့ကို မွေးခဲ့တဲ့ အမေပါ အန်တီရယ်၊ ကယ်တင်ပေးပါ၊ ဆွဲထုတ်ပေးပါ၊ ကြိုးစားပေးပါ"

"ကြိုးစားတယ်ဆိုတာ အဓိပ္ပာယ်ရှိတဲ့ ဖြစ်နိုင်ချေရှိတဲ့ ကိစ္စရပ်အပေါ်ပဲ လုံ့လထုတ်သင့်တာမျိုး၊ အလဟဿ အချည်းနှီး ဖြစ်မှာကို ကြိုးစားနေတဲ့သူဟာ ကိုယ့်ရဲ့အချိန် ခွန်အားတွေကို ဖြုန်းတီးနေတာနဲ့ တူတူပဲ၊ သမီးက မကြိုးစားဖူးသေးလို့ပါ တိမ်ဦးခင်၊ သမီး ကြိုးစားနားချ ဖျောင်းဖျဆွဲယူ ကယ်တင်ဖို့ အတန်တန် အကြိမ်ကြိမ်အား ထုတ်ခဲ့ဖူးပြီးမှ မအောင်မြင်ဘူးဆိုတဲ့ အချိန်မှဆိုရင် ဒီ စကားပြောပါ့မလား၊ အခုနေ သူ့လုပ်ရပ်တွေကို ဖြတ်မ လား၊ သမီးကို ဖြတ်မလားဆိုရင် သူ ဘာကိုဖြတ်မယ်လို့ ယုံကြည်လဲ"

တိမ်ဦးသည် မျက်နှာကို လက်ဝါးလေးနှစ်ဖက်နှင့် အုပ်လျက် တသိမ့်သိမ့် ငိုရှိုက်မိပါသည်။ တိမ်ဦး မသိပါ။ မပြော နိုင်ပါ။ သူ့ကိစ္စတွေကို ဖြတ်ခဲ့မယ်လို့ တိမ်ဦး မယုံကြည်ရဲပါ။



www.burmeseclassic.com

www.burmeseclassic.com



"သူ ဒီလောကကြီးထဲက လွတ်မြောက်လာဖို့ ဆန္ဒအပြင်းပြ ဆုံး လူတွေထဲမှာ အန်တီလည်း ရှေ့ဆုံးက ပါတာပေါ့ သမီးရယ်၊ သူ့ရှေ့ရေး သူ့ကျန်းမာရေးအတွက်လည်း လောင်ကျွမ်းနေအောင် ပူပါတယ်၊ ပျော်ရွှင်မှု စိတ်ချမ်းသာ မှုဆိုတာလည်း အန်တီ့မှာ မရှိဘူး၊ တစ်ခုပဲရှိတယ်၊ သူ လွတ်မြောက်အောင်က သူ့ကို ရဲလက်အပ်ဖို့ပဲ၊ ဆေးရုံ ဆေးဖြတ်ဖို့ကိုလည်း ကြိုးစားခဲ့ဖူးပါတယ်၊ မအောင်မြင်ဘူး သူထွက်ပြေးတယ်၊ ဒီတစ်ခုပဲရှိတော့တယ်၊ သူ့ကိုရဲလက် အပ်နိုင်ဖို့ သမီးမှာ စိတ်ဓာတ်ခွန်အားရှိရင် လုပ်လိုက်ပါ သမီး၊ အန်တီ မကန့်ကွက်ဘူး၊ သဘောတူတယ်"

တိမ်ဦး ဘာစကားမှ မပြန်နိုင်ဘဲ တရှိုက်ရှိုက်သာ ငိုနေမိပါသည်။

"မကြာသေးမီကမှ သိလိုက်တယ်ဆိုတော့ တိမ်ဦးခင် ဘယ်လိုခံစားနေရမလဲ၊ ရင်ထဲ ဘယ်လိုဖြစ်နေမလဲ အန်တီ ကိုယ်ချင်းစာပါတယ်၊ နားလည်ပါတယ်၊ သမီးရဲ့အဆွေး အမွေးကို ကြည့်လိုက်ရင် ရှေ့ဘဝမှာ တက်လမ်းတလျှောက် ရှိဦးမယ့် မိန်းကလေးဆိုတာ အကဲခတ်လို့ရပါတယ် သမီး သမီးဘဝကို မနှစ်လိုက်ပါနဲ့၊ မိုက်လုံးကြီးတဲ့သူ့ကို ကယ် ဆယ်ယူလို့ ရနိုင်မယ် မထင်ရင်တော့ သမီးပါ မနစ်မွန်း အောင် ရုန်းထွက်ပါ"





"တိမ်ဦး လင်းကိုလည်း ချစ်တယ်၊ ဘဝမှာ လူကဲ့ရဲ့စရာ တစ်ကြိမ် ကြုံဖူးတဲ့ မိန်းကလေးအနေနဲ့ နောက်တစ်ကြိမ် ထပ်ကြုံရမှာလည်း ကြောက်ပါတယ်"

ဒေါ်သက်ထားက တိမ်ဦးကို စိုက်ကြည့်နေသည်။ တိမ်ဦးက မျက်ရည်လေးသုတ်ရင်း ဒေါ်သက်ထားကို မော့ကြည့် လိုက်ပါသည်။

"တိမ်ဦးက အိမ်ထောင်မရှိတဲ့ ကလေးတစ်ယောက်အမေ ပါ အန်တီ၊ သမီးလေးတစ်ယောက် ရှိပါတယ်"

ဒေါ်သက်ထားက အံ့သြသွားပြီးမှ ...

"အလင်း သိတယ် မဟုတ်လား"

"ဟုတ်ကဲ့၊ သူ့ကို အသိပေးထားပါတယ်၊ ကိုယ့်ကြောင့် ကိုယ်ကိုယ်တိုင်ရော ကိုယ်မိဘပါ တံတွေးခွက်မျောစေ ခဲ့ဖူးတဲ့ သူပါ အန်တီ၊ တစ်ခါမှားခဲ့တဲ့ဒဏ်ကို ခုထိပေး ဆပ်မဆုံးသေးပါဘူး၊ ဘယ်လောက်ကောင်းအောင် ကြိုးစား နေနေ ပါပါကိုယ်တိုင်ကတောင် အယုံအကြည်မဲ့တုန်းပါ၊ တိမ်ဦးဘဝမှာ နောက်ထပ်အမှားဆိုတာ မရှိစေရဘူး၊ လူ တကာလက်ညှိုးထိုး အတင်းပြောထပ်ခံရဖို့ အကြောင်းမရှိ စေရဘူးလို့ ဆုံးဖြတ်ထားတာပါ၊ ထွန်းထွန်းပေါက်ပေါက် လေး တစ်ခုခု လုပ်ပြနိုင်ဖို့ ကြိုးစားနေတာပါ အန်တီ၊ လင်းကို ယုံကြည်အားကိုးပြီး ချစ်ခဲ့မိပါတယ်၊ အခုလိုကြုံ လာတော့ တိမ်ဦး ... တိမ်ဦး ဘာဆက်လုပ်ရမယ်ဆိုတာ"



www.burmeseclassic.com

www.burmeseclassic.com



"အင်း ... သမီးလည်း ဝင့်ကြီးတာကိုး ..."

"အတိတ်မှာ ပြစ်ချက်ရှိခဲ့ဖူးကြတဲ့သူ အချင်းချင်းဆိုတဲ့ ငဲ့ညှာရိုင်းပင်းတဲ့ သံယောဇဉ်လည်း တိမ်ဦး ရင်ထဲမှာ နိုင်မြဲ နေပါတယ်၊ လက်တွဲပြီး အားလုံး မော့ကြည့်ရတဲ့ နေရာတစ်ခုရောက်ဖို့လည်း အိပ်မက်,မက်ထားပါတယ် အခုအချိန်မှာ မျှော်လင့်ချက်တွေ ကြေမွပြိုကျပြီး အရှ လတ်လတ် မီးရှို့ခံနေရသလိုကို ပူလောင်နေပါတယ အန်တီ၊ သူ့ပြစ်ချက်ကြောင့် ထားရစ်ခဲ့ရမှာလည်း သူ့ကို သနားတယ်၊ နှလုံးသားကလည်း သူ့တစ်ယောက်တည် ကိုပဲ ချစ်ခဲ့ဖူးပါသေးတယ်၊ နောက်မဆုတ်ဘဲ မျက်စိမှိ လက်တွဲဖို့ရာလည်း တိမ်ဦးဘဝကို နောက်တစ်ကြိမ် ချော ထဲကျမှာ ကြောက်တယ်၊ ကိုယ့်အတွက်ပဲ တစ်ကိုယ်ကော ဆန်ဆန်တွေးပြီး လမ်းကို ရွေးချယ်ရမှာလဲ၊ မတရားမ နိုးရိမ်ပြီး သူ့ကို သနားတယ် အန်တီ"

"သူ့မှာ အပြစ်တစ်စုံတစ်ရာ မရှိဘဲ ထားခဲ့တာမှ မဟု ပဲလေ၊ ပြီးတော့ သမီးက သမီးမိန်းကလေး တစ်ယော မွေးထားသေးတာပါ ထည့်စဉ်းစားပါ တိမ်ဦးခင်"

♥ ○ ♥



## ၁၇

ဥက္ကာက ကားကို ရှေ့ကားနောက်မြီးနှင့် ထိမတတ် တဲ့ကပ်ရပ်လိုက်သည်။ ကိုလင်းရဲ့ကားမှန်းသိ၍ ကမန်းကတန်း ားပေါ်က ဆင်းလာလိုက်ပါသည်။ မမက အလုပ်ကိစ္စနှင့်ခေါ် ား၍ ရုံးခန်းကိုအလာ လင်းရှင်ရဲ့ကားကို မမျှော်လင့်ဘဲ တွေ့ ရတာပါ။

ဖျတ်ခနဲ ကားနံဘေးရပ်လာသော ဥက္ကာကို လင်းရှင် က မော့ကြည့်လိုက်ရင်း ဝမ်းသာအားရ ပြုံးပြလိုက်ပါသည်။ ျက်နှာကို အချိုးတင်းတင်းထားမည် မောင်းတင်လာတဲ့ ဥက္ကာ ည် သွယ်လှျစစ်ကျသွားတဲ့ လင်းရှင် မျက်နှာပေါ်က ဝမ်းသာ ူးကိုမြင်လျှင် စိတ်မကောင်းပြန်ပဲ မျက်နှာကြောက တစ်ဝက် ျော့သွားရသည်။

"ဥက္ကာ"

"ကိုလင်း ... ဘာကိစ္စ ရှိလို့လဲ၊ စိတ်တော့မရှိနဲ့ဗျာ၊ မမ က ကိုလင်းကို မတွေ့ချင်လောက်ဘူး ထင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



လင်းရှင်က အပြုံးမပီတဲ့ အပြုံးလေးတစ်ခုနှင့် ...

"ကိုယ် သိပါတယ် ဥက္ကာ"

လင်းရှင်က ကားပေါ်ကဆင်းပြီး နောက်ခန်းတံခါး ကို ဆွဲဖွင့်လျက် နောက်ခုံပေါ်က ပန်းစည်းလှလှကြီး တစ်စည်း ကို ဆွဲထုတ်ယူလိုက်သည်။ ခရမ်းရောင်ပန်းပွင့်လေးတွေကို စည်း ထားတဲ့ ပန်းစည်း။

"အာ ... ဒါကြီးက ..."

"သူများတွေက မွေးနေ့အထိမ်းအမှတ် နှစ်ပတ်လည် လလည် ပျော်စရာ အထိမ်းအမှတ်တွေနဲ့ အမှတ်တရပန်း စည်း ပေးလေ့ရှိကြတယ်နော်၊ ကိုယ်က ကိုယ်ပြောချင်တဲ့ စကားလေးတွေ အထိမ်းအမှတ်နဲ့ မင်းမမကို ပန်းတွေပေး နေကျပါ၊ ဒီပန်းစည်းက တောင်းပန်တဲ့ အထိမ်းအမှတ်ပါ ဥက္ကာ၊ ကိုယ် တိမ်ဦးကို တောင်းပန်တာပါ၊ ကိုယ့်မှာ အပြစ်တွေရှိခဲ့ရင် ခွင့်လွှတ်ပေးပါလို့ တောင်းပန်တာပါ၊ I'm sorry ... Please forgive me ပေါ့၊ ဒါလေးတော့ မင်း ပေးပေးပါကွာ၊ အထဲမဝင်ချင်လို့ ဘယ်လိုပေးရမလဲမသိ ဖြစ်နေလို့ပါ၊ ကိုယ့်ကို တိမ်ဦး အကြောင်းတစ်စုံတစ်ရာ ကြောင့် စိတ်ဆိုးနေတာပဲဖြစ်စေ မုန်းသွားတာပဲဖြစ်စေ ဘာမှမမျှော်လင့်တဲ့ တောင်းပန်ခွင့်လေးတော့ပြုပါ ဥက္ကာ"

ဥက္ကာက သက်ပြင်းတစ်ချက် ချလိုက်ပါသည်။

"ဒါက ဘာပန်းလဲ ကိုလင်း"





"Hyacinth လို့ခေါ်တယ် ဥက္ကာ"

ဥက္ကာက လင်းရှင် လက်ထဲက ပန်းစည်းကို ခပ် ဖြည်းဖြည်း လှမ်းယူလိုက်ပါသည်။

"အင်းလေ ... ကျွန်တော် ပေးလိုက်ပါ့မယ် ကိုလင်း၊ မမ ကိုလည်း နားလည်ပေးလိုက်ပါဗျာ ကိုလင်း"

"ကိုယ် နားလည်ပါတယ် ဥက္ကာ"

လင်းရှင်ရဲ့ ခေါင်းငိုက်စိုက်ချတဲ့ ပုံစံကို ဥက္ကာ စိတ်မကောင်းတော့ ဖြစ်မိပါသည်။ လင်းရှင် ဘယ်လိုလူဖြစ်ပါ စေ လင်းရှင်ကို ဥက္ကာ ခင်မင်မိပါသည်။ သို့ပေမဲ့ ခင်မင်ခြင်းက သတ်သတ်၊ မမအတွက် ကျရောက်လာနိုင်တဲ့ ရိုက်ခတ်မှုဒဏ်ရာ ဒဏ်ချက်တို့ကို ကာကွယ်ရမှာက သတ်သတ်မဟုတ်လား။

လင်းရှင် ကားပေါ်တက်ကာ ထွက်သွားမှ ဥက္ကာက ပန်းစည်းကြီးနှင့် ရုံးခန်းထဲ ဝင်လာခဲ့ပါသည်။ အနောက်ဘက်ထဲ က စားပွဲတစ်ခုမှာ ထွက်မယ့်ကားအတွက် ဆင်ဆာစတစ်ကာ တွေနှင့်အတူ တိုက်မန်နေဂျာ ဝန်ထမ်းတို့နှင့် အလုပ်များနေတဲ့ တိမ်ဦးကို တွေ့ရသည်။ မမခမျာ ဒီကိစ္စတွေလည်း ကိုယ်တိုင် ပါဝင်ကာ အလုပ်ထဲမှာ စိတ်ရောကိုယ်ရော နှစ်မြှုပ်ထားနိုင်ဖို့ ကြိုးစားနေတာ ဥက္ကာ နားလည်ပါသည်။

"ကိုဥက္ကာ ... လုပ်အားပေးဖို့ လာတယ်ဗျို့ ... အဟိဟိ"

ဝန်ထမ်းလေး ကိုစိုင်းက လှမ်းနှုတ်ဆက်လိုက်လျှင် တိမ်ဦးက ခေါင်းမော့ကြည့်လာသည်။ ဥက္ကာ လက်ထဲက ပန်း



www.burmeseclassic.com

www.burmeseclassic.com



စည်းကို မျက်လုံးစိုက်ပြီး မျက်နှာလေး ပျက်သွားပါသည်။ တန်းခနဲ သိမှာပေါ့။ မမကို အမြဲတမ်း ပန်းကလေးတွေပေးလေ့ ရှိတဲ့ လင်းရှင် အကြောင်း ဥက္ကာပင် သိထားတာပဲဟာ။

တိမ်ဦးက ထ,လာသည်။ ဥက္ကာ ကမ်းပေးလိုက်သော ပန်းစည်းကို လှမ်းမယူ၍ ဥက္ကာက စားပွဲပေါ် အသာလှမ်းတင် ထားလိုက်ပါသည်။

"နင်နဲ့တွေ့လာတာလား၊ ဒီပန်းက ဘာအဓိပ္ပာယ်တဲ့လဲ"

"ခုနပဲ ရှေ့နားမှာတွေ့တာ မမ၊ Hyacinth ပန်းတွေတဲ့၊ အဓိပ္ပာယ်က I'm sorry ... Please forgive me တဲ့"

တိမ်ဦးက မပီမပြင်လေးပြုံးရင်း ခရမ်းရောင်ပန်းပွင့် နုဖပ်ဖပ်လေးတွေကို လက်ညှိုးလေးနှင့် အသာတို့ထိနေသည်။

"မမ ... နက်ဖြန် ကျွန်တော်က မေမြို့တက်ရမှာ"

"အင်း ... သိတယ်လေ၊ မင်း အားလုံးအသင့်ပြင်ပြီးပြီလား"

"အခုပဲ အိမ်မှာ ကိုဝင်း ဓာတ်ညွှန်းကြည့်ပြီး အဝတ်အစား ထည့်နေတယ်၊ မမ ဘာမှာဦးမလဲ"

"ဘာမှ မှာစရာမရှိပါဘူး ဥက္ကာရယ်"

"ပါပါက စကားစနေတယ်၊ မင်းအစ်မ အိမ်ပြန်လာဖို့ ပြောသေးလားတဲ့"

တိမ်ဦး ငိုင်နေသည်။ တကယ်ဆို ပါပါနှင့်လည်း အထိုက်အလျောက် ကြည်လင်ပြေလည်နေပြီဖြစ်တဲ့ အချိန်မှာ တိမ်ဦး အိမ်ပြန်နေမယ်ဆိုရင် ရနေပါပြီ။ သို့ပေမဲ့ တိမ်ဦးအိမ်မှာ





ပြန်မနေချင်သေး။ ဘာကြောင့်လဲ။ ဘာကြောင့်လဲဆိုတာ တိတိကျကျ ရေရေရာရာ ပြောဖို့ခက်ပေမယ့် လောလောဆယ်ကိစ္စနှင့် အလျဉ်းသင့်သလို ပြောရမည်ဆိုရင်တော့ တိမ်ဦး အိမ်မှာပြန်နေရင် ခုလို ပန်းစည်းမျိုး လင်း ဘယ်လိုလာပို့ရနိုင်တော့မလဲ။

"ဖြည်းဖြည်းပေါ့ ဥက္ကာ၊ ငါ့စိတ်တွေ မကြည်လင်မပျော်ရွှင်သေးဘဲနဲ့ အိမ်မှာ ပြန်မနေချင်သေးပါဘူး"

"မမ ... တစ်ခုခုကို မျှော်လင့်နေသေးတာလား"

"... ... ..."

"စိတ်ကို ဖြတ်လိုက်ပါတော့ မမ၊ ကျွန်တော် ဟိုတစ်နေ့က ကိုမင်း စတူဒီယိုတောင် ရောက်သေးတယ်၊ ကျွန်တော်က တမင်မမေးပါဘူး၊ စကားလမ်းကြောင်းက စပ်သွားတော့ မသိမသာလေးတော့ အစ်ကြည့်မိတယ်၊ သေချာပါတယ်၊ ကိုမင်းလည်း တစ်ချိန်က ဆေးငြိသွားဖူးသေးတာပဲ၊ ကိုလင်း အကြောင်း သူကောင်းကောင်းကြီး သိတယ်၊ ကိုလင်းရဲ့ ဘောစ်အကြောင်းလည်း အကုန်သိနေတာပဲ၊ သူပြောပြနေတာတွေ နားထောင်ရင်း မမ မမျှော်လင့်ဘဲ သိခွင့်ရလိုက်တာ အရမ်းကံကောင်းတာပဲလို့ ဥက္ကာ စဉ်းစားမိတယ်၊ မမကို ဘုရားကယ်တာ၊ အန္တရာယ်မကင်းတဲ့ အနေအထား တစ်ခုကနေ လွတ်မြောက်စေဖို့ အချိန်မီ ဘုရားမ,လိုက်တာလို့ ဝမ်းသာလိုက်ပါ မမရာ"

"ငါ သိပါတယ် ဥက္ကာ"



www.burmeseclassic.com

www.burmeseclassic.com



တိမ်ဦးက စားပွဲပေါ်က ပန်းအိုးထဲက ပန်းတွေကို ဖွပ်ခနဲ နှိုက်ယူပြီး မလှမ်းမကမ်းက အမှိုက်ပုံးထဲ အဖုံးဖွင့်ပစ် ထည့်လိုက်သည်။ နောက်ဘက်ဝင်သွားကာ ပန်းအိုးကို ဆေးကြော ရေလဲလာပါသည်။ စားပွဲပေါ်က ကိုလင်းရဲ့ ပန်းစည်းကိုကောက် ယူကာ အစည်းလိုက် ပန်းအိုးမှာ ပုံစံမပျက် ထိုးထားလိုက်တဲ့ မမ အပြုအမူကို ဥက္ကာက ငေးမောလိုက်ကြည့်နေမိသည်။

ဥက္ကာ သိပါသည်။ မမ သံယောဇဉ် မပြတ်ပါ။ ဒါကိုသိနေတဲ့အတွက် ဥက္ကာ စိတ်မချနိုင်ပါ။ အခုကိုပဲ တိမ်ဦး မျက်ဝန်းများက တိုက်ရှေ့ကို ပန်းစည်းပေးဖို့ ရောက်နေပါလျက် သူနှင့် မတွေ့ဆုံလိုက်ရတာကို မချင့်မရဲ ဝမ်းနည်းနေတဲ့ အရိပ် အရောင် ထင်ဟပ်နေပါသည်။ မမဟာ သူက ကြိုးစားရှောင်နေ တာ မှန်ပေမယ့် တကယ်လို့များ ကိုလင်းက အတင်းဝင်တွေ့ပြီး တောင်းပန် တိုးလျှိုးလိုက်လျှင် နှလုံးသားတွေ ပျော့ဆင်းအိကျ သွားမယ့် ခံစားချက် အရိပ်အရောင် ပေါ်လွင်နေသည်။

"ဥက္ကာ ဒီပန်းစည်း ယူလာပေးတာ မှားသွားပြီထင်တယ်"

"ဘာလို့မှားရမှာလဲ၊ မမ ဘာမှမဖြစ်ပါဘူး"

"ပန်းစည်းကို ယူမထားဘဲ ပြန်တော့လို့ ပြောရမှာ ရိုင်း ရာကျမှာစိုးလို့ အားနာလို့ ယူလာလိုက်တာ၊ မမဘာသာ အနည်ထိုင်ခါနီးဆဲဆဲ ဖြစ်နေတာကို မွှေနှောက်လိုက်မိပြီ ထင်တယ်"

"ဘာမှမဖြစ်ပါဘူး ဆိုနေမှ"





"ဥက္ကာ ခရီးသွားမှာ နှစ်ပတ်တောင်ကြာမှာ၊ နှစ်ကားဆက် တိုက်လေ ... နော်၊ ဒီကြားထဲ မမ အေးအေးချမ်းချမ်းပဲ နေနော်"

"အေးအေးချမ်းချမ်း မနေလို့ ငါက ဘာလုပ်ရမှာလဲ ဥက္ကာ၊ ငါ့ကို ပေါက်ကရတွေ ပူမနေနဲ့"

"တကယ်နော်၊ ဒါဆိုရင်လည်း ပြီးတာပဲ၊ မမကို ဥက္ကာက အထင်သေးတဲ့ သဘောနဲ့ စိုးရိမ်နေတာ မဟုတ်ပါဘူး၊ အခုဆို မမ ပါပါနဲ့လည်း တော်တော်အဆင်ပြေနေပြီလေ၊ ဥက္ကာတို့ကားကြီးကလည်း သိပ်မကြာတော့တဲ့ အချိန်မှာ ဆင်ဆာတောင်တင်ရခါနီးနေပြီ၊ မမရဲ့အနေအထားက အောင်မြင်မှုတစ်ခုကို လှမ်းတွေ့နေရတဲ့ အခြေအနေရောက် နေပြီ မဟုတ်လား မမ၊ လှမ်းဆုပ်ကိုင် ယူလိုက်ဖို့ပဲ လို တော့တာလေ၊ ဒီအချိန်ရောက်မှ အနှောင့်အယှက်တစ်ခုခု ဝင်လာပြီး အားလုံးဖောက်ထိုးမိုးမျှော် ဖြစ်ကုန်မှာ အရမ်း နှမြောဖို့ကောင်းတယ် မဟုတ်လား၊ အဲဒါကြောင့် ဥက္ကာ ပြောရတာပါ"

"အေးပါ ... ငါသိပါတယ် ဥက္ကာရယ်"

"ကိုမင်းကလည်း ကျွန်တော့်ကို အထပ်ထပ် သတိပေး လိုက်တယ်၊ ကိုလင်းက အရမ်းခင်ဖို့ကောင်းတာ မှန်တယ် သူလည်းခင်တယ်တဲ့၊ ဒါတောင် သူလည်းပဲ အခြေအနေ ကြည့်ပြီး ခပ်လှမ်းလှမ်း ပေါင်းရတယ်တဲ့၊ သူတို့တွေက



www.burmeseclassic.com

www.burmeseclassic.com



ရက်ကော့ဒ်ရှိပြီးသားလူတွေ ဖြစ်နေတော့ ကိုလင်းနဲ့ တလုံးလုံး တတွဲတွဲ သိပ်နေလိုက်ရင် မသက်ာစာရင်း၊ သံသယစာရင်းထဲ ပြန်ပါသွားနိုင်တာမို့လို့ သတိနဲ့ပေါင်းတယ်တဲ့၊ ဉက္ကာကိုလည်း မင်းသားတစ်ယောက် ဖြစ်နေပြီမို့လို့ ကင်းကင်းနေလိုက်ပါလို့ သတိပေးတယ်"

"ဟုတ်ပါတယ်၊ ဒါတွေအားလုံး ငါတွေးထားပါတယ်၊ မမကို စိတ်မပူပါနဲ့၊ မမ အဲသလောက် မမိုက်မဲပါဘူး ဉက္ကာ"

တိမ်ဦးက ခပ်တိုးတိုးကလေး ကတိပေးမိပါသည်။ တကယ်တော့ ငါ မိုက်မဲစွန့်စားလိုက်ရင်များ ကောင်းမလားလို့ ခုထိ ကြိမ်ဖန်များစွာ တိမ်ဦး တွေးခဲ့မိပါသေးသည်။

♥ ○ ♥

တိမ်ဦးကို ပန်းစည်းလေး သွားပေးတဲ့နေ့ကတည်းက အိမ်ထဲက အိမ်ပြင် မထွက်ဖြစ်တော့တာ တစ်ပတ်ရှိပြီ။ သူ အစားတောင် ကောင်းကောင်းမစားဖြစ်။ အိမ်မှာရှိတဲ့ အခြောက်အခြမ်း စားသောက်ဖွယ်ရာတွေကုန်တော့ သူတို့တိုက် မြေညီထပ်စတိုးဆိုင်ကလေးကပဲ ရယ်ဒီမိတ် စားစရာလေးတွေ ဖြစ်သလိုဝယ်စားနေခဲ့ပါသည်။ စားသောက်ဖို့ တာဝန်ရှိလို့သာ စားနေသောက်နေရပေမယ့် မြို့လည်းမကျ အရသာလည်းမတွေ့ စားချင်စိတ်ကို မရှိတာပါ။





အိပ်ရာထဲ တခွေခွေနှင့် သူ့ဘဝကို ဟိုးအစကပြန်ပြီး စဉ်းစားနေမိခဲ့သည်။ ဖေဖေမရှိပေမယ့် မတောင့်တ မကြောင့်ကြသော ဘဝလေးနှင့် မေမေ ထားပေးခဲ့ပေမယ့် သူ မိုက်တွင်းနက်ခဲ့တာပဲ။ ဒီမိုက်တွင်းထဲကနေလည်း ရုန်းထွက်လွတ်မြောက်ဖို့ သူ မကြိုးစားခဲ့။ စိတ်အလိုလိုက်ကာ ဘဝကို ရေစုန်မျှောဖြတ်သန်းခဲ့သည်။ ဘယ်လောက်ညံ့ဖျင်းတဲ့ ယောက်ျားတစ်ယောက်ပါလဲ။

တိမ်ဦးကို စတွေ့မိ စချစ်မိတဲ့ အချိန်ကစပြီး ဒီမိုက်တွင်းထဲကတက်ဖို့ ရည်ရွယ်ချက် မသဲမကွဲနှင့် တွင်းနှုတ်ခမ်းကို မော့ကြည့်နေခဲ့တဲ့ အဖြစ်ပါ။ ဒီမိုက်တွင်းထဲကနေ အပေါ်ကအပြင်လောကကို တက်လိုက်တဲ့အခါ သူ ရှင်သန်နိုင်ပါ့မလားလို့ ဆုံးခွဲမရ ဖြစ်နေခဲ့တာ။ ခုတော့ သူ တက်ဖို့မလွယ်ကူတော့ဘူးထင်ပါရဲ့။ မလွယ်ကူတော့တာထက် အကျိုးမထူးတော့တာလို့ ပြောရမလား။

ဒီနောက်ပိုင်းကာလတွေမှာ မက်ခဲ့တဲ့ အိပ်မက်က တိမ်ဦးနဲ့ တည်ဆောက်ချင်တဲ့ ဘဝတစ်ခုအတွက် မွမ်းမံပြင်ဆင်ခြယ်မှုန်းချင်တဲ့ အတွေးအိပ်မက်တွေပဲ မဟုတ်လား။ ရှေ့ဘဝကို တိမ်ဦးနှင့်ဆက်ဖို့ မဖြစ်နိုင်တော့ဘူးဆိုရင် သူ့အတွက် ဘာမျှော်လင့်ချက် ဘာအိပ်မက်များ ရှိနေစရာ လိုအပ်တော့လို့လဲ။

ခုတော့ သေချာခဲ့ပြီ။ ဘဝချင်း ခြားနားသွားပြီဆိုတာလေ။



www.burmeseclassic.com

www.burmeseclassic.com



မျက်စိအစုံကို မှိတ်ချလိုက်လျှင် မျက်ရည်စီးကြောင်းက နားထင်နှစ်ဖက်ဆီသို့ စီးသွယ်လျှောကျသွားလေသည်။ အစစအရာရာဟာ သူ ဖန်တီးခဲ့သော ကံကြမ္မာပေပဲ။ သူ စိုက်ပျိုးခဲ့သမျှကိုသာ သူ ရိတ်သိမ်းခဲ့ရတာပဲ။

ခွင့်လွှတ်ပါ တိမ်ဦးရယ်။ တိမ်ဦး သူ့ကိုချစ်ရှာတာ သူ သိပါသည်။ တကယ်ဆို သူ့အတွက် တိမ်ဦးဟာ အချစ်ဦး။ တိမ်ဦးအတွက် သူဟာ အချစ်ဦး။ အချစ်စစ်တို့ ဖြစ်ခဲ့ပေမယ့် ဘာကြောင့်များ ကြေမွပျက်စီးခြင်းနှင့် ဆုံးခန်းတိုင်ဖို့ ဖြစ်ခဲ့သလဲဆိုတော့ သူ့ကြောင့်။ သူ့အပြစ်။ အရာရာဟာ သူ့အပြစ်ကြောင့်ချည်းသာ။ သူ့အပြစ်ဒဏ်ကြောင့် တိမ်ဦးပါ နှလုံးသားနာကျင်ကြေကွဲဖို့ ကြုံရတာ။

တည်ငြိမ်အောင် ကြိုးစားတည်ဆောက်ရင်း အကောင်းအထည်ဖော်စပြုလာတဲ့ လှပသော တိမ်ဦးရဲ့အနေအထားလေးတစ်ခုကို သူ ဖျက်ဆီးမိပြီ။ တိမ်ဦး ဘယ်လိုများ ခံစားနေရရှာမလဲ။

"ကလင်"

မက်ဆေ့ချ် ဝင်လာသံကြောင့် လင်းရှင်က ဖုန်းကို ဝတ္တရားကျေ ကြည့်လိုက်ပါသည်။

"ဖုန်းကိုင်"

ခပ်ပြတ်ပြတ်သော စာတိုကလေး။ မမမိုး ဆီက။ သူ ဖုန်းတွေလည်း ရှောင်နေမိခဲ့တာကိုး။ တဖွဲ့တနွဲ့ မရေးဘဲ





ခုလို ပြတ်တောင်းတဲ့ စာကိုဆိုလျှင်ဖြင့် မမမိုး ရာသီဥတုအခြေအနေမကောင်းဘူး ဆိုတာ သေချာသည်။

"တီတီ ... တီတီတီ ... တီတီ"

မရှေးမနှောင်း မြည်လာတဲ့ မမမိုးရဲ့ဖုန်းကို လင်းရှင်က ဖွင့်ကိုင်လိုက်ပါသည်။

"လင်း ... အခု ဘယ်မှာလဲ"

"အိမ်မှာ"

"မင်း ခုတလော ဘာတွေလုပ်နေလဲ"

"အိမ်မှာပဲ မ"

"အေး ... အိမ်မှာပဲ သာယာသလိုနေ ဟုတ်လား၊ ဖုန်းတွေလည်း မကိုင်နဲ့၊ အပြင်လောကမှာ ဘာတွေဖြစ်နေသလဲရော မင်းသိလား"

"........."

မသိပါ။ မမမိုး အသံက စိတ်လှုပ်ရှားမှုနှင့် တုန်ခါနေသည်။

ဒေါသံလည်း ဖျော့ဖျော့ပါနေသည်။

"ဘာတစ်ခုမှ အားမကိုးရဘူး၊ အေးရာအေးကြောင်း လုပ်နေတယ်၊ အေးပေါ့၊ နင်ကတော့ နင့်တိမ်ဦးခင်နဲ့နင် နှစ်ယောက်တည်း စည်ကားသိုက်မြိုက်နေပေါ့ ... ဟုတ်လား၊ ကိုယ့်အေးရာအေးကြောင်း သာယာကွက်ပဲ ရှာနေတဲ့ အတ္တသမားရဲ့"



www.burmeseclassic.com

www.burmeseclassic.com



လင်းရှင်က စိတ်မဆိုးပါ။ လေသံပျော့ဖြင့်သာ ညင်ညင်သာသာ ဖြေမိသည်။

"ကျွန်တော် တိမ်ဦးနဲ့ အဆက်အသွယ် မရှိတော့တာ ကြာပြီ"

"အဆက်အသွယ်မရှိတာ ဆိုတဲ့စကားနဲ့ မရှိတော့တာဆိုတဲ့စကားက အဓိပ္ပာယ် မတူဘူး မဟုတ်လား"

"ဟုတ်ကဲ့ … မရှိတော့တာပါ"

"ဒါဆို မင်း ဘာလို့ ဒီလောက်ပျောက်နေတာလဲ"

"အိမ်ထဲက အိမ်ပြင်မထွက်တာတောင် ဆယ်ရက်လောက် ရှိပြီ မမ၊ အဲဒီရဲ့ အရင်တည်းက အဆက်အသွယ် မရှိတော့တာပါ"

"မင်းဘက်က စ,မရှိတာလား၊ သူ့ဘက်ကလား"

"သူ့ဘက်ကပါ၊ သူ့ဘက်က ခြေလှမ်းရုတ်ချင် နောက်ဆုတ်ချင်ရင် ဘယ်တော့မှ မနှောင့်ယှက်ဘူး ဖွတ်မတိုးဘူး လို့ ကျွန်တော် ဆုံးဖြတ်ထားတာပါ"

"ဪ … မင်း အသည်းကွဲနေတာကိုး"

မမမိုးရဲ့မှတ်ချက်သံက လေသံပျော့သွားပါသည်။ လင်းရှင် မဖြေပါ။ အသည်းကွဲတယ်ဆိုတဲ့ စကားက သူ့ယူကျုံးမရမှုတွေနှင့် နှိုင်းစာလျှင် ပေါ့သွမ်း သေးသိမ်လှပါသည်။ အဲသလောက်သာ နားလည်ထားပါစေတော့။

"လင်း"





မမမိုး အသံပျော့သွားပါသည်။

"ကိုစောနောင်ရော သူ့တပည့်အာလူးနဲ့ ချစ်ဆိုင်ရောကို ဆွဲသွားပြီ"

"ဟင်"

"အေး … သူတို့ အဆွဲခံလိုက်ရပြီ၊ အားလုံး လူခွဲလူဖြန့်ပြီး နေနေကြတယ်၊ မင်း အဆက်အသွယ် ဖြတ်ထားတာလည်း ကောင်းကောင်းပါပဲ၊ အစ်ကိုကြီးတော့ ဒီမှာမရှိတော့ဘူး၊ ဟိုဘက်ကို ခဏပြေးနေတယ်"

"မမရော"

"မမတော့ အခြေအနေကြည့် နေနေသေးတယ်၊ လင်းလည်း လင်းဟာလင်း ခြေလှမ်းဖျောက်ပြီး သိုသိုသိပ်သိပ် နေလိုက်တော့ လင်း"

"ဟုတ်ကဲ့ မမ"

"ဖုန်းတော့ ကိုင်ဦး၊ အဆက်အသွယ်တော့ ဖြတ်မနေနဲ့၊ ပိုက်ဆံရော ရှိရဲ့လား"

"အများကြီး ရှိပါတယ်"

"ဘာအများကြီး ရှိပါတယ်လဲ၊ ဟိုးတလောက ကိုစောနောင်ကို လင်းပဲ ပြောနေခဲ့သေးတယ် မဟုတ်လား၊ ပိုက်ဆံ များများ လိုချင်တယ်ဆိုတာ၊ ဘာပြဿနာရှိလဲ၊ ဘာလုပ်ချင်တာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"အဟင်း ... အဲဒါ မလိုတော့ပါဘူး တိမ်ဦး ရုပ်ရှင်ကား အတွက် ငွေလိုမယ်ထင်လို့ ကျွန်တော်ထည့်ပေးချင်လို့ ပြောတာပါ၊ တိမ်ဦးကလည်း မယူပါဘူး မမ၊ ကျွန်တော့်မှာ တခြားငွေလိုစရာအကြောင်း မရှိပါဘူး၊ မလိုတော့ပါဘူး"

"ဒါဆိုလည်း ပြီးတာပဲ၊ မင်းအသံက အရမ်းဖျော့တော့နေတာပဲ လင်း၊ နေရောကောင်းရဲ့လား၊ အိမ်ထဲလည်းအောင်းနေတယ်ဆိုတော့ ဘာဖြစ်နေလဲ၊ လင်း တစ်ခုခု ဖြစ်နေသလား"

"ဘာမှ မဖြစ်ပါဘူး"

"ဘာမှမဖြစ်ဘူးဆိုတဲ့ အသံကိုက မူမမှန်ဘူး၊ လင်း တစ်ခုခု ဖြစ်နေရင် မမ အမြဲတမ်း သိတယ်နော်၊ လင်းမှာ တခြားလည်း ပြောစရာလူ ရှိတာမဟုတ်ဘူးလေ၊ ပြောစမ်းပါ တစ်ခုခု ဖြစ်နေတယ် မဟုတ်လား"

"........"

"လင်း"

"ဘာမှမဖြစ်ပါဘူး မမ၊ အစစအရာရာ အဆင်ပြေပါတယ်"

"အေး ... ငါ ယုံတော့ မယုံဘူး၊ တစ်ခုခု ဖြစ်နေတယ်လို့ပဲ ထင်နေတယ်၊ ပြောစရာရှိရင် အချိန်မရွေးပြောနော်၊ တစ်ယောက်တည်း မျိုသိပ်ပြီး ပြဿနာတက်မနေနဲ့ ပြောတာ ကြားလား"





မမမိုးရဲ့မျက်လုံးများက မလှမ်းမကမ်း တစ်နေရာမှ ဆောင်းငန်းငန်း ရှက်အမ်းအမ်း အမူအရာနှင့် သူ့နောက်တကောက်ကောက် လိုက်နေပုံရသော တိမ်ဦးခင်ကို ဖျတ်ခနဲ လှမ်းမြင်လိုက်ပါသည်။ ရှော့ပင်းမောလ်ကြီးထဲမှာ လူတွေအများကြီး ဆိုင်တွေအများကြီး ရှိနေတဲ့ကြားက ကိုယ့်အနားပဲ မလှမ်းမကမ်းက တစ်ရစ်လည်လည် ဖြစ်နေတဲ့ တိမ်ဦးခင်။

"အေး ... အေး ... ဒါပဲ ... ဒါပဲ ...၊ ဒီနားမှာ တိမ်ဦးခင်ကို လှမ်းတွေ့နေတယ်၊ မမ ဖုန်းချလိုက်တော့မယ်"

"ဟင် ... ဘယ်မှာလဲ၊ မမ ဘယ်နေရာမှာလဲ၊ အခု ဘယ်ကနေ ပြောနေတာလဲ၊ တိမ်ဦးက ဘာလုပ်နေတာလဲ"

"အဲဒါတွေ နောက်မှ ဖုန်းပြန်ဆက်တော့မယ် ... ဒါပဲ"

မမမိုးက ဖုန်းချလိုက်ပါသည်။ ကိုယ်ရပ်နေတဲ့နေရာက ဆိုင်မှာရှိနေသော Skin care ပစ္စည်းတွေ Lotion ဘူးတွေ အလှကုန်တွေကို ဟန်မပျက် ဆက်ကြည့်နေရင်းက ဟိုရွှေ့ဒီရွှေ့လုပ်ရင်း တိမ်ဦးခင်ကို အကဲခတ်မိသည်။ ဟုတ်ပါသည်။ ကိုယ့်ကို မျက်ခြည်ပြတ်မခံဘဲ ဒီနားတင်ရစ်ပတ်ပြီး မသိသာအောင် ခိုးခိုးကြည့်နေတာ။

လူကလည်း ပိန်ချုံးသွားလိုက်တာ။ တစ်ယောက်နဲ့တစ်ယောက် တစ်ကြိမ်မှ တွေ့တွေ့ဆိုင်ဆိုင် မကြုံကြိုက် မဆုံစည်းဖူးသော်လည်း သူ ဘယ်သူလဲ ကိုယ်သိနေသလို ကိုယ်ဘယ်သူလဲဆိုတာကိုလည်း သူသိနေတာ သေချာသည်။



www.burmeseclassic.com

www.burmeseclassic.com



မမမိုးက တိမ်ဦးခင်ကို မကြည့်ဘဲ မမြင်ချင်ယောင် ဆောင်ရင်းက တိမ်ဦးခင် ရပ်နေတဲ့ကောင်တာနား တိုးကပ်ရပ် လိုက်ပါသည်။ အနားနီးကပ်မှ နံဘေးလူကို အမှတ်တမဲ့လှည့် ကြည့်ဖော်ရွေတဲ့ အပြုံးမျိုးနှင့် အမှတ်တမဲ့လှည့်ကြည့် မျက်လုံး ချင်းဆုံလိုက်လျှင် တိမ်ဦးက အမူအရာပျက်ကာ အို့တို့အမ်းတမ်း ဖြစ်သွားလေသည်။

"အယ် ... ညီမကို အရမ်းမြင်ဖူးသလိုပဲ၊ အသိတစ်ယောက် ယောက်နဲ့ တူတာလား မသိဘူး၊ ခင်တဲ့သူတော့ မဟုတ်ပါ ဘူး ထင်တယ်နော် ... ဆောရီး ... ဆောရီး"

ကိုယ့်ကို တိမ်ဦးခင် သိနေတယ်ဆိုတာ သေချာ အကဲခတ်လိုက်နိုင်ပြီးနောက် မမမိုးက အနားက ဖြည်းဖြည်းလှည့် ထွက်လာလိုက်ပါသည်။

"မမမိုး"

"........"

မမမိုးက ခြေလှမ်းရပ်ကာ တစ်ခဏ ငြိမ်နေမိပါ သည်။

"မမ ... လင်းရဲ့ဆရာကတော် မဟုတ်လားဟင်"

မမမိုးက လှည့်ကြည့်လိုက်ပါသည်။

"ကျွန်မ တိမ်ဦးခင်ပါ၊ လင်းဆီ ဖုန်းဆက်ရင်း လင်းရဲ့ ဖုန်းကို မမ ကိုင်ထားလို့ မမနဲ့ စကားပြောဖူးပါတယ်"

"ဪ ... လင်းရဲ့မိတ်ဆွေ တိမ်ဦးခင်ပဲ တို့သိပါတယ် ကိစ္စရှိလို့လား"





"မမ အချိန်ခဏပေးနိုင်ရင် ကော်ဖီတိုက်ပါရစေ၊ တိမ်ဦး ပြောစရာလေး ရှိလို့ပါ"

အမျိုးသမီးနှစ်ယောက်သား တစ်ယောက်မျက်နှာ တစ်ယောက် တစ်ခဏကြည့်နေမိကြပြီးမှ မမမိုးက ခေါင်းညိတ် လိုက်ကာ နှစ်ယောက်သား ရှော့ပင်းမောလ်ကြီး အောက်ထပ် တစ်နေရာက ကော်ဖီဆိုင်လေးမှာ အတူထိုင်ဖြစ်ခဲ့ကြပါသည်။

"ဘာကိစ္စများ ရှိလို့လဲ မသိဘူး ညီမ"

"တိမ်ဦး ပြောတဲ့စကား မှားရင် ရိုင်းရာကျရင် စွက်ဖက် ရာကျရင် ခွင့်လွှတ်ပေးပါ၊ လင်းနဲ့ပတ်သက်ပြီး ပြောချင် တာလေး ရှိလို့ပါ"

"ပြောပါ တိမ်ဦးခင်"

"လင်းရဲ့ဆရာကတော်ဆိုပေမယ့် လင်းအပေါ် အစ်မတစ် ယောက်လို အမြဲကူညီစောင့်ရှောက်တယ်လို့ လင်းကပြော ဖူးပါတယ်၊ မမကို အကူအညီလေး တစ်ခုလောက်များ တောင်းလို့ရမလားလို့ပါ"

"ဘာများပါလိမ့် ညီမ"

"လင်းကို ... လင်းကို ... ဒီဘဝထဲကနေ လွတ် ... လွတ် မြောက်အောင် ကူညီနိုင်ရင် ကူညီပေးပါ မမ"

မမမိုးက မျက်ခုံးကလေး တွန့်လိုက်ရင်း ...

"လင်းက ဘယ်ဘဝ ရောက်နေလို့လဲ"

"လင်း ... လင်းက ... လင်းက ..."



www.burmeseclassic.com

www.burmeseclassic.com



တိမ်ဦးရဲ့အသံက ကတုန်ကယင်ဖြစ်ကာ မျက်ရည်များလည်း ရစ်ဝဲလာပါသည်။ ဤအကြောင်းအရာကို ပါးစပ်မှ ရဲရဲဝံ့ဝံ့ မထွက်ရဲဘဲလည်း ဖြစ်နေပါသည်။

"သိပ်လည်း စိတ်မလှုပ်ရှားပါနဲ့ တိမ်ဦးခင်၊ ညီမကိုကြည့်လိုက်ရုံနဲ့ တစ်ခုခုကို လေးလေးနက်နက် ခံစားနေရမယ်ဆိုတာ ယုံကြည်ပါတယ်၊ နားလည်ပါတယ်၊ ဒါပေမဲ့ ညီမအနေနဲ့ ညီမတို့နှစ်ယောက်ကြားထဲမှာ ရှိနေတဲ့ ပြဿနာကို သူနဲ့သာ တိုက်ရိုက်ဖြေရှင်းဖို့ သင့်တော်ပါတယ်၊ ဒီကိစ္စမျိုးကတော့ တို့နဲ့ ဆိုင်လည်းမဆိုင် တရားဝင်လည်း မပတ်သက်တဲ့အတွက် ကြားထဲက ဖြေရှင်းကူညီပေးနိုင်မှု မလွယ်ပါဘူး၊ သူနဲ့ ဖြေရှင်းဆွေးနွေးချင်တာ ဆိုရင်တော့ တွေ့အောင် စီစဉ်ပေးလို့ ရပါတယ်"

"တိမ်ဦးနဲ့သူက အဆက်အသွယ် ပြတ်နေပါတယ်"

"အဆက်အသွယ် မပြတ်ချင်တာလား"

"မဟုတ်ပါဘူး မမ၊ သူ့ကို ဒီအခြေအနေတစ်ခုနဲ့တော့ တိမ်ဦး ပြန်ဆက်သွယ်ဖို့ရာ မဖြစ်နိုင်ပါဘူး မမရယ် တိမ်ဦး သတ္တိမရှိပါဘူး၊ သတ္တိရှိနိုင်လောက်တဲ့ အနေအထား မှာလည်း မရှိပါဘူး၊ တိမ်ဦးက သမီးတစ်ယောက်အမေပါ တိမ်ဦးမှာ စောင့်ထိန်းငဲ့ညှာရမှာတွေလည်းရှိသလို တိမ်ဦး တိမ်ဦး သတ္တိလည်း တကယ်နည်းပါတယ်၊ အတ္တကြီးတယ် လို့ပဲပြောပြော၊ သူ့ကို ဒီဘဝ ဒီလောကထဲက ရှန်းထွက်





လာပြီးမှပဲ တိမ်ဦး ရှေ့ဆက်ရဲမှာမျိုးပါ၊ သူ့ကိုတည့်မတ်ဖျောင်းဖျပေးဖို့က တခြား ဘယ်သူမှလဲ စဉ်းစားမရပါဘူး မမ၊ ဒါကြောင့် ကူညီနိုင်မယ့် နေရာမျိုးမှာ မမ ရှိတယ်ဆိုရင် ..."

မမမိုးက တိမ်ဦးကို ကရုဏာမျက်ဝန်းများနှင့် တစ်ခဏ စိုက်ကြည့်နေမိသည်။

"သူ့အသက်အရွယ်နဲ့ သူ့ဘဝကို ရွေးချယ်နေရာချထားမှုက သူ့လက်ထဲမှာပဲ ရှိတာပါ ညီမ၊ သူ့ရွေးချယ်မှု သူ့ဆန္ဒအလျောက်သာ အားလုံးဖြစ်တည်နိုင်တာပါ။ ညီမကို အများကြီး ကိုယ်ချင်းစာပါတယ်၊ ဆိုလိုချင်တာကိုလည်း နားလည်ပါတယ်၊ တို့အနေနဲ့ အဆုံးစွန် တတ်နိုင်တာကတော့ အခု တိမ်ဦးခင်နဲ့ တွေ့ခဲ့ပြီး ဘာတွေပြောခဲ့တယ်ဆိုတာ သူ့ဆီ ပြန်အသိပေး ပြောပြပေးနိုင်တယ်၊ ဒီလောက်ပါပဲ၊ သူ လွတ်မြောက်ချင်နေရင် ချုပ်နှောင်ထားဖို့ အထိတော့ တို့တွေလည်း မရက်စက်ပါဘူး၊ တိမ်ဦးခင်ကို ကောင်းတဲ့အကြံဉာဏ်တစ်ခု ပေးရမယ် ဆိုရင်တော့ မတူညီတဲ့ မအပ်စပ်တဲ့ မစွန့်စားသင့်တဲ့ အနေအထားအသီးသီးမှာ သူ့ကို မေ့လိုက်ပါ၊ ကြိုးစားကျော်ခိုင်းပါ ညီမ"

တိမ်ဦး မျက်ဝန်းအိမ်မှ မျက်ရည်များက စားပွဲပေါ် ဘပေါက်ပေါက် အလုအယက် ခုန်ဆင်းစီးလိမ့်ကျလာကြပါသည်။

♥ ○ ♥



www.burmeseclassic.com

www.burmeseclassic.com

## ( ၁၈ )

"လင်း"

လက်တစ်ဖက်ကို လာရောက် ချိတ်တွဲလိုက်သော မမှူယာကို လင်းရှင်က ငုံ့ကြည့်လိုက်ပါသည်။

"ခရီးလေးတစ်ခုခု ထွက်ရအောင်ပါဆို၊ စင်ကာပူလောက် ဖြစ်ဖြစ် ဘာလီကျွန်းလောက်ဖြစ်ဖြစ် သိပ်အဝေးကြီးမဟုတ် တဲ့ဆီလေ"

လင်းရှင်က ပြုံးရုံ ပြုံးနေလိုက်ပါသည်။ လက်က လက်ပတ်နာရီကို တစ်ချက်ကြည့်လိုက်မိသည်။ ကျောင်းဆင်း တော့မှာပဲ။ သောကြာလိုနေ့မျိုးတွေ မျက်သွယ်ကို တိမ်ဦး လာ တွေ့နေကြဆိုတာ လင်းရှင် သိသည်။ ခုနောက်ပိုင်းတော့ သူ ပါပါနှင့်လည်း ပြန်လည်ကြည်လင်တဲ့သဘောရှိ၍ တိမ်ဦးပဲကြို သွားတာမျိုးလည်း ရှိသည်။ ပြီးခဲ့တဲ့ အရင်တစ်ပတ်ကတော င်း ဆုံပြီးပြီပဲ။





အရင် သောကြာတုန်းက သူ့ကိုမြင်၍ ကတုန်ကယင် ဖြစ်သွားပုံရသော တိမ်ဦးသည် သူ့ကားပေါ်မှာ ထိုင်နေတဲ့ အမျိုးသမီးတစ်ယောက်ကို လှမ်းမြင်လျှင် မျက်နှာကွက်ခနဲပျက် ထွက်သွားပါသည်။ ချက်ချင်းပဲ နီမြန်းလာတဲ့ တိမ်ဦး မျက်နှာကို တည့်တည့်မကြည့်ပေမယ့် မသိမသာ ခိုးဝှက်မြင်ရနေကာ ဘယ်လို မှ စိတ်မကောင်းနိုင်ပါ။ သူလည်း တိမ်ဦးကို နှုတ်မဆက်၊ တိမ်ဦး လည်း သူ့ကိုနှုတ်မဆက်။ ပေသုံးဆယ်လောက် အကွာအလှမ်း မှာ လူကြားထဲရောနှောရပ်၍ တစ်ယောက်ကိုတစ်ယောက် မမြင် ဖူးသော သူစိမ်းတွေကဲ့သို့ နှုတ်မဆက်ဘဲ နေခဲ့ကြလေသည်။

တကယ်တော့ တစ်ယောက်နှင့် တစ်ယောက် အတိ အလင်း တရားဝင် လမ်းခွဲဖြတ်တောက်ခြင်းမျိုးလည်း မရှိခဲ့ပါ။ သူ့ဘက်က စတင်ရှောင်ခဲ့တဲ့အတွက် တိမ်ဦး မျက်နှာပူ အနေခါ ရ ခက်နေမည်ဖြစ်သလို လင်းရှင်ဘက်ကလည်း ကိုယ့်အပြစ်နဲ့ကိုယ် ကိုယ့်အားငယ်မှုနှင့်ကိုယ် နောက်ဆုံး ကိုယ့်ဆုံးဖြတ်ချက်နဲ့ကိုယ် မဖြစ်မနေ ပေးလှမ်းကွဲကွာလိုက်ကြဖို့ပဲ အခိုင်အမာ သံဓိဋ္ဌာန်ချ ထားပြီး၍ မခေါ်ထိုက်တော့ပါ။

"လင်းလို့ ဆိုနေ၊ အလကားပါကွာ၊ ဒီကောင်လေးကို မျှော်လင့်ချက် ထားရတာ အပိုပဲ။ အချိန်ကုန်တယ်"

"မမကလည်းဗျာ၊ မမ သွားချင်ရင် သွားမှာပေါ့"

"တကယ်လား"

"အင်းပေါ့၊ အချိန်တစ်ခုတော့ ရွေးဦးမယ်လေ၊ နက်ဖြန် သန်ဘက်ခါတော့ မဖြစ်ဘူးပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"အဲလိုနဲ့ပဲ အချိန်ဆွဲနေတာ၊ သိပါတယ်၊ မင်းကိုလေ တစ်စက်မှလည်း မယုံကြည်ပါဘူး၊ လူကို ဘွားခနဲလာမိတ် ဆက်၊ ခဏတဖြုတ်တွဲ၊ နောက်တော့ ဘယ်ရောက်သွားမှန်း မသိ ခြေရာပျောက်သွား၊ ဟော ... ခုတစ်ကြိမ် ပြန်ပေါ် လာပြီး အရှုးအမူးတွေဖြစ်ရပြန်၊ အယုံအကြည်တော့ မရှိပါ ဘူးနော်၊ မင်း သိထားဖို့က၊ ဒါပေမဲ့ ကိုယ်က မင်းကိုကြွေ တယ်လေ ရှင်းရှင်းပဲ၊ ဟိုးအရင် တစ်ကြိမ်ကတည်းက ဖြစ်နိုင်ချေကို တွက်မိပါတယ်၊ မင်းတို့ဆရာသမားကြီး တို့ကို လမ်းရှင်းချင်တာနဲ့ပဲ မင်းနဲ့ချိတ်မိအောင် လမ်းလွှဲ ပေးလိုက်တာပဲ နေမှာလို့"

"တကယ် မဟုတ်ပါဘူးဆို မမကလည်း၊ ဘုရားရူးပါ မဟုတ်ပါဘူး"

တကယ်လည်း ဟုတ်မှ မဟုတ်တာ။ သူ့ကို အစ်ကိုကြီး စေခိုင်းခဲ့တာ မဟုတ်။ မမမိုးလေ။ ဒီတော့ သူညာတာ မဟုတ်ပါ။

"ဒါဆို ဘာကြောင့်လဲ၊ ရုတ်တရက် ဘယ်ကနေ ကိုယ့်ကို သိပြီး ပေါ်လာလဲ"

"မမကို လင်း ပြောပြီးပြီလေ၊ ကားချင်းယှဉ်ဖြတ်သွားရင်း အမှတ်တမဲ့ တွေ့လိုက်တဲ့ မမကို အရမ်းစိတ်ဝင်စားသွား လို့ပါလို့"





"ဩော် ... ဟော် ဟော် ... အဲလိုလား ... အဟက် ... ရယ်ရတယ်နော်၊ ဒါဖြင့် ဘာဖြစ်လို့ ရုတ်တရက် ပြန် ပျောက်သွားလဲ၊ ဖုန်းတောင်မဆိုင်ဘဲ အဆက်ဖြတ်ပြီး"

"ပြောပြီးပြီလေ မမရယ်၊ အစ်ကိုကြီးတို့သိသွားတယ်၊ အကြိမ်းခံရလို့ လှိုနေလိုက်ရပါတယ်လို့၊ အခုတော့ အစ်ကို ကြီးလည်း မရှိဘူးလေ၊ မမမိုးနဲ့လည်း အဆက်အသွယ် ခဏပြတ်ထားတုန်း မမကို လွမ်းလို့ ပြန်ရောက်လာတာ ပါ"

"အဟား ဟား ... နားထောင်ကောင်းတယ်နော်၊ ဘာပဲ ဖြစ်ဖြစ် ခွင့်ပြုပါတယ်၊ ခွင့်လွှတ်ပါတယ်၊ ပျံလိုကပျံ့ နား လိုကနားပါလေ ငှက်ခါးလေးရယ် ... ဟား ဟား"

မမူယာက လင်းရှင်ရဲ့ လက်မောင်းတစ်ဖက်ကို အားပါးတရ မှီနွဲ့ဖက်ချိတ်ထားပါသည်။ ကျောင်းဆင်းဖို့ ဆယ် မိနစ်လောက် အလိုမှာတော့ တိမ်ဦးရဲ့ကားက ကျောင်းဝင်းရှေ့ နား ဆိုက်ရောက်လာခဲ့ပါပြီ။ ကားပေါ်က ဆင်းလာတဲ့ တိမ်ဦးကို မှက်ဝန်းသေးဘက်အစွန်းက မြင်လျှင် လင်းရှင်က မမူယာရဲ့ လက်ကိုဖြုတ်ပြီး သူက မမူယာပခုံးပေါ်ကျော်၍ ဖက်ထားလိုက်ပါ သည်။

"ဟင်း ... ကဲချင်တော့လည်း ကျောင်းရှေ့ လူကြားထဲ သူ ကြားထဲ၊ မကဲချင်တော့လည်း ဘယ်လိုနှဲ့နှဲ့ မလှုပ်တဲ့ ဘုန်းကြီးလူထွက်အတိုင်းပဲ"



www.burmeseclassic.com

www.burmeseclassic.com



မမှူယာက သဘောကျ ကျေနပ်စွာပင် လင်းရှင်ရဲ့ ခါးကို ပြန်သိုင်းဖက်ထားလိုက်ပါသည်။

"တီ တီ ... တီ တီ ..."

ဖုန်းမြည်လာ၍ လင်းရှင်က အားတဲ့လက်တစ်ဖက်နှင့် ဖုန်းကိုဖွင့်ရင်း ...

"ဟယ်လို"

"အလင်းရှင် ... နင် ဘာလုပ်နေတာလဲ"

"ဗျာ ... မမမိုး၊ ကျွန်တော် ကျောင်းမှာလေ၊ ဟိုကလေးကို လာတွေ့တာပါ၊ မုန့်ဖိုးပိုက်ဆံလည်းပေးရင်း"

"ငါ မြင်တယ်၊ ဟိုတစ်နေ့ကလည်း တွေ့ပြီးပြီနော်၊ အဲဒီ ပြိတ္တာမကြီးနဲ့ နင့်ကိုတွဲပြီးတော့၊ အခုလည်း ငါ ကျောင်းရှေ့က ကားဖြတ်လာတာ၊ ဒီနားပဲ ရှိသေးတယ်၊ ဘာဖြစ်နေလဲ၊ နင့်အရပ်ကြီး မိုးတိုးမတ်တတ်နဲ့ မမြင်ဘဲမနေဘူး ကလေးကျောင်းလာတွေ့တဲ့ကိစ္စကို အရှက်မရှိ သိက္ခာမရှိ ဟိုဟာမကြီးပခုံးဖက်ပြီး နင် ဘာလုပ်နေတာလဲ"

"အဟဲ ... ဒါပဲနော် မမမိုး"

"နင် ဖုန်းမချနဲ့နော်၊ ငါ ပြန်ကွေ့လာမှာ"

လင်းရှင်က ဖုန်းကို ဖွတ်ပိတ်ချလိုက်ပါသည်။

"မင်းဆရာကတော် မဟုတ်လား၊ ဘာတဲ့လဲ"

"ခုပဲ ဒီနားက ကားဖြတ်ရင်း တွေ့သွားလို့လေ၊ အော်နေတာ"





"သူက လင်းကို ပိုင်လို့လား မပြောလိုက်ချင်ဘူး၊ သူတို့နဲ့လည်း ရန်ဖက်မဖြစ်ချင်ပါဘူး ကင်းကင်းနေတာအကောင်းဆုံးပဲ၊ အဲဒါကြောင့် လင်းကိုပြောနေတာ၊ တို့နဲ့ စင်ကာပူလိုက်နေပါလား လင်း၊ ဟိုမှာ တို့တိုက်ခန်း အပိုင်ရှိပါတယ်၊ အခု အခန်းကို ငှားထားတယ်၊ ဟိုမှသာ လင်းနေချင်ရင် လူကွေဖယ်ပြီး ကိုယ်တို့နေလို့ရတယ်၊ အားလုံးနဲ့ ဝေးတဲ့ဆီပေါ့၊ သူတို့ဆီ လင်း ဘယ်လောက်ရလို့လဲ၊ အဲလောက်တော့ ကိုယ်လည်း အလုပ်ပေးထားနိုင်ပါတယ်၊ မင်းအစ်ကိုကြီးက အခုတောင် ပြေးနေ ရှောင်နေရတာ၊ မကြာခင် ကျဆုံးတော့မှာ၊ သူ့ဆီကုတ်ကပ်မနေနဲ့၊ ထွက်လာခဲ့၊ လင်း ဘာလိုချင်တာလဲ၊ ဘာမဆိုရအောင် ကိုယ် စီစဉ်ပေးနိုင်ပါတယ်၊ ရိက္ခာရာရှင် မပြတ်စေရဘူး၊ တကယ်ပြောနေတာ၊ ကိုယ့်ခွင်က သူတို့ခွင်ထက်တောင် ကျယ်ပါသေးတယ် လင်းရာ"

"အင်းပါ မမရယ်၊ စဉ်းစားနေပါတယ်"

"ခုတလော လင်းတောင် သိပ်မလုံခြုံလောက်ဘူးဆိုတာတို့ တွက်မိပါတယ်၊ မြန်မြန်ဆုံးဖြတ်စမ်းပါ လင်းရာ"

"အင်းပါ"

"တီ တီ ... တီ တီ ..."

"ဟာ ... ဒီမိန်းမပဲလား၊ ဘာတွေ မွန်တက်နေတာလဲ၊ ဘာလို့ အကြိမ်ကြိမ် ဆက်နေတာလဲ၊ အဲဒီ မိုးမိုးနဲ့ရောမင်း ကင်းရှင်းရဲ့လား"



www.burmeseclassic.com

www.burmeseclassic.com



"အာ ... မမကလည်း လျှောက်ပြောမနေပါနဲ့၊ အဲသလိုကိစ္စ မရှိပါဘူး၊ ဟယ်လို ... ဟယ်လို ... မမမိုး"

"လင်း"

ခုနက ပေါက်ကွဲကြိမ်းမောင်းသံနှင့် ခြားနားသော လေသံအေးမျိုးနှင့် မမမိုးက ညင်ညင်သာသာ ခေါ်သည်။

"မမ ကားတကယ် ပြန်ကွေ့လာတာ၊ မင်းတို့နားမှာ တိမ်ဦးခင်လည်း ရှိနေတယ်၊ မင်းသိတယ် မဟုတ်လားဟင်"

"အင်း ... ဟုတ်"

"လင်း... မင်း တိမ်ဦးခင်ကို တမင်လုပ်ပြနေတာ မဟုတ်လားဟင်၊ ဟိုတစ်နေ့က မမတွေ့လိုက်တယ် ဆိုတာလည်း တိမ်ဦး အလုပ်တိုက်နားတစ်ဝိုက်မှာပဲ၊ မင်း တမင်တကာ လုပ်နေတာ ဟုတ်တယ်မို့လား၊ ဘာဖြစ်လို့လဲ၊ ရှောင်နေလိုက်ကြရင် ပြီးသွားနိုင်တာပဲလေ၊ စိတ်ထိခိုက်အောင်ပါ လုပ်ဖို့ လိုအပ်လား၊ ဆင်ခြင်မှုတွေနဲ့ နောက်ဆုတ်နေလိုက်ကြရင်းနဲ့ ဝေးသွားမှာပဲ မဟုတ်လား၊ နာကြည်းဖို့ နာကျင်ရဖို့အထိ လိုလို့လား"

"လိုတယ် မမ"

"ဟင် ... ဘာဖြစ်လို့ သူ့စိတ်နှလုံးအထိ ဒဏ်ရာအနာတရဖြစ်ဖို့ လိုအပ်တာလဲ"

"အဲဒါကမှ တကယ်အပြီးဝေးသွားနိုင်တာမို့လို့လေ မမ"

"........."





လင်းရှင်က ဖုန်းကိုပိတ်ကာ ကျောင်းဆင်းလာတဲ့ ကလေးအုပ်ထဲ ကိုယ့်ကျောင်းသားလေးကို ရှာဖွေဖို့အတွက် မမူယာကိုပါ တစ်ပါတည်း ပခုံးဖက်ခေါ် ရှေ့တိုးလာပါသည်။ သူ့ကို တိမ်ဦး စူးစူးရဲရဲ ကြည့်နေတာကိုလည်း လင်းရှင် သိသည်။ လင်းရှင်ရဲ့ရင်ထဲ တဒိတ်ဒိတ် မြည်နေကာ လက်ဖျားတို့ကလည်း အေးစက်ချွေးစေးထွက်နေသည်။ မျက်လုံးများကလည်း မြင်ကွင်းကို သေသေချာချာတောင် မမြင်ဘဲ ဝေဝေဝါးဝါး ဖြစ်နေပါသည်။ အာရုံက တိမ်ဦးဆီသာ ရောက်နေသည်။

တိမ်ဦးသည် ဒီနေ့ မျက်သွယ်ကို သူသွားကြိုလိုက်မည်လို့ ဖုန်းဆက်ထားပြီးဖြစ်၍ ကျောင်းဝင်းထဲက ထွက်လာသော မျက်သွယ်ကို လက်ဆွဲကာ ကားပေါ်အထိရောက်အောင် တင်လိုက်ပြီးမှ တလိပ်လိပ် ဆို့တက်နေတဲ့ မခံချိမခံသာမှုတို့ကြောင့် လူက တဆတ်ဆတ် တုန်ယင်လာပါသည်။

မမြင်ချင်ယောင်ဆောင်၍ မသိလိုက် မသိဘာသာနေခဲ့သော အကြိမ်တွေ ရှိခဲ့ပေမယ့် ဒီတစ်ကြိမ်မှာတော့ လင်းရဲ့အပြုအမူက တိမ်ဦးနှလုံးသားကို နှိပ်စက်ကလူလွန်းပါသည်။ ဒီအမျိုးသမီးနှင့် သူ့ကိုတွဲကာ မြင်ခဲ့တာ သုံး,လေးခါမကရှိပြီ။ တိမ်ဦး သွားလာကျင်လည်တတ်သော နေရာတွေမှာ အမှတ်မထင် ဖြတ်သွားဖြတ်လာ ကြုံကြိုက်ခဲ့တိုင်း လူတစ်ကိုယ်လုံး ထူပူလာတတ်ပါသည်။

ပြီးခဲ့တဲ့တစ်ပတ်ကလည်း ကျောင်းရှေ့ တစ်ကြိမ်ခေါ်လာသည်။ ဒီနေ့တော့ လူမြင်ကွင်းထဲ တိမ်ဦးရှေ့လည်းဖြစ်



www.burmeseclassic.com

www.burmeseclassic.com



ပါလျက် ပခုံးကိုတောင် တယုတယ ဖက်ပြထားသေးတာ။ တကယ်တော့ ဒီအမျိုးသမီးကို တိမ်ဦး ဟိုတုန်းကတည်းက ယုနဲ့ပါအတူမြင်ဖူးပြီးသားပါ။ ခုမှ ကောက်ကာငင်ကာ ပေါ်လာတာမဟုတ်။ ဘယ်လိုပတ်သက်မှုမျိုးတွေ ရှိနေကြတာလဲ။ ဒီကိစ္စမျိုးကို မျိုသိပ်ပြီး မမြင်သလို ထွက်ခွာသွားဖို့ထိ တိမ်ဦး ပါရမီမရင့်ကျက်သေး။

တစ်ခါတစ်ရံ၀ဒ်င် ကောက်ကာငင်ကာထ၍ ထင်ရာစိုင်း မိုက်မဲဖွတ်တိုးသော ဇီဇဝိတ်က တိမ်ဦးအသည်းနှလုံးကို ပုတ်နှိုးနေပြီ။

“သမီးလေး ... ကားထဲ ခဏထိုင်နေဦးနော်”

“ဟုတ်ကဲ့”

တိမ်ဦးက နောက်လှည့်၍ လင်းရှင် တို့ကို ရင်ဆိုင်လိုက်ပါသည်။ သူ့ကားဆီရောက်ဖို့ရာ တိမ်ဦးအနားက ဖြတ်ကျော်ရဦးမှာလေ။ လက်ချင်းချိတ်တွဲ လျှောက်လာတဲ့ သူတို့နှစ်ယောက်ရှေ့ တိမ်ဦးက တိုးရပ်လိုက်ပါသည်။ အငွေ့တသောင်းသောင်း ထွက်မတတ် လူက ပူလောင်နေတော့ကာ ...

“လင်း ... စကားခဏ ပြောရအောင်”

ဖွတ်တိုးဖျစ်ညှစ် ထွက်လာသော အသံက သိမ်ငယ်အားလျော့လှပါသည်။ နံဘေးက အမျိုးသမီးက တိမ်ဦးကိုတစ်လှည့် လင်းရှင်ကို မော့တစ်လှည့်ကြည့်ကာ ...

“ဘုရားရေ ... ဓာတ်ထုပ်တွေက အများသားပါလား လင်းရယ်”

“ခြော် ... ပြောလေ တိမ်ဦး”





“နှစ်ယောက်တည်း ပြောချင်တာပါ”

“ရပါတယ် ... ဘာကိစ္စပဲဖြစ်ဖြစ် ဒီ မမရှေ့မှာ ပြောလို့ရပါတယ်၊ သူ့အပေါ် ဘာမှကွယ်ဝှက်မထားဘူးလို့ ကိုယ်ဆုံးဖြတ်ထားတာပါ”

တိမ်ဦး မျက်နှာက ဖြတ်ရိုက်ခံရသကဲ့သို့ ဖြန်းခနဲ နီသွားပါသည်။ ဘေးက အမျိုးသမီးထံ ရှက်ရွံ့သိမ်ငယ်စွာ တစ်ချက်ကြည့်ပြီး တိမ်ဦးက စ,မိမှ မထူးတဲ့အနေအထားကို ဆက်ဖို့ပဲ အားယူသည်။ နာကျင်သွားတဲ့ မျက်ဝန်းများကို လင်းရှင်က ခံစားချက်မပါအောင် သတိထား စိုက်ကြည့်နေလိုက်သည်။

“ဒီ ... ဒီလောက်အထိ မျက်နှာပြောင်တိုက်ဖို့လိုလို့လားဟင်၊ ဆင်ခြင်နေကြပေမယ့် ရန်သူတွေလည်း မဟုတ်၊ မုန်းတီးမှုတွေလည်းမရှိ၊ ချေစရာ ချနင်းစရာတွေလည်းမလိုအပ်ကြဘူး မဟုတ်လား”

တိမ်ဦး မျက်လုံးများထဲ မျက်ရည်တွေ ပြည့်လာသည်။

“အင်း ... ဟုတ်ပါတယ်၊ ဒီတော့ တိမ်ဦး ပြောချင်တာကဘာလဲ”

“ကျွန်မကို ... ကျွန်မကို ... ရှင် ဒီလိုတော့ လူပါး၀၀ မညှဉ်းပန်းသင့်ဘူး မဟုတ်လား လင်းရှင်”

“ခြော်... ဟော် ... ဘာသဘောမှ မဟုတ်ပါဘူး၊ အဲသလိုလည်း မဟုတ်ရပါဘူး၊ ကျောင်းသားလေးဆီလာရင်း



www.burmeseclassic.com

www.burmeseclassic.com



ဒီလိုပဲ မတော်တဆ တိုက်ဆိုင်သွားတဲ့ သဘောပါ၊ ရှောင်လို့လည်း မရနိုင်ဘူးလေ၊ မျက်သွယ်နဲ့က တစ်ကျောင်းတည်း ဖြစ်နေတာကိုး ... ဟုတ်တယ်မှုလား၊ တိမ်ဦး လာမယ် မလာဘူးလည်း ကိုယ်က ဘယ်လိုလုပ် သိနိုင်မှာလဲ၊ နောင်အရှည်သဖြင့်မှာလည်း လာနိုင်တဲ့ နေရာတွေကို လှည့်ပတ်ရှောင်နေကြမယ်ဆိုရင် အလုပ်မဖြစ်ဘူးလေ ... ဟုတ်တယ် မှုလား၊ ကိုယ်ကတော့ ဒီလိုပဲ သွားစရာရှိသွား၊ လာစရာရှိ လာလိုက်မိတာပါပဲ၊ နောင်လည်း ခုလိုပဲမရှောင်လင့်ဘဲ ဆုံနိုင်သေးတာပဲ၊ တိမ်ဦးလည်း နောက်ကိုမတော်တဆတွေ့ရင် ဒီလိုမခံစားနေစေချင်ဘူး"

"ဘာ"

လင်းရှင်က နားထင်နဖူးစပ်လေးကို တစ်ချက် နှစ်ချက် ပွတ်ကုတ်ရင်း ...

"ကိုယ် ပွင့်ပွင့်လင်းလင်းပဲ ပြောမယ်နော်၊ တိမ်ဦးနဲ့ကိုယ်နဲ့ကြားမှာ ဘာမှလဲ အပေးအယူ အငြိအစွန်း မရှိဘူး၊ ဘာအကြွေးမှလဲ မရှိဘူး၊ ဒီတော့ ကိုယ့်မှာလည်း ဘာတာဝန်မှ မရှိဘူးလို့ပဲ ရိုးရိုးသားသားယုံကြည်တယ်၊ ခုလို မတော်တဆတွေ့တိုင်း အနေခက်မနေပါရစေနဲ့ ဟုတ်လား၊ ကိုယ်လျှောက်ချင်တဲ့လမ်း ကိုယ်ဆန္ဒရှိရာကို ပေါ့ပေါ့ပါးပါး ရွေးလုပ်ပါရစေ၊ ရင်ထဲမှာ လစ်ဟာမှုတွေ လိုအပ်ချက်လေးတွေ အသီးသီး ရှိနေတဲ့အချိန်တုန်းက အခိုက်အတန့်





စိတ်ဖြေသိမ့်ရာ သဘောနဲ့ ကိုယ်တို့ တွဲခဲ့ကြတယ်၊ ဘာအာဃာတမှ ရှိကြတာမှ မဟုတ်ဘဲ၊ ကိုယ့်လမ်း ကိုယ်လျှောက်ကြတော့လည်း မနှောင့်ယှက်ကြေးပေါ့"

"ဘာ ... ရှင် ... တကယ်ပဲ ဒီစကားတွေ တကယ်ပဲ စိတ်ရင်းမှန်နဲ့ ပြောနေတာလား လင်း၊ လင်း ... တိမ်ဦးကို စိတ်နာကြည်းသွားအောင် ..."

တိုးညင်းအေးစက်သော စကားလုံးများ အဆုံးမသတ်နိုင်ဘဲ တိမ်ဦးပါးပြင်ပေါ် မျက်ရည်ပေါက်တို့က စီးလိမ့်ကျလာသည်။ ကျောင်းရှေ့ လူရှင်းစပြုတယ် ဆိုသော်လည်းပဲ လုံးဝခြောက်ကပ်သွားတာတော့ မဟုတ်။ ရှိတဲ့သူက ရှိနေသေးပေမယ့် တိမ်ဦးသည် မျက်ရည်တို့ကိုသုတ်ပစ်ရလောက်အောင် ရှက်ဖို့ထိ သတိမရပါ။

"ကျွတ် ... စိတ်နာအောင် ဘာလုပ်နေစရာလိုလဲ၊ စိတ်နာတာ မနာတာက ဘာများအကျိုးထူးရှိတာမို့လို့လဲ၊ ခက်ပဲ ခက်ရချည်ရဲ့ တိမ်ဦးရယ်၊ မင်း ဒီလိုပဲ ဟိုတွဲ ဒီတွဲ မတွဲဖူးဘူးလား၊ တစ်ယောက်နဲ့ လမ်းခွဲတိုင်း ဒီလိုပဲလား၊ မပြီးနိုင် မစီးနိုင်ဘဲလား၊ ပြဿနာပဲ၊ ကျွတ်"

"ဟင့်အင်း ... မတွဲဖူးဘူး၊ ကျွန်မ ဘယ်သူနဲ့မှလဲ မတွဲဖူးဘူး၊ ဘယ်သူနဲ့မှလဲ ခုလို လမ်းမခွဲဖူးဘူး၊ ဒီအပြုအမူမျိုးလည်း တစ်သက်နဲ့ တစ်ကိုယ် ဘယ်တုန်းကမှ မလုပ်ဖူးပါဘူး၊ ရှင် ကျွန်မကို အဲသလို ထင်နေမယ်လို့ ကျွန်မ



www.burmeseclassic.com

www.burmeseclassic.com



မတွေ့ခဲ့တာ၊ ကျွန်မ နာမည်ပျက်ရှိခဲ့ပေမယ့် ဒီနာမည်ပျက်ကို အဖတ်ဆယ်ပြင်ပြီး ဂုဏ်ဒြပ်သိက္ခာတစ်ခု ပြန်လည်တည်ဆောက်နေချိန်မှာ ကျွန်မကို လေးစားပေးနိုင်မယ့်သူအဖြစ် ရှင့်ကို ယုံကြည်ခဲ့တာပါ၊ ကျွန်မကို ယုံကြည်လေးစားနားလည်မှုရှိတယ်လို့ ထင်ခဲ့တာ”

“ကဲ ... စကားတွေက ဝေ့နေပြီး အချိန်တွေလည်း ကုန်ပါတယ် တိမ်ဦးခင်ရယ်၊ မင်း အခု ဘာဖြစ်ချင်တာလဲပြော၊ မင်းအနေနဲ့ နာမည်ပျက်တာ ကောင်းတာ လေးစားလောက်တာ မလေးစားလောက်တာတွေ ကိုယ်နဲ့လည်း ဘာမှမပတ်သက်ဘူး၊ မင်းကို ယုံတာ မယုံတာတွေလည်း မရှိဘူး၊ အချိန်အတိုင်းအတာတစ်ခုအထိ အဖော်ဖြစ်ခဲ့တယ်ပေါ့ ... ဒါပဲပေါ့၊ ဒါပေမဲ့ အမှန်အတိုင်း ပြောရရင် မင်းက ကိုယ့်ရဲ့ taste မဟုတ်ဘူး၊ ကိုယ်နှစ်သက်တဲ့ ပုံ မဟုတ်ဘူး၊ အဲလိုပြောလို့ မင်း မကျေနပ်ဘူးလား၊ ကိုယ့်ကို မကျေမချမ်း ဖြစ်နေလား၊ ရိုက်သွားလိုက် ... ရော့ ပါးကိုသာ ရိုက်သွားလိုက်တော့၊ ဘာမှ မပြောတတ်တော့ဘူး”

လင်းရှင် ထိုးငုံ့ပေးလိုက်တဲ့ ပါးတစ်ခြမ်းကို သည်လက်လွတ် ငေးကြည့်နေမိပြီးမှ တိမ်ဦးက ခေါင်းကို တဆတ်ဆတ်ဆက်ကာညိတ်လိုက်မိပါသည်။ ရပါပြီ။ ဘာမှမလိုအပ်တော့ပါဘူး လင်းရယ်။ ဒီလောကကြီးထဲက လင်းကို ဘယ်နည်းနဲ့





ဆွဲထုတ်ရမလဲဆိုတာ ခုနကအထိ မိနစ်တိုင်း လက်မလျှော့သေးဘဲ စဉ်းစားတွေဝေနေတဲ့ ကိုယ့်ကိုယ်ကိုယ် သတိလေးကပ်ပြီး တိမ်ဦး ဆင်ခြင်ပါတော့မယ်။

တုန်တုန်ယင်ယင် လှည့်ထွက်သွားတဲ့ တိမ်ဦးကို လိုက်ငေးကြည့်နေတဲ့ မမူယာရဲ့လက်ကို တင်းခနဲဆွဲကာ လင်းရှင်ဟာ ကားဆီဆက်လျှောက်လာခဲ့ပါသည်။ တစ်ခဏမျှ အသံတိတ်ဘာ မမူယာပင် နစ်မြောနေဟန်ရှိသည်။ ကားထဲဝင်ထိုင်မိမှ မမူယာက လင်းရှင်ကို ငုံ့ကြည့်ပါသည်။

“မင်း တော်တော်ကြောက်စရာကောင်းတဲ့ သတ္တဝါလေးပါလား ... လင်း”

♥ ○ ♥



www.burmeseclassic.com

www.burmeseclassic.com



နွေ ...
မိုး ...
ဆောင်း ...
ရာသီသုံးခု အလှည့်ကျပြောင်းပြီး ...
သက္ကရာဇ်တစ်နှစ်ကို
ကုန်လွန်ကျော်ဖြတ်ပြီးသောအခါ ...

♥ ○ ♥

# ( ၁၉ )

"မမ ... ဒါ ... အစ်ကိုကြီးက နောက်တစ်ပတ် ယူလာပေးဖို့ မှာလိုက်တဲ့စာရင်း၊ နောက်တစ်ခေါက် အဲဒါလေးတွေ ထည့်ပေးလိုက်တဲ့"

မမမိုးက တပည့်ဒရိုင်ဘာလေးပေးတဲ့ စာရင်းကို လှမ်းယူကြည့်လိုက်ပါသည်။

"ကိုလင်းရှင်နဲ့လည်း တွေ့ခဲ့တယ်"

"အင်း ... သူရော ဘာမှာသေးလဲ၊ နေကောင်းရဲ့လား"

"နေသိပ်မကောင်းဘူး၊ သူ့ကို ဆေးရုံဘက်ရွှေ့မယ် ပြောတယ်၊ ဆေးရုံတက်ရမယ်တဲ့၊ ပိန်တာလည်း တအားပဲ၊ ချောင်းတွေလည်း ဆိုးနေတယ်၊ သူ့ပုံစံက တော်တော်မဟန်ဘူး၊ ကျွန်တော် မြင်ရတာတောင် စိတ်မကောင်းဘူး"

"ဘာမှာသေးလဲ"

"မှာလိုက်တယ် မမ ...၊ xxx xxx xxx ..."



www.burmeseclassic.com

www.burmeseclassic.com



မမမိုးက ခုံပေါ်မှထကာ ပြတင်းပေါက်တစ်ခုအနား သွား၍ရပ်လိုက်မိပါသည်။ ခြံထဲမှာ သစ်ပင်ပန်းပင်တို့က စိမ်းစိမ်းစိုစို မရှိလှ။ ဆောင်းဝင်လာတာတောင်မှ လန်းလန်းဆန်းဆန်း မပွင့်ဖူးကြပါ။ မပွင့်ဖူးဆို ခြံထဲက ဝေယျာဝစ္စတွေကိုတောင် စိတ်လက်မပါလို့ပစ်ထားခဲ့တာ ကြာပြီပဲလေ။ ကြာဆို အစ်ကိုကြီးတို့ အစုလိုက် အထဲဝင်သွားကြရပြီးကတည်းကပင်။ အစ်ကိုကြီးတို့ မရှိတော့တဲ့အချိန်မှာ အရင်အိမ်ကိုရောင်းပြီး အိမ်သစ်တစ်ခုကို ပြောင်းခဲ့ပါသည်။ အရင်အိမ်က ပန်းအိုးပန်းပင်တချို့ ပြန်ပါလာပေမယ့် မပြုစု မစောင့်ရှောက်ဖြစ်ခဲ့ပါ။

စိတ်ဓာတ်တွေလည်း ဟိုးချောက်ထဲ ပစ်လွှင့်ချလိုက်သလို ချုံးချုံးကျခဲ့ပြီ ဖြစ်သလို အခြေအရံ တပည့်တပန်း ဆိုတာလည်းပဲ အရင်လို မပေါများ။ မမမိုးအဖို့ အပြင်တွေ ဘာတွေကားတစ်စီးနှင့် လျှောက်လည်တာမျိုး၊ အဝယ်အခြမ်း ရှော့ပင်ထွက်တာမျိုး၊ မိတ်ဆွေအိမ်တွေ ဘာတွေ ဝင်ထွက်လည်ပတ်တာမျိုးတွေလည်း မရှိသလောက် နည်းခဲ့ပါပြီ။ တစ်လ တစ်ကြိမ်ထောင်ဝင်စာသွားတိုင်း ကိုယ်တိုင်ပဲသွားသွား တပည့်ထဲကပဲလွှတ်လွှတ် အစ်ကိုကြီးတစ်ယောက်အတွက်သာမဟ ကျန်တဲ့ တပည့်သားချင်းတို့အတွက်လည်း လိုအပ်တာလေးတွေ စီစဉ်ထည့်သိုပေးရသည်။

ဒါတွေစီစဉ်ချိန်လောက်ပဲ လူက လှုပ်လှုပ်ရှားရှားရှိလျက် ကျန်အချိန်တွေမှာတော့ ဒရင်းမက်ဘက်ဒ်တစ်ခုမှာဖြစ်စေ၊ အိပ်ရာထဲမှာဖြစ်စေ၊ စာအုပ်တစ်အုပ်အုပ်နှင့် ငြိမ်ခွေနေတော့





သည်သာ များပါသည်။ စာအုပ်ကတော့ တစ်ခါတစ်ရံ မဂ္ဂဇင်းဘစ်အုပ်လည်း ဖြစ်ချင်ဖြစ် တရားစာအုပ်တစ်ခုလည်း ဖြစ်ချင်ဖြစ်။ အာရုံလာသလိုပင်။

တစ်ခါတစ်ရံ အိမ်ကကောင်မလေး နှစ်ယောက်ကြည့်ချင်ကြလို့ သူတို့ဘာသာ ဈေးအပြန် ဗီဒီယိုခွေလေး ဘာလေး ငှားလာရင် စိတ်လိုလက်ရရှိတဲ့အခါ သူတို့နဲ့အတူ ဝင်ထိုင်ကြည့်။ စိတ်မပါရင်လည်း ကိုယ့်ဟာကိုယ်နေ။ ရုပ်ရှင်ရုံတွေဘာတွေမှာ ရုပ်ရှင်သွားကြည့် ဖြစ်တာမျိုးကတော့ လုံးလုံးကိုမရှိတော့တာပါ၊ ဘာကားတွေ ပြနေလို့ ဘယ်သူတွေ နာမည်ကြီးနေသလဲပင် သိပ်မသိချင်တော့။

ဒါပေမဲ့ လင်း တစ်ယောက်ကတော့ ဟိုးအထဲကနေအကယ်ဒမီပေးပွဲ နီးတာရော ဒီနှစ်ရဲ့ ဆန်ခါတင်စာရင်းမှာ တိမ်ဦးခင်ရဲ့တိုက်က ရုပ်ရှင်ကားကြီး ပါဝင်နေခဲ့တာကိုရော သိနေပါလား။

မမမိုးကတော့ ဘာကိုမှ စိတ်ဝင်တစား မရှိလှတော့ဘာ တိမ်ဦးခင်ဆိုတဲ့ မိန်းကလေးတစ်ယောက်အကြောင်းကိုပင်ဆွေးမိတာလည်းကြာ မေ့ပင်မေ့လျော့မတတ် ရှိနေပေမယ့်အင်းကတော့မမေ့။ ဘယ်မေ့နိုင်ပါ့မလဲလေ။ နာရီတိုင်းလိုလိုတောင်မှ သတိရ မှန်းဆလွမ်းဆွတ် နေနိုင်လောက်တာ မဟုတ်လား။

♥ ○ ♥



www.burmeseclassic.com

www.burmeseclassic.com



"မမ ... '......'ပိုးထည်တိုက်ကလည်း စပွန်ဆာပေးမယ်လို့ လှမ်းပြောလာတယ်၊ ဥက္ကာနဲ့ မတွေ့လိုက်လို့ ဘာမှ မပြောလိုက်ဘူး၊ ဘာလုပ်ရမှာလဲ"

" '......'တိုက်က ပြောထားပြီးပြီလေ၊ သူတို့က အရင်ကြိုပြောထားတာကို သူတို့ပဲ လက်ခံရမှာပေါ့ ဥက္ကာ၊ နော် မနေ့ရှင်းကားစာရင်း မထွက်ခင်ကတည်းက သူတို့ကပြောထားတာလေ၊ အခုက မင်းကို အမျိုးသားဇာတ်ပို့ အသ ထွက်လာလို့ ထပ်ကမ်းလှမ်းလာကြတာ၊ ထပ်ပြောတဲ့သူတွေလာရင် လာဦးမှာပဲ၊ ငြင်းရတော့မှာပဲပေါ့ ဥက္ကာရဲ့"

ဒီဇာတ်လမ်းကို စ,ဝယ်ကတည်းက ဥက္ကာအတွက် ရည်ရွယ်တဲ့ ဇာတ်ပို့နေရာက ဆရာဝန်ကလေး ဇာတ်ကောင်ကို နှစ်ခြိုက်လို့ ဝယ်ယူခဲ့တာပင်။ အဲဒီဇာတ်လမ်းကို တိမ်ဦး ဖတ်ဖြစ်အောင် ညွှန်းဆိုခဲ့တဲ့သူက လင်း။ အဲဒီကားရိုက်ကတည်းက တစ်သဝေမတိမ်း စကားနာခံခဲ့တဲ့ ဥက္ကာရဲ့ သရုပ်ဆောင်မှုတို့ကို ဒါရိုက်တာက ကျေနပ်အားရခဲ့ပါသည်။ အဲဒီကားရဲ့နောက်ပိုင်းမှာ ဗီဒီယိုကားတွေ ဆက်တိုက် ရိုက်ကူးဖြစ်လာရာက အခုဆိုရင် ဥက္ကာရဲ့နာမည်ဟာ ဗီဒီယိုဇာတ်ကားကောင်းတွေထဲမှာ တရိပ်ရိပ် ထိုးတက်လာခဲ့ပြီ။ ရုပ်ရှင်ကားကြီး ရိုက်ကူးစဉ်ကတော့ အခန်း မများလှပေမယ့် အားရှိတဲ့ ဇာတ်ရုပ်ဆိုတာ ကန်တော့ပွဲပေး[illegible] တည်းက ဒါရိုက်တာက သေသေချာချာ ပြောခဲ့သည်။





ကန်တော့ပွဲ ...။ ကန်တော့ပွဲမြင်ကွင်းကို တိမ်ဦး မျက်ဝန်းထဲ ပြန်လည်မြင်ယောင်လာပါသည်။ ပြောခဲ့တဲ့စကားတွေကိုလည်း ...။

"တိမ်ဦးရဲ့အိပ်မက်ထဲမှာ ကိုယ်လည်း တစ်စိတ်တစ်ပိုင်း ပါပါရစေ၊ တိမ်ဦး ရည်မှန်းချက် တစ်ခုကို မျှဝေကူညီခွင့် ပေးပါ"

စကားသံလေးတစ်ချို့က ခုပင် အနားထိုင်ပြောနေသလို တိမ်ဦး နားထဲပူပူနွေးနွေး ကြားယောင်လာသည်။ တိမ်ဦးက ခေါင်းလေးယမ်း၍ အတွေးကို ဖြတ်တောက်ပါသည်။ သူမှ မရှိတော့တာပဲ။ မပြောမဆို ပျောက်ချင်းမလှ ပျောက်သွားခဲ့တာပဲ။ ကားကိစ္စနှင့် သူ့ကိုဆက်သွယ်ဖို့ လိုအပ်တဲ့ ဥက္ကာရဲ့သူငယ်ချင်းတစ်ယောက်ဆီက ကြားရသည်မှာ သူ့တိုက်ခန်းဟာ သော့ခလောက် ခတ်ချိတ်ပြီး ပိတ်ထားတာ ကြာကြာလှပြီဆိုတာပင်။ အကြောင်းကြား သတင်းပေး အသိပေးဖို့ မလိုအပ်ဘူးထင်လို့ ဘာသတင်းစကားမှ မချန်ရစ်ဘဲ ပျောက်ဆုံးသွားတဲ့သူကို လွမ်းမောနေတော့ရော ...။

တိမ်ဦးက အံကလေးကြိတ်ပြီး ခေါင်းကိုသာ နာနာ ယမ်းခါထုတ်ပစ်နေပါသည်။

"မေဦး ... အကယ်ဒမီပွဲကျရင် သမီးလည်း လိုက်ကြည့်ချင်တယ်၊ သမီးကိုပါ ခေါ်သွားလားဟင်"

မျက်သွယ်စကားကြောင့် တိမ်ဦးက ပါပါနှင့်မေမေ့ဘက် လှည့်ကြည့်ရင်း ...

www.burmeseclassic.com



"မျက်သွယ်က ကလေးလေးဆိုတော့ အိမ်မှာ တီဗီကကြည့်တာ ပိုကောင်းတာပေါ့၊ မုန့်စားရင်းလည်း ကြည့်လို့ရတယ်၊ ရေထသောက်လို့ ရှူးထပေါက်လို့လည်း ရတယ်လေ၊ ဟိုမှာက မပြီးမချင်း ထိုင်နေရမှာ အကြာကြီး ပျင်းစရာကြီး သမီးရဲ့၊ ပါပါတို့ မေမေတို့ လူကြီးတွေ တစ်ယောက်ယောက် လိုက်ပစေပါ"

"အို ... ပါပါတို့ မလိုက်ပါဘူး တိမ်ဦးရယ်၊ ငါ့မြေးလိုက်ချင် ခေါ်သွားလိုက်ပါ"

"လိုက်ချင်တယ် မေဦး ... နော် ... နော်"

"အင်းပါ ... ၊ ရက်ကပ်မှ ဖိတ်စာအပိုရ,မရ သိရမှာလေ သမီးရဲ့၊ ကြည့်ဦးမယ်လေ ... နော်"

အင်း ... ဇာတ်ကားဆုများ အကယ်ဒမီချိတ်နေရင် ပွဲတွဲထုတ်လုပ်သူအဖြစ် စင်ပေါ်တွဲတက်ရဖို့ စိတ်ကူးယဉ်ခဲ့ဖူးတဲ့သူကို ရင်တွေနင့်အောင် လွမ်းလှချည်ရဲ့နော်။

♥ ○ ♥

"အကောင်းဆုံး ဇာတ်ကားဆု ... '.........' ..."

ဖျိုးဖျိုးဖျပ်ဖျပ် ဝင်းလက်သွားသော မီးရောင်တွေထဲမှာ တိမ်ဦး မျက်လုံးများ ပြာဝေမှုန်ဝါးသွားလေသည်။ ရုတ်ရုတ်သဲသဲပြေးလွှားအုံခဲလာသောလူစုလူဝေးတွေကြားမှာ ထင်သယောက်





မပျော်သလို အပြုံးကယ့်ယဲ့ လူကအသက်မဲ့နေသည်။ နံဘေးမှာ ကပ်လျက်ထိုင်ပြီး တိမ်ဦးကိုဖက်ကာ လှုပ်ယမ်းနေတဲ့ ဉက္ကာ၊ ဒီဘက်ခုံက ပျော်တပြုံးပြုံး မျက်သွယ်လေး။

တစ်ယောက်ပြီးတစ်ယောက် လာရောက် လက်ဆွဲနှုတ်ဆက်တာကို အလိုက်သင့် ပြန်နှုတ်ဆက်နေရင်း စစ်စစ်ပေါက်ပေါက် တွေးမိသည်မှာ ...

"အင်း ... ငါသာ လင်းနဲ့မပြတ်နိုင်ခဲ့ဘဲ ခြေစုံပစ်တစ်ဖွတ်ထိုး မိုက်မဲခဲ့မယ်ဆိုရင် ဒီကားဟာ ဒီလောက်အခြေအနေထိ သပ်သပ်ရပ်ရပ် ထွက်လာမှာ မဟုတ်ခဲ့သလို အောင်မြင်မှုကိုလည်း အခုလို ပွဲ့ပိုက်ပိုင်ဆိုင်နိုင်မှာ မဟုတ်ဘူး" ... ဆိုတဲ့အတွေး။

လင်း ...။

ဘယ်များရောက်နေသလဲ လင်းရယ်။ မြန်မာပြည်ထဲ တစ်နေရာရာမှာ ရှိနေတယ်ဆိုရင်တော့ အကယ်ဒမီပွဲကို သူ့တီဗီက ကြည့်ကောင်းကြည့်နေမှာပါလေ။

အနားကနေ လူတွေ ရှင်းလင်းကျဲတောက်သွားပြီး အစီအစဉ်က သူ့ဟာသူ အဆင့်ဆင့် ဆက်လက်ကျင်းပနေချိန်မှာ မီးရိပ်မှောင်မှောင်ထဲမှာ တိမ်ဦး အနားသို့ ပန်းစည်းတစ်စည်းနှင့် တစ်စုံတစ်ယောက်က ကပ်လာပါသည်။ အနားရောက်မှ တိမ်ဦး ထိုအမျိုးသမီး မျက်နှာကို သဲသဲကွဲကွဲ မြင်သည်။

မမမိုး ...။



www.burmeseclassic.com

www.burmeseclassic.com



တိမ်ဦး ထိုင်ရာမှ ဝုန်းခနဲ ထရပ်လိုက်မိသည်။ မမမိုးနှင့် မျက်နှာချင်းဆိုင်ပြီး မမမိုး မျက်ဝန်းထဲမှ အနက်အဓိပ္ပာယ်နှင့် စကားလုံးတို့ကို အမောတကော ဖွေရှာမိသည်။

"ဂုဏ်ပြုပါတယ် တိမ်ဦးခင်"

လက်ထဲကိုရောက်လာသော ပန်းစည်းကို တိမ်ဦးကတုန်ကယင် ငုံ့ကြည့်မိသည်။ နုနယ်သော ပွင့်ချပ်လေးတွေနှင့် ပန်းရင့်နီနီ အပွင့်ကလေးတွေ။ ပန်းခက်လေးတွေကို ပတ်ပတ်လည်မှာ ထုန်းရွက်လို အရွက်သေးသေးတွေနှင့် ဝန်းရံ၍ လှပစွာ စည်းနှောင်ထားပါသည်။ တိမ်ဦး နှုတ်ခမ်းကလေးတွေ တဆတ်ဆတ်တုန်ကာ မမမိုးကို မော့ကြည့်၍ မမမိုး ဘာပြောမလဲ စောင့်ကြိုင့်လင့်မိသည်။

မမမိုးက ဘာစကားမှ မဆိုဘဲ တိမ်ဦးကို တစ်ချက်ပြုံးပြ၍ လှည့်ထွက်လိုက်ပါသည်။

"မမမိုး ..."

မမမိုးက လှည့်ကြည့်လေသည်။

"ဒါ ... ဒါ ... ဘာ ... ဘာပန်းလေးတွေလဲ ... ပြီးတော့ ဘာအဓိပ္ပာယ်တဲ့လဲဟင်"

"ဒီပန်းလေးတွေက Cyclamen လို့ခေါ်တဲ့ ပန်းလေးတွေလေ၊ ဒီပန်းရဲ့အဓိပ္ပာယ်က Good bye တဲ့၊ Resignation ကို ကိုယ်စားပြုတဲ့ပန်းပါ တိမ်ဦးခင်၊ ဘေးက Palm Leaves လေးတွေက Victory and success ကို ကိုယ်စားပြုတယ် ... တဲ့"





ဖျော့တော့သော အပြုံးနှင့် မမမိုး လှည့်ထွက်သွားချိန်တွင် တိမ်ဦး မျက်ဝန်းမှ မျက်ရည်ပေါက်တို့က နုနယ်သော ပန်းပွင့်ချပ်ကလေးများအပေါ် တပေါက်ပေါက် ပြုတ်လွင့်ကျခဲ့ရလေသည်။

♥ ○ ♥

**လမင်းမိုမို**

BURMESE CLASSIC .com

www.burmeseclassic.com